ရတနာမာရ်အောင် တောရ ဓမ္မရိပ်သာများ၏ အဓိပတိ
ရန်ကုန်မြို့ ၊ မင်္ဂလာဒုံမြို့နယ် ၊ ပုလဲမြို့သစ်

တမ္ဗဒ္ဒီပ ဓမ္မာနာစရိယ ဓမ္မကထိက ပြည်တွင်းပြည်ပ သာသနာပြု
မြောက်ဦး ဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ၏ သက်တော်(၅၀)ပြည့်

# ရွှေရတုအထိမ်းအမှတ် စာစောင်



သာသနာ ၂၅၅၃ ခု | ကောဇာ ၁၃၇၁ ခု | ခရစ် ၂၀၀၉ ခု

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရတနာမာရ်အောင်

တောရ ဓမ္မရိပ်သာများ၏ အဓိပတိ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်

ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ပြည်တွင်း ပြည်ပ သာသနာပြု

# မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ၏

# သက်တော် (၅၀) ပြည့်

# ရွှေရတုအထိမ်းအမှတ်စာစောင်



သာသနာ – ၂၅၅၃ ခု၊ ကောဇာ – ၁၃၇၁ ခု၊

ခရစ် – ၂၀၀၉ ခု။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တာဝန်ခံစာတည်း ◆ ယုဇန (ကျောက်ဖြူ)

ပထမအကြိမ် ◆ ၂၀၀၉ ခု၊ ဩဂုတ်လ

စောင်ရေ ◆ ၁၀၀၀

သရုပ်ဖော်ဒီဇိုင်း ◆ ဦးရန်ကြီးအောင် (ကျောက်ဖြူ)


## ဓမ္မဒါန

ဤရွှေရတုဓမ္မစာစောင်ကို ဆရာတော်၏ သက်တော် (၅၀)ပြည့် မွေးနေ့အထိမ်းအမှတ်ဖြင့် ဆရာတော်၏တပည့်များက စီစဉ်ထုတ်ဝေသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မာတိကာ

**ယုဇနကျောက်ဖြူ**
စာတည်းစကား ၁

**ရွှေရတုအဖွင့်ရတုနှင့် ရစနာဂါထာများ**

**အရှင်ပညာသာရာဘိဝံသ**
ရွှေရတုဝိဇာယနမင်္ဂလာရစနာဂါထာများ ၂
**ကိုကျော် (မြောက်ဦး)**
မြောက်ဦးဆရာတော်၏ဘုန်းတော်ဘွဲ့ရတု ၅

**ရွှေရတုအဖွင့်ကဗျာ**

**မဟာနွယ် (မန်းတက္ကသိုလ်)**
အရှင်ဝါယာမိန္ဒဆရာတော်၏
ဘုန်းတော်ဘွဲ့ ၆
**မောင်ဆောင်းမိုး (ကျောက်ဖြူ)**
အလှသစ္စာ ၇
**မောင်ဖြူဖွေး (ဝမ္ဘောင်)**
အေးကွက်ကိုရှာ ၈
**ရွှေတိမ်ညို**
အရင်းအနှီး ၉
**ရွှေဖုံနိုး (ကျောက်ဖြူ)**
ယောနိသောခရီး လျှောက်ကြစို့ ၁၀
**မသာမှုံ (ကျောက်ဖြူ)**
မြတ်ပန်းအဥ္စလီ ၁၁

**ရွှေရတုအတွင်းကဗျာ**

**မဟာနွယ် (မန်းတက္ကသိုလ်)**
ဘဒ္ဒန္တဝါယာမိန္ဒ၏ ဘုန်းတော်ဘွဲ့ရတုပိုဒ်စုံ ၁၂
**ခိုင်လူ (ရိုးမ)**
ဓမ္မောရသ ၁၄
**သွီးရင်း (မြောက်ဦး)**
အမှန်လမ်းသို့ ၁၅
**မောင်ခိုင်ခန့်ကျော် (ဝမ္ဘောင်)**
ဆန္ဒမွှန် ၁၆
**ဇော်မင်းထက် (ဓမ္မိကာရုံပရဟိတ)**
အမေ့မျက်နှာ ၁၇
**ခိုင်လူ (ရိုးမ)**
ဧည့်သည်ပြန်တမ်း ၁၈
**ဘုန်းမြင့်သူ (မြောက်ဦး)**
ထူးမြတ်သူ ၁၉
**ဒေါ်ဝင်းမင်းသန်း (မန္တလေး)**
ထူးမြတ်တဲ့အာဇာနည် ၂၀
**မင်းလွင် (ကျောက်ကလေ)**
ရတနာ့မာရ်အောင် တောရစံကျောင်း ၂၁
**ရွှေခိုင်ဦး (ဓညဝတီ)**
မေတ္တာအပြုံး လွှမ်းစေမယ် ၂၂
**ညီညီဉာဏ်ထွန်း**
ခရီးသွားသူ ၂၃

**ရွှေရတုဆောင်းပါး**

**ဘဒ္ဒန္တပညာဝံသ (မဇ္ဈိမ)**
တရားနှင့်မွေ့ပျော် ရဟန်းတော် ၂၄
**စောမင်းနွယ် (မြောက်ဦး)**
ဓညဝတီခေတ်မှ မဟာကျန်ဘုရားကြီး ၂၈



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**ကျော်သာညွန့် (ကြေးသွန်းကျောက်ဆစ်)**
ဓညဝတီမြို့ဟောင်းနေရာမှ
ဘုရားပေါ်ခြင်း ၃၃
**ဇော်ဇိနိ်း**
သာသနာအတွက် ၄၀
**ကျော်ထွန်းအောင်**
ဝေသာလီ ဆည်သုံးတန်မှ
ယေဓမ္မာဂါထာကျောက်စာ ၄၆
**ကိုသံချောင်း (ကျောက်ဖြူ)**
သံချောင်းနှင့် ကံကောင်း ဆွေးနွေးခန်း ၄၈
**ခိုင်ခိုင်ဦး (မင်းပြား)**
သရဏဂုံသုံးပါးနှင့် လောကဓံ ၅၂
**ရီ (ကျောက်ဖြူ)**
ဆန္ဒ၏ထင်ဟပ်မှု ၅၆
**အောင်သန်းဝင်း (ညောင်ကန်)**
သူရဲကောင်းတို့၏မွေးရန့် ၆၂
**သန္တာဝတ်မှုန် (စစ်တွေ)**
ဆရာတော်၏ သာသနာပြုပုံရိပ် ၆၆
**စောထွီးသျှင် (မြောက်ဦး)**
မြို့မြောက်ဦးမှ ချိန်ကိုက်ပိဋကတ်တိုက် ၇၁
**ရွှေခိုင်ကျော် (မြောက်ဦး)**
တောရစံပျော် မြတ်သူတော် ၇၆
**ထွေးထွေးရီ (ကျောက်ဖြူ)**
အမိကောင်း၏ဆု ၈၁
**ဝတီထွန်း (ကျောက်ဖြူ)**
ဘဒ္ဒန္တဝါယာမိန္ဒ အရှင်မြတ်၏
သာသနာပြုခရီး ၈၄
**မွန် (ကျောက်ဖြူ)**
ကောင်းဆိုးနှစ်တန် အကြောင်းကံ ၈၈
**သီရိကျော် (မြောက်ဦး)**
အာဇီဝဋ္ဌမကသီလ ၉၂
**စောထွီးသျှင် (မြောက်ဦး)**
တောင်များဝန်းရံ ဝေဠုဝန်အလား ၉၅
**မောင်ကျော်ဇော**
ထိုင်းဗုဒ္ဓအနုပညာ ၉၉

## ရွှေရတုဝတ္ထု


**ယုဇနေ (ကျောက်ဖြူ)**
နေအရဏ်နှင့်အတူ ၁၀၆
**ဉာဏ်ထူးပိုင်**
ဓမ္မအမွေ ၁၁၀
**ရမ္မာမြေသက်ရွှေ**
ဖြေပြေရာ ၁၁၄

## ရွှေရတုစာညွန့်

**မြစိန် (မြို့ဟောင်းမြေ)**
ဆရာ့စကား နာကြားသံဝေ ၁၁၉
**မောင်ဆောင်းနှင်း (ကျောက်ဖြူ)**
ဗုဒ္ဓအေးရိပ် ၁၂၁
**မောင်သက်ပိုင် (ရန်ကုန်)**
အင်တာနက်ပေါ်မှ ကမ္ဘောဇနာစရိယ
ဘဒ္ဒန္တဝါယာမိန္ဒ မြောက်ဦးဆရာတော် ၁၂၃
**ဒေါ်လှယဉ်**
သံသရာခရီး ပြီးဆုံးပါစေ ၁၂၈



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏ အဓိပတိ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်

ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ပြည်တွင်း ပြည်ပသာသနာပြု

မြောက်ဦးဆရာတော်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရွှေရတုသာသနာပြုပုံရိပ်များ



အကြိမ် (၃၀၀) ပြည့် သိက္ခာထပ်
ဦးအောင်မြကျော် + ဒေါ်စံသာန
မိသားစု၊ ရန်ကုန်

ရန်ကုန်၊ ပုလဲမြို့သစ်
ဆောက်လုပ်ဆဲ
ပုလဲရတနာ - ပင်မဓမ္မာရုံ





ပုလဲရတနာဓမ္မာရုံအတွက်
သိန်း(၁၀၀) မ တည် အလှူရှင်
ကိုအဲလက်(စ်) + မအိအိခင် မိသားစု


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရွှေရတုသာသနာပြုပုံရိပ်များ

သက်တော် (၄၉) နှစ်ပြည့်
ဝိရာတ မင်္ဂလာ အခမ်းအနား





သဟာပုညကာရီ
ယောဂီစောင့်ရှောက်ရေးအဖွဲ့
(မြောက်ဦး)


ထားဝယ်မြို့
တရားစခန်းဖြစ်မြောက်ရေးအဖွဲ့





WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရွှေရတု သာသနာပြုပုံရိပ်များ



မော်လမြိုင်မြို့
တရားစခန်းဖြစ်မြောက်ရေးအဖွဲ့



ရန်ကုန်တရားစခန်း
ဖြစ်မြောက်ရေးအဖွဲ့



ကျောက်တော်မြို့
တရားစခန်းဖြစ်မြောက်ရေးအဖွဲ့


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရွှေရတုသာသနာပြုပုံရိပ်များ



စစ်တွေမြို့
တရားစခန်းဖြစ်မြောက်ရေးအဖွဲ့



မန္တလေး
တရားစခန်းဖြစ်မြောက်ရေးအဖွဲ့




ဥပထမ္ဘကအဖွဲ့
(မြောက်ဦး)


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရွှေရတု သာသနာပြုပုံရိပ်များ



သုခကာရီ
အကျိုးဆောင်အမျိုးသမီးငယ်အဖွဲ့
(မြောက်ဦး)




စင်္ကာပူနိုင်ငံ
တရားစခန်း



မလေးရှားနိုင်ငံ
တရားစခန်း


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)


# ရွှေရတုသာသနာပြုပုံရိပ်များ



အမေရိကန်နိုင်ငံ
ကာလီဖိုးနီးယားပြည်နယ်
ဖရက်စနိုမြို့
ဦးသန့်ဇင် + ဒေါက်တာဆွေဆွေလွင်
အိမ်၌
(၁၀)ရက်တရားစခန်း ယောဂီတချို့



အမေရိကန်နိုင်ငံ
ကင်တက်ကီပြည်နယ် လူးဝစ္စဗေးလ်မြို့
ကိုမောင်မောင်ကျော် ဦးစီး၍
အထူးအလုပ်ပေးတရားပွဲ




ဆန်ဖရန်စစ္စကိုမြို့
ဒေလီစီတီ အထူးအလုပ်ပေး
တရားစခန်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရွှေရတုသာသနာပြုပုံရိပ်များ



အမေရိကန်နိုင်ငံသို့
သာသနာပြုပင့်ဆောင်ခဲ့သော
မိခင်ကြီး ဒေါ်မြင့်မြင့်ရီ နှင့် သား
ဒေါက်တာထိန်းလင်း မိသားစု



အမေရိကန်ပြည်ထောင်စု
L.A မြို့တရားပွဲအချို့မှ
ဒေါ်အေးကျော့အိမ် တရားပွဲ



ရန်ကုန်မြို့၊ ပုလဲမြို့သစ်
ဆောက်လုပ်ဆဲ
သံဃာကျောင်းဆောင်သစ်များ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝိယာမိန္ဒ၏
## သက်တော် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်

# ဓမ္မဂီတ

အာသရေ မညှိုးပါဘူး
နေမျိုးပမာသွင်သို့
ရွှေသဘင် ငါးဆယ်နှစ်ကိုဖြင့်
ဖွင့်လှစ်ခဲ့ပြီ။

ဝေယျာဇုချိန်ခါ
ရွှေရတု မင်္ဂလာပါပဲ
စုရှနှစ်ပြာ ရောင်ဝါထွန်းစေဖို့
လျှောက်လှမ်းလို့ချီ။

ဓမ္မသီ ချားသုငါ
တရားကိုရှာ ဘုရားဒေသနာနှင့်
ကြည်သဒ္ဓါ ပေဟာညွှန်ပေးပါလို့
ပြည်ခေမာ နိဗ္ဗာန်နန်း
ကြွလှမ်းဖို့ ရည်ရွယ်ထား။

နယ်အသွယ်သွယ်မှာ
ဝေနေယျာ သတ္တဝါများကို
သံသရာ တစ်ဖက်ကမ်းဆီသို့
တက်လှမ်းဖို့ ဓမ္မဒေသနာ
ဗုဒ္ဓရဲ့ဩဝါဒ အပြားပြားကို
အရှင်ဆရာ ဦးဝိယာမိန္ဒရယ်က
စေတနာ ဝေထိန် ညွှန်းကာဖြင့်
ရည်ညွှန်း မိန့်ကြား ။ ။

ယုဇန (ကျောက်ဖြူ)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရွှေရတု ဓမ္မစာစောင်

# စာတည်းစကား

မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ၏ သက်တော် (၅၀)ပြည့်အထိမ်းအမှတ် ရွှေရတု ဓမ္မစာစောင်ငယ်တစ်ဆူကို စာရှုသူများလက်ဝယ်သို့ မွေးမြူသန့်စင် ပေးလိုက်ပါပြီ။ စာစောင်ဖြစ်မြောက်ရေးအတွက် ပံ့ပိုးပေးကြသော ကာယအင်အား၊ ဓမ္မစွမ်းအား၊ ဉာဏခွန်အားတို့ဖြင့် ပါဝင်ကြသည့် ရဟန်း ရှင်လူများ၊ ဆောင်းပါး, ဝတ္ထု, ရတု, ကဗျာတို့ဖြင့် ချီးမြှင့်ပေးကြသော စာပေချစ်မြတ်နိုးသူများကို မွေးနေ့ရှင်ကိုယ်စား ကျေးဇူးတင်စကား ပြောကြားလိုပါသည်။

အမှန်မှာ ဓမ္မစာစောင်တစ်ဆူ မွေးမြူလျက် စာဖတ်သူများ လက်ဝယ်သို့ အရောက် ပေးပို့ ဖြန့်ဝေလိုက်ရခြင်းသည် မွေးနေ့ရှင်ဖြစ်သည့် မြောက်ဦးဆရာတော်၏ လုပ်ရပ်နှင့် ဂုဏ်ကို ချီးကျူးလိုခြင်း၊ ဖော်ထုတ်ကြေညာလိုခြင်းသက်သက် မဟုတ်ပါ။ ဓမ္မ၏ဂုဏ်၊ မြောက်ဦးဆရာတော်၏ ကျေးဇူးဂုဏ်တော်အား ပူဇော်လိုခြင်း၊ ချီးမြှောက်လိုခြင်းကြောင့်သာ ဖြစ်ပေသည်။

ဤရွှေရတုဓမ္မစာစောင် ထုတ်ဝေရာတွင် လိုအပ်သလို ကူညီဆောင်ရွက်ပေးပါရန် စာရေးသူအား မြောက်ဦးမြို့၊ ရတနာမာရ်အောင်တောရ ဓမ္မရိပ်သာတိုက်မှ (လက်ထောက်၊ ကမ္မဋ္ဌာနာစရိယ) အရှင်ဇာဂရိယမှ လျှောက်ထားသဖြင့် စာရေးသူ မိမိစွမ်းအားရှိသရွေ့ တတ်နိုင်သည့်ဘက်က ပါဝင်ကူညီရခြင်း ဖြစ်ပါသည်။

စာရေးသူ ပြောကြားလိုသည်မှာ သမ္မာရင့် ကလောင်ရှင်များ၏ စာမူများ အဆင်ပြေသည်ကို အထူးပြောစရာမလိုပါ။ ကလောင်သစ်များ ရေးသားပေးပို့ကြသော စာမူများမှာလည်း ခေတ်မီစွာ ရေးသားခြယ်မှုန်းထားသဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါသည်။ ကလောင်ဟောင်း၊ ကလောင်သစ်တို့၏ ပေးပို့ကြသော စာမူများမှာ လိုအပ်သည်ထက် ပိုလျှံနေသဖြင့် အချို့စာမူကို ရွေးချယ်သင့်သော်လည်း ဘေးဖယ်အဆင့်မျိုး မဟုတ်ဘဲ အားငယ်စွာ ဆိုင်းငံ့ထားလိုက်ရသည်ကို စာမူရှင်များ သဘောကြည်စွာ နားလည် ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

သို့သော် စာရေးသူသည် စာတည်း၏ တာဝန်ကို လေးစားစေကာမူ စုံညီပြည့်ဝသူတော့ မဟုတ်ပါ။ စာတည်းလည်းဖြစ်၊ စာစောင်ဖြစ်မြောက်ရေးအတွက် အထွေထွေအကျိုးဆောင်လည်းဖြစ်သော (ကမ္မဋ္ဌာနာစရိယ) အရှင်ဇာဂရိယနှင့် ညှိနှိုင်းလျက် ဆောင်ရွက်ရာတွင် လိုအပ်သည်များ ရှိပါက အပြုသဘော ရှုမြင်ကာ အကြံပြုကြပါရန် လေးစားစွာ ပန်ကြားလိုပါသည်။

**ယုဇန (ကျောက်ဖြူ)**
**တာဝန်ခံစာတည်း**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# "ကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော်ရ မြောက်ဦးဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ၏ သက်တော်(၅၀)ပြည့် ဝိဇာတမွေးနေ့အတွက် ရေးသားပူဇော်အပ်သော

# "ရွှေရတု ဝိဇာယနမင်္ဂလာ ရစနာဂါထာများ"

၁။ ပဏ္ဍာသမ ဝဿကာလေ၊ ထေရဿ နော အရောဂိတံ။
ပဿိတွာ သဟဓမ္မိကာ၊ နရာ စ အဘိနန္ဒရေ။

၂။ ပဋ္ဌုဂ္ဂမနံ မင်္ဂလံ၊ ဝဒန္တိ ဒါနိ မာနုသာ။
တထေဝ သွာဂတန္တိပိ၊ အဝဒိံသု သန္တနာ။

၃။ တေနေဝ ဠာဒ မုစ္စတေ၊ ထေရဿ သမ္ပဟာသိတုံ။
"မင်္ဂလံ ဘဝတံ တုယှံ၊ တုယှံ ဘဝတု သွာဂတံ"။

၄။ တတုတ္တရိ ဠာဒ မုစ္စတေ၊ ဗဟူနံ သမ္ပဟာသိတုံ။
"သွာဂတံ တေ သန္တစိတ္တ၊ သွာဂတံ တေ သုသိက္ခက။
သွာဂတံ တေ ဝိပဿက၊ သွာဂတံ တေ သုမာပက"။

၁။ နော ထေရဿ=နဝမဇ္ဈိမ၊ ထေရသတ်မှတ်၊ ဤသုံးရပ်တွင်၊ ဝါကသုံးဆယ်၊ ပြည့်ဖြိုးကြွယ်သဖြင့်၊ ဆင့်ဝယ်အမြင့်ဆုံး၊ ခေါ်ထုံးထေရ်မဟာ၊ တို့ဆရာ၏။ ပဏ္ဍာသမဝဿကာလေ=အာယုသက်တမ်း၊ တစ်ရာတမ်းဝယ်၊ ဂဏန်းပိုင်းပြ၊ ရေတွက်ရလျှင်။ သက်က ငါးဆယ်၊ ပြည့်ဖြိုးကြွယ်ရာ၊ ရွှေရတုမွေးနေ့ အချိန်အခါ၌။ နောထေရဿ=သီလခိုင်ဘိ၊ သမာဓိ မြဲမြံ၊ ဂုဏ်သက်ကြောင့်၊ သိက္ခာထောက်ဆ၊ ခေါ်ဝေါ်ရသည့်၊ ထေရမဟာ၊ တို့ဆရာ၏။ အရောဂိတံ= ကိုးဆယ့်ခြောက်ဖြာ၊ နာရောဂါတို့၊ ကိုယ်မှာ မငြိ၊ ပကတိချမ်းသာ၊ ကျန်းမာသည်ကို။ ပဿိတွာ=ကိုယ်တိုင်ကိုယ်ကျ၊ မြင်ကြရ သိကြရ၍။ သဟဓမ္မိကာစ= အတူတကွ၊ ဓမ္မကျင့်ဖော်၊ သူတော်သူမြတ်ဖြစ်ကြသော ရဟန်းသာမဏေတို့သည်လည်းကောင်း။ နရာစ=ရတနာသုံးရပ်၊ မြတ်ထက်မြတ်ကို၊ ဆည်းကပ်ခစား၊ လူဒါယကာ ဒါယိကာမတို့သည်လည်းကောင်း။ အဘိနန္ဒရေ=လွန်စွာအားတက်၊ နှစ်သက်ကြလေကုန်၏။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၂။ ဒါနိ=နှစ်ဆယ့်တစ်ရာစု၊ သတ်မှတ်ပြုသည့်၊ ယခုအခါ၌။ မာနုသာ=ကိုယ်နှုတ်မူရာ၊ လိမ္မာယဉ်ကျေး၊ ဖြစ်လာရေးကို၊ အလေးထားသူ၊ များရှင်လူတို့သည်။ ပစ္စုဂ္ဂမန်=ခရီးဦးကြိုဆိုမှုကို။ (ဝါ) ရင်ဆိုင်တွေ့လာ၊ များသူငါကို၊ ပျူငှာရွှင်ပျ။ နှုတ်မြွက်ဟဆို၊ ခရီးဦးကြိုမှုကို။ မင်္ဂလံ-မင်္ဂလံဣတိ='မင်္ဂလာပါ'ဟူ၍။ ဝဒန္တိ=မူရာယဉ်ကျေး၊ နှုတ်သံပေးလျက်၊ အရေးတယူ၊ အလေးမူလျက်၊ ပြောဆိုနှုတ်ဆက်ကြကုန်၏။ တထေဝ=ထိုနည်းမခြား၊ အလားတူသာလျှင်။ သန္တန္တ ရာ=သိမ်မွေ့နှုတ်ရေး၊ ကိုယ်ယဉ်ကျေးသည့်၊ ရှေးရှေးသူဟောင်း၊ ပုဂ္ဂိုလ်အပေါင်းတို့သည်။ သွာဂတန္တိ ပိ='သွာဂတံ'ဟူ၍လည်း။ အဝဒိံသု=မူရာယဉ်ကျေး၊ နှုတ်သံပေးလျက်၊ အရေးတယူ၊ အလေးမူလျက်၊ ပြောဆိုနှုတ်ဆက်ခဲ့ကြကုန်ပြီ။

၃။ တေနေဝ=ထိုကြောင့်သာလျှင်၊ (ဝါ) ခုရော ရှေးခါ၊ လူတကာတို့၊ ချိုသာယဉ်ကျေး၊ နှုတ်သံပေးလျက်၊ အရေးတယူ၊ 'မင်္ဂလာပါ'ဟူ၍ဖြစ်စေ၊ 'သွာဂတံ'ဟူ၍ဖြစ်စေ၊ နှုတ်ဆက်ကြလေသောကြောင့်။ ထေရဿ=အာဂယောက်ျား၊ ဇာနည်ဘွားမို့၊ အများကောင်းကျိုး၊ သယ်ပိုးဆောင်တတ်၊ မထေရ်မြတ်၏။ သမ္ဘဟာသိတုံ=ဝမ်းကိုဆီထိ၊ ပမာရှိသို့၊ ပီတိသောမနဿ၊ အထပ်ထပ်ဖြစ်လျက်၊ နှစ်သက်ရွှင်ပျပါစေခြင်းငှာ၊ ဣဒံ=ပီလည်းပီပြင်၊ နားဝင်ချိုသာ၊ ဤမင်္ဂလာ နှုတ်ဆက်စကားကို၊ ဥစ္စတေ=လောကအလိုက်၊ စရိုက်ညီထွေ၊ ဆိုအပ်ပါပေ၏။ ကိန္တိ=အဘယ်သို့လျှင်၊ ဥစ္စတေ=လောကအလိုက်၊ စရိုက်ညီထွေ၊ ဆိုအပ်ပေသနည်းဟူမူကား…

(က) ဘန္တေ=သက်တော်ငါးဆယ်၊ ပြည့်ဖြိုးကြွယ်၍၊ ကြီးကျယ်မြင့်ခေါင်၊ ဂုဏ်ရောင်ထွန်းပ၊ ထေရအဆင့်၊ ရောက်လင့်မချွတ်၊ အရှင်သူမြတ်ဘုရား။ တုယှံ=အရှင်သူမြတ်အား။ မင်္ဂလံ=ကောင်းခြင်းမင်္ဂလာ အဖြာဖြာသည်။ ဘဝတံ-ဘဝတု=မုချမုန်စွာ ဖြစ်ပါစေသတည်း။

(ခ) ဘန္တေ=ကမ္မဋ္ဌာနာစရိယ၊ ဘွဲ့ကိုရကြား၊ အရှင်သူမြတ်ဘုရား။ တေ=အရှင်ဘုရား၏၊ အာဂတံ=ကြွရောက်လာခြင်းသည်၊ သွာဂတံ=ကောင်းသောကြွရောက်လာခြင်းသည်။ ဘဝတု=မုချမုန်စွာ ဖြစ်ပါစေသတည်း။

ဣတိ=ဤသို့။ ဣဒံ=ဤနှုတ်ဆက်စကားကို။ ဥစ္စတေ=လောကအလိုက်၊ စရိုက်ညီထွေ၊ ဆိုအပ်ပါပေသတည်း။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၄။ တတုတ္တရိ–တတော ဥတ္တရိ=တစ်ဦးကိုသာ၊ နှုတ်ဆက်ရာမှန်၊ ထိုမင်္ဂလာ စကားထက် ပိုလွန်၍။ မဟူနံ=များစွာသောင်းသောင်း၊ တပည့်ဒါယကာ ဒါယိကာမ အပေါင်း၊ သူတော်ကောင်းတို့၏။ သမ္ပဟာသိတုံ=ဝမ်းကို ဆီထိ၊ ပမာရှိသို့၊ ပီတိသောမနဿ၊ အထပ်ထပ်ဖြစ်လျက်၊ နှစ်သက်ရွှင်ပျပါစေခြင်းငှာ။ ဣဒံ=အများ သူငါ၊ နားဝင်ချိုသာ၊ 'သွာဂတံ' အစချီငြား၊ ဤနှုတ်ဆက်စကားကို။ ဥစ္စတေ= လောကအလိုက်၊ စရိုက်ညီထွေ၊ ဆိုအပ်ပါပေ၏။ ကိန္တိ=အဘယ်သို့လျှင်။ ဥစ္စတေ= လောကအလိုက်၊ စရိုက်ညီထွေ ဆိုအပ်သနည်းဟူမူကား...

(က) သန္တစိတ္တာ=နှလုံးစိတ်ဝမ်း၊ အေးချမ်းခြင်းကို၊ မယွင်းခံစား၊ အရှင်သူမြတ် ဘုရား...။ တေ=အရှင်ဘုရား၏။ အာဂတံ=ကြွလာခြင်းသည်။ သွာဂတံ =ကောင်းသော လာခြင်းပါဘုရား။

(ခ) သုသိက္ခက=ပရိယတ် ပဋိပတ်၊ နှစ်ရပ်ဆိုင်ရာ၊ အဖြာဖြာကို၊ ကောင်းစွာ သင်ခြင်း၊ ကျင့်ခြင်းရှိငြား၊ အရှင်သူမြတ်ဘုရား။ တေ=အရှင်ဘုရား၏။ အာဂတံ=ကြွလာခြင်းသည်။ သွာဂတံ=ကောင်းသောလာခြင်းပါဘုရား။

(ဂ) ဝိပဿက=ဖြစ်ပျက်အမှန်၊ ရုပ်နှင့်နာမ်ကို၊ ဖန်ဖန်ရှုမှု၊ ပြုတတ်ပေငြား၊ အရှင်မြတ်ဘုရား။ တေ=အရှင်ဘုရား၏။ အာဂတံ=ကြွလာခြင်းသည်။ သွာဂတံ=ကောင်းသောလာခြင်းပါဘုရား။

(ဃ) သုမာပက=ကမ္မဋ္ဌာန်းရိပ်သာ၊ ပေါင်းများစွာကို၊ ကောင်းစွာဦးဆောင်၊ ထူထောင်ပြုတတ်၊ အရှင်မြတ်ဘုရား။ တေ=အရှင်ဘုရား၏။ အာဂတံ= ကြွလာခြင်းသည်။ သွာဂတံ=ကောင်းသောလာခြင်းပါဘုရား။

ဣတိ=ဤသို့လျှင်။ ဣဒံ=နားဝင်ပီယံ၊ ဖြစ်ကြောင်းမှန်သည့်၊ 'သွာဂတံ'အစချီငြား၊ ဤနှုတ်စကားကို။ ဥစ္စတေ=လောကအလိုက်၊ စရိုက်ညီထွေ၊ ဆိုအပ်ပါပေသတည်း။

**အရှင်ပညာသာရာဘိဝံသ (တိုက်ကြပ်ဆရာတော်)**
မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ရက်စွဲ၊ ၁၀–၄–၂၀၀၉



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မြောက်ဦးမြို့ ရတနာမာရ်အောင်တောရ ဓမ္မရိပ်သာဆရာတော်၏ ဘုန်းတော်ဘွဲ့ရတု

(အချီအချ ၃၁ ပဒသီ)

**မြို့လှမည်တွင်။** ။ သမိုင်းထင်၍၊ ယခင်ရှေးခါ၊ ထင်ရှားပါသော၊ နေရာဌာန၊ မည်နာမဖြင့်၊ သာသနာပွင့်ဖူး၊ မြို့မြောက်ဦး၏၊ ထွတ်ဖူးတင့်ဝေ၊ မြောက်ဘက်မြေဌ၊ အခြေချထား၊ ရှုဝလားတည်း၊ ဗိမာန်များဖြင့်၊ မားမားမတ်မတ်၊ ခိုင်တည်ရပ်လျက်၊ မိုးနတ်ပြည်နှယ်၊ လှကြိုးသွယ်ခဲ့၊ ပျော်ဖွယ်ရစ်သိုင်း၊ ကျောင်းတိုက်ဝိုင်းလျက်၊ သမိုင်းဦးဆီ၊ နောက်ပြန်လည်ကာ၊ မညီတိမ်းစောင်း၊ မြေပိတ်ပေါင်းကို၊ တစ်ကျောင်းတည်းသာ၊ ဝါးကိုကာ၍၊ မိုးရာစနိ၊ ယိုင်ရိရိနှင့်၊ သတ္တိခိုင်ပေ၊ ဆရာထေရ်က၊ အခြေမျှော်မှန်း၊ စွမ်းဆောင်လှမ်းသည်၊ **ထူးဆန်းပြည့်လှိုင် အကြိုင်ပါဘုရား။**

**တို့ကကြည်လင်။** ။ ဂုဏ်ပေါင်းဆင်သည့်၊ တိုင်းခွင်ကျော်ကြား၊ ဆရာတော်ကား၊ သမားဇီဝက၊ ထူးဘွဲ့ရသည့်၊ ကျနလိမ္မာ၊ ဆေးဆရာသို့၊ မေတ္တာစိမ့်စမ်း၊ သီလပန်းနှင့်၊ ဘုန်းနန်းသတိ၊ သမာဓိတည့်၊ တုဘိပညာ၊ ဒေသနာဟု၊ သေချာအေးကြောင်း၊ ဆေးအပေါင်းဖြင့်၊ သိန်းသောင်းကုဋေ၊ များဝေနေ၏၊ အခြေတည်လာ၊ ကိလေသာကို၊ ကြည့်ကာစစ်ဆေး၊ ကုသပေးလျက်၊ ငြိမ်းအေးနိဗ္ဗာန်၊ ပို့ဆောင်ပြန်မို့၊ ယင်းသို့အကျော်၊ သမားတော်၏၊ ညှိုးလျော်မနွမ်း၊ ဂုဏ်တော်ပန်းကို၊ ဖူးမြော်တမ်းတမ်း၊ ဆယ်စုံမှန်းသည်၊ **ဖြူပန်းညို့လှိုင် တစ်ခိုင်ပါဘုရား။**


**ပို့ရှု–ပီပြင်။** ။ စနစ်မြင်၍၊ သစ်လွင်ဆန်းကောင်း၊ ကျမ်းအပေါင်းကို၊ လမ်းကြောင်းဖော်ညွှန်၊ မထေရ်မွန်ကား၊ ထူးချွန်ပရဝ၊ ဘွဲ့ဂုဏ်ရသည့်၊ ကထိကကျော်မော်၊ ဆရာတော်တို့၊ ပေါင်းဖော်နိဿယ၊ နည်းနာရလျက်၊ ကျနစုံစွာ၊ နည်းများစွာလျှင်၊ ယောကာညွှန်ပြ၊ ဆိုဆုံးမ၍၊ ယောဂီအများ၊ အားထားကြည်ညို၊ မိုခိုကြရာ၊ ထေရ်ဆရာက၊ ကြည်သာရွှင်ပျ၊ ဟောဖော်ပြလျက်၊ ဒေသကြီးငယ်၊ မြို့ရွာနယ်သို့၊ ပြန့်ကျယ်ဓမ္မ၊ အာသီသဖြင့်၊ လုံ့လစွမ်းအား၊ မေတ္တာထား၍၊ မြင်ကြားတက်လှမ်း၊ မိန့်ဟောညွှန်းသည်၊ **ဖူးလန်းအမြိုင် အပြိုင်ပါဘုရား။**

**ကိုကျော် (မြောက်ဦး)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဝနဝါသီ အရှင်ဝါယာမိန္ဒဆရာတော်၏
# ဘုန်းတော်ဘွဲ့တေးထပ်



※ ဘုန်းပါရမီ ထူးပါစ
အရှင်ဝါယာမိန္ဒ ဆရာတော်
ထာဝရ ဂါရဝတေဇာမော်
တောနေပျော် ထင်ရှား။

※ မြတ်တရားအားထုတ်ရှာ
သာသနာ တိုးလို့စည်ကား။

※ တေရသ ဆယ့်သုံးပါးနှင့်
ဓုတင်များ ဆောက်တည်။

※ သပိတ်တစ်လုံးနှင့် တိစီဝရေရယ်
မြဲဆောင်လွယ် ကျင့်သုံး။

※ လောကီကို ကြောက်ရွံ့မုန်းလို့
လုံးလုံးကြီး စွန့်ခွာ။

※ တောဝနာ မြိုင်ချောင်ဖျားမှာ
မြတ်တရား အားထုတ်ခါခါ။

※ ကမ္မဋ္ဌာနာစရိယ မြတ်ဆရာကို
အမြဲသာ ဦးညွတ်ပါလို့လေး။ ။

မဟာနွယ် (မန်းတက္ကသိုလ်)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အလှသစ္စာ

ငယ်စဉ်ကာလ၊ အလှတရား
မြတ်နိုးထားတတ်၊ ငါမှ ငါပင်
ဂုဏ်ဝင်မောက်မာ၊ ကတ္တီပါ ပိုးဖဲ
စိန်တွဲ ရွှေတွဲ၊ လည်ဆွဲပန်ဆင်
ရွှေရင်ကြော့ကြော့၊ ခေါင်းမော့မော့နှင့်
နော့နော့အပြုံး၊ ပီတိဖုံးမြဲ
ငယ်ရုပ်ထဲတွင်၊ နှဆဲ ပျိုဆဲ ကာလထဲကို။



သြော်...
အရွယ်အိုစာ၊ ငယ်ခါ မဟုတ်
ငယ်ရုပ် မပီ၊ ဝေသီမှုန်မှိုင်း
ခါး ခြေ ကိုင်းခဲ့၊ ထင်တိုင်း မပေါက်
စိန်ကျောက်ပတ္တမြား၊ ဆင်ယင်ထားလည်း
“ငါကားမဟုတ်၊ ရုပ်နာမ်လက္ခဏာ
ဝေဒနာတစ်စ၊ သင်္ခါရ မမြဲ
ဖောက်လွဲပျက်တတ်၊ ဘဝခန္ဓာ
ကိုယ့်ကိုယ်မှာလျှင်၊ ရှာလျှင်တွေ့ရ
တရားရ၏”၊ ဗုဒ္ဓမိန့်ကြား
တရားဒေသနာ၊ စိတ်ဖြာ အသိ
သတိနှင့်ကပ်၊ ဉာဏ်ယှဉ်တတ်မှ
အလှတရား၊ နှလုံးသားမှာ
ရင်မှာသီလ၊ သမထ ပညာ
ကိုယ်မှာ ဆောက်တည်၊ ခိုင်ပွားစည်အိမ့်
ငြိမ့်ငြိမ့်စီးဝင်၊ ဘဝင်ငြိမ်းချမ်း
သိမ့်သိမ့်လွှမ်းသစ်၊ အလှစစ်တို့
အနှစ်ရင်မှာ မြတ်သစ္စာ။ ။

**မောင်ဆောင်းမိုး (ကျောက်ဖြူ)**

မြောက်ဦးဆရာတော် “ဘဒ္ဒန္တဝါယာမိန္ဒ”၏ သက်တော်(၅၀)ပြည့် ‘ရွှေရတု’ အထိမ်းအမှတ်အတွက် ပူဇော်အပ်ပါသည်။ ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အေးကွက်ကိုရှာ

တဏှာ သခင်၊ ဘုရင်မင်းစော
တပ်မက်မော၍၊ ရမ္မက်ဇောလျှံ
သည်းထန်မောဟ၊ မူလ နှစ်ဖြာ
တူမျှစွာဖြင့်၊ ကြည်သာ သဘော
ရည်ကာနှော၍၊ တည်သောခန္ဓာ
ဖြစ်ပေါ်လာလျက်၊ အိုခြင်း တစ်ဖြာ
နာခြင်း တစ်လီ၊ သေခြင်း တစ်ဖုံ
ကကွက်စုံဖြင့်၊ သုံးဘုံလောက
လှည့်လည်ပြလျက်၊ ဘဝများစွာ
ကရှုရာပေါ့၊ ရာဇာ မာန်ပြင်း
ရှင်သေမင်းက၊ အတင်းခွဲယူ
ကယ်သူ ကင်းဝေး၊ သေမင်းဘေးက
ပြေး မလွတ်နိုင်၊ ငေးကာမှိုင်သည်
ရွှေညာဏ်ပိုင်မှ အေးမည်တည်း။ ။

**မောင်ဖြူဖွေး (ဝမျှောင်)**





WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အရင်းအနှီး



ဒါနဘဏ်တွင်၊ အပ်နံ့လျှင်ကား
လိုအင် ဆန္ဒ၊ ဥစ္စာရ၏။

သီလ ဆေးဝါး၊ မှီဝဲစားက
ကင်းပြား အနာ၊ လွန်ချမ်းသာ၏။

သမထ သစ်ပင်၊ စိုက်ပျိုးလျှင်ကား
ပူပင် ကင်းကွာ၊ စိတ်အေးပါ၏။

ဝိပဿနာ မီးရောင်၊ ထွန်းညှိဆောင်က
အမှောင် ကင်းကွာ၊ လွန်ချမ်းသာ၏။

စေတနာခတ်ခံ၊ ရင်းနှီးမှန်က
ထက်သန်သလောက်၊ အကျိုးထောက်၍
မဂ်ပေါက်ဖိုလ်ဝင်၊ အမြင်မှန်လျက်
ပူပင် ကင်းပ၊ အမြတ်ရသည်
သုခနိဗ္ဗာန် တိုင်အောင်တည်း။ ။

**ရွှေတိမ်ညို (မြောက်ဦး)**




WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ယောနိသော ခရီးလျှောက်ကြစို့

စိတ်စေတသိက် ရုပ်တရားတွေဟာ
ဆက်ကာသွားနေတဲ့ ဘီးစက်ဝန်းပမာ
သတ္တဝါတို့ရဲ့ ဘဝသံသရာ။

ဒုက္ခသံသရာ လွတ်ကြောင်းအတွက်
ဗုဒ္ဓဘုရားရှင်အပေါင်း ပေါ်ကာထွက်
ဓမ္မစက်ပညာ အရပ်ရပ်နဲ့
ရဟန်းသံဃာမြတ်တွေ ရှိပါတယ်။

'ဒါန'စွမ်းအား လှိုင်လှိုင်ကြူ
'သီလ'စွမ်းအား ခိုင်ခိုင်ထူ
'ဘာဝနာ'စွမ်းအား ပိုင်ပိုင်ယူ
'သုဂတိဘဝနိဗ္ဗာန်'သို့ စိတ်ရည်မှူ။



'ပရမတ္ထ'အယူမှန် သဒ္ဓါပညာတရား
'ယောနိသော' နှလုံးသားနှင့်
ဗုဒ္ဓဘာသာအမွေများ စောင့်ထိန်းကာ
လူ့ရွာဌာန သမဂ္ဂညီညာပါမှ
သုံးရပ်သာသနာ အမျိုးဘာသာတို့
မဟာတံတိုင်းကြီး တည်တံ့ပါမယ်လေ။

စာပေကောင်းလည်း ဖတ်
ပညာအလင်းလည်း ရတတ်စေ
ရဟန်းမြတ်ထံ နာယူပွား
'လောကဓံရှစ်ပါး'ကိုလည်း သည်းခံအောင်လံထူ
'ကိလေသာ'အပူမီးတွေ ငြိမ်းသတ်
အကုသိုလ် ရှောင်ကာဖြတ်
ကုသိုလ်ပါရမီ အထပ်ထပ်ဖြည့်စွက်
'တရားဗြဟ္မစိုရ်' ပွေ့ပွေ့ဖက်ရင်း
'နိဗ္ဗာန်ရွှေခရီး'ကို ကူးခတ်ချီတက်ကြပါစို့။ ။

ရွှေဖံစိုး (ကျောက်ဖြူ)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မြတ်ပန်းအဥ္စလီ

ဆရာ့စကား၊ နားဝယ်ဘားလို့
ဘုရားရှင် အလို၊ ဤထိုထိုကို
ကြည်ညို သိရ၊ လူ့ဘဝဝယ်
နဂ္ဂဖိုးကြွယ်၊ အသွယ်သွယ်တည်း။

ဖိုးဖြတ်မရ၊ ဆရာမြတ်က
ဆုံးမ ညွှန်ကြား၊ သွန်သင်ထားလို့
စိတ်များ အထူး၊ လွန်ကြည်နူးလျက်
ကျေးဇူးထွေထွေ၊ ရှိပါပေ၏။

ဆရာ့တန်ဖိုး၊ လွန်မြတ်နိုးလျက်
ဟိုးလေး တကျော်၊ တန်ခိုးတော်ကို
ပူဇော်လေးမြတ်၊ ကျေးဇူးဆပ်လျက်
တုပ်ဝပ်ရိုသေ၊ ရှိပါပေ၏။


ကျေးဇူးသခင်၊ ဆရာရှင်က
စီစဉ်ညွှန်ပြ၊ ဓမ္မဒေသနာ
အဖြာဖြာသည်၊ ကြည်သာအေးမြ
ချမ်းသာရလျက်၊ ဒုက္ခထွေထွေ
ဖြတ်ပိုင်းပယ်သည်၊ တကယ် ငြိမ်းချမ်းလှပါ၏။

ဆရာအရှင်၊ ညွှန်ပြစဉ်ဝယ်
ဉာဏ်ဝင် သတိ၊ စူးစိုက်မိ၍
ပယ်, သိ, ဆိုက်, ပွား၊ မြတ်တရားသည်
မလား ပါယ်ရွာ၊ ဒေသနာတည်း။

ခန္ဓာဉာဏ်ရောက်၊ ဖြစ်ပျက်ပေါက်ကာ
မျက်မှောက်တွင်တွင်၊ တရားမြင်လျက်
ဆင်ခြင်ဉာဏ်သိ၊ အရှိခန္ဓာ
သံသရာမှ၊ မှန်စွာ ထွက်ပေါက်ရမည်တည်း။

ဆရာ့ကျေးဇူး၊ မြင့်·မိုရ်ဦးကို
ခွင့်ထူးကြုံလျှင်၊ ဆပ်လိုက်ချင်သည်
ဆပ်ပင်ဆပ်ငြား၊ ကုန်မသွားမို့
တရား ပေစာ၊ ဤကဗျာဖြင့်
ဆရာ့ခြေစုံ၊ ကြာပဒုံကို
အာရုံ မှန်းဆ၊ ဂါရဝတည်း။ ။

မသာမှုံ (ကျောက်ဖြူ)





WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ရတနာမာရ်အောင်တောရ ဓမ္မရိပ်သာဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝါယာမိန္ဒ၏ ဘုန်းတော်ဘွဲ့ရတုပိုဒ်စုံ

၁။ **ဥဒါန်းကြေညာ**။ ။ ဘုန်းရောင်ဖြာ၍၊ ဘဂဝါဇိန၊ မြတ်ဗုဒ္ဓ၏၊ သာသနာ့ဇာနည်၊ ပြန့်မွေးကြည်သား၊ ရွှေပြည်ဓညေ၊ ပြည်ရက္ခဝယ်၊ တင့်လှ ပေဟာန်၊ နတ်များဖန်သို့၊ မြို့ဟန်တမျှ၊ စည်ကားလှရှင့်၊ ဂါမများစွာ၊ ဝန်းရံကာလျက်၊ မဟီရာနဒီ၊ ကမ်းကိုမှီလို့၊ မအီကျေးရွာ၊ လွန်သာယာ၍၊ ရတနာရွှေငွေ၊ ဆန်ရေစပါး၊ ပြည့်ဖြိုးများပြင်၊ ထွက်ဝင်သွားလာ၊ ကားများစွာတို့၊ လူးလာပြေးလွှား၊ ခရီးသွားနှင့်၊ ကုန်များရောင်းဝယ်၊ သွယ်သွယ်မြိုင်မြိုင်၊ ဈေးဆိုင် ကနား၊ အစားစားနှင့်၊ တိုးပွားပြည့်ဝ၊ စည်ကားလှတည့်၊ သာစွဋ္ဌာနေ၊ ဤရပ်မြေ၌၊ နှစ်ခြိုက်ကြည်သာ၊ သဒ္ဓါရှေ့ဆောင်၊ ဦးစိန်အောင်နှင့်၊ မြင်းမိုရ်တောင်ဦး၊ မကကျူးသည်၊ ကျေးဇူးကြီးသူ၊ ဒေါ်စိန်ဖြူတို့၊ ကြည်ဖြူသဒ္ဓါ၊ မြတ်ပုတ္တာအား၊ ဖွားတော်မူနှစ်၊ သက္ကရာဇ်ကို၊ တွက်စစ်သောခါ၊ ထောင့်သုံးရာနှင့်၊ သချာနှစ်ဆယ်၊ တစ်ခု ဆွယ်လျက်၊ တင့်တယ်တော်သလင်း၊ ကြာပန်း–ယင်းမာ၊ ပွင့်လန်းဖြာ၍၊ ကန်မှာ ရာသီ၊ စုံပြည့်ညီလျက်၊ မြန်ပြည်ရိုးရာ၊ သဘင်မှာလည်း၊ နာဝါပြိုင်ပွဲ၊ အားခဲဖွဲ့မာန်၊ အောင်ပွဲဆင်၍၊ ကောင်းကင်တစ်ခွင်၊ လစန်းယှဉ်လျက်၊ ကြည်လင်နက္ခတ်၊ ပူကပ်နှစ်ခြိုက်၊ ဘဒြပိုဒ်တွင်မည်၊ ရာသီအကြိုက်၊ ပျော်ပိုက်စရာ၊ ဆန်းမှာတစ်ရက်၊ ဆင်မင်းရက်၌၊ နံနက်ကိုးနာရီ၊ ချိန်ကိုမှီ၍၊ သီဂီရတနာ၊ သားပုတ္တာအား၊ ပန်းကြာရွှေတိုက်၊ သန့်စင်လိုက်က၊ မိဘနှစ်ဖြာ၊ မျိုးဆွေညာတို့၊ ပျူငှာပြုံးပန်း၊ ပျော်ရွှင် လွန်းသည်၊ **ချမ်းမြေ့သာယာပါတကား**။

၂။ **ဖူးပန်းဝေဆာ**။ ။ သားပုတ္တာလည်း၊ သက်မှာနှစ်ဆယ်၊ ပြည့်ဖြိုးကြွယ်လျက်၊ အရွယ် ပွင့်သစ်၊ ပျိုမျစ်နုနယ်၊ ချစ်စဖွယ်တည့်၊ ငယ်ရွယ်ကာလ၊ အချိန်မှ လျှင်၊ လူ့ခွင်ကခွာ၊ သာသနာ၌၊ ဖန်ဝါတတ်စွမ်း၊ မြတ်သင်္ကန်းကို၊ ဆင်မြန်းလျက်သာ၊ ကြည်သဒ္ဓါဖြင့်၊ မာတာပီတ၊ မိဘနှစ်ဖြာ၊ ပစ္စယာနုဂ္ဂဟ၊ လှူဒါနဖြင့်၊ သာသနာ့ဝန်ထမ်း၊ ရဟန်းဘဝ၊ ဘဒ္ဒန္တဝါယာမိန္ဒ၊ မြတ်လှဂုဏ်ရည်၊ ဘွဲ့နာမည်ဖြင့်၊ ရောက်သည့်ခုနှစ်၊ သက္ကရာဇ်ကို၊ တွက်စစ်သောခါ၊ ထောင့်သုံးရာနှင့်၊ သချာလေးဆယ်၊ ပြည့်နှစ်ဝယ်တွင်၊ စန်းယှဉ်ဖလရုနီ၊ ရောင်စုံချီ၍၊ စုံညီညွတ်လာ၊ အဇ္ဈာခွင်၊ မိုးကောင်းကင်၌၊ ထင်ထင် ကွန့်မြူး၊ ထူးထူးထွေထွေ၊ လင်းရောင်ဝေလျက်၊ တက်နေလားသို့၊ ထင်ရှားဂုဏ်ဝါ၊ ထွန်းလင်းလာသော်၊ အခါကကောင်း၊ လတပေါင်းဝယ်၊ မိန်ကောင်းရာသီ၊ လကိုမှီ၍၊



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သရဖီကုံကော်၊ ဖက်ဆွတ်ပေါ်လျက်၊ ပွင့်ဖော်သပြေ၊ လန်းဆန်းဝေရှင့်၊ နွေမင်း
သမီး၊ တောမှီးပျော်မွေ့၊ လွမ်းငွေ့ဝေဝေ၊ လွမ်းဖွယ်ပွေလီ၊ လွမ်းတေးသီ၍၊ လွမ်းလေပြီ
တောင်း၊ အခါကောင်းတည်း၊ ဆန်းပေါင်းရှစ်ရက်၊ နံနက်ခုနစ်နာရီ၊ ရာသီတွက်စစ်၊
မိနစ်သုံးဆယ့်ငါး၊ ဖဝါးကိုးခါ၊ တစ်ဖီလာ၌၊ ပဒါဆရာ၊ သိင်္ဂါရောင်လျှမ်း၊ ရွှင်လန်းပီတိ၊
ဝွမ်းဆီထိသို့၊ ဦးဝီရိယ၊ နာမထေရ်ရှင်၊ မြတ်သခင်အား၊ ကြီးမှူးထား၍၊ တင့်ကား
တင့်တယ်၊ ဥပဇ္ဈာယ်ပြု၊ ဂုဏ်ပေါင်းစုလျက်၊ အမြတ်ဆုပန်၊ ရဟန်းခံလျက်၊ ရောင်လျှံ
ပေါ်ထွန်း၊ ရွှေရောင်လွှမ်းသည်၊ **စမ်းကျပမာသာတကား။**

၃။ **ထူးဆန်းလေပါ။** ။ ဝတီသာက၊ ဗြဟ္မာသိကြား၊ ထင်ရှားဒေဝါ၊ ဆင်းသက်လာ၍၊
တဖြာသာဓု၊ အနုမောဒနာ၊ ဝမ်းမြောက်စွာဖြင့်၊ ဆယ်ဖြာလက်စုံ၊
ကြာပန်းငုံကို၊ ထူစုံစုပေါင်း၊ သောင်းသောင်းဖြဖြ၊ ပူဇော်ကြလိမ့်၊ ဂုဏသခင်၊ ထေရ်အရှင်
လည်း၊ စွမ်းအင်လီလီ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလသမာ၊ ဉာဏ်ပညာဖြင့် သိက္ခာ
သုံးရပ်၊ အကျင့်မြတ်ကို၊ ခါးဝတ်ပုဆိုး၊ ရိုကျိုးကိုင်းညွတ်၊ စောင့်အပ်တည်ကြည်၊ ကြည်ညို
ဖွယ်တည့်၊ အံ့ဖွယ်ရှစ်ဖြာ၊ သာသနာကို၊ ပမာအသက်၊ ငဲ့ကွက်တွယ်တာ၊ စောင့်ထိန်းလာ၍၊
ရတနာစံဦး၊ မြောက်ဦးမြို့၌၊ ဂုဏ်ထူးဝိသေ၊ ဝိဟာရေသို့၊ ရောက်လေသောခါ၊ သာသနာ
လည်း၊ ပမာနေလ၊ ထွန်းကားလှရှင့်၊ ဓမ္မဒူတ၊ ကျင့်စာရနှင့်၊ ဘဝနောင်ရေး၊ အစဉ်
တွေးလျက်၊ ဖြူဖွေးသန့်စင်၊ မြတ်ရှင်ပင်၏၊ သုံးခွင်သာသနာ၊ တည်စိမ့်ငှာလျှင်၊ သဒ္ဓါ
ရောင်ဖိတ်၊ ထက်သောစိတ်ဖြင့်၊ သပိတ်တစ်လုံး၊ ပခုံးမှာလွယ်၊ တင့်တယ်ထည်ဝါ၊
သုံးလွှာသင်္ကန်း၊ ဝတ်ရုံလွှမ်းလျက်၊ မြိုင်လမ်းကိုလျှောက်၊ ကိုယ်တစ်ယောက်တည်း၊
ဝင်ရောက်ဝနာ၊ တရားရှာလျက်၊ ဘာဝနာကမ္မဋ္ဌာန်း၊ စီးဖြန်းအားထုတ်၊ မဆုတ်စိတ်ခွဲ၊
လုံ့လခဲ၍၊ ရိုးကွဲကြေကြေ၊ အရေခန်းခြောက်၊ အကြောက်မလှုပ်၊ နောက်မဆုတ်ဘဲ၊
ကြိုးကုတ်ပွားများ၊ ဝီရိယအားဖြင့်၊ ကြိုးစားလာရ၊ ကမ္မဋ္ဌာနာစရိယ၊ ဘဒ္ဒန္တဝါယာမိန္ဒ၊
ရတနာမာရ်အောင်တောရ၊ ဓမ္မရိပ်သာ၊ ထင်ရှားလာ၍၊ ဒကာ ဒကာမ၊ ယောဂီလှတို့၊
တူမျှစေတနာ၊ သဒ္ဓါလျှမ်းလျှမ်း၊ လှူဒါန်းဆောက်အုံ၊ နတ်ဘုံနတ်နန်း၊ ဗိမာန်ဆန်းလည်း၊
အံ့မခန်းမျှ၊ လှူဒါန်းကြ၏၊ ထိုထိုရပ်ရပ်၊ ပြာသာဒ်ထုပိကာ၊ ကျောင်းဝိဟာနှင့်၊ ရိပ်သာ
ဆောက်ဦး၊ ကြည်နူးရွှင်လန်း၊ ကျင့်စခန်းတွက်၊ ဆောက်လျက်ရှိပြား၊ တရားဆင်ခြင်၊
ယောဂီရှင်တို့၊ ပျော်ရွှင်နှလုံး၊ ကျင့်သုံးတရား၊ ရှုမှတ်ပွားရာ၊ စခန်းသာ၍၊ ရိယာနွယ်ဝင်၊
သူတော်စင်များ၊ ပျော်ဝင်စံမြန်း၊ နိဗ္ဗာန်နန်းကို၊ မျှော်မှန်းလျက်သာ၊ အားထုတ်လာသော်၊
တောပျော်ရဟန်း၊ ဘုန်းရောင်ထွန်းသည်၊ **စန်းလပမာ သာတကား။** ။

**မဟာနွယ် (မန်းတက္ကသိုလ်)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ဓမ္မာရသ

စိတ်ကောင်းမွီးမြူ
ကိုယ်ကျင့်ဖြူဆွတ်
ပညာတတ်ပြွန်
အမှန်သုတ
ပေါ်ကြွယ် ဝ ရေ။

ဓလေ့ တစ်မူ
သူ လူတစ်မျိုး
နီရိုးဘုရင်။

သားပိုက်ကောင်မှာ
သူ့ရတနာ
သည်းချာ ရင်သွေး
ပိုက်ထွေး ရေအသွင်။

ပင်လယ်ပြင်ဗွာ
ဇာချိန်ကများ
ဆိုးရွား ပုပ်သိုး
အညှက်ဆိုးကို
မြတ်နိုးတွယ်တာ
ထားဖူးပါလဲ။


သစ္စာဓမ္မ
အမှန်ကရာ
သူ့ရတနာ ရင်သွေး
သူ ဖက်ထွေးလို့။ ။

နိုင်လူ (ရိုးမ)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အမှန်လမ်းသို့



ပဋိသန္ဓေ နေရ၊ ဒုက္ခက ကျွတ်လွတ်လာ
အူဝဲသံ တစာစာနဲ့၊ လောက ကန့်လန့်ကာကို လှစ်ဝင်
မရဏ ပါမစ်ရ၊ ဒုလ္လဘမနုဿဘဝသည်။

သမုတ္တိမိခင်လက်ထဲမှာ၊ ဆာလောင်မှုကိုဖြည့်ဆည်းခံ
လိုချင်မှုကို ငံ့လင့်၊ နာရီစက္ကန့်တွေက စားသုံး
ပုခက်ထဲ၊ အိပ်ရင်းနိုးရင်းနဲ့ ကြီးပြင်းလာ။

အရွယ်ရောက်လာတာနဲ့၊ တဏှာဇာတ်ဆရာ သဘော
အပြေးအလွှား၊ လှုပ်ရှားရုန်းကန်ကာ
အတွယ်အတာ အစွဲမက်တွေကြား၊ ဆုံလည်နွား ပမာ
ရုန်းကန်မှု များစွာ၊ ရှင်သန်မှုပမာဏ ရောစွက်
သံသရာ ဝဲဩဃထဲ၊ နစ်မျောနေကြရပါလား။

ကာလဝါးမျို၊ နေမညိုခင်
အို နာ သေဘေး၊ သံသရာဝဲဩဃထဲက
လွတ်မြောက်ရာလမ်း၊ ငါမျှော်မှန်း။

ဟော...တွေ့ပြီ...
လမ်းပျောက်ရှာ အားလုံးအတွက်
မြတ်ဗုဒ္ဓရဲ့တရားမြတ်ဟာ ဒီသံရာက
လွတ်မြောက်ရာ အမှန်လမ်းပါပဲ။ ။

**သို့းရင်း (မြောက်ဦး)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဆန္ဒမွန်



ဗုဒ္ဓသာသနာ၊ ပြည်မြန်မာဝယ်
ပေါ်လာ ရွှန်းမြ၊ သော်တာလသို့
ထွန်းပ ရောင်ဝါ၊ ထိန်ထိန်ဖြာဖို့
ဆရာ ဒကာ၊ စေတနာနဲ့။

ပရိယတ် ပဋိပတ်၊ သင်မှတ် ကျက်အံ
ကျင့်ကြံ ပွားများ၊ သံဃာများအား
လေးပါးပစ္စယ၊ နုဂ္ဂဟဖြင့်
ချီးပ ပူဇာ၊ မြတ်သဒ္ဓါနဲ့။

နိုင်ရာဝန်ထမ်း၊ ကိုယ်စီစွမ်းဖြင့်
ကြိုးပမ်းခဲ့ရာ၊ ပြုလုပ်ပါသော်
မညာ ဝိုင်းဖွဲ့၊ ဆိုကဲ့ရဲ့လည်း
စောင်းငဲ့ မပြု၊ ကြောင်းရှု လမ်းမှန်
မေတ္တာမွှန်နဲ့။

စိတ်ထား ဖြောင့်မတ်၊ သူတော်စာတ်တို့
ကိန်းဝပ် အမှန်၊ တို့သန္တာန်ဝယ်
အမှန် နှလုံး၊ သူတော်ထုံးကို
စွဲသုံး လက်ကိုင်၊ ဉာဏ်မဏ္ဍိုင်ဖြင့်
မယိုင်စတမ်း၊ မိဋ္ဌာန်စွမ်းနဲ့။

ဖော်ညွှန်းစရာ၊ မော်ကွန်းသာအောင်
သာသနာရေး၊ ရည်မျှော်တွေးလျက်
အားပေးဆက်ဆက်၊ လက်ချင်းယှက်၍
မပျက်စေရာ၊ သာသနာကို
သေချာငါတို့ ပြုကြစို့။ ။

**မောင်နိုင်ခန့်ကျော် (ဝမ္ဘျောင်)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# အမေ့မျက်နှာ

သားတို့ဘဝ၊ ဤလောကဌ
အလှပိုင်ရှင်၊ မွေးမိခင်၏
ရုပ်သွင် မျက်နှာ၊ ရူပကာသည်
တိမ်လွှာ မြူကင်း၊ ငွေလမင်းသို့
ထိန်လင်း သာစွ၊ သာယာလှ၏။


သားတို့ဘဝ၊ ဤလောကဝယ်
ကြီးလှ ဂုဏ်ပုဒ်၊ အမေ့ရုပ်လွှာ
ငွေသော်တာသည်၊ ရောင်ဝါ ထိန်လင်း
မာန ကင်းကွာ၊ သန့်ရှင်းပါ၏။

အမေ့မျက်နှာ၊ လစန္ဒာသို့
မေတ္တာရောင်လင်း၊ ဒေါသရှင်းကာ
ပြစ်ကင်း ရှင်ပျ၊ လွန်အေးမြ၏
အလှဆည်းဆာ၊ အမေ့မျက်နှာ။ ။

**ဇော်မင်းထက် (ဓမ္မိကာရုံပရဟိတ)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ညှို့သည်ပြန်တမ်း

သင်ပိုင်ဆိုင်စွာ
သင့်အိမ်ရာမှ
ပြန်ပါဖို့ဗျာ နှုတ်ဆက်လို့။

ညှို့သည်ဝတ္တရား
မကျိုကြွားက
ငါ့အား ခွင့်လွှတ်တတ်စီလို့…။ ။

နိုင်လူ (ရိုးမ)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ထူးမြတ်သူ

အတိတ်ကံ ထောက်မလို့
ရောက်ရသည့် ဤလူ့ပြည်
ကုသိုလ်ကံ ကောင်း မကောင်း
လူဖြစ်ကြောင်း သက်သေတည်။

လူဖြစ်ရာ လူ့ပြည်ရပ်မှာဖြင့်
မတူညီ အနေခြားသော်လည်း
ကိုယ်သွားရာ ကိုယ့်လမ်းကြောင်းကို
ကံဉာဏ်တွေ မြှင့်ကာပေးတယ်
အားမွေးတဲ့ ကုသိုလ်ပွဲ။

ရခဲသည့် ဤလူ့ပြည်မှာ
ပျော်မှုသာ ချိန်ကုန်လို့
ရမ္မက်စုံ ရှက်ကုန်ဖွင့်လျှင်ဖြင့်
နရက်ဘုံ သက်ရှုံရှိပေလိမ့်၊

သတိကိုစေ
အသိတွေ မြန်မြန်ဦးပါမှ
ဤလူ့ဘုံ ခိုလှုံမြတ်လှတယ်
ထူးမြတ်သူပဲ။ ။

**ဘုန်းမြင့်သူ (မြောက်ဦး)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ထူးမြတ်တဲ့အာဇာနည်

ဇွဲလုံ့လမှာ
အများထက် သာသည်၊

သမာဓိကျင့်စဉ်
အသွင် ထူးသည်၊

ခန္တီမေတ္တာတရား
များပြား စုံညီ၊


ကရုဏာအား
ပတ်လွှား ခြုံပြီ၊

တပည့်တို့ဆရာ
သာသနာ့အာဇာနည်။ ။

**ဒေါ်ဝင်းမင်းသန်း (မန္တလာမြေ)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ရတနာမာရ်အောင်တောရစံကျောင်း

ငှက်ပျောရုံ တောအစ
ဓမ္မစခန်း ငြမ်းညီ
မဂ္ဂင်လမ်း စိတ်ချမ်းကြည်တယ်
ပါရမီ ခန္တီဖြည့်ကျောင်း။

တပည့် ဒကာထောင်သောင်း၊ ငြိမ့်ညောင်း သာယာ
နည်းမှီကာ ခိုအောင်း။

ဒေါသနဲ့ လောဘမီးဘုံ
မေတ္တာခြုံ အုံကာထား
စိတ်ထားမြတ်ပုံ၊ စေတနာက လွှမ်းခြုံလာတယ်
ကရုဏာက ထပ်လောင်း၊
ရတနာမာရ်အောင် တောရစံကျောင်း။


ဘဒ္ဒန္တဝါယာမိန္ဒ၊ သံဃထေရ်မဟာ
ပဒုမ္မာ ကြာသက်န်းငယ်နှင့်
ခါဆင်မြန်း တောမွေ့သူ
လောကလူ အပူငြိမ်းအောင်ပ
သာသနာ့ သူ့ဝန်တာကို
ကရုဏာရှေ့ထား
ဓမ္မတံခါး သူဖွင့်နိုင်
သင်းတဲ့ သည်မြိုင်။
သဇင်မြတ် ပွင့်တဲ့ဂနိုင်မှာ
ကမ္ဘာတိုင် မွှေးမယ်ပါ့လေး။ ။

မင်းလွင် (ကျောက်ကလေ)

ရတနာမာရ်အောင်တောရဆရာတော်အား ဤကဗျာဖြင့် ပူဇော်ပါသည်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# မေတ္တာအပြုံး လွှမ်းစေမယ်

ဒေဝတီ၊ ရွှေပြည် ကြည်သာ
သာကီ မျိုးရိုး၊ အဖိုးထိုက်တန်
ကျောင်းကန် ဇရပ်၊ အထပ်ထပ်။

မာရ်ငါးပါးထဲ၊ တစ်ပါးဝင်ပါ
ရတနာမာရ်အောင်၊ ရွှေကျောင်းဆောင်ဟု
ဂုဏ်ရောင် သတင်း၊ ထိန်ထိန်လင်း၏။

ကမ္မဋ္ဌာနာစရိယ၊ ဘွဲ့တော်ရသည့်
ဝါယာမိန္ဒ၊ နာမ ထင်ပေါ်
ထေရ်ကျော် အရှင်၊ ဆရာတော်လျှင်
သမာဓိဂုဏ်၊ သီလဂုဏ်ဖြင့်
ပြည့်စုံပြီးခါ၊ ကရုဏာနှင့်
ဒကာ တပည့်၊ ပေါများပြည့်စုံ
တောရိပ်လှုံဖို့၊ အမြို့မြို့က
ရောက်လာကြ၏။


ဓမ္မရိပ်သာ၊ ရောက်လာ အများ
တပည့်သားကို၊ ကျောသား ရင်သား
မခွဲခြားဘဲ၊ တရား လမ်းမှန်
နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းနိုး ဓမ္မ
ဟောပြောပြလျက်၊ သာစွဋ္ဌာနေ
ရတနာမြေ။

ထိုမှတစ်ဖန်၊ ခန္ဓာဉာဏ်ရောက်
နိဗ္ဗာန်ပေါက်သား၊ ယောဂီများကို
တရားစခန်း၊ နည်းလမ်း ပြည့်ညွှန်
သွန်သင်ဆုံးမ၊ ဩဝါဒနှင့်
ထမှု ထိုင်မှု၊ လျှောက်လှမ်းမှုတို့
ထိမှု သိမှု၊ ဉာဏ်နှစ်ခုဖြင့်
စိတ်မလွင့်စေ၊ ဝင်လေ ထွက်လေ
မှတ်နေ မပျက်၊ သမာဓိရလျက်။
လောဘ နှလုံး၊ ငြိမ်းစေရေ၊
လောဘ အားလုံး၊ ထိန်းစေရေ၊
ဒေါသ အမုန်း၊ ဆုံးစေရေ၊
မောဟ မဖုံး၊ ပြုံးစေရေ၊
မေတ္တာ အပြုံး၊ လွှမ်းစေရေ။ ။

ရွှေနိုင်ဦး (ဒေဝတီ)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ခရီးသွားသူ

နေထွက်က မိုးချုပ်　ကူးတို့လှေမှာ ဖော်မပါ
တကုပ်ကုပ်နဲ့　မယားလည်း မပါ
ဝမ်းတစ်ထွာအတွက်　သားလည်း မလာ
လမ်းတကာထွက်　တက်လည်း မပါ
မယားအတွက်　ရွက်ဗလာနဲ့
သားအတွက်　ယက်ကာ ယက်ကာ
သမီးအတွက်　ကူးခတ်ရင်း
ခရီးထွက်။　လေပြင်း မွှေ့တိုက်

တစ်ရက်၊ နှစ်ရက်　လှိုင်း အရိုက်မှာ
တစ်လ၊ နှစ်လ　လှိုက်ခနဲ ထိုးကျ
တစ်စ တစ်စနဲ့　အိပ်မက်က နိုးထတော့။
နှစ်တွေ ကြာညောင်း　မနက်ဖြန် မနက်
ပြက္ခဒိန်တွေဟောင်း　ဝမ်းစာ အတွက်
ဇရာလည်းထောင်းတော့။　ခရီးဆက် ထွက်...ထွက်...ထွက်။ ။


**ညီညီဉာဏ်ထွန်း**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# တရားနှင့်မွေ့ပျော် ရဟန်းတော်သို့

ဘဒ္ဒန္တပညာဝံသ (မဇ္ဈိမ)



သာသနာတော်သို့ ရှင်ရဟန်းအဖြစ်ဖြင့် ဝင်ရောက်လာသော မဟာပါလသည် ဆရာဥပဇ္ဈာယ်တို့၏ အထံဝယ် (၅)ဝါပတ်လုံး နေပြီးလျှင် သီတင်းကျွတ်ပြီးသောအခါ ပဝါရဏာပြု၍ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးကာ…

“အရှင်ဘုရား… ဤသာသနာတော်ဝယ် (ဓုရ)သာသနာ့ဝန်သည် အဘယ်မျှရှိပါသနည်း” ဟု မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓရှင်တော်က “ချစ်သားရဟန်း… သာသနာ့တာဝန်ဟူသည် နှစ်မျိုးရှိ၏။ ယင်းတို့မှာ ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်မျိုးတို့တည်း”ဟု မိန့်တော်မူ၏။ တစ်ဖန် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်မျိုးတို့၏ သဘောသဘာဝ အဓိပ္ပာယ်ကို ရှင်းလင်းမိန့်ကြားပါရန် လျှောက်ထားရာ…

“မိမိနှင့်လျော်သဖြင့် နိကာယ်တစ်ခု၊ နှစ်ခု၊ ပိဋကတ်သုံးပုံဟု ဆိုအပ်သော ဘုရားစကားတော်ကို သင်ကြားခြင်း၊ ပို့ချခြင်း၊ ဆောင်ထားခြင်းသည် ဂန္ထဓုရမည်၏။

“တိတ်ဆိတ်ငြိမ်သက်၍ အလွန်မွေ့လျော်ဖွယ်ကောင်းသော ကမ္မဋ္ဌာန်းကျောင်း၌ ခန္ဓာကိုယ်အတ္တဘောကို ကုန်ခြင်း၊ ပျက်ခြင်းဖြစ်စေ၍ ရှိသေစွာကျင့်အပ်သော အမူအရာ၏အစွမ်းဖြင့် ဝိပဿနာကို ပွားစေ၍ အရဟတ္တဖိုလ်ကို ရယူခြင်းသည် ဝိပဿနာဓုရမည်၏”ဟု မိန့်ကြားတော်မူ၏။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁။ ၅။)

အရှင်ဝါယာမိန္ဒမထေရ်ကား ရဟန်းပြုသစ်အရွယ်က ဂန္ထဓုရကျမ်းဂန် ပိဋကတ်စာပေများကို ဆရာတော်များ၏ထံဝယ် လမ်းညွှန်ချက် ဥပနိဿယကို အမှီပြုကာ လေ့လာလိုက်စား သင်ကြား ကြိုးပမ်းခဲ့ပေသည်။

ပရိယတ္တိစာပေကျမ်းဂန်များထဲမှ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာများကို အခြေခံ၍ ဤသာသနာတော်အတွင်း၌ တစ်မဂ် တစ်ဖိုလ် နိဗ္ဗာန်တိုင်အောင် အားထုတ်ကြိုးစားမည်ဆိုပါက မလွဲကေန် ရောက်နိုင်၊ ရနိုင်ကြောင်းကို ကောင်းကောင်းကြီး သဘောပေါက်လာသည်။

ဂန္ထဓုရကျမ်းဂန်စာပေ သင်ကြားမှုကို ရပ်နား၍ ဝိပဿနာဓုရ ဝိပဿနာ ဘာဝနာဘက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သို့ ဦးညွတ်စပြုလာသည်ကို စာရေးသူ သတိထားမိသည်။ စာရေးသူသည် မိခင် ယပ်လှဲကျောင်းတိုက်၌ တာဝန်ယူ စာပေပို့ချနေဆဲဖြစ်သဖြင့် အရှင်ဝါယာမိန္ဒ၏ သဘောထားကို သိရှိခွင့်ရလာသည်။ ယခင်ကထက်ပို၍ ကြည်ညိုစိတ် သဒ္ဓါတရားယိုဖိတ်လာပါသည်။ တစ်နေ့တွင် စာရေးသူသည် စေတနာ သဒ္ဓါတရား ဖြစ်ပေါ်လာမှုကို အကောင်အထည်ဖော်လိုက်ပါသည်။

"အရှင်ဘုရား... တရားအလုပ်ကို ကြိုးပမ်းမည်ဆိုပါက ဟောဒီသပိတ် ပရိက္ခရာ၊ ပဋိပတ်ဆိုင်ရာ ကျမ်းစာအုပ်များကို အလှူခံတော်မူပါ" ဟု ပန်ကြား၍ စတင်လှူဒါန်းဖြစ်ခဲ့ရပေသည်။ ယခုတိုင် ကြည်နူးဝမ်းသာ အပရစေတနာ ပြည့်လွှမ်းနေသည်မှာ အမှန်ဖြစ်ပေသည်။

ယဒါ ယဒါ သရတိ၊ တဒါ တဒါ ပဝမုတိ။ (သံ၊ ၄၊ ၁။ ၈၃။) အကြင်အခါ အကြင်အခါ မိမိကုသိုလ်ကို အာရုံပြု အမှတ်ရ သတိရနေ၏။ ထိုအခါ အမြဲတမ်း ကုသိုလ်တွေ ဖြစ်နေပါ၏၊ ရနေပါ၏ဟူသော ဒေနာကို တွေ့ရှိလာသောအခါ လွန်စွာပင် ပီတိဖြစ်ရပါသည်။

ယခင်အခါက အရှင်ဝါယာမိန္ဒမထေရ်သည် တရားနှင့် မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သည့်သာဓကမှာ ရှေးရှေးဆရာတော်ကြီးများ၏ အဆိုအမိန့် ဩဝါဒများ၊ ကျမ်းစာများ၊ ကျင့်စဉ်လမ်းညွှန်များကို အဓိကထား ဖတ်ရှုလေ့လာနေသည်ကို တွေ့မြင်ရသည်။ ဤသည်ပင် သူ့ဘဝ၏ တိုးတက်မြင့်မားရန် ရောင်ခြည်ဦးဟု ဆိုရပေမည်။ အတိတ်က မိခင်ကျောင်းတိုက်၌ စာသင်စဉ်က ပုံရိပ်လွှာဟု ဆိုလိုက ဆိုနိုင်ပါသည်။ ထိုစဉ်က ကျောင်းတိုက်၌ အင်္ဂုတ္တိုရ်ပါဠိတော်ကို ပို့ချဆဲမို့ အရှင်ဝါယာမိန္ဒ၏ ဟောရေးပြောရေးဆိုင်ရာ ကျင့်ကြံအားထုတ် ပွားများရေးဆိုင်ရာများတွင် အသုံးဝင်လှသည်မှာ ထင်ရှားလှသည်။

ပရိယတ္တိစာသင်တိုက်မှ ပေါက်ဖွားပေးလိုက်သော အရှင်ဝါယာမိန္ဒမထေရ်သည် ယခုအခါ တရားနှင့်မွေ့လျော်နေလေပြီ။ ဘုရားရှင် လိုလားသော ရဟန်းကောင်း ရဟန်းမြတ် အဖြစ်ကို ခံယူနေလေပြီ။ ဘုရားရှင်လက်ထက်တော်က တရားနှင့် မွေ့လျော်သော ဓမ္မရာမ ရဟန်းတော်နှင့် အလားတူလှပေသည်။

ဓမ္မာရာမရဟန်းနှင့် ရဟန်းတော်များကို ဗုဒ္ဓမြတ်စွာ မိန့်ကြားသည်မှာ "ငါဘုရားအား ပန်းနံ့သာ စသော အာမိသဖြင့် ပူဇော်ခြင်းသည် ပူဇော်သည် မမည်။ ဓမ္မာနုဓမ္မ လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်သောသူတို့သည်သာ ငါဘုရားကို ပူဇော်သည် မည်ကြလေကုန်၏"ဟု မိန့်တော်မူ၏။ ငါဘုရားကို ချစ်ကြည်ညိုပါက ဓမ္မအမွေ သတိပဋ္ဌာန်တရားကို ပွားကြ၊ မှတ်ကြ၊ ရှုကြလေဟု အားပေးတိုက်တွန်းမှုကို အရှင်ဝါယာမိန္ဒ မိမိရရ ယခုအခါ ရရှိနေသည်မှာ အများအသိပင် ဖြစ်ပေသည်။ (ဓမ္မပဒ၊ ၄၊ ၂၊ ၃၆၄။)

အရှင်ဝါယာမိန္ဒ မထေရ်ကား စာတွေ့မှ လက်တွေ့ စမ်းသပ်အားထုတ်ရေးသို့ ဦးတည်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လာသည်မှာ သဘာဝကျလှပေသည်။ အဘယ်ကြောင့်ဆိုသော် မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ (၃–၂၆၀)မှာ ယောဗုဒ္ဓေသု ဓရန္တေသု စတ္တာရော သတိပဋ္ဌာ နေ န ဘာဝေတိ၊ တဿ သဒ္ဓမ္မော အန္တရဟိတောနာမ – မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူဆဲအခါဖြစ်စေ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့ ယခုလိုအခါမှာဖြစ်စေ သတိပဋ္ဌာန်တရား မပွားများဘူးဆိုရင် ထိုသူအတွက် သာသနာဟာ ကွယ်နေပါသတဲ့။ ဤအကြောင်းကို ကောင်းကောင်းကြီးသိသော အရှင်ဝါယာမိန္ဒ မထေရ်သည် ကိုယ်တွင်းသန္တာန်၌ သတိပဋ္ဌာန်တရား တည်ရှိရေးသည် အသက်တမျှ အရေးကြီးလှသည်ဟု အခိုင်အမာယုံကြည်ထားဟန် ရှိ၏။ ထို့ကြောင့် ပဋိပတ်အကျော်ကမ္မဋ္ဌာန်း ဆရာတော်များရှိရာ ကမ္မဋ္ဌာန်းရိပ်သာများသို့ ချဉ်းကပ်၍ လက်ဆုပ်လက်ကိုင် မိမိရရနည်းမှန် လမ်းမှန် ကျင့်ကြံပွားများ နည်းလမ်းကောင်းများကို ရှာဖွေဆည်းပူးခဲ့ပေသည်။

ရှာဖွေဆည်းပူး၍ ရလာသော သတိပဋ္ဌာန်လုပ်ငန်း ဝိပဿနာစခန်းကို တောတောင်အနှံ့တွင် သတိပညာနှစ်ပါးကို အဦးပြု၍…

၁။ ဧကော–အဖော်မမှီး တစ်ကိုယ်တည်း နေနိုင်ခြင်း၊

၂။ ဂူပကဋ္ဌော – ဆိတ်ငြိမ်သောအရပ်၌ နေနိုင်ခြင်း၊

၃။ အပ္ပမတ္တော – သတိပဋ္ဌာန်တရားကို မမေ့လျော့ခြင်း၊

၄။ အာတာပီ – ထက်သန်သော ဝီရိယ ရှိခြင်း၊

၅။ ပဟိတတ္တော – မိမိစိတ်ကို ခန္ဓာထဲမှာ ထားဖြစ်အောင် အမြဲနှလုံးသွင်းခြင်း

ဟု ဆိုအပ်သော ဝိပဿနာယောဂီများ လိုက်နာရမည့် ကျင့်ဝတ်များကိုလည်း ဖြည့်ကျင့်နိုင်ပေသည်။

ဧဝံ ခေါ ဘိက္ခဝေ အတ္တာနံ ရက္ခန္တော၊ ပရံ ရက္ခတိ (သတိပဋ္ဌာနသံယုတ် အဋ္ဌကထာ – ၂၅၉။) သတိပဋ္ဌာန်တရားကို ဤသို့ ကျင့်ကြံပွားများခြင်းဖြင့် မိမိကိုယ်ကိုလည်း စောင့်ရှောက်၊ ဝေနေယျသတ္တဝါများကိုလည်း စောင့်ရှောက်ရာရောက်ကြောင်း ဒေသနာတော်၏ အဆိုအမိန့်နှင့် ညီညွတ်နေသည်ကို တွေ့ရပေသည်။

မှန်ပေသည်။ အရှင်ဝါယာမိန္ဒ မထေရ်သည် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ရတနာမာရ်အောင်တောရဓမ္မရိပ်သာကို ကမ္မဋ္ဌာန်းဌာနအဖြစ် ပေါ်ထွန်းစေခဲ့ပါသည်။ ယင်းဌာနမှ အခြေပြုကာ စစ်တွေအခြေခံဒေသ မြို့နယ်၊ ကျေးရွာများ၊ ကျောက်ဖြူအခြေခံဒေသ မြို့နယ် ကျေးရွာများ၊ သံတွဲအခြေခံဒေသ မြို့နယ် ကျေးရွာများသို့ အချိန်ဇယား သတ်မှတ်၍ အလုပ်ပေး သတိပဋ္ဌာန် ကမ္မဋ္ဌာန်းတရားများ ဟောပြောပြသဖြန့်ဖြူးနေသည်မှာ နတ်၊ လူအများ သာဓုခေါ်ဝမ်းသာအားရ ဖြစ်ကြမည်မှာ အမှန်ဖြစ်ပေသည်။

ထို့ပြင် ရန်ကုန်တိုင်း၊ မင်္ဂလာဒုံ ပုလဲမြို့သစ်၌ (၁၀) ဧကရှိသောမြေ၌ ရတနာမာရ်အောင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တောရ ဓမ္မရိပ်သာကို ဖွင့်လှစ်၍ ပဲခူးမြို့၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပုဂံ၊ ညောင်ဦးဒေသများပါမကျန် ဓမ္မခရီးဆန့်၍ သာသနာပြုနေသည်မှာလည်း အတိုင်းအတာတစ်ခုထိ ပေါက်ရောက် အောင်မြင်နေသည်ကို အများအသိပင် ဖြစ်ပါသည်။

ထိုသို့အောင်မြင်နေသည်ကို ဝမ်းသာရသကဲ့သို့ သတိထားရမည့် အချက်ကိုလည်း မမေ့သင့်ပေ။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓမြတ်စွာ၏ ဖြစ်တော်စဉ်တစ်လျှောက်၌ အောင်မြင်နေသည်ကို မလိုလားသူတချို့၏ လက်ညှိုးထိုး မေးငေါ့ အပြစ်တင်မှုကို ပြင်းပြင်းထန်ထန် ခံရသကဲ့သို့ လောကဓံနှင့် ကြုံတွေ့နိုင်သည်ကို သတိထားရမည်သာ ဖြစ်ပေသည်။ အရှင်ဝါယာမိန္ဒ၏ ဓမ္မစွမ်းရည် ထက်မြက်လာမှုကြောင့် မိမိ၏ တောင့်တင်းခိုင်မာသော၊ လိမ္မာသော၊ ရှေ့နောက်မြော်မြင် ပညာဉာဏ်နှင့် ပြည့်စုံသော၊ နောက်မှီအခြေခံကောင်းသော တပည့်တပန်း အသိုင်းအဝိုင်းရှိရန် အမှန်လိုအပ်လှပေသည်။

သို့မဟုတ်ပါက ကိုယ်တိုင်ပြုပြင် ဆောင်ရွက်လာသော သာသနာပြု ကမ္မဋ္ဌာန်းဌာနများ၊ တရားစခန်းများ ကိုယ်မရှိသောအခါ ဆိတ်သုဉ်းခြင်းသို့ ရောက်နိုင်သည်။ ယင်းအခြေအနေသို့ မရောက်ရအောင်လည်း ယခုကပင် အရှင်ဝါယာမိန္ဒ အနေဖြင့် ကြိုတင်ပြင်ဆင်ရန် လိုအပ်လှပေသည်ဟု ထင်မြင်မိပါသည်။

ဝိပဿနာပညာ ကောင်းမှုကုသိုလ် ရယူပြီး၍ တရားကျင့်သူအား တရားကစောင့်ရှောက်လျက် ဗောဓိသုံးပါးတွင် တစ်ပါးပါးကို ပန်ဆင်နိုင်ရန် ဒေသနာတော်နှင့်အညီ ဖော်ပြအပ်ပေသတည်း။

၁။ နိက္ခမ္မဇ္ဈာသယ – ကာမဂုဏ်ငါးပါး၌ အပြစ်ကို မြင်ပြီးလျှင် လွတ်မြောက်လိုသောစိတ်ရှိခြင်း၊

၂။ ပဝိဝေကဇ္ဈာသယ – အပေါင်းအသင်းနှင့် နေရခြင်းအပြစ်ကို မြင်ပြီးလျှင် ဆိတ်ငြိမ်ရာ၌ နေလိုစိတ်ရှိခြင်း၊

၃။ အလောဘဇ္ဈာသယ – လောဘ၌ အပြစ်ကို မြင်ပြီးလျှင် ပေးကမ်းလှူဒါန်းလိုစိတ်ရှိခြင်း၊

၄။ အဒေါသဇ္ဈာသယ – ဒေါသ၌ အပြစ်ကို မြင်ပြီးလျှင် သည်းခံလိုစိတ်ရှိခြင်း၊

၅။ အမောဟဇ္ဈာသယ – မောဟ၌ အပြစ်ကို မြင်ပြီးလျှင် အသိဉာဏ်တိုးပွားအောင် ဆည်းပူးလိုစိတ်ရှိခြင်း၊

၆။ နိဿရဏဇ္ဈာသယ – ဘုံသုံးပါး၌ အပြစ်ကို မြင်ပြီးလျှင် လွတ်မြောက်လိုစိတ်ရှိခြင်းတို့ ဖြစ်ပေသည်။

(ဝိသုဒ္ဓိ၊ ပ ။ ၁၁၂/၁၁၃။)

"သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ"

ပျော်မွေ့ခြင်းတကာတို့တွင် တရားနှင့်ပျော်မွေ့ခြင်းဖြင့် အနိုင်ယူနိုင်ပါစေဟု ဆန္ဒမွန်ဖြင့်...

ဘဒ္ဒန္တ ပညာဝံသ (မင်္ဂိမ)
ကျောက်ဖြူ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဓညဝတီခေတ်မှ မဟာကျန်ဘုရားကြီး

စောမင်းနွယ် (မြောက်ဦး)

လက်ကောက်ဈေး ဘုန်းတော်ကြီးကျောင်းသည် နန်းတော်ကုန်းမှ အနောက်မြောက်ဘက် မိုင်ဝက်ခန့်အကွာတွင် ရှိသည်။ ယင်းလက်ကောက်ဈေး ကျောင်းတိုက်၌ မဟာကျန် ကြေးသွန်းဘုရားတစ်ဆူ ရှိသည်။ အဆိုပါ မဟာကျန်ဘုရားကို ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦး စသော ခေတ်အဆက်ဆက်တို့၌ ဆင်းတုတော် အဆူဆူတို့ကို မင်းများနှင့် မှူးမတ်ပြည်သူတို့ မိမိတို့စွမ်းအားရှိသလောက် သွန်းလုပ်ပူဇော်လာခဲ့ကြသည်။

ယင်းသို့ သွန်းလုပ်ပူဇော်ခဲ့ကြသော မဟာကျန်ဘုရားများအနက်မှ လက်ကောက်ဈေးကျောင်းတိုက်ကြီးအတွင်း၌ စံပယ်လျက်ရှိသော မဟာကျန်သွန်းစက်တော်မြတ်ကို ကျွန်တော် လက်လှမ်းမီသလောက် သုတေသနပြု၍ တင်ပြလိုပါသည်။

သုံးလူ့ထွဋ်တင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် အနောက်မဇ္ဈိမဒေသမှ ဓညဝတီ ရခိုင်ဒေသသို့ (ဘီစီ-၅၅၄) ခုနှစ်တွင် ရဟန္တာငါးရာ ခြံရံလျက် ကောင်းကင်ခရီးဖြင့် ဒေသစာရီ ကြွချီတော်မူခဲ့သည်။ ဓညဝတီသို့ ရောက်လေလျှင် စန္ဒသူရိယဘုရင်၏ လျှောက်ထား တောင်းပန်မှုဖြင့် မဟာမုနိဘုရားရှင်ကို သွန်းလုပ်တော်မူခဲ့သည်။

ဘုရင်ဘုန်းရှိ၊ သူရိယစန္ဒာ၊ ကြည်ဖြူစွာလျှင်၊ ရဟန္တာအား၊ များပြားရွှေငွေ၊ ကိုးကုဋေကို၊ မိုလ်ခြေဆယ်ပြီး၊ အသီးသီးစုပုံ၊ ကတဥ္စုတ၊ တောင်လှခြေရင်း၊ တွင်းကြီးတူးဖောက်ဟုဆိုသော ရမ်းဖြည့်ဦးစံတင်ရေး မဟာမုနိသွန်းလင်္ကာအရ မဟာမုနိဆင်းတုတော်မြတ်ကို သွန်းလုပ်ပြီး ကြွင်းကျန်ရစ်သော ရတနာရွှေငွေများကို ဘုရင်စန္ဒသူရိယသည် ရဟန္တာသူမြတ်တို့အား ပေးလှူခဲ့သော်လည်း လက်မခံကြသဖြင့် နောင်မင်းများနှင့် မှူးမတ်ပြည်သူတို့ ဆင်းတုတော်များ သွန်းလုပ်ပူဇော်နိုင်ကြရန် ရည်ရွယ်၍ ကတဥ္စုတ (မဟာမုနိဆင်းတုတော် ကိန်းဝပ်စံပယ်ရာ ကုန်းမြေ) တောင်ခြေရင်းတွင် တွင်းကြီးတူးဖောက်၍ ထားခဲ့သည်ဟု သိရပါသည်။

သာသနာတော်သက္ကရာဇ် ၂၂၂ ခုနှစ်တွင် စန္ဒသူရိယမင်း၏ အနွယ်တော် (၆)ဆက်မြောက် ဓညဝတီပြည်ရှင် သူရိယစက္ကမင်းလက်ထက်၌ ပါဋလိပုတ်ပြည်ရှင် သီရိဓမ္မာသောကမင်းကြီး၏ လျှောက်ထားတောင်းပန်ချက်အရ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန်နှင့် ဓညဝတီ ရခိုင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒေသမှ မဟာမုနိ ရုပ်ရှင်မြတ်ကို ပုံတူကူးယူရန် ကြွရောက်လာကြသော ရဟန္တာများထံမှ မုနိ ငါးဆူကို ကူးယူပြီး ဘေးလောင်းတော် စန္ဒသူရိယ မင်း လက်ထက်က မဟာမုနိ ရုပ်ရှင်တော်ကို သွန်းလုပ်၍ ကြွင်းကျန်ခဲ့သော ရတနာတို့ဖြင့် အဆိုပါမုနိငါးဆူကို သွန်းလုပ်တော်မူလေသည်။ ယင်းမဟာကျန် ဆင်းတုတော်ကြီး၏ လက်ဝဲ

ဝိုင်းစက်သော မျက်နှာတော်၊ ဆန်းသစ်စ လပမာ နှုတ်ခမ်းအစုံမှ ပြုံးတော်မူဟန်၊ မျက်လွှာ ချထားဟန်၊ ပေါ်လွင်သောနှာတံ၊ ပြည့်လျှမ်း တွဲလဲသော နှုတ်ခမ်းတော်၊ ခံ့ညားရှည်လျား သော ပခုံးတော်နှင့် ထိခြင်းမရှိသော နားရွက် တော်၊ လည်ပင်းတော်တွင် တြိဗလိခေါ် အိုးနားရေး

**"သာသနာတော်သက္ကရာဇ် ၂၂၂ ခုနှစ်တွင် စန္ဒသူရိယမင်း၏ အနွယ် တော် (၆)ဆက်မြောက် ဓညဝတီပြည်ရှင် သူရိယစက္ကမင်းလက်ထက်၌ ပါဋလိပုတ်ပြည်ရှင် သီရိဓမ္မာသောကမင်းကြီး၏ လျှောက်ထား တောင်းပန်ချက် အရ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုရန်နှင့် ဓညဝတီ ရခိုင်ဒေသမှ မဟာမုနိရုပ်ရှင်မြတ်ကို ပုံတူကူးယူရန် ကြွရောက်လာကြ သော ရဟန္တာများထံမှ မုနိ ငါးဆူကို ကူးယူပြီး ဘေးလောင်းတော် စန္ဒ သူရိယမင်း လက်ထက်က မဟာမုနိ ရုပ်ရှင်တော်ကို သွန်းလုပ်၍ ကြွင်း ကျန်ခဲ့သောရတနာတို့ဖြင့် အဆိုပါမုနိငါးဆူကို သွန်းလုပ်တော်မူလေ သည်။"**

ဘက် လက်တော်သည် ရင်ခွင်ပေါ်တွင် လှန်တင် ထားသော ထက်ဝယ်ဖွဲ့ခွေပုံတော် ဖြစ်သည်။ လက်ယာဘက် လက်တော်သည် မဟာပထဝီ မြေကြီးကို လက်ဖျားများနှင့်ထိလျက် မှောက်ချ ထားဟန် 'ပဇင်'မုဒြာ ဖြစ်သည်။

ထိုင်နေတော်မူဟန်မှာ ဆံခွေဆံရစ်များဖြင့် စီတန်း၍ သရုပ်ဖော်ထားသည်မှာ ထူးခြားသော ဟန်တစ်ခု ဖြစ်၏။ ဦးခေါင်းတော်တွင် ဘုရားရှင် ၏ သရီရဓာတ်တော် မွေတော်များကို ဌာပနာ ထားသည်။

သင်္ကန်း လည်ရစ်သုံးရစ်နှင့် ကိုယ်ပေါ်တွင် ပါးလွှာသောသင်္ကန်း လွှမ်းခြုံထားဟန်တို့မှာ ရခိုင်ဗုဒ္ဓအနုပညာဟန်တစ်ရပ်ပင် ဖြစ်ချေ၏။ ပါးလွှာသော သင်္ကန်းတော်မှ မဟာပုရိသလက္ခဏာ ကြီးငယ်တို့ကို အထင်းသား ဖူးတွေ့နိုင်ပါပေ၏။

ဤမဟာကျန်ဆင်းတုတော်ကြီးမှာ–

၁။ ဉာဏ်တော်မြင့် ၃ ပေ၊ ၉.၁ လက်မ

၂။ မျက်နှာတော် (မေးစေ့မှ ဆံစထိ) ၁၀.၅ လက်မ

၃။ နားရွက်တော် ၁.၂ လက်မ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၄။ နှာခေါင်းတော် ၄ လက်မ
၅။ ရင်အုပ်တော်အကျယ် ၁ ပေ၊ ၇.၇ လက်မ
၆။ လက်မောင်းတော်ပတ်လည် ၁ ပေ၊ ၅.၆ လက်မ
၇။ ခါးတော်ပတ်လည် ၃ ပေ၊ ၁.၄ လက်မ
၈။ ဒူးစွန်းနှစ်ဖက်အကျယ် ၃ ပေ၊ ၁.၄ လက်မ
၉။ ဖဝါးတော်အရှည် ၁၀ လက်မ
၁၀။ ဖဝါးတော်အနံ ၅ လက်မ
၁၁။ စမ္ဗခဏ်အထူ ၁.၂ လက်မ
၁၂။ ပလ္လင်အမြင့် ၃ ပေခန့် ရှိကြလေသည်။

**သွန်းခဲ့ဒါန မည်သူက**

ရခိုင်လူမျိုးတို့သည် ဓညဝတီခေတ်မှစ၍ **မြောက်ဦး**ခေတ်တိုင်အောင် မင်း မိဖုရား၊ အိမ်ရှေ့**ဥပရာဇာ**၊ မှူးမတ်စစ်သေနာပတိ၊ ကုန်သည် **လယ်လုပ်** ဓားမခုတ်ပါမကျန် အလှူရေစက် **လက်**နှင့်မကွာကြ။ မိမိတို့ တတ်စွမ်းသလောက် **ဒါန**မျိုးစေ့ စိုက်ပျိုးကြသည်။

ဤသွန်းစက်တော်၏ ကုသိုလ်ရှင်မှာလည်း **မည်သူ**ဖြစ်သည် ဆိုသည်ကို အတိအကျ မသိရ**သေးသော်**လည်း မည်ကဲ့သို့ အဆင့်အတန်းရှိ**သော** ပုဂ္ဂိုလ်က ဒါနပြုခဲ့သည်ကို ရခိုင်လူမျိုးတို့**ဘုရား**တည်ရာ၌ အသုံးပြုခဲ့ကြသော **သတ္တုရူပ ဗိသုကာကျမ်း**အရ အနီးစပ်ဆုံး ခန့်မှန်းနိုင်ပါသည်။ ယင်းကျမ်းအရ...

၁။ ဆင်းတုတော်၏ နှုတ်ခမ်းတော်ထိ ဉာဏ်တော်အမြင့်ကို ယင်းဆင်းတုတော်၏ ဒူးစွန်းနှစ်ဖက် အကျယ်အဝန်း အတိုင်းအတာမျှလောက် ထုလုပ် (သွန်းလုပ်)ပါက ပြည်သူပြည်သား ရဟန်းရှင်လူတို့ တည်ထားကိုးကွယ်သော ဘုရား။
၂။ ဆင်းတုတော်၏ နှာခေါင်းတော်ထိ ဉာဏ်တော်အမြင့်ကို ယင်းဆင်းတုတော်၏ ဒူးစွန်းနှစ်ဖက် အကျယ်အဝန်း အတိုင်းအတာမျှလောက် ထုလုပ်ထားပါက မှူးမတ် စစ်သေနာပတိတို့ တည်ထားကိုးကွယ်သော ဘုရား။
၃။ ဆင်းတုတော်၏ မျက်ခုံးတော်နှစ်ခုအကြားထိ ဉာဏ်တော်အမြင့်ကို ယင်းဆင်းတုတော်၏ ဒူးစွန်းနှစ်ဖက် အကျယ်အဝန်း အတိုင်းအတာမျှလောက် ထုလုပ်ကိုးကွယ်ပါက အိမ်ရှေ့ဥပရာဇာ မင်းညီမင်းသားတို့ တည်ထား ကိုးကွယ်သော ဘုရား။
၄။ ဆင်းတုတော်၏ နဖူးသင်းကျစ်တော်ထိ ဉာဏ်တော်အမြင့်ကို ယင်းဆင်းတုတော်၏ ဒူးစွန်းနှစ်ဖက် အကျယ်အဝန်း၊ အတိုင်းအတာမျှလောက် ထုလုပ်ပါက မင်းစိုးရာဇာတို့ တည်ထားကိုးကွယ်သော ဘုရား။

ဤမဟာကျန်ဘုရား ဆင်းတုတော်ကြီး၏ ဒူးစွန်းနှစ်ဖက် အကျယ်အဝန်းမှာ ၃ ပေ ၃.၆ လက်မရှိပြီး မျက်ခုံးတော်နှစ်ခုအကြားကို ကျော်လွန်ပြီး နဖူးသင်းကျစ်တော်တိုင်အောင် ရောက်ရှိ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**နေသ**ဖြင့် မင်းစိုးရာဇာတို့ သွန်းလုပ်ကိုးကွယ်ခဲ့**သော** သွန်းစက်တော်ဆိုသည်မှာ ထင်ရှားနေပါ**သည်**။

ဓညဝတီခေတ် ဆင်းတုတော်များနှင့် **မြောက်**ဦးခေတ် ဆင်းတုတော်များသည် သာမန်**အား**ဖြင့်ကြည့်လျှင် ခွဲခြား၍ မရနိုင်လောက်**အောင်**ပင် တူညီနေကြပါသည်။ သို့သော် ဤ**ဆင်း**တုတော်သည် မြောက်ဦးခေတ် ဆင်းတု**တော်**များထက် ရင်အုပ်တော် မို့မောက်ကျယ်ဝန်းခြင်း၊ မျက်နှာတော်သည် ဝန်းနေခြင်း၊ ခါးတော်သေးငယ်ခြင်း၊ ခန္ဓာကိုယ်ကျုံ့ခြင်း စသောအချက်များကြောင့် **'ဓညဝတီခေတ် ဆင်းတုတော်'**ဆိုသည်မှာ ထင်ရှားနေပါသည်။

> **"ဓညဝတီခေတ် ဆင်းတုတော်များနှင့် မြောက်ဦးခေတ် ဆင်းတုတော်များသည် သာမန်အားဖြင့်ကြည့်လျှင် ခွဲခြား၍ မရနိုင်လောက်အောင်ပင် တူညီနေကြပါသည်။ သို့သော် ဤဆင်းတုတော်သည် မြောက်ဦးခေတ် ဆင်းတုတော်များထက် ရင်အုပ်တော် မို့မောက်ကျယ်ဝန်းခြင်း၊ မျက်နှာတော်သည် ဝန်းနေခြင်း၊ ခါးတော် သေးငယ်ခြင်း၊ ခန္ဓာကိုယ်ကျုံ့ခြင်း စသော အချက်များကြောင့် 'ဓညဝတီခေတ် ဆင်းတုတော်' ဆိုသည်မှာ ထင်ရှားနေပါသည်။"**

သို့သော် ဤဆင်းတုတော်သည် ဓညဝတီခေတ်မှာ ရတနာကိုးပါးဖြင့် သွန်းလုပ်ခဲ့သော ဆင်းတုတော်ဖြစ်သည်ဟု ဆိုသော်လည်း မည်သူမည်ဝါ သွန်းလုပ်ခဲ့ကြောင်းကို ဆက်လက်၍ သုတေသနပြုရပါဦးမည်။

**ဝှက်(ဖွက်)ထားခဲ့သည့်**
**ဘုရားရှင် စံပယ်ရာ ပန်းစေတီ**

မြန်မာနှစ် ၁၂၃၄ ခု (ခရစ် ၁၈၅၂)**ခုနှစ်** အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲအပြီး **အောက်**မြန်မာနိုင်ငံနှင့် ရခိုင်ဒေသသည် နယ်ချဲ့**အစိုးရ**လက်အောက်သို့ ကျရောက်လေတော့**သည်။** ထိုအခါ နယ်ချဲ့အစိုးရသည် သူတို့၏ **အုပ်ချုပ်**ရေး ယန္တရား လည်ပတ်ရေးအတွက် **ကြေး**ပိုက်ဆံ၊ ကြေးအမြောက်နှင့် အမြောက်**ဆံများ** ပြုလုပ်ရန် ဒေသအသီးသီးမှ ကြေးဆင်းတု**တော်၊** ကြေးခေါင်းလောင်း၊ ကြေးအိုး၊ ကြေးခွက် စသည်များကို အတင်းအဓမ္မ သိမ်းယူပြီး **အိန္ဒိယ**နိုင်ငံ ဘုံဘေးမြို့သို့ **'ရွှေရိုန်'**အမည်ရှိ သင်္ဘောဖြင့် တင်ပို့ခဲ့ကြသည်။

ရခိုင်လူမျိုးတို့သည် မိမိတို့၏ အထွတ်အမြတ် ကိုးကွယ်ရာဖြစ်သော ဆင်းတုတော်များကို အရည်ဖျော်ပြီး ပိုက်ဆံ၊ အမြောက်နှင့် အမြောက်ဆံများ ပြုလုပ်ရန် သိမ်းယူခြင်းကို



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အလွန်ခံပြင်းကြသည်။ ထိုအခါ ကြေးဆင်းတုတော်များကို မိမိတို့ လက်လှမ်းမီသလောက် နည်းမျိုးစုံဖြင့် သိုဝှက်ထားခဲ့ကြသည်။ ထိုသို့ဝှက်ထားကြသော ဆင်းတုတော်များအနက် လက်ကောက်ဈေးကျောင်းတိုက်မှ မဟာကျန် ကြေးဆင်းတုတော်လည်း ပါဝင်ပါသည်။

လက်ကောက်ဈေးကျောင်းတိုက်၏ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် ဝန်တပါ(ဝဏ်ပါ) တောင်စေတီ၊ ဒလက်တောင်စေတီ၊ ပန်းစေတီဟူ၍ စေတီ ၃ ဆူ ရှိလေသည်။ ပန်းစေတီမှာ မြောက်ဘက်အစွန်ဆုံး တောင်စွယ်တွင်ရှိသော စေတီဖြစ်လေသည်။ ယင်းစေတီမှာ အပြင်မှ အုတ်ဖြင့်ပြုလုပ်ထားပြီး အတွင်းမှာ ကျောက်အုတ် ဖြစ်လေသည်။ အဆိုပါစေတီ၏ မုခ်ပေါက်တွင် သွန်းစက်တော်ဘုရားကို ဝှက်ထားခဲ့ကြလေသည်။ ဆရာတော်ကြီး ဘဒ္ဒန္တ ပညာသီဟ (ပျံလွန်)က စတင်တွေ့ရှိပြီး တွေ့စက ဘယ်ဘက်ပေါင် မပါချေ။ ယင်းကို ဆရာတော်က ပိန္နဲသားနှင့် ဆက်ပြီး ကျောင်းသို့ ပင့်ဆောင်၍ ကိုးကွယ်ထားပါသည်။

ယခု ဆရာတော် ဘဒ္ဒန္တဓမ္မပိယ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)က ကောဇာ ၁၃၆၁ ခု၊ တပို့တွဲလဆန်း (၁၄)ရက်နေ့မှစ၍ ပေါင်တော်နှင့် စမ္မခဏ်ကို သွန်းလုပ်ခဲ့ရာ တပို့တွဲလဆန်း (၁၄)ရက်နေ့ ပြီးစီးလေသည်။ ကြေးချိန်ပိဿာ (၁၀၀)ကျော် ဝင်လေသည်။ ကြေးသွန်းပညာရှင်မှာ ပန်းတဉ်းဆရာ ဦးကျော်အေး(ကွယ်လွန်)၏သားဖြစ်သူ ဦးမောင်လုံး ဖြစ်သည်။ သူသည် ရေးမှုမပျက် သွန်းလုပ်ခဲ့လေသည်။

မြောက်ဦးခေတ် (၈၉၃)ခု၊ မင်ဗာဘုရင် လက်ထက်က အဆိုပါ ဆင်းတုတော်ကြီးကို နန်းတော်တွင်းသို့ ပင့်ဆောင်ပြီး နန်းတွင်းဆုတောင်းပြည့် **'ဓေယျသိဒ္ဓိ'** ရုပ်ပွားတော်အဖြစ် ကိုးကွယ်ခဲ့ကြောင်း သိရှိရပါသည်။

ဤသွန်းစက်တော်ကြီးသည် ၁၉၈၈ ခုနှစ်၊ ဖွန်လဆန်းပိုင်းက ခန္ဓာကိုယ်တစ်ဆူလုံး ချွေးထွက်၍ သုတ်မနိုင်အောင်ဖြစ်ခြင်း၊ ၁၉၉၆ ခုနှစ်ကလည်း ရောင်ခြည်တော် ကွန့်မြူးသဖြင့် အများပြည်သူတို့ ဖူးမြော်ရခြင်း စသော ဝိသေသလက္ခဏာများကို ကြည်ညိုဖွယ်ရာ တွေ့မြင်ကြရပါသည်။

အချုပ်အားဖြင့်ဆိုသော် ဤသွန်းစက်တော်မြတ်၏ မျက်နှာတော်သည် ထွန်းသစ်စ လပြည့်ဝန်းပမာဖြစ်၍ ကြည်ညိုဖွယ်ရာ အလွန်ကောင်းလှပါသည်။ မိစ္ဆာအယူ ကျင့်သုံးနေသူတို့ ရုပ်ပွားတော်မြတ်ကို ဖူးမြော်သော် မျက်နှာတော်အရောင်မထွက်ခြင်း၊ ဘုရားဖူးသူတို့ အမြဲစည်ကားနေခြင်း၊ ကောင်းကျိုး ဆိုးကျိုးများအတွက် ကြိုတင်နိမိတ်ပြခြင်း စသော အံ့ဖွယ်ဝိသေသလက္ခဏာများကို ပြသလျက် မြောက်ဦးမြို့ လက်ကောက်ဈေးကျောင်းတွင် မဟာကျန်သွန်းစက်တော်မြတ်ကိန်းဝပ်စံပယ်လျက်ရှိကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

(ဘဒ္ဒန္တဝါယာမိန္ဒ၏ နှစ် ၅၀ ပြည့် မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုပူဇော်ခြင်း)

**စောမင်းနွယ် (မြောက်ဦး)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရှေးရတု မွေစာစောင်

# ဓညဝတီမြို့ဟောင်းရာမှ ဘုရားပေါ်ခြင်းနှင့် ရှေးအမွေထိန်းသိမ်းသောဓလေ့

ကျော်သာညွန့် (ကြေးသွန်းကျောက်ဆစ်)



၂၀၀၈ ခု၊ ဇွန်လ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့သည် ဓညဝတီမြို့ဟောင်းရာက ကျောက်ဆင်းတု သုံးဆူနှင့် ကြေးဆင်းတုတစ်ဆူ တူးဖော်တွေ့ရှိရသောနေ့ ဖြစ်ပါသည်။ နေရာကား ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ ဓညဝတီမြို့ဟောင်းရာ မဟာတံတိုင်းပြင်ဘက် တနင်္ဂနွေထောင့်အရပ်နှင့် ကိုက် ၁၀၀ ကျော်ခန့် အကွာလောက်က လယ်ကွင်းထဲတွင် ဖြစ်ပါသည်။ မြေပိုင်ရှင် ဦးမောင်သာဇံ ဆိုသူက ငှက်ပျောပင်စိုက်ပျိုးရန် မြေတူးရင်း တွေ့ရှိခြင်းဖြစ်သည်ဟု ဆိုပါသည်။

ငှက်ပျောပင်စိုက်ပျိုးသော ကုန်းမြေသည် လယ်ကွင်းပြင်ထက် လေးပေကျော် ငါးပေခန့် မြင့်သော ကုန်းမြေတစ်ခု ဖြစ်ပါသည်။ ဤကုန်းမြေသည် (ဖွတ်ကန်ခေါ်) ရေကန်ဟောင်းတစ်ကန်၏ စနေထောင့်အရပ်တွင် တည်ရှိပါသည်။ မဟာမုနိဘုရားမှ အင်္ဂါထောင့်အရပ်ရှိ မနော်ဟာသိမ်ဘုရား၊ ၃ ဘာအဝေးနှင့် မဟာမုနိဘုရားမှ တနင်္ဂနွေထောင့်အရပ်ရှိ ယခု အသစ်ပေါ်သော ဘုရားတည်ရှိရာနေရာ အကွာအဝေးတို့ တူနေကြသည်။

ယခု ဘုရားပေါ်နေသော ကုန်းမြေ၌ လွန်ခဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သောနှစ်ကပင် ငှက်ပျောပင်များ စိုက်ပျိုးလာရာ ငှက်ပျောပင် တစ်ပင်မှာ အခြားသော အပင်များ နှင့်မတူ ဖွံ့ဖြိုးကြီးထွားမှုမရှိ၊ ငှက်ပျောပင်ဘေး တက်အသစ်လည်း မထွက်ဘဲ မူလက စိုက်ပျိုး ထားသည့်အတိုင်းသာသာ ရှိနေလေ၏။ ငှက်ပျော ပင်ပိုင်ရှင် ဦးမောင်သာဇံက ဤငှက်ပျောပင်သည် အခြားအပင်များနှင့်မတူ တစ်မူထူးခြားသည်။ ဤငှက်ပျောပင်ကို မကြီးထွားနိုင်အောင် မြေကြီး အောက်က တစ်ခုခုတော့ ရှိနေလိမ့်မည် အထင် ဖြင့် ထိုငှက်ပျောပင်အောက်ကို တူးဆွကြည့်မိ၏။ ထိုအခါ ငှက်ပျောပင်နှင့် အနီးကပ် တည်ရှိနေ သော ကျောက်တုံးတစ်တုံးသည် ငှက်ပျောပင် အောက်သို့ တဆက်တစပ်တည်း ငုပ်လျှိုးတည်ရှိ နေသည်ကို တွေ့ရှိရလေ၏။

ထိုကျောက်တုံးကို ဆက်လက်တူးကြည့်ရာ ရိုးရိုးကျောက်တုံး မဟုတ်ဘဲ ကျောက်ဆစ် လက်ရာ ပါနေသည်ကို သတိထားမိ၏။ ထို့ ကြောင့် ဆက်လက်တူးဖော်ကြည့်ရာ နောက် ကျောဘက် တင်ပိုင်းတွင် သင်္ကန်းရစ်ပုံဖော်လျက် ကျောက်ဆင်းတုလက်ရာ ဘုရားကို တွေ့ရှိရ သဖြင့် လွန်စွာအံ့ဩမိသလို ဝမ်းသာမဆုံး ဖြစ်မိ ၏။ ထိုသတင်းကို ကျောက်တော်မြို့နယ် မဟာ မုနိ ရှေးဟောင်းသုတေသန ပြတိုက်မှ သက်ဆိုင် သော ပုဂ္ဂိုလ်ထံသို့ အသိပေး တိုင်ကြားလိုက် လေ၏။ သက်ဆိုင်သူများမှ ဘုရားကိုယ်လုံး ပေါ်လာအောင် မြေကို တူးဆွကြည့်ရာ ကျောက် ဆင်းတုဘုရားမှာ ခန္ဓာကိုယ်ပိုင်းကို တွေ့ရှိရပြီး ဦးခေါင်းတော်မှာ ကျိုးပြတ်နေကြောင်း တွေ့ရှိရ သည်။ ဦးခေါင်းတော် အကျိုးပိုင်းကို ဆက်လက် တူးဖော် ရှာဖွေကြ၏။ ဦးခေါင်းတော်အကျိုးကို မရရှိဘဲ အခြား ကျောက်ဆစ်လက်ရာ ဉာဏ် တော်ငယ်နှစ်ဆူ အကျိုးအပိုင်းနှင့် ကြည်းသွန်း လက်ရာ ဦးခေါင်းတော်မပါသော ဉာဏ်တော် ငယ်တစ်ဆူကို တွေ့ရှိကြပြန်၏။ ကျောက်ပလ္လင် တစ်ခု အပျက်အစီးလည်း ထွက်ပေါ်လာ၏။ ဤကဲ့သို့တွေ့ရှိခြင်းသည် ဤကုန်းမြေ၌ ဘာသာ ရေး အဆောက်အအုံတစ်ခု တည်ရှိနေမည်ဖြစ် ကြောင်း၊ ရှေးဟောင်းသုတေသနမှ ပွင့်လင်း ရာသီမှာ စနစ်တကျ တူးဖော်သုတေသနပြုရန် အတွက် ရပ်တန့်ထားလိုက်ကြောင်း သိရှိရသည်။

ဓညဝတီမြို့ဟောင်းရာအတွင်း မဟာမုနိ ဘုရားကန်အနီး မြေတူးရာက ရှေးဟောင်းဘုရား များ ပေါ်ထွက်လာသော သတင်းကောင်းသည် မဟာမုနိဘုရားအနီးမှ ရွာတိုင်းရပ်တိုင်းသို့ လည်း ကောင်း၊ ကျောက်တော်၊ စစ်တွေ၊ မြောက်ဦး၊ မင်းပြားမြို့များသို့လည်းကောင်း ပျံ့နှံ့သွားလေ သည်။ ထိုသတင်းကြောင့် အနယ်နယ် အရပ်ရပ် မှ ဘုရားဖူးများ နေ့စဉ်နေ့တိုင်း ကြိတ်ကြိတ်တိုး ရောက်ရှိလာကြကြောင်း မဟာမုနိအနီး လက်ဖက် ရည်ဆိုင်ရှင်တစ်ဦးက ပြောပါသည်။

ဝါတွင်းကာလ ရောက်သောအခါ ဥပုသ်နေ့ များ ဆိုပါလျှင် မဟာမုနိဘုရားမှာ ဥပုသ်သီလ ဆောက်တည်ရင်း၊ မဟာမုနိ ရင်ပြင်၌ ဒေသ တွင်းမှ အလှည့်ကျ ဟောကြားသော ဆရာ တော်များ၏ တရားကိုလည်း နာကြားရင်း၊



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အသစ်ပေါ်လာသော ဘုရားကိုလည်း ဖူးရအောင် ဖြင့် ကားကြီးကားငယ်၊ ဆိုက်ကား၊ စက်ဘီး တို့ဖြင့် တချို့ကလည်း ခြေကျင်ခရီးတို့ဖြင့် ရောက်ရှိလာကြ၏။

ငှက်ပျောခင်းထဲမှ အသစ်ပေါ်သော ဘုရား ကို တအံ့တသြ ဖူးမြော်ကြပြီးနောက် အသင့်ပါ လာသော စားသောက်ဖွယ်ရာများကို မဟာမုနိ ပရိဝုဏ်အတွင်းရှိ ရေကန်ကြီးအနီး သစ်ပင်ရိပ် အောက်မှာ တပျော်တပါး ဝိုင်းဖွဲ့ကာ စား သောက်နေကြသည်ကိုလည်း တွေ့ရှိရလေသည်။ တရားပွဲကလည်း တရားနာသူ ပရိသတ် ရင်ပြင် ထဲမှာ လျှံထွက်မတတ် စည်ကားနေလေ၏။ ဘုရားပရိဝုဏ်မှာ ဧည့်သည်များသလောက် ဆူညံ ခြင်းမရှိ ပကတိဆိတ်ငြိမ်နေသည်ကို အံ့သြဖွယ် ရာ မှတ်သားတွေ့မြင်မိပါ၏။

ကျွန်ုပ်နှင့် တောင်ရပ်မှ စက်ဆရာကိုမောင်နု တို့ သွားရောက်လေ့လာကြသောအချိန်မှာ ဝါဆို လပြည့်ကျော် (၈)ရက် သီတင်းနေ့ဖြစ်၏။ ထို့ကြောင့် ဥပုသ်စောင့်ဖို့ရန် ရောက်ရှိလာသော ဥပုသ်သည်များလည်း များပြားကြလေ၏။ အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူများလည်း ဘုရားဖူးဖို့ရန်အတွက် ရောက်ရှိလာကြသည်ကို ကျွန်ုပ် မျက်မြင်တွေ့ရှိခဲ့၏။ အသစ်ပေါ်သော ကျောက်ဆင်းတု ဘုရားကြီးတစ်ဆူနှင့် ဘုရား ညဏ်တော်ငယ်နှစ်ဆူသည် ငှက်ပျောကန်းထဲက သုံးပေခန့်အနက် တူးဖော်တွေ့ရှိရသော နေရာရှိ ကျောက်ပလ္လင်ပျက် အနီးမှာ လေ့လာဖူးတွေ့ ခဲ့ရ၏။ ကြေးဆင်းတုကိုမူ မဟာမုနိပြတိုက် အတွင်းရှိ လုံခြုံသော မှန်တိုက်အတွင်းမှာ လေ့လာဖူးတွေ့ခဲ့ရပါ၏။

ကြေးဆင်းတု မြေတူးရာက ထွက်ပေါ်လာ သော ကြေးဆင်းတုတော်မှာ ဦးတော်ကျိုးကို ရှာမတွေ့ဟု ဆိုသည်။ ဆင်းတုတော်၏ ပလ္လင် အောက်ခြေမှာ ဦးတော်ကျိုးနေသော လည်ပင်း ရာထိ အမြင့် ခြောက်လက်မခန့် မြင့်သည်။ ပလ္လင်မှာ ကြာပွင့်ဖက်ပုံဖော် ကြာမှောက်ကြာလှန် ပလ္လင် ဖြစ်၏။ ဆင်းတုတော်မှာ ရာဇဘိသေက မုနိလက်ရာ ဖြစ်သဖြင့် ရင်ဘတ်၌ ဘယက်ကို တွေ့ရှိရသည်။ ထိုဘယက်တွင် ကျောက်မျက် ရတနာ အငယ်စား ကိုးလုံးကို ထည့်သွင်း ဆင်ယင်သည့်လက္ခဏာပုံမျိုး တွေ့ရှိရသည်။ ဆင်းတုတော်တွင် ကျစ်လျက်ထားသည့် ဆံစည်း ထုံးကို တွေ့ရှိရသည်။ လက်ဖျားနှစ်ဖက်ကို ရင်ဘတ်ရှေ့မှာ တွေ့ရပြီး (မစုံလင်တော့ဘဲ) လက်ယာဘက်လက်ဝါး ကျိုးပျက်နေသည်။ လက်ဝဲလက်ဖျား အနေအထားနှင့် လက်ယာ လက် ပြတ်ရာအနေအထားကို ကြည့်၍ ဓမ္မစက္က မုဒြာဟန်ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ယခုတွေ့ရှိရသော ကြေးဆင်းတုလက်ရာမှာ ကြာ ပလ္လင်ခံ ဘိသေကမုနိ ဓမ္မစက္ကမုဒြာဟန် ဆင်းတု တော်ဖြစ်သည်။

ဘိသေကမုနိ ကြေးသွန်းလက်ရာတို့တွင် ဈာနမုဒြာဟန်နှင့် အခြားမုဒြာဟန်အချို့ကို တွေ့ရှိရပြီး ယခုကဲ့သို့ ဓမ္မစက္ကမုဒြာဟန်မှာ အတွေ့ရနည်းပြီး ရှားပါးပါပေသည်။ ဤ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြေးသွန်းလက်ရာ၌ လက်ဝဲလက်ခုံအောက်သို့ တွဲလျက် အနေအထားဟန်မျိုး ပါနေသည်။ ဤသို့ လက်ရာမျိုးနှင့် ဓမ္မစက္ကဟန်မျိုး ရှားပါးသလောက် ကျောက်တော်တောင်အနီးက တူးဖော်ရရှိသော (ယခု မြောက်ဦးပြတိုက်မှာ ပြသလျက်ရှိ) ဗုဒ္ဓဂေါတမနှင့် စန္ဒသူရိယ နှစ်ရပ်ပူးတွဲပါ ဗုဒ္ဓ၏ ဓမ္မစက္ကမုဒြာဟန်နှင့် အနီးစပ်ဆုံး တူကြောင်း တွေ့ရှိရပါသည်။

ကြေးသွန်းထည်၊ ကျောက်ဆစ်ထည်၊ သစ်ထွင်းထည် စသည် စသည် ရုပ်လုံးရုပ်ကြွများ၏ လက်အနေအထား ဟန်ပန်အမူအရာ ပုံစံအမျိုးမျိုးတို့ကို သီးခြားဘာသာတစ်ရပ်အနေဖြင့် အထူးလေ့လာနေကြသော ကမ္ဘာ့သုတေသီတို့ဆိုလျှင် ဤလိုရှားပါးသော လက်အနေအထားမျိုးကို စိတ်ဝင်စားကြလိမ့်မည်။

■ ■ ■ ■ ■ ■ ■ ■ ■

**“ ဓညဝတီခေတ်လက်ရာကို မြောက်ဦးခေတ်မှာ ပြောင်းရွှေ့ထိန်းသိမ်းခြင်း၊ တုပပုံသွင်းခြင်း၊ ထုဆစ်ခြင်းသည် ရခိုင်တို့ ဗုဒ္ဓဘာသာ စတင်ခဲ့သော ဓညဝတီခေတ် အငွေ့အသက်လက်ရာကို စဉ်လာမပျက် ထိန်းသိမ်းရာလည်း ရောက်ပေသည်။ တစ်နည်းအားဖြင့် ဓညဝတီခေတ်မှ ရရှိသော ဗုဒ္ဓ၏ ထူးကဲသော ရင်ငွေ့တော်လှုံခြင်းကို မြောက်ဦးခေတ်မှာလည်း ဆက်ကာ ရင်ငွေ့လှုံကြခြင်း ဖြစ်ပေသည်။ ဤသို့ ရင်ငွေ့တော်လှုံသော ဓလေ့ကို မဟာမုနိ ပလ္လင်ထက်မှာ ယနေ့တိုင် မြင်တွေ့ရပေသည်။ ”**

■ ■ ■ ■ ■ ■ ■ ■ ■

ကြေးဆင်းတုတော်မှာ ခွေလျက် ထိုင်တော်မူ ဖြစ်နေသဖြင့် ခြေဖဝါးနှစ်ဖက်စလုံးကို မြင်တွေ့နိုင်ပါသည်။ ခြေဖဝါးပုံဖော်ထားခြင်းမှာ လက်ရာကောင်းဖြစ်ပြီး ဖဝါးအလယ်မှာ အမှတ်အသားတစ်ခုစီ ပါနေခြင်းသည် အဓိပ္ပာယ်တစ်ခုခုကို ဖော်ညွှန်းနေဟန်ရှိသည်။ ကြေးဆင်းတု၏ ပလ္လင်၌ ပါရှိသော ကြာပွင့်ချပ်ပုံနှင့် သက်န်းအတွန့်အခေါက် အသွားအလာတို့သည် ကျောက်တော် မဟာမုနိ ရှေးဟောင်းပြတိုက်မှ ပြတိုက်ထဲရှိ နံပါတ် ၁၆၁၊ ၁၆၂၊ ၁၆၉ ပုံတို့၏ ကျောက်ဆစ်လက်ရာတို့နှင့် အနီးစပ်ဆုံး တူနေကြသည်။ ဖော်ပြပါ တူးဖော်ရရှိသော ကြေးဆင်းတုတော်နှင့် ကျောက်ဆစ်လက်ရာများမှာ တစ်မြေတည်း၊ တစ်ရပ်တည်း၊ တစ်ခေတ်တည်း လက်ရာဟု ဖော်ညွှန်းနေပါသည်။

### ကျောက်ဆင်းတု

အသစ်တူးဖော် တွေ့ရှိရသော ကျောက်ဆင်းတု အကြီးတစ်ဆူမှာ အောက်ခြေမှနေ၍ ကျိုးပြတ်နေသော လည်ပင်းရာထိ အမြင့် လက်မ ၃၀ ခန့် မြင့်ပါသည်။ ထိုဘုရားတွင် ဦးတော်ရှိမည် ဆိုပါက ဉာဏ်တော်တစ်ဆူလုံး အမြင့်မှာ ၄၅ လက်မ အမြင့်ခန့် ရှိနိုင်ပါသည်။ အခြားကျောက်ဆစ်လက်ရာ ဉာဏ်တော်ငယ် နှစ်ဆူမှာလည်း တစ်ပေကျော်ခန့် အမြင့်စီ ရှိနိုင်သည်။

ကျောက်ဆင်းတုတော်ကြီးမှာ စန္ဒာမုနိ ကိုယ်လုံးကဲ့သို့ ကြာသက်န်းရုံသော လက်ရာမျိုး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြစ်သဖြင့် သားမြတ်အစုံကို ဖူးမြင်ရခြင်း ဖြစ်ပါသည်။ ကျောက်ဆင်းတုတော်မှာ ဘူမိဖဿမုဒြာဟန်ဖြစ်ပြီး ခြေထပ်ထိုင်တော်မူဖြစ်သည်။ ဓညဝတီမြို့ဟောင်းရာ မဟာမုနိဘုရားအနီး ငှက်ပျောခြံကုန်းမှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာမျိုးကို မြောက်ဦးဘက်မှာလည်း များစွာတွေ့ရတတ်သည်။ ထို့ကြောင့်လည်း မြောက်ဦးခေတ်လက်ရာဟု ပြောဆိုကြ၏။ မြောက်ဦးခေတ် ပထမပိုင်း ဘုရင်များသည် စေတီပုထိုး သိမ်ကျောင်းများ ဆောက်လုပ်လှူဒါန်းကြသောအခါ ဓညဝတီမြို့ဟောင်းရာက ယိုယွင်းပျက်စီးနေသော စေတီ ပုထိုး သိမ်ကျောင်းတို့မှ ဓညဝတီခေတ်လက်ရာ ကျောက်ဆင်းတုတော်နှင့် ကြေးဆင်းတုတော်များကို ပင့်ဆောင်ပြောင်းရွှေ့ကာ တည်ထားခဲ့ကြသည်။ ထို့ပြင် ထိုခေတ်မှာ ထုကြသော ပန်းပုဆရာတို့ကလည်း ဓညဝတီမှ ပင့်ဆောင်လာသော ဆင်းတုတော်များကို စံယူကာ တုပလျက် ထုဆစ်ကြသည်။

ဤသို့ဖြင့် ဓညဝတီခေတ် လက်ရာကို မြောက်ဦးခေတ်မှာ ပြောင်းရွှေ့ထိန်းသိမ်းခြင်း၊ တုပပုံသွင်းခြင်း၊ ထုဆစ်ခြင်းသည် ရခိုင်တို့ ဗုဒ္ဓဘာသာ စတင်ခဲ့သော ဓညဝတီခေတ် အငွေ့အသက် လက်ရာကို စဉ်လာမပျက် ထိန်းသိမ်းရာလည်း ရောက်ပေသည်။ တစ်နည်းအားဖြင့် ဓညဝတီခေတ်မှ ရရှိသော ဗုဒ္ဓ၏ ထူးကဲသော ရင်ငွေ့တော်လှုံခြင်းကို မြောက်ဦးခေတ်မှာလည်း ဆက်ကာ ရင်ငွေ့လှုံကြခြင်း ဖြစ်ပေသည်။ ဤသို့ ရင်ငွေ့တော်လှုံသော ဓလေ့ကို မဟာမုနိပလ္လင်ထက်မှာ ယနေ့တိုင် မြင်တွေ့ရပေသည်။

**ထိန်းသိမ်းဓလေ့**

မြောက်ဦးကို တည်ထောင်သော တချို့ဘုရင်များသည် ဓညဝတီမြို့ဟောင်းက လက်ရာလိုမဟုတ်၊ ဝေသာလီမြို့ဟောင်း၊ လေးမြို့ခေတ်မြို့ဟောင်းများမှ ယိုယွင်းပျက်စီးလျက်ရှိသော ရုပ်ဆင်းတုများ၊ နတ်ရုပ်များ၊ အဆောက်အအုံပရိဘောဂ အထည်များတို့ကို မြောက်ဦးခေတ်သို့ ပြောင်းရွှေ့ထိန်းသိမ်း စောင့်ရှောက်၍ ထားခဲ့ကြသည်။

သာဓကအားဖြင့် သျှစ်သောင်းဘုရားတက်လမ်းရှိ ရှစ်မြောင့်ကျောက်တိုင်ကြီး၊ ကြာပန်းပါကျောက်ထုပ်တန်းကြီး၊ အာနန္ဒစန္ဒြကျောက်စာတိုင်ကြီး၊ တာရာစေတီကြားမှ တချို့ကျောက်ဆစ်လက်ရာများ၊ ဒုက္ကံ့သိမ်တက်လမ်းနံဘေးရှိ ဗျာလလူစီးပုံပါ ထုတ်တန်းကြီး၊ နိဗ္ဗုဇာတြိဘင်္ဂ နတ်ရုပ်၊ ကာလကရွာအနောက်ဘက်က တြိဘင်္ဂ အရုပ်များပါ ကျောက်တုံးကြီးများနှင့် လေးမြို့ခေတ်လက်ရာ ကျောက်ဘုရားဆင်းတုတော်များကို မြောက်ဦးမြေမှာ နေရာအနှံ့ တွေ့ရပါသည်။ ထို့ကြောင့် နှစ်ပေါင်းသုံးရာကျော် ရှည်ကြာခဲ့သည့် မြောက်ဦးခေတ်သည် ရှေးအမွေအနှစ်လက်ရာများကို ထိန်းသိမ်းစုဆောင်းသော ခေတ်တစ်ခေတ်ဟုလည်း ခေါ်ဆိုနိုင်သည်။

ဤကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်သော



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အစဉ်အလာကို မျက်မှောက်ခေတ်မှာလည်း တွေ့လာရတတ်သည်။ မျက်မှောက်ခေတ်မှာ မြောက်ဦးရှေးဟောင်းဘာသာရေး အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ခြင်း မရှိဘဲ ကျိုးပျက်နေသော ရုပ်ဆင်းတုတော်များကို မြောက်ဦးမြေကနေ၍ လွန်စွာဝေးကွာသော အမြို့မြို့ အနယ်နယ်သို့ မပြောင်းအပ် မပြောင်းသင့်သော ဘုရားနှင့် ပြောင်းရွှေ့နိုင်သောဘုရားဟု သတ်မှတ်ကာ သက်ဆိုင်ရာက ခွင့်ပြုချက်ဖြင့် ပင့်ဆောင်ခဲ့ကြသည်။ အမှန်ကတော့ ရှေးဟောင်းဘုရားဆင်းတုများကို ရှေးဟောင်းနယ်မြေမှာပင် ပကတိအတိုင်း ထားသင့်ကြောင်း သိထားကြသော်လည်း ပြောင်းခွင့်ပြုခဲ့သော ကာလများဆိုပါလျှင် တောကြီးမျက်မည်းထဲမှာ ရှေးဟောင်းဘာသာရေး အဆောက်အအုံများနှင့် ရုပ်ဆင်းတုများကို အမျိုးသားရေးယဉ်ကျေးမှုကို နားမလည်သော တစ်နပ်စားအမြင်သမားတို့က ဖောက်ထွင်းဖြိုဖျက်ခြင်းအန္တရာယ် မလုံခြုံမှုများကြောင့် မြို့လူကြီးနှင့် သက်ဆိုင်ရာတို့က အခြေအနေအမျိုးမျိုးကို ထောက်ရှုလျက် ဘုရားရုပ်တုများကို ပြောင်းခွင့်ပေးကြခြင်း ဖြစ်သည်။

ထိုသို့ ပြောင်းရွှေ့သွားသော ဆင်းတုတော်များကို အလျဉ်းသင့်၍ အကျဉ်းမျှ ဖော်ပြလိုပေသည်။ ယင်းတို့မှာ မြောက်ဦးတစ်ပင်တိုင်ကျိုင်မှ ကျောက်ဆင်းတုကြီး တစ်ဆူကို ဆရာတော်အရှင်စက္ကိန္ဒက မောင်းတောမြို့သို့လည်းကောင်း၊ မောင်ရှီးကန်ရွာအောက်ဘက်က ဂျပန်ခေတ်တွင် ပျက်စီးသွားသော ရွှေပြားအမည်ရှိ ရွာဟောင်းရွာက ဘုရားကြီးတစ်ဆူကို စစ်တွေသို့ လည်းကောင်း၊ ဘုရားအုပ်ရွာနားက ဘုရားကြီးတစ်ဆူကို မြောင်းဘွယ်သို့လည်းကောင်း၊ ကျွဲတင်းတိမ်ဝါးလုံးပြင် မြောက်ဘက် တောင်ထိပ်က ဘုရားကြီးတစ်ဆူကို ပန်းမြောင်းရွာသို့လည်းကောင်း (ထိုဘုရားသည် လေးမြို့မြစ်အကူးတွင် ဖောင်ဖြင့်တင်၍ ပန်းမြောင်းသို့ပင့်သောကြောင့် ရွှေဖောင်တင်ဘုရားဟု ခေါ်တွင်ကြောင်း သိရသည်) သဇင်တန်းတောင်ထိပ်က ဘုရားကို တောင်ကုတ်ဆရာတော်တစ်ပါးက တောင်ကုတ်မြို့သို့ လည်းကောင်း၊ ဘောင်းဒွက်တောင်ဘက်က ဘုရားကြီးတစ်ဆူကို စိန်ပန်းဆရာတော်က ကျောက်ဖြူမြို့သို့ လည်းကောင်း၊ ပန်းစိမ်းမြောင်းက ဘုရားကြီးတစ်ဆူကို င/ပြိုကျွန်းသို့လည်းကောင်း၊ အနုပကန်တောင်တစ်လုံးဂူစေတီအထဲက တက္ကသီလဟန် ဘုရားတစ်ဆူကို သျှစ်သောင်းဘုရားရင်ပြင်သို့ ပင့်ထားကြရာကနေ စစ်တွေ လောကနန္ဒာစေတီကြီးသို့လည်းကောင်း၊ ပုဏ္ဏားမြောင်ခံတပ်အနီး (ယခု ဝေသာလီဟိုတယ်အနီး)က ဘုရားနှစ်ဆူကို တောင်ကုတ်မြို့နယ် ပဒင်းရွာနှင့် င/မုံဒိုင်းရွာသို့လည်းကောင်း၊ တခွတ်ဆရာတောင်အနီးက ဘုရားနှစ်ဆူကို ရမ်းဗြဲမြို့နယ် ကုန်းဘောင်ရွာသို့လည်းကောင်း ကိုးကွယ်ရန် ပင့်ဆောင်သွားကြသည်။

၁၁၄၆ ခုနှစ် နှောင်းပိုင်းကာလ နယ်ခြားပြည်ခြားသို့ ပင့်ဆောင်သွားကြသော မရေတွက်နိုင်သော ကြေးဆင်းတုတော်များကို မဆိုလိုပါ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မျက်မှောက်ခေတ်မှာ မြောက်ဦးဇရိယာအတွင်း တစ်နေရာက တစ်နေရာသို့ ပြောင်းရွှေ့ပင့်ဆောင်ကိုးကွယ်ခြင်းများလည်း မြောက်မြားစွာရှိပါသည်။ ဥပမာ ဘားမိဘားကရား ကျောင်းရာတောင်ထက်က ရန်အောင်တော်ဘုရားကြီးကို မင်္ဂလာမာန်အောင်စေတီရင်ပြင် သိမ်ရာသို့ ချယူပြောင်းရွှေ့ခြင်း၊ မင်းသမီးမြောင်းရေလည်တောင်ထက်က ဘုရားကြီးကို ဒုက္ကံ့သိမ်အထဲပလ္လင်သို့လည်းကောင်း ပင့်ဆောင်ခြင်းများကို ဆောင်းပါးရှည်မည်စိုး၍ မဖော်ပြနိုင်တော့ပါ။

အထက်ဖော်ပြသကဲ့သို့ အမြို့မြို့ အနယ်နယ်သို့ ပင့်ဆောင်သွားကြသော ဘုရားများမှာ ရာပေါင်းများစွာ ရှိနိုင်ပါသည်။ ဤသို့ပင့်ဆောင်သွားကြသော နေရာနှင့် ရောက်ရှိသွားသော နေရာတို့ကို ရှေ့မီ နောက်မီ ပုဂ္ဂိုလ်တို့က သိရှိကြသဖြင့် ထိုပုဂ္ဂိုလ်တို့ကို အားထား၍ ဘုရားပြောင်းစာရင်းတစ်ခု ပြုစုသင့်ကြပေသည်။ ရှေးဟောင်းအဆောက်အအုံ ရုပ်ကြွင်းအပျက်အစီးတစ်ခုစီကို ပြောင်းရွှေ့သွားကြတိုင်း သမိုင်းဝင်နေရာ တစ်ခုစီ တစ်ခုစီ လစ်လပ်သွားခြင်းကြောင့် ကြာလျှင် မြို့ဟောင်းရှိ ရှေးဟောင်းပစ္စည်းအားလုံး တဖြည်းဖြည်းနှင့် ပျက်စီးသွားနိုင်သည်။ ပြောင်းရွှေ့ ထိန်းသိမ်းခြင်းသည် လက်ရှိအနေအထားတိုင်း တည်ရှိနေခြင်းလောက် မကောင်းနိုင်ပေ။

သမိုင်းရာဇဝင်တို့နှင့် ရုပ်ဝတ္ထု သက်သေပစ္စည်းတို့ကို ယှဉ်တွဲလေ့လာ သုတေသနပြုသူတို့အတွက်လည်း အလွဲလွဲ အချော်ချော် ဖြစ်သွားနိုင်ပေသည်။ ရခိုင်တွင် ဓညဝတီခေတ်လက်ရာကို မြောက်ဦးခေတ်မှာ ပြောင်းရွှေ့ထိန်းသိမ်းခြင်း၊ တုပပြုလုပ်ခြင်းဖြင့် ဗုဒ္ဓ၏ ရင်ငွေ့တော်ကို ဆက်လက်လှုံခဲ့ကြပါ၏။ မျက်မှောက်ခေတ်မှာလည်း အမျိုးမျိုး အန္တရာယ်မှ ကာကွယ်သည့်သဘောဖြင့် ဆင်းတုတော်များကို ပြောင်းရွှေ့ထိန်းသိမ်းမှု လုပ်ခဲ့ကြပါ၏။ ယခုအခါမှာ ပြည်တွင်း ပြည်ပတို့က ခရီးသွားဧည့်သည်များ လေ့လာသုတေသနပြုလို့ရအောင် မပြောင်းရွှေ့ကြတော့ပြီဟု သိရှိရပါသည်။ ။

**ကျော်သာညွှန့်**
**(ကြေးသွန်းကျောက်ဆစ်)**

**မှီငြမ်း**

၁။ မုဒြာများ (စာ–၁၁၀) စဝ်ထွန်းမှတ်ဝင်း – ၁၉၇၇ ခုနှစ်၊ ရန်ကုန်။
၂။ ရခိုင်ဝေသာလီခေတ် ဗုဒ္ဓအနုပညာ (စာ–၆၆) ထွန်းရွှေခိုင်၊ ၁၉၉၀။
၃။ မြောက်ဦးနှင့် မဟာမုနိမှ ရှေးဟောင်းပြတိုက်အား လေ့လာချက်။
၄။ ဒုတိယမြောက် မော်ကွန်းထုက္ကံ့ ဘုရားကျောက်စာ။
၅။ ရှေ့မီနောက်မီပုဂ္ဂိုလ်များအား မေးမြန်းချက်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သာသနာအတွက်

## ဇော်ဖိုန်း



တန်ခူးနွေ၏ သင်္ကြန်နံနက်ခင်းသည် ခြစ်ခြစ်တောက် ပူပြင်းစပြုနေပေပြီ။ ပတ်ဝန်းကျင် တောတောင်တစ်ခွင်လုံးရှိ သစ်ပင်ဝါးပင်များကား တချို့ ရွက်ဟောင်းကြွေ၍ တချို့ ရွက်သစ်ဝေနေပေပြီ။ သို့သော် နွေ၏နေကို တုပြိုင်နိုင်ခြင်း မရှိ၍ စိမ်းစိုအေးမြခြင်း မရှိသေး။ အရိပ်အာဝါသ မပေးစွမ်းနိုင်သေး။ ရပ်ရွာတစ်ခုလုံး၊ မြို့လူထု တစ်ရပ်လုံးသည်လည်း သင်္ကြန်ကြောင့် သက်ဝင်လှုပ်ရှားနေကြသည်။ ရေကစားမဏ္ဍပ်အတွင်း ရေဖြည့်သူကဖြည့်၊ ကလေးသူငယ်များ ရေပိုက်ကိုယ်စီဖြင့် ပြေးရင်းလွှားရင်း ရေလောင်းသူကလောင်း၊ ဆောင်းဘောက်သံ တဒိန်းဒိန်းနှင့် မြို့ပတ်သူကပတ်၊ ဥပုသ်သည်တို့ကလည်း ကိုယ်ကြိုက်နှစ်သက်ရာ ဘုရားကျောင်းကန်သို့ သွားလိုသွား၊ ဆွမ်းချိုင့်ကိုယ်စီနှင့် ဆွမ်းပို့သူကလည်း ပို့နှင့် သင်္ကြန်အချိန်အခါကို ပျော်ရွှင်စွာဆင်နွဲနေကြပေပြီ။

ကျွန်တော်သည်လည်း ဘယ်လက်က ဆွမ်းချိုင့်၊ ညာလက်က သားငယ်ကို လက်တွဲလျက် ရွာလယ်လမ်းမအတိုင်း လျှောက်လာခဲ့သည်။ ဦးတည်ရာကား မင်္ဂလမာရ်အောင် တောရကျောင်းတိုက်သို့ ဆွမ်းပို့ရန် သွားနေကြခြင်းဖြစ်သည်။ သားငယ်ကား ယခုမှ သုံးနှစ်စွန်းရုံရှိသေးသည်။ သို့သော် အရွယ်နှင့်မမျှအောင် စကားပြောသည်ဟု ဆိုရမည်။ လမ်းတစ်လျှောက်လုံး မေးလိုက်၊ ပြောလိုက်နှင့် တစ်ယောက်တည်း သောသောညံနေသည်။ ထုက္ကန်သိမ် အနောက်ဘက် မြေသားလမ်းအတိုင်း ဖြတ်ကျော်ပြီး လေးမျက်နှာ ပုထိုးတော်၏ ရင်ပြင်သို့ အတက်မှာ ရှေ့မှ မိန်းမပျိုငယ်တစ်စု ဘုရားရင်ပြင်တော်မှာ ဖိနပ်စီးပြီးသွားနေကြခြင်းကို မြင်၍ သူပြောပြန်သည်။ တစ်ခါက ကျွန်တော် ပြောပြဖူးသော ဘုရား၊ ပုထိုး၊ ကျောင်းကန်တို့မှာ ဖိနပ်မစီးရဆိုသော စကားကို သတိရ၍ ပြန်ပြောခြင်း ဖြစ်ပေမည်။

ဤဘုရားရင်ပြင်တော်မှာ လူကြီး၊ လူငယ်၊ မိန်းမ အပျို၊ အအိုမရွေး ဖိနပ်စီးပြီး သွားလာနေကြသည်မှာ ရိုးနေပြီဖြစ်သည်။ သားငယ်၏ စကားအတွက် ပြန်ပြောရန် အခွင့်မသာသော ကျွန်တော့်မှာ အတွေးအာရုံများကိုသာ နိုးကြားစေခဲ့သည်။ မိမိကိုယ်တိုင်ပင် ဤဘုရားရင်ပြင်ပေါ်တွင် ဖိနပ်စီး၍ သွားလာသည့် အကြိမ်ပေါင်း မရေမတွက်နိုင်ပြီ။ ဤကိစ္စနှင့် ပတ်သက်၍ အရေးအခင်း ဖြစ်သည်အထိ အရေးပါ အရာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရောက်ခဲ့သော ဖြစ်ရပ်တစ်ခု သမိုင်းတွင် ထင်ထင်ရှားရှား ဖြစ်ပေါ်ခဲ့ဖူးသည်။ ယခုမူကား ပြောဆိုဆုံးမမည့်သူ မရှိ၊ ဟန့်တားမည့်သူမရှိ။ ဆုံးမဟန့်တားမည့်သူ ရှိသည့်တိုင်အောင် လိုက်နာမှု ရှိကြပါမည်လော။ ကျွန်ုပ်တို့၏ ဘာသာရေးသက်ဝင်ယုံကြည် ကိုင်းရှိုင်းမှု ဒီဂရီများသည် တဖြည်းဖြည်း လျော့နည်းစပြုလာလေပြီလား။

ဤပုထိုးတော်ကြီးသည် မြောက်ဦး၏ ဖွားဖက်တော်ဖြစ်သည်။ မြို့တည်၊ နန်းတည် ဘုရားငါးရပ်ဝင်ဖြစ်သည်။ မြို့တည်စက ဘုရားကျောင်းကန် မရှိသေးသော ဤမြို့တော်အတွက် ဘုရင်နှင့် တိုင်းသူပြည်သားတို့သည် မည်မျှအထိ ကြည်ညိုသဒ္ဓါ ပေါများကြပါမည်နည်း။ ဘုရင်မင်းစောမွန်သာ ယခုအချိန်ကာလ၌ မြင်တွေ့ခွင့် ရမည်ဆိုပါလျှင် မည်သို့ခံစားရပါမည်နည်း။ သူပြုလုပ်ခဲ့သည့် အလှူတော်သည် ယခုအချိန်ကာလတိုင်အောင် မားမားမတ်မတ်နှင့် ခိုင်မြဲနေသေးသည့်အတွက် ဝမ်းသာပီတိ ဂွမ်းဆီထိသို့ ဖြစ်လေမလား၊ သို့တည်းမဟုတ် မျက်မှောက်ခေတ် လူသားတို့အပေါ် ပြိုပျက်နေသော တံတိုင်းအိုနှင့် ယိုယွင်းနေသော ဘာသာရေးမဏ္ဍိုင်၊ ယဉ်ကျေးမှုမဏ္ဍိုင်၊ စာရိတ္တမဏ္ဍိုင်တို့အတွက် အားမလိုအားမရနှင့် ကဲ့ရဲ့ပြစ်တင်အမျက်တော်ဝင်လေမည်လား၊ ကျွန်တော် ဝေခွဲမရနိုင်ပါ။ သို့သော် သည်တစ်ခါတော့ ကိုယ်ပြောခဲ့သည့်စကားအတွက် ကတိတည်မြဲအောင် သားငယ်၏ရှေ့မှ ဖိနပ်ချွတ်ပြရပေဦးမည်။

စေတီ၏အရှေ့ဘက် ရင်ပြင်ပေါ်မှ ကျွန်တော်တို့ ဖြတ်လျှောက်လာခဲ့ကြသည်။ သားငယ်၏ ဖဝါးနုနုသည် နွေ၏ နေပူအောက်တွင် ပူလောင်နေပေမည်။ သို့သော် ဤသည်ပင် သားငယ်၏ အသည်းနှလုံးနှင့် ဦးကျောက်ထဲသို့ ဘာသာရေးယုံကြည်ချက်တစ်ခု ရိုက်သွင်းပေးလိုက်ခြင်းပင် မဟုတ်ပါလား။ နောင်အသက်အရွယ်ကြီးရင့်လာသည့်တိုင်အောင် ဤအကြောင်းအရာတို့ကို မှတ်မိ သတိရနေပေဦးမည်။

ကျွန်ုပ်သည်လည်း သားငယ်၏ အသက်အရွယ် ဝန်းကျင်လောက်က စွဲမြဲနေသော အမှတ်ရစရာ အများအပြားရှိခဲ့ဖူးသည်။ မြောက်ဦးတွင် အနီးအနား ပတ်ဝန်းကျင်၌ ဆွမ်းပို့၊ ဆွမ်းလှူစရာ ဘုရားကျောင်းကန် အများအပြားရှိသည်။ သို့သော် ဤမင်္ဂလမာရ်အောင်ဘုရားသို့ ရွေးချယ်ခဲ့ခြင်းသည်ပင်လျှင် ငယ်စဉ်က ပျော်ရွှင်စရာ၊ အမှတ်ရစရာများကြောင့်ပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ သွားသည့်လမ်းကလည်း လူအများစုသွားသလို ကားလမ်းမအတိုင်းမဟုတ်၊ ဆိုက်ကားစီး၍လည်း မသွားချင်။ တောလမ်းအတိုင်း ဥယျာဉ်ထဲကဝင်၊ သစ်ပင်အောက်ကဖြတ်၊ တောင်ကုန်းပေါ်ကဆင်း၊ ကန်သင်းပေါ်က လျှောက် စသည်ဖြင့် သဘာဝလမ်းအတိုင်းသာ သွားချင်သည်။ ကျွန်ုပ်ငယ်စဉ်ကလည်း ဤလမ်းအတိုင်း အမိ အဘ ညီအစ်ကိုမောင်နှမတို့နှင့် မိသားစု ပျော်ရွှင်ချမ်းမြေ့စွာ၊ အေးချမ်းသာယာစွာ သွားလာခဲ့ဖူးသည်။ ထိုစဉ်က ယခုကဲ့သို့ မဟုတ်၊ သစ်ပင်ဝါးပင်ကြီးများဖြင့် တောကြီး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘစ်ခုလို မြိုင်ဆိုင်နေသည်။

ဤပတ်ဝန်းကျင်သည် မြောက်ဦး၏ ဘုရား၊ ပုထိုး၊ ကျောင်းကန်၊ ဇရပ် စသည်ဖြင့် သာသနိက အဆောက်အအုံများ လက်ညှိုးထိုးမလွဲအောင် ပေါကြွယ်ဝသောနေရာ ဖြစ်သည်။ လေးမျက်နှာ ဘုရား၏ မြောက်ဘက်တွင် မြတန်ဆောင်း ပုထိုးတော်နှင့် မုတ်ဆိတ်တော် စေတီတော်တို့ ရှိသည်။ စေတီတော်၏ မြောက်ဘက်၌ လောင်းကြက်မှ ပင့်ဆောင်လာခဲ့သော မြတန်ဆောင်း ကျောင်းတော်နှင့် စန္ဒရာမ ကျောင်းတော်တို့ ရှိခဲ့သည်။ ဤဘုရားပုထိုးများသည် ဘုရင်မင်းစောမွန်၏ ထီးတည် နန်းတည် ဘုရား ပုထိုး တော်များ ဖြစ်ကြသည်။

ဘုရင်မင်းစောမွန်သည် သူတည်ထောင်ခဲ့သော မြောက်ဦးမြို့တော်၌ သက်တော် (၃)နှစ်သာ အသက်ရှင်နေထိုင်ခွင့် ရခဲ့သည်။ သို့သော် ဤ (၃)နှစ်ဆိုသော အချိန်ကာလသည် ဘုရင်ကြီးအဖို့ ဆောက်လက်စ နန်းတော်ဆောင်များ၊ တည်လက်စ ဘုရား ပုထိုး ကျောင်းကန် ဇရပ်များနှင့် လုပ်လက်စ မြို့အင်္ဂါရပ်များကြားတွင် အေးအေးလူလူနှင့် ဘုရင့်စည်းစိမ် ချမ်းသာကို ခံစားခွင့်ရမည်တော့ မဟုတ်ပါချေ။ မိမိ၏ အသက် တိုချင်တိုပါစေ၊ မြို့သက်ကို ရှည်စေလိုသော မိမိ၏ သားစဉ်မြေးဆက် ကောင်းစားစေလိုသော ဘုရင်ကြီး၏ စိတ်ဓာတ်သည် မဟာသူရဲကောင်း မင်းကောင်း မင်းမြတ်တို့၏ စိတ်ဓာတ်ပင် ဖြစ်သည်။

ကျွန်ုပ်တို့သည် မုတ်ဆိတ်တော်စေတီ၏ အရှေ့ဘက် တောင်ကြားလမ်းအတိုင်း ဖြတ်ကျော်လာခဲ့ကြသည်။ ဤလမ်းတစ်လျှောက်သည် တောရိပ်၊ တောင်ရိပ်များကြောင့် အေးမြနေသည်။ ကြွေကျမြေခလျက်ရှိသော သရက်သီး၊ မည်င်းသီးများကို ကောက်ယူစားသောက်ရ၍ သားငယ်မှာ ရွှင်လန်းတက်ကြွနေသည်။ တောင်ကြား၏ အရှေ့ဘက်တောင်တန်းပေါ်တွင် သျှင်ငယ်ဆရာ ဦးမြဝါ တရားအားထုတ်ခဲ့သော သျှင်မြဝါဂူ ရှိသည်။ သျှင်မြဝါသည် မင်းဗာဘုရင် လက်ထက်တွင် အမျိုး၊ ဘာသာ၊ သာသနာ အတွက် မိမိ၏အသက်ကို စတေးခံကာ စွမ်းဆောင်ခဲ့သော မဟာသူရဲကောင်း တစ်ပါးပင် ဖြစ်သည်။ သူ၏ ပညာအမြော်အမြင်နှင့် ကျေးဇူးတရားကြောင့် ကျွန်ုပ်တို့၏ သာသနာ နေရောင်၊ လရောင်ပမာ ထွန်းလင်းခဲ့ရသည် မဟုတ်ပါလား။

တောင်ကြားလမ်းအဆုံးမှ တေဇရာမ ကျောင်းတိုက် ရှိသည်။ ကျောင်းတိုက်သည် တစ်ချိန်က စည်ကားခဲ့ဟန်တူသည်။ နေချင့်စဖွယ် ကျောင်းဆောင်တစ်ဆယ်ခန့်သည် သိုက်သိုက်ဝန်းဝန်း ရှိနေကြသည်။ ယခုတော့ တချို့ပြို၊ တချို့ပျက်နှင့် တချို့အဆောင်များမှာ အစအနတောင် မရှိတော့ပေ။ ယခု သံဃာတော်အချို့ သီတင်းသုံးလျက်ရှိသည်။

ကျောင်းဝင်း၏ အနောက်ဘက်တွင် တေဇရာမစေတီတော် ရှိသည်။ စလက်ာသူမင်း၏ ကောင်းမှုတော်ဖြစ်သည်။ နန်းတက်စတွင် ဘုရား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ရွှေရတု မှတ်တမ်း စောင်

စေတီ ပုထိုးများကို တည်ထားကိုးကွယ်ခဲ့ကြသည်မှာ ရခိုင်ဘုရင်များ၏ မြင့်မြတ်သော ဘာသာရေး အစဉ်အလာတစ်ရပ်ဟု ဆိုနိုင်သည်။ သာသနာ့အမွေ ဆက်ခံခဲ့ကြခြင်းလည်း ဖြစ်သည်။ ကျွန်ုပ်တို့၏ ဘာသာရေးသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်၊ ဓညဝတီတွင် စိုးစံသော ဘုရင်စန္ဒသူရိယက စသည်။ ဘုရင်၏ ဘုန်းကံပါရမီကြောင့် ဘုရားမြတ်စွာသည် ဓညဝတီ ရခိုင်ပြည်သို့ ကြွရောက်ပြီး မဟာမုနိ ရုပ်ရှင်တော်ကို ကိုယ်စားတော်ထားခဲ့သည်။ ယင်းမှတစ်ဖန် သူရိယစက္ကမင်းက ဗုဒ္ဓ၏ ဓာတ်တော် မွေတော်များကို ဗုဒ္ဓအလောင်းတော် ကျင်လည်ခဲ့ရာ နေရာဌာနတို့၌ စေတီပုထိုးများ တည်ထားကာ ဌာပနာတော်မူခဲ့သည်။ ထိုမှ တစ်ဖန် ခေတ်အဆက်ဆက်၊ ဘုရင်အဆက်ဆက်၊ ပြည်သူအဆက်ဆက်တို့သည် သာသနာတော် ထွန်းလင်းတောက်ပအောင် သင်္ဂါယနာတင်၊ ပိဋကတ်တော်များကူး၊ ဘုရားပုထိုးတည်၊ ကျောင်းကန်ဇရပ်ဆောက် စသည်ဖြင့် ဆောင်ရွက်လာခဲ့ကြပေသည်။

စေတီတော်၏ မြောက်ဘက်တွင် မင်္ဂလမာရ်အောင်သို့ သွားရာ တောင်ပေါက်တစ်ခု ရှိသည်။ ယခင်က မြို့တံခါးတစ်ခု ဖြစ်သည်။ လွန်ခဲ့သော နှစ်အနည်းငယ်က ကျောက်တုံး၊ ကျောက်စီများကို တွေ့မြင်ရသေးသည်။ ယခု လမ်းဆည်ဖို့ရန် မြေများ တူးဖော်ထားသော ကြောင့် အစအနပင် မရှိတော့ပေ။ ရှေးဟောင်း ဆိုသည်မှာ တန်ဖိုးမဖြတ်နိုင်သော သမိုင်းအမွေအနှစ်များ ဖြစ်ကြသည်။ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာက ရှေးလူတို့ ဖန်တီးခဲ့ကြသော လက်ရာများကို နောင်းခေတ်လူသားတွေက မပြုပြင်သည့်တိုင်အောင် မဖျက်မဆီးဘဲ ထိန်းသိမ်းထားသင့်သည်။

တောင်ပေါက်အနီးရှိ ပန်းချေးမြောင်းတံတားကို ဖြတ်ကျော်ပြီး မိနစ်အနည်းငယ် လျှောက်သွားလိုက်လျှင် သားငယ်ရောက်ချင်နေပြီဖြစ်သော မင်္ဂလမာရ်အောင် တောရကျောင်းသို့ ရောက်သည်။ ပါလာသော ဆွမ်းဘောဇဉ်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။ ဆရာတော်က ဆွမ်းလှူဒါန်းရခြင်း၏ အကျိုးကျေးဇူးကို စိတ်ဝင်တစား ဟောပြောပြသည်။ ဤအကျိုးတရားများသည် ကား ယခုဘဝတွင်လည်းကောင်း၊ နောင်တမလွန်ဘဝတွင်လည်းကောင်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့်သာ သက်ဆိုင်သည့် အကျိုးကျေးဇူးများ ဖြစ်ကြသည်။ ဤအကျိုးအတွက် မျှော်ကိုးသည်ဖြစ်စေ၊ မမျှော်ကိုးသည်ဖြစ်စေ မိမိ၏ စေတနာအလျောက် ပြည့်ဝမည် ဖြစ်သော်လည်း မိမိကား သာသနာတော် စည်ပင်ထွန်းကားပြီး အစွန့်ရှည် တည်တံ့ခိုင်မြဲစေရန် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ခြင်းသာ ဖြစ်သည်ဟု သဘောထားသည်။ ကျွန်ုပ်တို့၏ သာသနာ စည်ပင်ထွန်းကားရန် ဆရာ ဒကာ နှစ်ဦးစလုံးတွင် တာဝန်ကိုယ်စီ ရှိကြပါသည်။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများကလည်း ဝိနည်းသိက္ခာပုဒ်နှင့်အညီ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျင့်ကြံအားထုတ်၍ ဒါယကာ၊ ဒါယိကာမများ အပေါ် တရားဓမ္မများဖြင့် ဟောပြောဆုံးမ သွန် သင်ရပေမည်။ ကျွန်ုပ်တို့ ဒါယကာ ဒါယိကာမ များကလည်း သာသနာတော်တွင် ရှက်ဆောင်နေ ကြသော ရဟန်းတော်တို့အား ပစ္စည်းလေးပါးဖြင့် အစဉ်တစိုက် ချီးမြှင့်သင့်ပေသည်။ သို့မှသာ သာသနာတော်ကြီး စည်ပင်ထွန်းကားပြီး အစွန့် ရှည် ခိုင်မြဲနေမည် မဟုတ်ပါလား။

တောကျောင်းအနီးတွင် ဘီလူးညီနောင် ရုပ်တုရှိရာ နန်းဦးဘုရား ရှိသည်။ ဘုရင် သီရိ သုဓမ္မရာဇာနှင့် မိဖုရား နတ်သျှင်မယ်တို့၏ ကောင်းမှုတော် ဖြစ်သည်။ တစ်ချိန်က ကထိန်ပွဲ၊ ဆွမ်းတော်ကြီးလောင်းပွဲ စသော ဘာသာရေး ပွဲတော်များနှင့် ကြည့်ချင်စရာ ပျော်ပွဲ၊ ရွှင်ပွဲများ ကြောင့် အထူးစည်ကားခဲ့သည်။ မြို့လူထုအပေါ် ဆွဲဆောင်နိုင်ခဲ့သည်။ ကျွန်ုပ်တို့သည် ဘာသာရေး ပွဲတော်များကို ဘုရား ပုထိုးများတွင်လည်း ကောင်း၊ မြို့လုံးကျွတ်သော်လည်းကောင်း၊ တစ်နှစ် တစ်ကြိမ်ခန့် ကျင်းပသင့်သည်။ ဤ ပွဲတော်များသည် လူငယ်၊ လူရွယ်များ၏ စိတ် ဓာတ်ကို သိမ်မွေ့နူးညံ့စေသည့်အပြင် ဘာသာ ရေးဘက်သို့ တိမ်းညွတ်လာအောင်လည်း ဆွဲ ဆောင်နိုင်သည် မဟုတ်ပါလား။ ကျွန်ုပ်သည် လည်း ငယ်စဉ်အခါက တွေ့ဖူး၊ မြင်ဖူး၊ ကြည့်ခဲ့ ဖူးသော ဘာသာရေးပွဲတော်များကို ယခုတိုင် အောင် နှစ်နှစ်ခြိုက်ခြိုက် စွဲလမ်း သတိရနေ တုန်းပင် ရှိပါသေးသည်။

ဘုရားသိမ်အတွင်းရှိ လေးကျွန်းသူ၊ သူအို၊ သူနာ၊ သူသေ၊ ရဟန်း စသော ရုပ်တုများနှင့် ရှင်ဓမ္မပီယ ဆရာတော် သီတင်းသုံးစဉ်က အနီး အနားတွင် မှီခိုနေကြသော တောတိရစ္ဆာန်တို့၏ ရုပ်လုံး ရုပ်ကြွများကို မြင်ရ၍ သားငယ်မှာ မြူးထူးပျော်ပါးနေသည်။ ဘုရားကြီး၏ ရှေ့တော် မှ ဒါယကာ ဘုရင် သီရိသုဓမ္မရာဇာနှင့် ဒါယိကာမ မိဖုရား နတ်သျှင်မယ်တို့၏ ရုပ်လုံး များမှာ လက်ရာမြောက်လှသည်။ မိဖုရား နတ် သျှင်မယ်သည် ရခိုင်သမိုင်းကို အလှည့်အပြောင်း တစ်ခုဖြစ်အောင် ဖန်တီးခဲ့သော မိဖုရားတစ်ပါး ဟုဆိုက မှားအံ့မထင်။ မိဖုရားသည် လောင်း ကြက်စားအမတ် ငကုသလနှင့် ချစ်ကြိုက်ပေါင်း ဖက်ပြီး မောင်တော်ဘုရင်ကို ယတြာအစီအမံဖြင့် အသက်ကို သေစေရုံမက မိမိ၏သားတော်အရင်း မင်းစနေကိုပင် အဆိပ်ခတ်ကာ ကွပ်မျက်ခဲ့သော မိုက်တွင်းနက်သည့် မိဖုရားတစ်ပါးပင် ဖြစ်သည်။

နန်းဦးဘုရား၏ အနောက်မြောက်ဘက်တွင် မင်္ဂလမာရ်အောင် စေတီတော်နှင့် သိမ်တော် ရှိသည်။ ကျွန်ုပ်တို့ငယ်စဉ်ကဆိုလျှင် စေတီတော် သာရှိ၍ သိမ်တော်မရှိသေး။ ဗားမဲ့ဗားဂရားအနီးမှ ဘုရားဆင်းတုတော်တစ်ဆူကို ပင့်ဆောင်ကာ သိမ်တော်တစ်ခု ဆောက်လုပ် လှူဒါန်းပြီး ကိုးကွယ်ထားကြခြင်းဖြစ်သည်။ မြောက်ဦးတွင် တစ်နေရာမှ တခြားတစ်နေရာသို့ ရွှေ့ပြောင်း ကိုးကွယ်ထားသော ဘုရားဆင်းတုတော် အများ အပြားရှိသည်။ ဤကဲ့သို့ ကိုးကွယ်ထားသော ဘုရားဆင်းတုတော်များကို သက်ဆိုင်ရာများက



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ရွှေရတု ဓမ္မစာစောင်

မှတ်တမ်းတင်ထားသင့်သည်။ မြောက်ဦးသည် တစ်ချိန်ချိန်သော အခါကာလ၌ ရှေးမူအတိုင်း ဖြစ်မလာဟု မည်သူ တစ်ဦးတစ်ယောက်မျှ တပ်အပ်ပြောဆိုနိုင်လိမ့်မည် မဟုတ်ပါ။

စေတီတော်၏ အလှူရှင်မှာ ဥက္ကါဗလမင်း ဖြစ်သည်။ ရတနာ့မာရ်အောင်၊ ဇိနမာရ်အောင်နှင့် လောကမာရ်အောင်တို့ကို တည်ခဲ့သော စန္ဒသုဓမ္မရာဇာ၏ သားတော်တစ်ပါးလည်း ဖြစ်သည်။ ဥက္ကါဗလသည် ဖခင်နည်းတူ သာသနာတော်ကို ကြည်ညိုလေးစားပြီး အလှူကြီးပေးသည်။ ကျောင်းဆောက်သည်။ ရဟန်းခံသည်။ မင်္ဂလမာရ်အောင် စေတီတော်နှင့် ခြိပ်မြို့ဟောင်းရှိ မင်္ဂလာဦး စေတီတော်တို့ကို တစ်ပြိုင်တည်း တည်တော်မူခဲ့သည်။ သို့သော် ပြီးမြောက်ခြင်းသို့ မရောက်မီ မဟာမုနိသို့ ဘုရားဖူးအသွားမှာ ဟူးရားတတ် ပညာရှိတို့က "ကြွချီတော်မူလျှင် ပြန်အံ့မရှိပါ"ဟု လျှောက်တင်ကြသည်။ သို့သော် ဘုရင်၏ နှလုံးအိမ်၌ မိမိသည် မကောင်းမှုကို ပြုလုပ်ရန် သွားနေခြင်းကားမဟုတ်၊ မိမိ အပါအဝင် တိုင်းသူပြည်သား အားလုံးအတွက် ကောင်းမှုပြုလုပ်ရန် သွားခြင်းသာဖြစ်သည်ဟု ခံယူပေမည်။ ထို့ကြောင့် ဟူးရားတတ်တို့၏ စကားကို မနာယူဘဲ ရောက်ဖြစ်အောင် သွားခဲ့သည်။ နတ်မျက်စိကဲ့သို့ အမြင်ရသော ဟူးရားအတတ်ပညာရှိတို့၏ စကားသည် မှားသည် မရှိပါ။

ကျွန်ုပ်တို့၏ သမိုင်းစဉ် တစ်လျှောက်၌ သာသနာ့အာဇာနည် သူရဲကောင်း မင်းကောင်းမင်းမြတ် အများအပြား ရှိခဲ့ဖူးပါလေသည်။ ဤမင်းကောင်း မင်းမြတ်များကြောင့်သာ ကျွန်ုပ်တို့၏သာသနာ စည်ပင်ပြီး ထွန်းလင်းတောက်ပခဲ့သည်။ အကယ်၍ ကျွန်ုပ်တို့၏ သမိုင်းစဉ် တစ်လျှောက်၌...

စန္ဒသူရိယဘုရင်သာလျှင် ဘုရားအလောင်းတော်နှင့် ရှေးရေစက် မဆုံခဲ့သော်...
ဗုဒ္ဓမြတ်စွာသာလျှင် ဓညဝတီ ရခိုင်ပြည်သို့ ဒေသစာရီ မကြွချီခဲ့သော်...
သူရိယစက္ကဘုရင်မြတ်သာလျှင် ဓာတ်မွေတော်တို့ကို ဌာပနာ မတည်ခဲ့သော်...
ဝေသာလီပြည့်ရှင် သီရိစန္ဒြမင်းသာလျှင် သင်္ဂါယနာ မတင်ခဲ့သော်...
ဘုရင် မင်းစောမွန်သာလျှင် အသက်ကို ပဓာနထားခဲ့သော်...
သျှင်ငယ်ဆရာ ဦးမြဝါသာလျှင် သတိပေးတရား မဟောခဲ့သော်...
မင်းဗာဘုရင်သာလျှင် သာသနာ့အရေး မဆောင်ရွက်ခဲ့သော်...
ဘုရင်အဆက်ဆက်တို့သာလျှင် သာသနာ့အကျိုး မထမ်းပိုးခဲ့သော်...
ကျွန်ုပ်တို့၏ ဘာသာရေးမဏ္ဍိုင် ခိုင်မြဲလေပါ့မလား။

သာသနာ့အာဇာနည် ရခိုင်ဘုရင် မင်းကောင်း မင်းမြတ်တို့၏ အကြောင်းကို သားငယ်သိအောင် ပြောပြရပေဦးမည်။ ။

**ဇော်မိန်း**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)





# ဝေသာလီဆည်သုံးတန်မှ ........................ ယေမမှာဂါထာကျောက်စာ


**ကျော်ထွန်းအောင်**

**ကျောက်စာမူရင်း အရေးအသား**

၁။ 
ယေ မ မာ ဟေ တု ပ္ပ ဘာ ဝါ တ

၂။ 
ထာ ဂ တာ အာ ဟ တေ

၃။ 
သ ဍ္ဍ ယော နိ ရော

၄။ 
ဓော ဓေ ဝံ ဝါ ဒီ မ

၅။ 
ဟာ သ မ

၆။ 
ဏော၊

**ခေတ်ကာလအရေးအသား**

၁။ ယေမမှာ ဟေတုပ္ပဘာဝါတ
၂။ ထာဂတော အာဟတေ
၃။ သဍ္ဍယောနိရော
၄။ ဓော ဓေဝံဝါဒီမ
၅။ ဟာသမ
၆။ ဏော

**ကျောက်စာနှင့် ပတ်သက်သည့် အကြောင်းအရာများ**

ဤကျောက်စာကို ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ဝေသာလီမြို့ဟောင်း ဆည်သုံးတန်မှ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအချိန်က ဝေသာလီကျေးရွာနေ ရေချမ်းဒကာ ဦးစံသာလှ ရရှိခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် မြောက်ဦးမြို့ ရှေးဟောင်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သုတေသနပြတိုက်သို့ လာရောက်လှူဒါန်းခဲ့သည်။ ပြတိုက်တာဝန်ခံ ဆရာကြီး ဦးဦးသာထွန်းသည် မိမိအိတ်မှ စိုက်ထုတ်ကာ ဆုငွေ ၅/– ချီးမြှင့်ခဲ့သည်ဟု မှတ်တမ်းတွင် တွေ့ရသည်။

ကျောက်စာကို သံကျောက်ပြားငယ်ပေါ်တွင် ရေးထိုးထားသည်။ အက္ခရာပုံသဏ္ဌာန်မှာ ဖြဟ္မီအက္ခရာမှ ရက္ခဝဏ္ဏအက္ခရာသို့ ကူးပြောင်းလာသော ရှေ့ပြေးရက္ခဝဏ္ဏ အက္ခရာမျိုး ဖြစ်သည်။ ပါဠိဘာသာဖြင့် ရေးထိုးထားသည်။ ယေဓမ္မာဂါထာတော် ဖြစ်သည်။


ယေဓမ္မာဂါထာတော်သည် အရှင်အဿဇိမထေရ်က အရှင်သာရိပုတ္တရာ အလောင်းတော်အား ဟောကြားသော တရားတော်ဖြစ်သည်။ အဓိပ္ပာယ်မှာ အကြင်တရားတို့သည် အကြောင်းကြောင့် အကျိုးဖြစ်၏၊ အကျိုးတရားကြောင့်လည်း အကြောင်းတရားဖြစ်၏၊ ကြောင်းကျိုးနှစ်ပါးတို့၏ ချုပ်ငြိမ်းရာသည် နိရောဓသစ္စာမည်၏။ မဟာရဟန်းကြီး(ဂေါတမ)သည် ဤသို့အယူရှိ၏ ဟူ၍ အဓိပ္ပာယ်ရ၏။

ဤကျောက်စာသည် ဝေသာလီဘုရားကြီးကျောက်စာနှင့် ရေးသားပုံချင်း အလွန်တူညီပေသည်။ စာဖတ်သူတို့ နှိုင်းယှဉ်ဖတ်ရှုနိုင်ရန် အောက်တွင် တင်ပြပါသည်။


**ဝေသာလီဘုရားကြီးကျောက်စာ**

၁။ 


ယေ ဓ မ္မာ ဟေ တု ပ ဘ ဝါ

၂။ 

ဟေ တု တေ သံ တ ထာ ဂ တော အာ ဟ

၃။ 

တေ သ ဉ္စ ယော နိ ရော ဓ

၄။ 

ဧ ဝံ ဝါ ဒီ မ ဟာ သ မ ဏ

ဝေသာလီဘုရားကြီး ကျောက်စာတွင် "ဟေတုတေသံ"ဟူသော စာပုဒ် တစ်ပုဒ်သာ အပိုပါရှိပြီး ကျန်ဂါထာ တစ်ပုဒ်လုံးမှာ အားလုံးတူညီနေသည်ကို တွေ့ရသည်။ အသေးစိတ်ဆန်းစစ်ကြည့်ပါက ဝေသာလီဘုရားကြီးကျောက်စာတွင် "ဟေတုပဘဝါ"ဟု ရေးပြီး ဆည်သုံးတန်ကျောက်စာတွင် "ဟေတုပ္ပဘဝါ" ဟူ၍ လည်းကောင်း၊ ဝေသာလီဘုရားကြီးကျောက်စာတွင် "ယောနိရောဓ"ဟု ရေးပြီး ဆည်သုံးတန်ကျောက်စာတွင် "ယောနိရောဓော" ဟူ၍ လည်းကောင်း၊ ဝေသာလီဘုရားကြီးကျောက်စာတွင် "မဟာသမဏ"ဟူ၍ ရေးပြီး ဆည်သုံးတန်ကျောက်စာတွင် "မဟာသမဏော" ဟူ၍လည်းကောင်း ရေးသားပုံချင်း အနည်းငယ်ကွဲပြားနေသည်များကို တွေ့ရသည်။

သုတေသီများက ဤကျောက်စာ၏ လက်ရေးလက်သားကို ကြည့်ပြီး အေဒီ ၉ ရာစု ဝေသာလီခေတ် နှောင်းပိုင်းဟု ယူဆကြသည်။ ယခုအခါ ဤကျောက်စာသည် ရခိုင်ပြည်နယ် မြောက်ဦးမြို့ ရှေးဟောင်းသုတေသန ပြတိုက်တွင်ပင် သိမ်းဆည်းထားဆဲဖြစ်ပါသည်။ ။

**ကျော်ထွန်းအောင်**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သံချောင်းနှင့်ကံကောင်း

• ကိုသံချောင်း(ကျောက်ဖြူ)



**သံချောင်း။** ။ အို … ကိုကံကောင်းပါလား၊ သီချင်းသံတွေ တကြော်ကြော်နဲ့၊ ထိုင်ပါဦး၊ မတွေ့တာ အတော်ကြာနေပါပြီ၊ ဘယ်ရပ် ဘယ်ဒေသကို ရောက်နေပါသလဲ။ ပျောက်လှချည်လား၊ အိမ်က ကျောင်းဒကာမကြီးနဲ့ ကလေးတွေကော နေကောင်းကြတယ် မဟုတ်လား။

**ကံကောင်း။** ။ ဟုတ်ကဲ့…အားလုံး နေကောင်းကြပါတယ်။ ကျွန်တော့်မှာလည်း ဃရာဝါသမှု ကိစ္စတွေ များလွန်းတော့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အသွား အလာ နည်းပါတယ်။

**သံချောင်း။** ။ ကျွန်တော်ကလည်း ကိုယ့်ရဲ့ မိတ်ဆွေကြီးဆိုတော့ အမြဲ သတိရနေတာပါ။ တရားစခန်းကိုလည်း ပေါ် မလာတာနဲ့ မိတ်ဆွေကြီး စိတ်ပြောင်းသွား သလားလို့ပါ။ ဒီပြင် တရားရိပ်သာများ ရောက် သွားသလားလို့ မှတ်နေတာ။

**ကံကောင်း။** ။ မဟုတ်ပါဘူး ကိုသံချောင်း၊ သားသမီးတွေကလည်း အရွယ် ရောက်လာတော့ စားဝတ်နေရေး တာဝန်က ကြီးလာတယ်။ စီးပွားရေးကလည်း အဆင်မပြေ ဘူး ဆိုပါတော့။ ဒါပေမဲ့ လူကသာ တရားစခန်း မရောက်နိုင်တာ၊ စိတ်ဆန္ဒကတော့ တရား ရိပ်သာကို အမှတ်ရနေဆဲပါ။ ဒါဖြင့် နေပါဦး… ရတနာမာရ်အောင် ဆရာတော်ရဲ့သတင်း ကြား ပါသလား။ ဆရာတော်ကြီးကို မဖူးမြော်ရတာ လည်း သုံးနှစ်တောင် ရှိနေပြီလေ၊ သတင်းလေး ဘာလေး ကြားရင် ပြောပါဦး။

**သံချောင်း။** ။ ဆရာတော်ကြီးကတော့ ပုဂံ၊ ညောင်ဦး၊ မန္တလေးဘက်မှာ တောရဆောက်တည်နေတယ်တဲ့။ ခု ရန်ကုန်၊ ပဲခူး၊ မြိတ်၊ ကော့သောင်း၊ ထားဝယ်၊ မော်လမြိုင်၊ သီပေါ စတဲ့ မြို့တွေမှာ တရားစခန်း ဖွင့်နေပြီလို့ သတင်းကြားတယ်။ စင်္ကာပူနဲ့ မလေးရှားနိုင်ငံ မှာလည်း ရက်ပေါင်း (၂၀) တရားစခန်း ဖွင့်လှစ် ခဲ့တယ်လို့ ဆိုတယ်။ ခုတော့ ရခိုင်ပြည်နယ် ကျောက်တော်မြို့နဲ့ စစ်တွေမြို့တွေမှာ တရား စခန်း ဖွင့်နေတယ်တဲ့။ စစ်တွေ တရားစခန်း ပြီးတော့ ရန်ကုန်ကို ကြွမယ်လို့ သိရတယ်။

ဆရာတော်ကြီးဟာ ရန်ကုန်မြို့၊ မင်္ဂလာဒုံ မြို့သစ် ဉာဏရပ်ကွက် နွယ်သာကီလမ်းမှာ အခြေချ သီတင်းသုံးနေထိုင်ဖို့လို့ သိရတယ်။ အဲဒီလမ်းမှာ ဒကာ ဒကာမတွေက မြေလှူဒါန်း ကြပြီး ဓမ္မာရုံတွေ၊ ကျောင်းဆောင်တွေ၊ ယောဂီ ဆောင်တွေ ဆောက်လုပ်နေကြပြီတဲ့။ ဓမ္မာရုံကြီး ဆို သိန်းပေါင်း လေးငါးထောင်တောင် ကုန်ပြီ ဆိုပါလား။

ကျွန်တော်တောင် ကျောင်းဒကာမနဲ့ တိုင်ပင် ပြီး ရန်ကုန်သွား၊ ဆရာတော်ကျောင်းမှာနေ၊ ကျောင်းတိုက် ဝေယျာဝစ္စကုသိုလ်တွေလုပ်ရင်း တရားအားထုတ်ရန် သွားရမလားလို့ စိတ်ကူးမိ တယ်ဗျာ။ ကိုကံကောင်းလည်း လိုက်ခဲ့ပါလား၊ သွားကြမယ်လေ။

**ကံကောင်း။** ။ ကျွန်တော်လည်း လိုက်ချင်ပါ တယ်ဗျာ၊ ဒါပေမဲ့ မိသားစု အတွက် ရှာရဖွေရဆိုတော့ လိုက်ဖို့မလွယ်ပါဘူး၊ သွားရေးလာရေး စတဲ့ စရိတ်ကိုလည်း ထည့် တွက်ရလိမ့်မယ်။

**သံချောင်း။** ။ နေပါဦး ကိုကံကောင်း၊ ခင်ဗျား က မိသားစုကို သံယောဇဉ်ကြီး တာကိုး။ နည်းနည်းလေးတော့ လျှော့လိုက်ပါဦး။

**ကံကောင်း။** ။ ဒါတွေကို ထားလိုက်ပါဦး… ကိုသံချောင်း၊ ဆရာတော်ကြီး တောရဆောက်တည်ပြီး အပြန် ဆရာတော်ကြီး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အား ပူဇော်ကန်တော့ရန်တော့ သွားချင်ပါတယ်။ စစ်တွေတရားစခန်း သွားမယ်ဆိုရင် ကျွန်တော့်ကိုလည်း ခေါ်ခဲ့ပါ၊ လိုက်ဖြစ်အောင် လိုက်မှာပါ။ ကျွန်တော် ဆရာတော်ကြီး ဩဝါဒထဲမှ ယနေ့တိုင် အမှတ်ရနေတဲ့ ဩဝါဒဟာ ကျွန်တော့်အတွက် ကျေးဇူးများပါတယ်၊ ကျွန်တော် တရားအားထုတ်ဖြစ်တာလည်း ဒီဩဝါဒကြောင့်ပဲ ဖြစ်ပါတယ်။

**သံချောင်း**။ ။ ကျွန်တော့်ကိုလည်း ပြောပြပါဦး။

**ကံကောင်း**။ ။ တရားအားမထုတ်လို့ တစ်မဂ်တစ်ဖိုလ် မရဘဲ အန္တပုထုဇဉ်ဘဝနဲ့ သေသွားကြမယ်ဆိုရင် ဒယ်အိုးထဲ ဆင်းဖို့သာ ပြင်ကြပေတော့... ဆိုတဲ့ ဩဝါဒကို ကျွန်တော် အမှတ်ရနေဆဲပါ။

**သံချောင်း**။ ။ ကျွန်တော်လည်း ဆရာတော်ကြီးထံမှ နာကြားရတဲ့ တရားတို့တွင် မှတ်မိတာလေးတွေကို ပြန်ပြီး ပြောပြပါမယ်။

ဝိပဿနာတရား အားမထုတ်ဘဲ သောတာပန်တည်ပြီး အထက်မဂ် အထက်ဖိုလ်ကို ရသွားတယ်ဆိုတာ မရှိပါဘူး။ ဒီတော့ တရားအားထုတ်ရမယ်။ တရားအားထုတ်မှ သောတာပန်တည်မှာ။ ဒါမှ အပါယ်က လွတ်မြောက်ကြပါမယ်။ သောတာပန် တည်ဖို့အတွက်...

ဆရာကောင်းကို မှီဝဲဆည်းကပ်ရမယ်
သူတော်ကောင်းတရားကို နာယူရမယ်
နှလုံးသွင်း မှန်ကန်ရမယ်
ဓမ္မာနုဓမ္မပဋိပတ်ကို ဖွဲလမ်းမှုကင်းအောင် တရားအားထုတ်ရမယ်။

ဒီတရားတွေဟာ ယောဂီသူတော်စင်အတွက် အရေးကြီးတဲ့တရား ဖြစ်ပါတယ် ကိုကံကောင်း။

**ကံကောင်း**။ ။ ကိုသံချောင်း ကျွန်တော် တစ်ခုမေးချင်ပါတယ်။ ကျွန်တော် တရားအားထုတ်ပေမယ့် တခြားစီ ဖြစ်နေတယ်၊ တရားမတက်ဘူး၊ တရားနာပြန်တော့လည်း လက်တွေ့မှာ တစ်မျိုးစီပါ။ တရားမကပ်ဘူးဆိုပါတော့။ ဒါတွေဟာ လိုအပ်ချက် ဘာတွေလဲ ဆိုတာ ရှင်းပြပါဦး ကိုသံချောင်း။

**သံချောင်း**။ ။ ကိုကံကောင်းရယ်... ဒါတွေအားလုံးဟာ တရားနာသူရဲ့ ချွတ်ယွင်းချက်၊ တရားဟောသူရဲ့ ချွတ်ယွင်းချက်ဆိုပြီး နှစ်မျိုးရှိပါတယ်။ တရားနာသူရဲ့ ချွတ်ယွင်းချက်ဆိုတာ တရားတော်ကို ရဟန်းသံဃာတော်ထံမှ နာယူတဲ့အခါ နာခံတဲ့ပုဂ္ဂိုလ်တွေဟာ တရားတော်ကို နားလည်သဘောပေါက်အောင် ဆန္ဒစေတနာ မပါဘဲ ဝတ်ကျေတန်းကျေ နာကြားကြတယ်။ ဟိုတွေး ဒီတွေး တရားကို စိတ်မဝင်စားဘဲ နာယူကြတယ်။ တရားအပေါ်





WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှာ လေးစားမှု မရှိဘူး။ ဒီလိုနာကြားမယ်ဆိုရင် တရားကို နားမလည်၊ သဘောမပေါက်၊ တရား အားထုတ်ပြန်တော့လည်း စိတ်အာရုံကို စူးစူး စိုက်စိုက် မထိန်းသိမ်းဘူးဆိုရင် အဲဒီပုဂ္ဂိုလ် တရားမတက်နိုင်ပါဘူး။

နောက်ပြီး ကျွန်တော် တစ်ခု ရှင်းပြပါဦး မယ်။ လျှာရှည်တယ်လို့ မထင်ပါနဲ့။ တရား ဟောသူရဲ့ ချွတ်ယွင်းချက်ဆိုတာ ရှိသေးတယ်။ တချို့ တရားဟော ဓမ္မကထိကတွေက 'တရား တော်ကို ရယ်စရာလုပ်ပြီး ဟောတယ်။ တချို့ ဓမ္မကထိကတွေကတော့ ဒါနကထာ၊ သီလ ကထာ၊ သဂ္ဂကထာမျှလောက်သာ ဟောတယ်။ တချို့ကတော့ ဒိဋ္ဌိသေအောင် အားထုတ်နည်းကို အရင်ဆုံး မဟောပြောကြဘဲ တဏှာသတ်နည်း ကို ဟောတယ်။ ဒီလို တရားဟောတဲ့ပုဂ္ဂိုလ် ဘက်ကလည်း ချွတ်ယွင်းချက်တွေ ရှိနေကြလို့ ယောဂီတွေရဲ့ နှလုံးသားမှာ တရားမတည်တာ လည်း ရှိကြပါတယ်။ ကျွန်တော်က ကိုကံ ကောင်းကို ပြောတာတော့ မဟုတ်ဘူးနော်၊ တရားဟောသူ၊ တရားနာသူမှာ ပြည့်စုံရမည့် သဘောကို ပြောတာပါ။

အချုပ်ပြောရရင်တော့ သက္ကာယဒိဋ္ဌိ၊ ဝိစိ ကိစ္ဆာ၊ သီလဗ္ဗတပရာမာသတို့ကို ရှေးဦးစွာ ပယ်သတ်နည်းကို မလုပ်ဘဲ ရာဂ ဒေါသ မောဟတို့ကို ပယ်သတ်လို့ မဖြစ်ပါဘူး။ တရား နာတဲ့အခါလည်း တရားတော်ကို အာရုံပြု နှလုံး သွင်းပြီး နာကြား၊ တရားအားထုတ်တဲ့အခါမှာ လည်း စူးစူးစိုက်စိုက် အားထုတ်မယ်ဆိုရင် ဓမ္မ အရသာကို ခံစားရမှာပါ။

**ကံကောင်း**။ ။ ဒီလိုဆို ကိုကံကောင်းရယ် ကျွန် တော် တစ်ခု ကြားဝင်ပြောပါရစေ။ မြတ်စွာဘုရားရှင်က သီလသိက္ခာ၊ သမာဓိ သိက္ခာ၊ ပညာသိက္ခာရယ်လို့ သိက္ခာသုံးပါး ဟော ထားတယ်မဟုတ်လားဗျာ...။

**သံချောင်း**။ ။ ဟုတ်ပါတယ် ကိုကံကောင်းရယ်၊ ဒါပေမဲ့ ပညာမပါတဲ့ သီလ သိက္ခာဟာ ခိုင်မြဲမှုမရှိဘူး။ ပညာမပါတဲ့ သမာဓိ ဟာလည်း အမှန်ကို မမြင်နိုင်ပါ။ ဒါ့ကြောင့် ပညာပါတဲ့ သီလ၊ ပညာပါတဲ့ သမာဓိဖြစ်အောင် ကြိုးစားအားထုတ်ဖို့ လိုပါတယ် ကိုကံကောင်း ရယ်။

ပြောပြောဆိုဆို ဆွေးနွေးလာကြတာ အချိန် လည်း အတော်လင့်သွားပါပြီ။ နောက် ဝမ်းသာ စရာ သတင်းတစ်ခု ပြောချင်ပါသေးတယ်။ ရတနာမာရ်အောင် ဆရာတော်ကြီးရဲ့ သက်တော် (၅၀)ပြည့် မွေးနေ့ ရွှေရတုသဘင်ကြီးကို မြောက်ဦးမြို့မှာပဲ ပြုလုပ်ကျင်းပမယ်တဲ့။ သံဃာ တော် အပါး (၁၀၀၀) ပင့်ပြီး လှူဖွယ်ဝတ္ထု စုံစုံလင်လင် လှူဒါန်းမယ်လို့ သတင်းကြားတယ် ဗျာ။


အဲဒီရွှေရတုပွဲတော်မှာမှ ကိုကံကောင်းနဲ့ ပြန်ဆုံကြမယ်လေ။ ဒီတော့ အမောပြေသွား အောင် အရိုးဒေါ်ရွှေရီ ဈေးက ဝယ်ယူလာတဲ့ ပြောင်းဖူးဖုတ်နဲ့ ရေနွေးကြမ်း သောက်ကြမယ် ကိုကံကောင်းရယ်။ ။

**ကိုသံချောင်း (ကျောက်ဖြူ)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သရဏဂုံသုံးပါးနှင့်လောကဓံ



ခိုင်ခိုင်စိုး (မင်းဗြား)

သရဏဂုံသုံးပါး ဆိုသည်မှာ… ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ… မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏၊ တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏၊ သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏ ဟူ၍ ဖြစ်ပါသည်။

လောကဓံတရား ဆိုသည်မှာ… လောကသူ လောကသား အားလုံး မလွဲမသွေ တွေ့ကြုံရမည့် ကောင်းခြင်း ဆိုးခြင်း သဘောတရားကို ခေါ်ပါသည်။ လောကဓံတရားသည် ရှစ်ပါးရှိ၏။ ယင်းတို့မှာ လာဘော–အလာဘော၊ ယသော–အယသော၊ နိန္ဒာ–ပသံသာ၊ သုခံ–ဒုက္ခံဟူ၍ ဖြစ်၏။

အဓိပ္ပာယ်ကား… **လာဘ်လာဘ ရရှိခြင်း၊ လာဘ်လာဘ မရရှိခြင်း၊ အခြွေအရံများခြင်း၊ အခြွေအရံ နည်းပါးခြင်း၊ ချီးမွမ်းခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း**တို့ပင် ဖြစ်ပါသည်။

လောကီရတနာများဖြစ်သည့် ရွှေ ငွေ စိန် ကျောက် ပတ္တမြား စသည်တို့ကား တန်ဖိုးကြီး၍ ရှားပါး၏။ လူသာမန်တို့ မသုံးဆောင်နိုင်ကြပါ။ ကမ္ဘာ့တန်ဖိုး အကြီးဆုံးနှင့် အကြီးဆုံးစိန်သည် ဗြိတိသျှဘုရင်မ အယ်လိဇဘက်၏ သရဖူတွင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သာ ရှိသည်ဟု ကြားဖူးပါသည်။ တန်ဖိုးရှိသော ရတနာသည် မြင့်မြတ်သူတို့၏ထံမှာ ရှိခြင်း သဘော ဖြစ်ပါသည်။ စကြာမင်းတို့နှင့်သာ ထိုက်တန်သော ပတ္တမြားရတနာသည် အစွမ်း သတ္တိ အလွန်ရှိ၏။ လက္ခယ်ညတွင် အတောင် (၆၀)မြင့်သော တိုင်ထိပ်၌ တင်၍ထားလျှင် ယူဇနာ (၁၀၀) လင်းသည်ဆို၏။ တစ်ယူဇနာ သည် မိုင်(၁၂)မိုင် ရှိသည်ဟုဆိုသော နှုန်းထား နှင့် တိုင်းတာလျှင် မိုင်ပေါင်း (၁၂၀၀)လင်းမည် ပင် ဖြစ်ပါသည်။

ထိုပတ္တမြားရတနာကို ပူနေသော ရေထဲသို့ ထည့်လိုက်လျှင် ချက်ချင်းအေးမြသွားသည် ဆို၏။ အနည်များထ၍ နောက်ကျိနေသော ရေထဲသို့ ထည့်လိုက်လျှင်လည်း အနည်များ ကြည်လင်သွားသည်ဟု ဆို၏။ အမှိုက်မြူ ဖုံး လွှမ်းနေသော ရေထဲသို့ ထည့်လိုက်လျှင်လည်း မြူမှုန်များ ဘေးသို့ဖယ်ရှားသွားသည်ဟုလည်း ဆို၏။ သို့သော် ကိလေသာအညစ်အကြေး ကိုတော့ ပယ်ရှားရန် မစွမ်းနိုင်ချေ။ သို့ဖြစ်၍ မွန်မြတ်သော ရတနာကား မဟုတ်ပါ။ ရတနာ အတုအယောင်သာ ဖြစ်၏။ ထို့ပြင် လယ်ယာ အိုးအိမ်ဟူသော ပစ္စည်းဥစ္စာ အာဏာပါဝါတို့ သည်ကား ပိုင်ဆိုင်သူကိုပင် ခြောက်လှန့်တတ် ၏။ နေ့မှာမြှောက်၍ ညမှာ ခြောက်တတ်ပါ သည်။

လောကုတ္တရာရတနာဖြစ်သော ရတနာ သုံးပါးသည်ကား နေ့တွင်တည်လျှင် နေ့တွင် ကြည်လင်၍ ညမှာတည်လျှင်လည်း ညမှာ ကြည်လင်နိုင်ပါ၏။ သို့ဖြစ်၍ လေးလေး နက်နက် အာရုံပြုလျက် မြတ်နိုးအပ်သော ရတနာ စစ် ရတနာမှန်ပင် ဖြစ်ပါသည်။ လောကုတ္တရာ ရတနာကို လိုချင်လျှင် ရပ်ချောမှ ငွေကြေးလည်း ချမ်းသာ၊ အမျိုးလည်းမြတ်မှ ပိုင်ဆိုင်ခွင့်ရသည် မဟုတ်၊ ယုံကြည်မှုသဒ္ဓါတရားရှိလျှင် အမျိုး ဘာသာမရွေး သရဏဂုံသုံးပါးအား ဆည်းကပ် ခွင့်၊ ကိုးကွယ်ပူဇော်ခွင့်ကို ရရှိနိုင်ပါသည်။

လောကသားအများစုသည် ကောင်းသော လောကခံကို လောကခံဟူ၍ မသတ်မှတ်ဘဲ ဆိုးသောလောကခံကိုသာ လောကခံဟူ၍ သတ် မှတ်ကြပေသည်။ မည်သို့ပင်ဖြစ်စေ လောက သားတိုင်းသည် အဆိုးလောကခံနှင့်ချည်း မကြုံ သလို အကောင်းလောကခံနှင့်ချည်းလည်း မကြုံ နိုင်ပေ။ နာတစ်ခါ သာတစ်လှည့် ဘဝဇာတ်ခုံ ပေါ်မှာ ကပြကြရပါမည်။ ရေစီးတစ်ခါ ရေသာ တစ်လှည့်ပင်ဖြစ်၏။ တစ်ဘဝလုံး ကံဆိုး မိုးမှောင်ကျရောက်သူနှင့် တစ်ဘဝ တစ်ဇာတ် ကံကောင်းကြသူများလည်း ရှိကောင်း ရှိနိုင်ပေ လိမ့်မည်။ သို့သော် အလွန်ရှားပါးသော ဘဝမျိုး ပင်ဖြစ်၏။

လောကခံဒဏ်ကို မခံနိုင်ကြသောသူတို့ သည် လေယူရာတိမ်း ယိမ်းနွဲ့ရခြင်း၊ စာရိတ္တ ပျက်ကြရခြင်း၊ ဘဝင်မြင့်နေကြရခြင်း၊ မိုက်ရူးရဲ ဆန်နေကြရခြင်းသည်ကား ဘုရားစကားကို နားမလည်၊ ဘုရား၏အဆုံးအမကို သဘော မပေါက်ကြသဖြင့် ဘဝ၏အနှစ်သာရကို မရရှိ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြဘဲ ရေစုန်မျောနေကြသူများပင် ဖြစ်ပါသည်။

တချို့သောသူတို့သည် ဘုရား၏ အဆုံးအမကို မသိရှိကြသဖြင့် မပေါင်းသင့်သူနှင့် ပေါင်းသင်းကြသောကြောင့် ဘဝရေတိမ် နစ်မြောကြရပေသည်။ မိတ်ကောင်းဆွေသဟာနှင့် ပေါင်းသင်းရသော်လည်း မိမိ၌ နှလုံးသားဓာတ်ခံ မကောင်းသဖြင့် သူ၏စကား၊ အကျင့် စသောဓလေ့စရိုက်သည် မထင်ဟပ် မသက်ဝင်ဘဲ တစ်ယူသန် တဇောက်ကန်း အယူဝါဒကိုသာ ကျင့်သုံးလေ့ရှိကြပြန်သည်။

စင်စစ် ရတနာသုံးပါး၏ ဂုဏ်တော်များသည် နှိုင်းယှဉ်ဖွယ်ရာမရှိအောင် တန်ဖိုးကြီးလှပေသည်။ ဗုဒ္ဓသည် သတ္တဝါများ ဘဝသံသရာမှ လွတ်မြောက်ရေးအတွက် သစ္စာလေးပါး တရားတော်ကို ဟောကြားခဲ့ပေသည်။ သံဃာတော်အရှင်မြတ်တို့ကလည်း ဗုဒ္ဓ၏တရားတော်များကို စုစည်းလျက် မပျက်စီးရအောင် ကာကွယ်စောင့်ရှောက်လျက် သာသနာ့တာဝန်ကို ထမ်းဆောင်နေကြပါသည်။ ပါဠိဘာသာနှင့် ရေးသားထားသော ဗုဒ္ဓ၏ဓမ္မများကို မြန်မာဘာသာပြန်ဆို၍လည်းကောင်း၊ အခြားသော ဘာသာစကားများဖြင့် ပြန်ဆို၍လည်းကောင်း ထားကြပါသည်။ ဤသည်ကား သာသနာတော် စည်ပင်တိုးတက်ရေးအတွက် ဆောင်ရွက်နေကြခြင်းပင်ဖြစ်၏။

သို့သော် သာသနာတော်ကို ဒိုင်းလွှားသဖွယ် အကာအကွယ်ပြုလျက် ကိုယ်ကျိုးကို ရှာဖွေနေကြသော ပုဂ္ဂိုလ်များလည်း ရှိကြပါသည်။ မိမိကိုယ်ကို အထင်ကြီးအောင် အယောင်ဆောင်ပုဂ္ဂိုလ်များလည်း ရှိကြပြန်၏။ အနှစ်မပါ အခွံဗလာပုဂ္ဂိုလ်များကို ဆရာတင်မမှားဖို့ အရေးကြီး၏။ စစ်မှန်သော ရတနာဖြစ်သော ဆရာကောင်းဆရာမှန်ကို ရှာလိုလျှင် လောဘ၊ ဒေါသ၊ မောဟ နည်းပါးသည့်ပုဂ္ဂိုလ်ကို ချဉ်းကပ်ရပါမည်။ လောကီဆရာ အရွေးမှားလျှင် တစ်ဘဝသာ နစ်မြောမည်ဖြစ်သော်လည်း လောကုတ္တရာဆရာ အရွေးမှားလျှင် တစ်သံသရာလုံး မှောက်တတ်ပါသည်။

သရဏဂုံသုံးပါးကို ကျော်လွန်၍ အခြားအခြားသော ဘိုးတော်များ၊ ဖန်ဆင်းရှင်များ၊ ပျောက်စေ ဖြစ်စေ ဆရာများကို အားကိုးပြီဆိုလျှင် သရဏဂုံ ပျက်စီးလေ၏။

သို့ဖြစ်၍ သပ္ပုရိသူပနိဿယ–သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊ မိတ်ကောင်းဆွေမွန်ကို မှီဝဲဆည်းကပ်ရခြင်းသည် ပစ္စုပ္ပန်သံသရာအတွက် အကျိုးများ၏။ နိဗ္ဗာန်မဂ်ဖိုလ်ရရှိရေးအတွက်လည်း အလွန်အရေးကြီး၏။ စင်စစ် လူသားမှန်သမျှသည် ဘဝလောကဓံကြံ့ကြံ့ခံနိုင်ဖို့လည်း လိုအပ်ပါသည်။ များသောအားဖြင့် အဆိုးလောကဓံကို ခံနိုင်ရည်ရှိကြစေကာမူ အကောင်းလောကဓံကိုတော့ ခံနိုင်ဖို့ခက်ခဲပါသည်။ သည်နေရာမှာ ဒဏ္ဍာရီမဟုတ်ဘဲ တကယ်ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။

နှလုံးရောဂါရှိသော လူနာတစ်ယောက်ကို ရှေ့နေကြီးတစ်ယောက်က အရေးကြီးသော ဝမ်းသာစရာစကားတစ်ခွန်းပြောရန် ရောက်လာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၏။ နှလုံးရောဂါကို စမ်းသပ်ရန် ဆရာဝန်တစ်ဦးကိုလည်း ခေါ်လာ၏။ ရှေ့နေကြီးက ရောဂါရှင်အား မဖြစ်မနေပြောရမည်ဖြစ်သော်လည်း အမှန်တော့ မပြောချင်ပါ။ ဝေဒနာရှင်ကို စိုးရိမ်၍ဖြစ်သည်။ ဝေဒနာရှင်က အာမခံချက်ပေးလျက် ပြောသာပြောပါ ကျွန်တော် သတိထားပြီး နားထောင်ပါမည်ဟု ဆိုသဖြင့် ရှေ့နေကြီးက ပြောပြရတော့၏။

ရှေ့နေကြီးက လူနာအား ပြောပြသည်မှာ...

"မင်းဖခင်ထံမှ အမွေအနှစ် ဘီလီယမ်သန်းပေါင်း ဘယ်မျှပေးခဲ့တယ်၊ မင်း စိတ်မလှုပ်ရှားနဲ့"ဟု ဆို၏။

သည်အခါ နှလုံးရောဂါသည်က...

"ဒီလောက်များတဲ့ငွေကို ကျွန်တော်တစ်ယောက်တည်း ဘာလုပ်မှာလဲ၊ ဒီလို သတင်းကောင်းလာပြောတဲ့ ရှေ့နေကြီးကို တစ်ဝက်ခွဲပေးပါမယ်"ဟု ပြောလိုက်သောအခါ ရှေ့နေကြီးထံမှ ဘာသံမှ ထွက်မလာပါ။

ထိုအခါ ဆရာဝန်က ရှေ့နေကြီးကို စမ်းသပ်ကြည့်ရာ ရှေ့နေကြီး သေဆုံးသွားပြီဖြစ်၏။ ချမ်းသာခြင်းကို မခံနိုင်လို့ ဖြစ်၏။

စာရေးသူသည် ကောင်းသောလောကဓံကို များများစားစား မခံစားဖူးသော်လည်း အဆိုးလောကဓံကိုတော့ ပြည့်ပြည့်စုံစုံ တွေ့ကြုံဖူးပါသည်။

လောကဓံကို ခံရသောအခါ အစမှာ စိတ်တုန်လှုပ်ခဲ့သော်လည်း ဗုဒ္ဓတောင်မှ လောကဓံကို ခံရသေးပါလားဟု ဆင်ခြင်ကာ တရားနှလုံးသွင်းခဲ့ရပါသည်။ ဗုဒ္ဓသည် သုန္ဒရီပရိဗိုဇ်မ၊ စိဉ္စမာနတို့၏ စွပ်စွဲခြင်း၊ ဒေဝဒတ်၏ အတိုက်အခိုက်၊ ဗကပြဟ္မာမင်း ဝါဒရေးရာများကို တော်လှန်ခဲ့ရသေးသည်။ ပုထုဇဉ်တို့ ခံရသည့် လောကဓံကား နည်းတောင်နည်းသေးသည်။

သရဏဂုံသုံးပါးသည် အလွန်ထက်မြက်တန်ဖိုးကြီး၏။ ဆိုလိုသည်မှာ သမာပတ်ရှစ်တန်၊ အဘိဉာဏ်ငါးပါးနှင့် ပြည့်စုံသော သာသနာပကာလ၌ ရှိကြသော ရသေ့ ရဟန်းများကို လှူဒါန်းရသည်ထက် သာသနာတွင်းကာလ၌ သရဏဂုံသုံးပါးနှင့် ပြည့်စုံသော လူဝတ်ကြောင်ကို လှူဒါန်းရသည်က ပို၍အကျိုးများသည်ဟု ကြားနာဖူးသည်။ ထိုတရားတော်ကို ထောက်ဆလျှင် ဗုဒ္ဓ၏သာဝကများကို လှူဒါန်းထောက်ပံ့ကြမည်ဆိုလျှင် အကျိုးအနန္တပင်ဖြစ်၏။

သို့ဖြစ်၍ သရဏဂုံသီလကို မိမိကိုယ်တိုင်လည်း လုံခြုံအောင် ထိန်းသိမ်း၊ သရဏဂုံသုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ကိုလည်း ကိုးကွယ်ဆည်းကပ်၊ သပ္ပုရိသူပနိဿယဖြစ်အောင် ဘုရားတပည့်သား သာဝကများကိုလည်း ဆရာအဖြစ်ရွေးချယ်လျက် ဘဝလောကဓံနှင့် ကြုံလာလျှင်လည်း တရားဘာဝနာတို့ဖြင့် ဆင်ခြင်နှလုံးသွင်းလျက် တစ်ဘဝ တစ်ဇာတ်၌ အနေတတ်ကြပါစေဟု တင်ပြရင်း ဤဆောင်းပါးဖြင့် လက်ဦးဆရာ ရတနာမာရ်အောင် ဆရာတော်ကြီး၏ နှစ်(၅၀)ပြည့် မွေးနေ့ကို ပူဇော်ပါ၏။ ။

**နိုင်နိုင်ဦး (မင်းပြား)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ဆန္ဒ၏ထင်ဟပ်မှု

ရှီ (ကျောက်ဖြူ)

ကျေးဇူးပြုခြင်းနှင့် ကျေးဇူးဆပ်ခြင်းဟူသော တရားနှစ်ပါးသည် လောကတွင် အပြန်အလှန်သဘောအားဖြင့် အမြဲသဟဲပြုနေကြ၏။ ကြာပန်းသည် ရေကြောင့် ဖူးပွင့်သလို ရေသည်လည်း ကြာကြောင့် တင့်တယ်ပါသည်။ သို့ဖြစ်၍...

"ကိုယ့်မှာပြုဖူး၊ သူ့ကျေးဇူးကို
ထိန်မြူးမအပ်၊ တုံ့ပြန်ဆပ်"ဟူ၍ မဃဒေဝလင်္ကာတွင် မန်လည်ဆရာတော်ဘုရားကြီးက



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လမ်းညွှန်ထား၏။ ကျေးဇူးတရားကို ပြန်၍ ပေးဆပ်ရမည်၊ ကျေးဇူးရှင်အား မမေ့အပ်၊ ကျေးဇူးတရားကို ပြန်၍မဆပ်နိုင်စေကာမူ ကျေးဇူးရှင်အား မပြစ်မှားအပ်ဟု ဆိုလိုပေသည်။

စာရေးသူသည် ကျေးဇူးရှင်အား ဤဆောင်းပါးဖြင့် ကျေးဇူးဆပ်မည်ဆိုပါက မလုံလောက်ပေ။ သမုဒ္ဒရာဝယ် မိုးရေတစ်ပေါက်ကျသလိုသာ ဖြစ်ပါလိမ့်မည်။ သို့သော်လည်း စာရေးသူ၏ ကျေးဇူးရှင်ဖြစ်သော မြောက်ဦးမြို့ ရတနာမာရ်အောင် ဆရာတော်၏ သက်တော်နှစ်(၅၀)ပြည့် မွေးနေ့တွင် ဤဆောင်းပါးငယ်ဖြင့် အရှင်၏ကျေးဇူးကို ဆပ်ခွင့်ရသဖြင့် ဝမ်းသာလှပါ၏။

### ဆန္ဒစေတနာဖြစ်ပေါ်လာ

စာရေးသူတို့မိသားစုနှင့် ဤအရှင်သည် ရင်းနှီးကြ၏။ အရှင် ယပ်လှဲကျောင်း ပရိယတ္တိစာသင်တိုက် (ကျောက်ဖြူ)တွင် စာပေသင်ကြားနေစဉ်ကပင် အရှင်၏ထူးခြားသော ကြည်ညိုဖွယ်ရာ ပုံရိပ်ကို သတိပြုမိခဲ့၏။ ထို့နောက် အရှင်မှာလည်း တောရဆောက်တည်ခြင်း၊ ဓမ္မရိပ်သာအသီးသီးဝယ် တရားအားထုတ်ခြင်း စသည်များကို အနယ်နယ် အရပ်ရပ်သို့ ကြွရောက်လျက် ကြိုးပမ်းနေခြင်းကြောင့် အရှင်နှင့် စာရေးသူတို့ နှစ်ကာလအတော် အဆက်အသွယ်ပြတ်သွားခဲ့၏။ တစ်ဖန် အရှင် မြောက်ဦးမြို့ ရတနာမာရ်အောင် တောရကျောင်းတွင် သီတင်းသုံးနေထိုင်စဉ်မှာတော့ အရှင်၏ဂုဏ်သတင်း စကားများကို စတင်ကြားသိလာ၏။ အရှင်၏ သီလ၊ သမာဓိ၊ ပညာ ဂုဏ်သတင်းများကို ကြားသိရ၍ စာရေးသူတို့မိသားစု အရှင်အား အဝေးမှ ကြည်ညိုသဒ္ဓါ ပွားနေခဲ့ကြ၏။

စာရေးသူ၏ ညီမငယ်က ဦးဆောင်၍ ကျောက်ဖြူမြို့ ယပ်လှဲကျောင်း ပရိယတ္တိစာသင်တိုက်တွင် ဆရာတော်အား ပင့်၍ "၁၁"ရက် တရားစခန်းကို ၁၉၉၅ ခုနှစ်က စတင်၍ ဖွင့်လှစ်ခဲ့ကြ၏။ ထိုနှစ်မှစ၍ ကျောက်ဖြူမြို့တွင် "၁၁"ရက် တရားစခန်းကို နှစ်စဉ်မပျက် ဖွင့်လှစ်ခဲ့ကြရာ ယနေ့တိုင်ဖြစ်၏။ ဤအရှင်၏ ကျော်စောသတင်းမှာလည်း သူတော်စင်တို့၏ နှုတ်ဖျားဝယ် ပြောမဆုံးပေါင် တောသုံးထောင်ပင်ဖြစ်၏။ ဤအရှင်၏လမ်းညွှန်ခြင်းကို ခံယူလျက် ကျောက်ဖြူ "၁၁"ရက် တရားစခန်း ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းလာကြရာ ကြိုးစားကြသည့်အလျောက် ယနေ့တိုင် မပျက်မစီးဘဲ တရားအားထုတ်သူ ယောဂီသူတော်စင်များလည်း တစ်နှစ်ထက်တစ်နှစ် တိုးပွားလာ၏။ ဤကား အရှင်၏ကျေးဇူးဂုဏ်ကြောင့်ပင်ဖြစ်၏။

သို့သော် ကျောက်ဖြူတွင်ဖွင့်သော တရားစခန်းတွင် စာရေးသူ ယခင်က မဝင်ဖြစ်ခဲ့ပါ။ အခြားသော ဓမ္မရိပ်သာမှာတော့ ဝင်ရောက်၍ တရားအားထုတ်ဖူး၏။ ထို့ကြောင့် အရှင်၏ ကျောက်ဖြူတရားစခန်းကို ဝင်ဖြစ်အောင် ဝင်မည်ဟူသော ဆန္ဒသည် ဖြစ်ပေါ်လျက်ရှိ၏။

ကျောက်ဖြူတွင် ရိပ်သာဖွင့်ချိန်ဝယ် စာရေး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သူမှာ အိမ်တွင် နေခဲ့ရပြီး အိမ်၏ စီးပွားရေး လုပ်ငန်းတွင် ခေတ္တ ကူညီနေရသောကြောင့် တရားစခန်း ဝင်မဖြစ်ခဲ့ပါ။ ဟင်းအိုးမွှေသော ယောက်မသည် ဟင်း၏အရသာကို မသိသလို **"ငါဟာလဲ ဟင်းမွှေယောက်မ ဖြစ်မနေပါလား"** ဟု မိမိကိုယ်ကို မိမိ သုံးသပ်မိပေသည်။

### တရားဒေသနာ နာယူကာ

စာရေးသူမှာ ကျောက်ဖြူတရားစခန်းဝင်ဖို့ မကြုံသေး၍သာဟု မိမိကိုယ်ကို မိမိ နှစ်သိမ့်နေမိ၏။ (၄)ကြိမ်မြောက် ကျောက်ဖြူတရားစခန်း နောက်ဆုံးနေ့ စာရေးသူ ရတနာမာရ်အောင် ဆရာတော်ထံ သွားရောက်၍ ဆရာတော်အား လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့၏။ စကြံ့ချိန်ဖြစ်၍ ဆရာတော်အား လာရောက် ဖူးမြော်သူတို့ ရှိနေကြ၏။ ဆရာတော်က "နိဗ္ဗာန ပစ္စယော ဟောတု"ဟူ၍ တိုင်ပေးကာ နိဗ္ဗာန်ကို အာရုံပြု၍ လှူဒါန်းရန် မိန့်ကြားတော်မူ၏။ ပြီးလျှင် ဆရာတော် တရားဟောချိန်ဖြစ်၍ ပလ္လင်ပေါ်သို့ တက်သွားလေတော့၏။

ဆရာတော်၏ တရားကို နာပြီးမှ ပြန်မည်ဟု ဆုံးဖြတ်ကာ တရားပွဲကျင်းပရာ ကျောင်းကြီး အပေါ်ထပ် နောက်ဘက်နေရာတစ်ခုတွင် နေရာယူပြီး စိတ်ကို ငြိမ်အောင်ပြုပြင်ရင်း အတွေးများဖြင့် ဆူပွက်နေ၏။ စိတ်သည် တော်တော်နှင့် မတည်ငြိမ်နိုင်၊ ဆရာတော်က...

"ဘာပဲလှူလှူ နိဗ္ဗာန်ကို အာရုံပြု၍လှူ" ဟူသော တရားတော်ကို ကြားရတော့...

"ဩော်... ငါ့မှာ လောကီအစီးအပွားလဲ ဘာမှ မပြည့်စုံသေးဘူး၊ လောကီလိုအပ်ချက်တွေ အများကြီး လိုအပ်နေသေးတယ်၊ နိဗ္ဗာန်ဆိုတာ အဝေးကြီးပါလား"ဟု စာရေးသူ တွေးမိပြန်၏။

စာရေးသူ၏စိတ်သည် ဆရာတော် ဟောနေသော တရားနှင့် လုံးဝပတ်သက်မှု မရှိ၊ တစ်ဖန် ဆရာတော်က...

"ဒီဒါနအကျိုးကြောင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုး တောင့်တတဲ့ အတိုင်း ပြည့်စုံကြပါစေ"ဟူ၍ ဆုပေးသောအခါ စာရေးသူ၏စိတ်သည် တည်တည်ငြိမ်ငြိမ်ဖြစ်သွားတော့၏။ ဆရာတော်၏အသံ၊ ဆရာတော်၏ တရားစကားကို ခုမှ အာရုံဝင်လာ၏။

ပုထုဇဉ်တို့၏ စိတ်အာရုံသည် လောကုတ္တရာအကျိုးထက် လောကီကောင်းကျိုး ကို အားသန်ကြ၏။ သို့ဖြစ်၍ သံသရာမှ မလွတ်မြောက်နိုင်ကြပါလားဟုလည်း စာရေးသူ တွေးမိပြန်၏။

စာရေးသူ ဆရာတော်၏တရားကို နာကြားရခြင်းသည် ဤအကြိမ် ပထမဆုံးဖြစ်၏။ ဆရာတော်၏ ကြည်လင်သောအသံ၊ ထိမိပြတ်သားသော တရားတော်ကို နာခံမှတ်သား ကြားနာရသောကြောင့် စိတ်သည် စုစည်းထက်မက စုစည်းလာ၏။ စာရေးသူ မျက်ရည်အသွယ်သွယ် ကျမိ၏။ သို့သော် ငိုခြင်းမဟုတ်ပါ၊ ပီတိမျက်ရည်ပင်ဖြစ်၏။ ဆရာတော်ပေးသောဆုသည် စာရေးသူ လိုလားနေသောဆုနှင့် တူနေပါလားဟူ၍ အံ့ဩခြင်းများဖြစ်ကာ ပီတိမျက်ရည်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျမိ၏။ နောက်ဆုံး မမြဲခြင်းသဘောကို ရှုမှတ်၍ အတန်ငယ်နေပြီးမှ ကိုယ်ရောစိတ်ပါ ငြိမ်သက်ကာ တရားတော်ကို ဆက်လက်နာကြားနိုင်၏။

တစ်ဖန် ဆရာတော် ခါတိုင်းပေးနေကျ ဆုမှာ...

"ဤသာသနာတွင်းမှာပင်လျှင် အားထုတ်ဆဲ၊ အားထုတ်လတ္တံ့ဖြစ်သော ဒါန၊ သီလ၊ စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် လျှင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ ရလွယ်၊ ရောက်လွယ်၊ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေ"ဟူ၍ ဆုပေးနေပြန်သည်။

ဤသို့ ဆရာတော်က စာရေးသူ ကြံရွယ်လျှင် ကြံရွယ်သည့်ဆန္ဒအတိုင်း ဆုပေးနေပါလားဟု စိတ်ထဲတွင် အံ့သြခြင်း၊ လေးစားခြင်း၊ ကြည်ညိုခြင်းများစွာဖြင့် ဆရာတော်အား အကြိမ်ကြိမ် ရှိခိုးမိခဲ့ပါ၏။

စာရေးသူသည် ဆရာတော်၏ခြေရင်းသို့ ဝင်ရောက်ရခြင်းကား နောက်ကျခဲ့ပေ၏။ ဤသို့ ကြွေလွင့်ခဲ့ရသော အချိန်များကို နှမြောခြင်းကြီးစွာ ဖြစ်မိ၏။ သို့သော် အချိန်မနှောင်းသေးပေ။ အဓိကမှာ တရားတော်ကို လိုလိုချင်ချင် အားထုတ်ဖို့သာ အရေးကြီးသည်။ အမှန်မှာ မိမိစိတ်ဆန္ဒကို ထပ်တူထပ်မျှ သိနေသော ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်များကို စိတ်ထဲဝယ် မှတ်မှတ်ထင်ထင် ဖြစ်နေဆဲပါ။

တစ်နေ့တွင် စာရေးသူသည် တရားစခန်း အမြဲဝင်နေသော ဓမ္မမိတ်ဆွေတစ်ဦးနှင့် ရိပ်သာအတွေ့အကြုံများကို ပြောဆိုမိကြရာ စာရေးသူက မိမိ 'လောကီ'ဆုကို တောင့်တမိရာ ဆရာတော်ကလည်း လောကီဆုကို ပေးသဖြင့် တိုက်ဆိုင်မှုရှိကြောင်း ပြောပြမိ၏။ ထိုဓမ္မမိတ်ဆွေက အံ့သြစွာဖြင့် တရားစခန်းမပြီးမီ တစ်ရက်က ဆရာတော်ပေးသောဆုကို အံ့သြမိတယ်လို့ မှတ်နေတာ၊ အဲဒီနေ့က ဆရာတော်ဟာ ပေးနေကျဆုကို မပေးဘဲ "လောကီ၊ လောကုတ္တရာ" နှစ်ဖြာသောအကျိုး ဆိုတဲ့ဆုကို ပေးနေတော့ ထူးခြားနေတယ်လေဟူ၍ ဆို၏။

ဤသို့ ဆန္ဒသဘောတိုက်ဆိုင်မှုများ ရှိကြပါ၏။ သို့ဖြစ်၍ သည်နှစ် တရားစခန်း ဝင်ဖြစ်အောင် ဝင်မည်ဟု ဆုံးဖြတ်ချက်ချထား၏။

အချိန်သည် တဖြည်းဖြည်း ရွေ့လျောကာ စာရေးသူ၏ မွေးနေ့မကျမီ (၁)ရက်အလို ဖေဖော်ဝါရီ (၂၅)ရက်နေ့သို့ ကျရောက်လာ၏။ ထိုအချိန် စာရေးသူ၏ ညီမဖြစ်သူက "မြောက်ဦးဆရာတော် ကြွလာတယ်"ဟု အားရဝမ်းသာ ပြောသံကြောင့် အိမ်ရှေ့သို့ ထွက်လာပြီး ဆရာတော်အား ဖူးမြော်လိုက်၏။ မိသားစုအားလုံးလည်း ကန်တော့ကြ၏။ စာရေးသူ သစ်သီးဖျော်ရည်ကပ်ရင်း "အရှင်ဘုရား... အကြောင်းလည်းမကြား အဆက်အစပ်မရှိ၊ မြောက်ဦးက ဘယ်လိုကြွရောက်လာတာလဲဘုရား"ဟု လျှောက်မိ၏။

ဆရာတော်က... "မအီက မယ်တော်နေမကောင်းလို့ ပင့်သဖြင့် မနေ့က ကြွလာတာ၊



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒီနေ့လဲ မအီမှာ နေ့ဆွမ်းသုံးမလို့ ပြင်ဆင်နေပြီ၊ ကျောက်ဖြူကို လာချင်စိတ်ဖြစ်လာတာနဲ့ ချက်ချင်း ဘုတ်စီစဉ်ပြီး ကြွလာခဲ့တာ၊ ဆွမ်းကိုလဲ ဘုတ်ထက်မှာပဲ သုံးခဲ့ရတယ်"ဟု မိန့်ကြားတော်မူသည်။

ဆရာတော် စာရေးသူ၏မွေးနေ့နှင့် တိုက်တိုက်ဆိုင်ဆိုင် ကြွလာသဖြင့် ဆရာတော်အား အိမ်မှာ ပရိတ်တရားဟောပေးရန် လျှောက်ပြီး ပဒေသာပင်များလည်း လှူဒါန်းကြသည်။ စာရေးသူမှာ ဆရာတော်၏ဆန္ဒသဘောထားနှင့် စာရေးသူဆန္ဒသဘောထား တိုက်ဆိုင်မှုများကို မယုံနိုင်ပေ။ ဤသို့ဖြင့် ဆရာတော်၏ သီလ သမာဓိ ပညာဂုဏ်များကို မိမိ၏ အတွေ့အကြုံဖြင့် ကြည်ညိုမဆုံးပေ။

## တရားရိပ်သာ ဝင်ရောက်ကာ

ထိုနှစ် နွေရာသီတွင် ဖွင့်လှစ်သော ကျောက်ဖြူ (ယပ်လှဲကျောင်း) တရားစခန်းမှာ စာရေးသူ ဝင်ရောက်၍ တရားအားထုတ်ခဲ့၏။ ဤ (၁၁) ရက် တရားစခန်း၌ တရားအားထုတ်ခဲ့ရာ ဆရာတော်၏ ဓမ္မစွမ်းအားကို အံ့သြခြင်းများစွာ ဖြစ်ခဲ့ပါ၏။ ဆရာတော်၏ ပြောစကားကို မြေဝယ်မကျ အလေးအမြတ်ထားခဲ့၊ လိုက်နာခဲ့၏။ ဆရာကောင်း သမားကောင်းကို မှီဝဲဆည်းကပ်ရသဖြင့် စာရေးသူသည် မိမိကိုယ်ကို မိမိ ကျေနပ်မိပါ၏။ တရားစခန်းသိမ်းသောနေ့က ဆရာတော်အား သွားရောက်ကန်တော့ရာ ဆရာတော်က စာရေးသူအား "မြောက်ဦးကို ဘယ်တော့လာမလဲ"ဟု မိန့်ကြား၏။ ဤသို့မိန့်ကြားသော ဆရာတော်၏စကားကို စာရေးသူ ပေါ့ပေါ့တန်တန် မတွေးခဲ့ပေ။ အလေးအမြတ်ထားပြီး ဆရာတော်၏ ပင်မတရားစခန်းဖြစ်သော မြောက်ဦးမြို့ ရတနာမာရ်အောင် ဓမ္မရိပ်သာသို့ ခြေဆန့်လိုသောဆန္ဒသည် တစ်ဆင့်တက်လာခဲ့ပြန်၏။

မြောက်ဦးမြို့ ရတနာမာရ်အောင် ဓမ္မရိပ်သာဝန်းကျင်ဝယ် ငုဝါတို့သည် နွေ၏အပူဒဏ်ကို အန်တုနေကြ၏။ တောင်ကုန်းထက် စေတီတော်မှ ဆည်းလည်းသံတို့သည် သာယာသော ဓမ္မတေးသံများကို သီကျူးနေကြ၏။ ညနေစောင်းတွင် ရဟန္တာတောင်ထိပ်မှ လှမ်းမျှော်ကြည့်လျှင် ရတနာမာရ်အောင်ကျောင်းတိုက်၏ အလှသည် ကြည်ညိုဖွယ်ရာကောင်း၏။ ကြာနီ ကြာဖြူတို့ဖြင့် လှချင်တိုင်း လှနေသော ကန်ရေပြင်၏ အေးမြသောရေငွေ့တို့သည် နွေနှင့်ပတ်သက်မှုမရှိ။ နွေ၏အပူတို့သည် ဆရာတော်၏ တရားရိပ်သာဝယ် အစွမ်းမပြနိုင်ကြ။ အေးချမ်းမှုအသွင်ကိုသာ ဆောင်နေကြ၏။ ဤသို့ သာယာအေးချမ်းသော ဓမ္မရိပ်သာသို့ စာရေးသူ ဆရာတော်မိန့်ကြားခဲ့သည့်အတိုင်း ခိုနားဝင်ရောက်ခဲ့ပါ၏။

မြောက်ဦးမြို့ ရတနာမာရ်အောင် ကျောင်းတိုက်၌ သင်္ကြန်ကာလတွင် ဖွင့်လှစ်သော တရားစခန်းသို့ စာရေးသူ နှစ်စဉ်ဝင်ဖြစ်ခဲ့၏။ ဤဓမ္မကျေးဇူးများကို ဆပ်သည့်အနေဖြင့် ဆရာတော်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ရွှေရတု ဓမ္မစာစောင်

အား ကျောက်ဖြူတရားစခန်းတွင် သိက္ခာထပ်ခွင့် ရခဲ့ပေ၏။

တစ်နှစ်ကဖြစ်သည်။ မြောက်ဦးမြို့ ရတနာမာရ်အောင် ဓမ္မရိပ်သာ၌ တရားစခန်းဝင်ခဲ့စဉ် စခန်းမပြီးမီ တစ်ရက်အလိုတွင် မှတ်မှတ်ထင်ထင် ဖြစ်ခဲ့သည့် နေ့တစ်နေ့ကို ယနေ့တိုင် မမေ့နိုင်သေးပေ။ ယောဂီများ ဆွမ်းသုံးဆောင်နေစဉ်က ဖြစ်၏။ စာရေးသူ သုံးဆောင်နေသော ခုံမှာ စာရေးသူ တစ်ဦးတည်းသာ ကျန်ခဲ့ရာ အတွေးတစ်ခု စိတ်ထဲတွင် ဖြစ်ပေါ်လာ၏။ "ဆရာတော် သုံးဆောင်ပြီးသော ဆွမ်းကျန်များကို သုံးဆောင်ရလျှင် ကောင်းမှာပဲ"ဟု တောင်တောင်အီအီ တွေးမိ၏။ မကြာပါ၊ စာရေးသူ ခုံပေါ်သို့ ဟင်းခွက် (၅)မျိုးခန့် ချပေး၏။ စာရေးသူက ဆွမ်းပြင်သူများ လာချပေးတာဟု မှတ်၍ သုံးဆောင်လိုက်ပါ၏။ စာရေးသူ ဆွမ်းသုံးဆောင်သည့်အခါ ဘေးပတ်ဝန်းကျင်ကို မကြည့်ဘဲ အမှတ်ဖြင့် သုံးဆောင်နေသောကြောင့် ဟင်းခွက်ကို မည်သူလာချပေးသည်ဟု သတိမထားမိပါ။


တရားစခန်း ပြီးသောအခါ ယောဂီများ ဆရာတော်အား ကန်တော့ကြ၏။ ဆရာတော်၏ တပည့်ဖြစ်သူ (လက်ထောက် ကမ္မဋ္ဌာနာစရိယ) ဦးဇာဂရိယလည်း ပါဝင်ကန်တော့၏။ ယောဂီများ အသီးသီး ပြန်သွားကြသည့်အခါ ဦးဇာဂရိယက "အစ်မ စားနေသည့်ခုံမှာ ဆရာတော်ချခိုင်းလို့ တစ်နေ့က ဟင်းခွက်များ ဦးပဥ္စင်း ချပေးခဲ့တယ်လေ"ဟူ၍ ပြောသော စကားကို ကြားရတော့ စာရေးသူ စိတ်ထဲက အံ့သြစွာဖြင့် "ဪ...အဲဒီဟင်းခွက်တွေဟာ ဆရာတော်ပေးခိုင်းတဲ့ ဟင်းတွေပါလား"ဟု တွေးကာ ဆရာတော်၏ စိတ်ကို အထင်ကြီးမိ၏။ ဤကား စာရေးသူ တောင်တောင်အီအီ တွေးမိသော ဆန္ဒနှင့် ဆရာတော်၏စိတ်မှာ အာရုံထင်မှတ်မှုများ တိုက်ဆိုင်နေခြင်းဖြစ်၏။ သို့ဖြစ်၍ ဆရာတော်၏ စိတ်စွမ်းအားကို အထင်ကြီးပြီး ဆရာတော်အား လေးစားကြည်ညိုလျက်ပါ။

စာရေးသူသည် ဆရာတော်၏ လမ်းညွှန်မှုအောက်ဝယ် နေထိုင်လျက် တရားဓမ္မများကို ကျင့်ကြံပွားများသောကြောင့် လူ့အသိုက်အဝန်းထဲတွင် နေတတ်လာ၏။ အရှုပ်အထွေးထဲတွင် ရှင်းအောင်နေတတ်လာ၏။ အဆိုးထဲမှ အကောင်းကို ရှာဖွေတတ်လာ၏။ အရာရာကို တရားနှလုံးသွင်းကာ ရှုမြင်တတ်လာ၏။ ကြုံလာသည့် လောကဓံတရားကို **ယောနိသောမနသိကာရ** သဘောဖြင့် ဆင်ခြင်လျက် ဘဝကို ရင်ဆိုင်တတ်လာ၏။ သို့ဖြစ်၍ ဗုဒ္ဓက လောကတွင် ကျေးဇူးဆပ်ခြင်းတို့တွင် တရားဖြင့် ကျေးဇူးဆပ်ခြင်းသည် အမြတ်ဆုံးဟု ဟောကြားတော်မူသော ဒေသနာတော် အသီးသီးကို သာဓကပြုလျက် ရတနာမာရ်အောင် ဆရာတော်၏ ဓမ္မကျေးဇူးဂုဏ်တို့ကို ဤဆောင်းပါးငယ်ဖြင့် ကျေးဇူးဆပ်လိုပါသည်။ ။

**ရီ (ကျောက်ဖြူ)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



အောင်သန်းဝင်း (ညောင်ကန်)

# သူရဲကောင်းတို့၏ မွှေးရနံ့

လွန်ခဲ့သည့် လအနည်းငယ်က အလုပ်ကိစ္စဖြင့် ကျောက်ဖြူမြို့သို့ရောက်စဉ် ဦးသာရိန္ဒ (ညောင်ကန်)နှင့် တွေ့ဆုံခိုက် လာရင်းအကြောင်း မေးလျှောက်တော့ ရတနာမာရ်အောင် ဆရာတော်၏ နှစ်ငါးဆယ်ပြည့် ရွှေရတု အထိမ်းအမှတ် အနေနဲ့ မဂ္ဂဇင်းတစ်စောင် ထုတ်ဝေရေးကိစ္စ ဦးဇာဂရိယနဲ့ အတူကြွလာကြောင်း ကျွန်ုပ်ကိုလည်း စာမူတစ်စောင်လောက် ပါဝင်ရေးသားရန် စကားစပ်မိသည်မှစ၍...

ကျွန်ုပ်ငယ်စဉ်ကပင် စာရူး ပေရူးဉာဉ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရင်ဝယ် ဓာတ်ခံရှိသမို့ ဆရာတော်ဘုရား၏ ဂုဏ်ရည်များကိုလည်း ကြည်ညိုမိလာရင်း မိမိတို့ ကိုလည်း တစ်ချိန်တစ်ခါက ဝိပဿနာ၊ ပဋိစ္စ သမုပ္ပာဒ် ကျင့်စဉ်များကို တစ်လုံးတစ်ပါဒ ပို့ချ သင်ကြား ပြသခဲ့ဖူးသည့် ကျေးဇူးကို စာတစ်လုံး ပေတစ်ဖွဲ့ဖြင့် ပူဇော်ခွင့်ရရှိသဖြင့် ယခု လာခဲ့ ရသည့် ခရီးအတွက် ဆုံဖြစ်ကြသည့် ကံတရား ကို လွန်စွာကျေးဇူးတင်မိပါသည်။

အမှန်အတိုင်းဝန်ခံရသော် ကျွန်ုပ်သည် ဆရာတော်ကို ဖူးမြော်ခွင့် မကြုံကြိုက်သည်မှာ နှစ်ပေါင်း တစ်ဆယ်ကျော်လောက်တောင် ရှိမည် ထင်ပါသည်။ သို့သော်လည်း သာသနာရေး ကဏ္ဍ ပဋိပတ္တိနယ်ပယ်မှာ ဆရာတော်၏ ဂုဏ်သတင်းသည်ကား ရခိုင်ပြည်နယ်အတွင်း၌ သာမက အထက်ဗမာပြည် ပဲခူးတိုင်း၊ ကရင် ပြည်နယ်၊ တနင်္သာရီတိုင်း စသည်ထိ ရတနာ မာရ်အောင် ဆရာတော်ဟု တစ်မျိုး၊ မြောက်ဦး ဆရာတော်ဟုတစ်ဖုံ ဂုဏ်သတင်းရနံ့ မွှေးပျံ့နေ သည်မှုကား လုံးဝငြင်း၍ မရပေ။

ပညာရှင် ဆိုကရေးတီး(စ်) (Socrates)က "Fame is the Perfume of heroic deeds" တဲ့။ အောင်မြင်ကျော်စောမှု ဆိုသည်မှာ သူရဲ ကောင်းတို့၏ မွှေးရနံ့လို့ ဆိုခဲ့ပါတယ်။ မိမိ ဦးတည်ချက်နဲ့ ဝါသနာက တစ်ထပ်တည်းကျပြီး အရာရာကို မြင့်မြတ် တည်ကြည် ပြတ်သားစွာ လုပ်ဆောင်ရင်း အဖြူ အမည်း၊ ဆင်းရဲ ချမ်းသာ မခွဲခြားဘဲ သူတစ်ပါးကိုလည်း ဟောဖော်ညွှန်ပြ၊ မိမိကိုယ်တိုင်လည်း ကျင့်ကြံ အားထုတ်တတ် သည်က ဆရာတော်၏ လူတိုင်း ကြည်ညို လေးစားထိုက်သော ပါရမီတစ်ပါးပင် ဖြစ်သည်။

သင်္ဂဇာဆရာတော်၏ ရဟန်းကျင့်ဝတ် (၆)ပါး ဆောင်ပုဒ်၌ "မကောင်းမြစ်တား၊ ကောင်းရာ ကိုလှစ်၊ အသစ်ဟောကြူး၊ နာဖူး ထပ်မံ၊ နတ်ထံ တင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်း မှု၊ ခြောက်ခု လွန်သေချာ"တဲ့။ ဆိုလိုတာက ရဟန်းဆိုတာ မကောင်းမှုကို တားမြစ်ရမယ်၊ ကောင်းသောအမှု၌ သက်ဝင်တည်ကြည်စေ ရမယ်၊ ကောင်းသောစိတ်ဖြင့် စောင့်ရှောက်ရ မယ်၊ မကြားဖူးသော တရားစကားများကို ဟော ပြောရမယ်၊ ကြားဖူးပြီးသော တရားစကားများကို ဖြူစင်စေရမယ်၊ နတ်ပြည် (သုဂတိ)ရောက် ကြောင်း ခရီးလမ်းကို ဟောပြောရမယ်လို့ ဆိုပါ တယ်။

ဆရာတော်ဘုရားဟာ ဝေးလံခေါင်သီတဲ့ သေဒအတွင်း ကျေးရွာငယ်ပေါင်းများစွာတို့မှာ လည်း မော်တော်ရေယာဉ်နှင့်တစ်မျိုး၊ လှေနှင့် တစ်ဖုံ အမှောင်ထုလွှမ်းနေသော လူအများ၊ မျက်လုံးနှစ်စုံ ရှိပါလျက် အဝိဇ္ဇာလွှမ်းမိုးပြီး စုံကန်းနေသူများအား ဝိပဿနာကျင့်စဉ် ကျင့် ဖွယ် နည်းလမ်းများကို အဆင်းရဲခံ၊ အပင်ပန်း ခံပြီး သာသနာတော်အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နေသည်မှာ အမျိုးသားရေး ဘက်က တစ်ဖုံ၊ ဘာသာရေးရှုထောင့်က တစ်မျိုး ဂုဏ်ယူကြည်ညိုစရာ ကောင်းလှပါသည်။

လူတန်းစားမျိုးစုံ၊ အလွှာမျိုးစုံတို့ လေ့လာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖတ်ရှု မှတ်သားနိုင်ရန်အတွက်လည်း ပဋိစ္စ သမုပ္ပာဒ် ဝိပဿနာနှင့် ကျင့်စဉ်တရားတော်များကို ရှုထောင့်ပေါင်းစုံမှ အတွေးနဲ့ မိမိအတွေ့အကြုံဖြင့် ပေါင်းစပ်၍ စာအုပ်အဖြစ် ထုတ်ဝေပြီးသည်မှာလည်း (၆)အုပ် (၇)အုပ်လောက်ပင် ရှိလိမ့်မည် ထင်ပါသည်။

ဓီရောစ ဝိညူ အဓိဂမ္မဘောဂေ၊

သောဘုဋ္ဌတိ၊ ကိစ္စကရောစ ဟောတိ။

သတင်းများမှာ ကြားမြင်ရပါသည်။

ဗုဒ္ဓဝါဒီများ အလွှမ်းမိုးဆုံးဖြစ်သော မြန်မာနိုင်ငံအတွင်းမှာပင် ဆရာတော်ဘုရား အပါအဝင် ပရိယတ်နယ်ပယ်မှ အကာအကွယ်ပြုပေးမှု၊ ပဋိပတ်နယ်ပယ်မှ တွန်းလှန်ဖယ်ရှား နည်းမှန်လမ်းမှန် ညွှန်ကြားပြသပေးသူ သံဃာတော်အရှင်သူမြတ်များ၏ ကျေးဇူးတော်ကြောင့် "ပတ္တမြားကို နွံဝယ်တိုး"သလို "ချွေးဟောင်း၍ ရွှေလရောင် မမှိန်နိုင်"ခဲ့ခြင်းပါ။

**" ကျွန်ုပ်ငယ်စဉ်ကပင် စာရှူး ပေရူးဘည့် ရင်ဝယ် တာတ်ခံ ရှိသမို့ ဆရာတော်ဘုရား၏ ဂုဏ်ရည်များကိုလည်း ကြည်ညိုမိလာရင်း မိမိတို့ကိုလည်း တစ်ချိန်တစ်ခါက ဝိပဿနာ၊ ပဋိစ္စ သမုပ္ပာဒ် ကျင့်စဉ်များကို တစ်လုံးတစ်ပါဒ ပို့ချသင်ကြား ပြသခဲ့ဖူးသည့် ကျေးဇူးကို စာတစ်လုံး ပေတစ်ဖွဲ့ဖြင့် ပူဇော်ခွင့်ရရှိသဖြင့် ယခု လာခဲ့ရသည့် ခရီး အတွက် ဆုံဖြစ်ကြသည့် ကံတရားကို လွန်စွာကျေးဇူးတင် မိပါသည်။ "**

(သံ-၁။ ၉၂)မှာ- အမြော်အမြင်ရှိသူ လူလိမ္မာသည် မိမိရရှိပြီးသော ဥစ္စာကို မိမိလည်း စားသုံး၏၊ မိမိလုပ်ဆောင်ဖွယ်ကိစ္စနှင့် ကောင်းမှုကိစ္စကိုလည်း ပြုလုပ်၏လို့ မှတ်သားဖူးပါတယ်။

ယနေ့ခေတ် ကမ္ဘာဟာ ရွှာတမျှကာလမှာ ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာကြပြီး ကိုယ်ကျင့်တရား (စိတ်ပိုင်းဆိုင်ရာများ) ဆိတ်သုဉ်းလာကြစဉ် ကမ္ဘာ့ပညာရှင်အချို့ သတိပြုဆင်ခြင်လာကြရာမှ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုပရိဂရမ်များ ရေးဆွဲမြှင့်တင်နေကြကြောင်း

အမှန်စင်စစ် ဆရာတော်သည် ပစ္စည်းလေးပါး ပြည့်စုံပြီး ချီးမြှောက်ပူဇော်သူ ဒကာဒကာမ ပေါပါငြားလည်း မထင်မပေါ်၊ မဆော်မကြွား၊ လျှပ်ပေါ်လော်လီမှု မရှိဘဲ ရောင့်ရဲတတ်ပြီး အလိုရမ္မက်မကြီး၊ တရားဟောသည့်အခါဖြစ်စေ၊ စကားပြောသည့်အခါဖြစ်စေ လူတစ်ဖက်သား နာခံပျော်ဖွယ်အောင် တည်ကြည်ချိုသာစွာဖြင့် ပြောဆိုတတ်ပြီး သည်းခံခြင်း ခန္တီတရား အလွန်အားကောင်းသောပုဂ္ဂိုလ်ဖြစ်သည်။

လမ်းစဉ်ကလည်းမှန်၊ မိမိကိုယ်၌ကလည်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ရွှေရတု ဓမ္မစာစောင်

သံသရာ ဩဃဝဲမှ ထွက်ပေါက်ရှာဖွေသူ ဖြစ်လင့်ကစား သက်တော် (၅၀)ပင် ပြည့်ပါငြား လည်း နုပျိုကြည်လင်စွာဖြင့် မျက်နှာထား အလွန်ချိုသည့် အံ့ဖွယ်ပါရမီရှင် ဖြစ်သည်။

အင်္ဂုတ္တိုရ်၊ ပဉ္စက ဒုတိယ အက္ခန္တိသုတ်မှာ သည်းခံတတ်သူ၏ အကျိုးငါးပါးကို ၁။ လူအများ ချစ်ချစ်ခင်ခင်ဖြစ်ခြင်း ၂။ သိမ်မွေ့နူးညံ့ အေးချမ်းခြင်း ၃။ စိတ်ကြည်လင် ရွှင်လန်းခြင်း ၄။ မတွေမဝေ သေရခြင်း ၅။ သုဂတိဘုံသို့ ရောက်ရခြင်းလို့ မှတ်သားဖူးပါတယ်။ ကောင်းသောအမှုကို ပြုလုပ်တတ်သူအဖို့ နည်းတူ ကောင်းသောအကျိုး သက်ရောက်စေမှာပါ။ မိမိကိုယ်ကိုလည်း မြင်းမိုရ်မာနမထားဘဲ အမြဲ နှိမ့်ချလျက် ဣန္ဒြေစောင့်ထိန်းခြင်းသည်လည်း မင်္ဂလာတစ်ပါးဖြစ်သလို ကိုယ် နှုတ် အမူအရာ နှိမ့်ချရိုကျိုးနေသည်က ရိုသေလေးစားတတ်သည့် အမူအရာကိုလည်း ကြည်ညိုဖွယ် ပေါ်လွင် ထင်ဟပ်စေပါတယ်။ ဒါကြောင့်မို့လည်း တိုင်းသိ ပြည်သိ နိုင်ငံအဝန်း ကျေးလက်ဒေသပါမကျန် ဆရာတော်၏ ဂုဏ်သတင်းသည်ကား အံ့မခန်း မွေးပျံ့စေခြင်း ဖြစ်မှာပါ။

"သုတသီလ၊ စွယ်စုံလှမူ၊ ထိုသသူကို၊ နတ်လူကောင်းချီး၊ အံ့မပြီးဘဲ၊ မငြီးရှုမျှော်၊ ရှိပူဇော်၍၊ ကော်ရော်ဦးခိုက်၊ ချီးမွမ်းထိုက်ရှင်"ဟု မဃဒေဝလင်္ကာမှာ ဆိုထားပါတယ်။ မြင့်မြတ်ပြီး အထက်တန်းကျသောသူအဖို့ မြင့်မြတ်ပြီး အထက်တန်းကျတဲ့နေရာ ရရှိစမြဲမှန်လည်း ဆရာတော်ဘုရားကား သူ့ဝသီအရ တိုက်တာ အခြွေအရံ အဆောင်အယောင်များဖြင့် မပျော်မွေ့ ချင်သူပါ။ ဘုရား အစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သည့်အရာဖြစ်သော ဝနဝါသီ တောမှီ ပုဂ္ဂိုလ်အဖြစ် ကျန်ရှိသည့် ဘဝအပိုင်းအစ အချို့ကို ဖြတ်သန်းလိုကြောင်းလည်း ကြားနေရပါသည်။ တကယ့်အံ့ဖွယ် ပုဂ္ဂိုလ်ထူးပေ တကားဟု ရင်ဝယ် ထပ်ဆင့် ကြည်ညို ဝပ်တွားမိပါသည်။ အခါအားလျော်စွာလည်း ဆရာတော်သည် ကျောင်းတော်ကို ခွာ၍ တောမှီရဟန်းဘဝဖြင့် သီတင်းသုံးနေကြောင်း နယ်မှ တရားစခန်း ဖွင့်လိုသူ ပုဂ္ဂိုလ်များ ဆက်သွယ်၍ မရနိုင်သေးကြောင်း ကောင်းသတင်း ကောင်းခြင်းဖြင့် မွေးထုံစေသော သာသနာ့သူရဲကောင်း၏ ဝသီကိုကား ချီးမွမ်း အသိအမှတ်မပြုဘဲ မနေနိုင်ပေ။ ဆရာတော့်ဂုဏ်ရည်များကို ကျွန်ုပ်၏ ဉာဏ်ရည်တစ်ထွာမျှဖြင့် ဘယ်လိုမျှ ဖော်ပြမစွမ်းနိုင်သည်ကိုကား ရိုးသားစွာ ဝန်ခံလိုပါသည်။ (သို့သော်) ကောင်းသော အကြံအစည်ကိုသာ ကြံစည်လေ့ရှိသော (သုစိန္တိတစိန္တီ) ကောင်းသောစကားကိုသာ ပြောလေ့ရှိသော (သုဘာသိတဘာသီ) ကောင်းသောအလုပ်ကိုသာ လုပ်လေ့ရှိသော (သုကတ ကမ္မကာရီ) ထေရ်အရှင်သည် နှစ်(၅၀) ရွှေရတုမှ နောင်နှစ်ပေါင်းများစွာထိ သာသနာတော်အတွက် ကိုယ်ကျိုးစွန့် ဆောင်ရွက်နိုင်မှုတို့ကြောင့် ဤအရှင်၏ ကောင်းသတင်းသည်ကား ဘဝဂ်တိုင်အောင် အစဉ်ပျံ့နှံ့နေမည်မှာ မုချဧကန်ပင်တည်း။ ။


**အောင်သန်းဝင်း (ညောင်ကန်)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သဒ္ဓါဝတ်မှုန်(စစ်တွေ)

# ဆရာတော်၏ သာသနာပြုပုံရိပ်



၂၀၀၉ ခု၊ ဧပြီလ ၁၀ ရက်နေ့က ကျွန်မတို့ ဓမ္မမိတ်ဆွေ တစ်စုသည် စစ်တွေမြို့မှ မြောက်ဦး မြို့သို့ အောင်တံခွန် (၆) သင်္ဘောဖြင့် နံနက် (၇)နာရီမှ စတင်ထွက်ခွာလာရာ နေ့လယ် (၁) နာရီ အချိန်တွင် မြောက်ဦးမြို့သို့ ဆိုက်ရောက် ခဲ့ပါသည်။ သင်္ဘောဆိပ်တွင် အသင့်စောင့်ကြို နေသော ကားဖြင့် လိုက်ပါလာကြရာ ကျောင်း သို့ မဝင်မီ ရတနာမာရ်အောင် စေတီကြီးကို ဖူးတွေ့ရပြီး ရတနာစံဦးတိုက် ရတနာမာရ်အောင် တောရဓမ္မရိပ်သာ ဆိုင်းဘုတ်ကြီးက ကျွန်မတို့ကို ဆီးကြိုလျက် ကျောင်းတိုက်ထဲသို့ ရောက်ရှိခဲ့ ပါသည်။

ရတနာစံဦးတိုက် ရတနာမာရ်အောင်တောရ ဓမ္မရိပ်သာ ကျောင်းတိုက်ကြီးကို တောင်ကိုးလုံး ဝိုင်းရံလျက်ရှိပါသည်။ ထိုတောင်များမှာ မင်္ဂလာ ရေကန်တောင်၊ စန္ဒတ်တောင်၊ မယ်တော်တောင်၊ ကဗ္ဗုန်တောင်၊ နက္ခတ်တောင်၊ ရဟန္တာတောင်၊ မင်းသမီးတောင်၊ နတ်တောင်နှင့် မြသပိတ် တောင်တို့ ဖြစ်ကြပါသည်။ သစ်ပင်မျိုးစုံတို့ဖြင့် စိမ်းလန်းစိုပြည်နေသော ကျောင်းတိုက်ထဲသို့ ဝင်ရောက်လာသူ ယောဂီသူတော်စင် ဓမ္မမိတ်ဆွေ များ၏ စိတ်နှလုံးကို အေးချမ်းစေပါသည်။

ကျောင်းတိုက်ထဲသို့ ဝင်ဝင်ချင်း အရိယာ သိမ်တော်ကြီး၊ ကွန်ကရစ်လမ်းမကြီးအတိုင်း လျှောက်သွားလျှင် ယောဂီသူတော်စင်တို့ တရား အားထုတ်ရာ ဓမ္မာရုံကြီး၊ ဘေးမှာ မဟာဗောဓိ စေတီ၊ အဘယသုခ ကျောင်းတော်ကြီးအား (၉၉)ဆောင်သော အုတ်ကျောင်းငယ်များက ကြယ်တာရာအလား ဝိုင်းရံထားပါသည်။ ဓမ္မာရုံ ကြီးနှင့် ဆွမ်းစားကျောင်းဆောင် ဆက်သွယ် ထားသော နတ်လမ်းဘေး တစ်လျှောက်တွင် ဆေးခန်း၊ အလှူခံဌာန၊ ကျောက်တော်ဆောင်၊ စစ်တွေဆောင်၊ မြောက်ဦးဆောင်တို့ရှိပြီး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အရှေ့ဘက်တွင် နှစ်ထပ်ဆွမ်းစားဆောင်ကြီးကို တွေ့ရပါသည်။ နက္ခတ်တောင်စွယ်တွင် ဆရာတော် သီတင်းသုံးရာ အုတ်ကျောင်းငယ် တစ်ဆောင် ဆောက်လုပ်ထားပါသည်။ မြို့နယ်အသီးသီးမှလည်း ကျောက်ဖြူဆောင်၊ မြောင်းဘွေဆောင်၊ မင်းပြားဆောင်တို့ရှိပြီး သီးခြားလှူဒါန်းထားသော ပုဂ္ဂလိက တစ်ထပ်ကျောင်းဆောင်ငယ်များကိုလည်း တွေ့ရှိရပါသည်။ ဤသို့ ဆရာတော်ဘုရားကြီး၏ သာသနာပြုခရီးစဉ် နှစ်(၂၀)အတွင်းဝယ် သာသနိကအဆောက်အအုံများ နေ့ချင်းညချင်းဆိုသလို ဖြစ်ထွန်းလာရခြင်းမှာ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့်ပင် ဖြစ်ပါသည်။

ဧပြီလ၌ မြောက်ဦးမြို့အပူချိန်သည် မြင့်မားသဖြင့် ကျွန်မတို့၏ စိတ်နှလုံးကို နွမ်းနယ်စေပါသည်။ ဤဓမ္မရိပ်သာကြီးသို့ ရောက်သည်နှင့် သစ်ပင်မျိုးစုံ၊ ပန်းပင်မျိုးစုံတို့က လေတိုက်ရာယိမ်းနွဲ့လှုပ်ရှားလျက် အဆင်းမျိုးစုံ၊ ရနံ့မျိုးစုံတို့နှင့် ထိတွေ့ရသောအခါ ကျွန်မတို့ ခံစားနေရသော နွေ၏အပူဒဏ်သည် လွင့်ပျောက်သွား၏။

ဓမ္မရိပ်သာကြီး၌ ဘေးမဲ့ပေးထားသော ဥဒေါင်းငှက်များ၊ ငှက်ကြီးဝံပို၊ ကြိုးဖြူ စသောကျေးငှက်သာရကာများကိုလည်း တွေ့ရှိရပါသည်။ ကျွန်မသည် ပိတောက်ပင်အောက်ရှိ အုတ်ခုံလေးတွင် ထိုင်လျက် စိတ်ထဲ၌ အတွေးစတစ်ခု ဝင်လာသည်မှာ "ဆရာတော်ကြီး ဦးဆောင်မှုဖြင့် ဒကာ ဒကာမများ၏ အထောက်အပံ့ကို ခံယူကာ ပြုစုပျိုးထောင်လာခဲ့သည့် ဤရိပ်သာကြီးသည် သက်တမ်းအားဖြင့် (၁၂၉၁–၉၂) ခုနှစ်မှစ၍ တည်ထောင်လာရာ ယခုဆိုလျှင် နှစ်(၂၀)အတွင်း ရောက်ရှိခဲ့ပါပြီ"ဟု အတိတ်မှ ပုံရိပ်သည် ထင်လာပါသည်။

ဤကာလတစ်လျှောက် ဓမ္မရိပ်သာကြီး၏ အရှည်တည်တံ့ ခိုင်မြဲစေရန် ရည်ရွယ်ပြီး ဆွမ်းပဒေသာပင်၊ ရေမီးပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ပစ္စည်းလေးပါး ပဒေသာပင် အသီးသီးကို စိုက်ပျိုးခဲ့သည်မှာ ယခုဆိုလျှင် သင့်တင့်သော ရှင်သန်ကြီးထွားလျက် ရှိနေရာ ဤရိပ်သာကြီးအတွက် အစဉ်သယ်ပိုး ဆောင်ရွက်ပေးခဲ့သော သာသနာ့မိခင်ကြီး အမေမြကို ကျွန်မ သတိရတမ်းတမိပါသည်။

ဆရာတော်ဘုရားကြီး ဖွဲ့၊ လုံ့လ ကြီးမားစွာဖြင့် တည်ဆောက်လာခဲ့သော ဤရိပ်သာကြီးကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရန် ဆရာတော်ကြီး၏ လမ်းညွှန်မှုကို ခံယူကာ ပဒေသာပင်များ စိုက်ထူရန်အတွက် မြို့ရော တောပါ ဒေသအသီးသီးကို တိုက်တွန်းနှိုးဆော်ခဲ့သူမှာ အမေမြပင် ဖြစ်ပါသည်။ အမေမြသည် အရပ်ပုပု၊ ဝဝတစ်တစ် အသားဖြူဖြူ ဖြစ်ပါသည်။ အမြော်အမြင် ကြီးမားသဖြင့် ဤရိပ်သာကြီး တည်တံ့ရေးကို ကြံစည်ခဲ့ခြင်း ဖြစ်ပါသည်။ အမေမြသည် ကျွန်မတို့အား လောကီ လောကုတ်အကျိုးစီးပွား ဖြစ်ထွန်းခြင်းငှာ ပြောဆိုဆုံးမပြီး အတူလက်တွဲခဲ့သော စစ်တွေတရားစခန်း ဖြစ်မြောက်ရေး အကျိုးဆောင်လည်း ဖြစ်ပါသည်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ညနေ (၈)နာရီအချိန်တွင် အမေပြသည် နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားပါပြီ။ ကျွန်မတို့မှာ သာသနာအတွက်ရော ဤရိပ်သာအတွက်ပါ နမြောတသမဆုံး ဖြစ်ခဲ့ရပါသည်။ သို့သော် သေခြင်းတရားသည် အချိန်မရွေး အရွယ်မရွေး တစ်ချိန်ချိန်တွင် မမျှော်လင့်ဘဲ ဖြစ်လာနိုင်၏။ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း မည်သူမဆို သေမင်းခေါ်ရာသို့ လိုက်ကြရမည့် ပုဂ္ဂိုလ်ချည်းပါတကားဟူ၍ နှလုံးသွင်း ဆင်ခြင်ကာ စိတ်သောကကို ဖြေဖျောက်ခဲ့ရပါသည်။

ဆရာတော်ဘုရားကြီးမှာ ဤရိပ်သာကြီး အရှည်တည်တံ့ရေးအတွက် မြောက်ဦး ပင်မတရားစခန်း၌ ဝါတွင်းသုံးလ ရက်ရှည်တရားစခန်း ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံအနှံ့နှင့် ပြည်ပနိုင်ငံများသို့ပါ သာသနာပြု ကြွရောက်နေပါသည်။ ထိုစခန်းများမှာ...

စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ကျောက်ဖြူ၊ မောင်းတော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ပေါက်တော၊ အပေါက်ဝ၊ မအီ၊ အမ်း၊ တပ်တောင်၊ မြေပုံ၊ ရမ်းဗြဲ၊ ဇင်ချောင်း၊ ပုဏ္ဏားကျွန်း၊ မြောင်းဘွေ၊ မာန်အောင်၊ ကျွဲတဲ၊ မော်လမြိုင်၊ ပုဂံ၊ ပဲခူး၊ ရန်ကုန် စသည့်နေရာများသို့ ကြွရောက်လျက် တရားစခန်းများ ဖွင့်လှစ်ခဲ့ပါသည်။ ဆရာတော်၏ တရားစခန်းများမှာ စည်းကမ်းရှိမှု၊ ဟောပြောပြသသော တရားများကို နားလည် သဘောပေါက်မှု စသော အကြောင်းများကြောင့် ယောဂီများ နှစ်သက်ကြပါသည်။ သည်နေရာမှာ ဆရာတော် အမြဲသုံးလေ့ရှိသည့် တရားစကားတစ်ခုကို တင်ပြလိုပါသည်။

ဣမေ ပဉ္စက္ခန္ဓာ
အနိစ္စာယ မရိယန္တိ
မရဏံတံ ဂမိဿာမိ
သဗ္ဗကာယံ ခိပ္ပိဿန္တိ။

မေ–ကျွန်ုပ်၏၊ ပဉ္စက္ခန္ဓာ–ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အနိစ္စံ–မမြဲလေစွတကား။ ဒုက္ခံ–ဆင်းရဲလေစွတကား၊ အနတ္တံ–အစိုးမရလေစွတကား၊ အနိစ္စာယ–မမြဲခြင်းကြောင့်၊ ဒုက္ခာယ–ဆင်းရဲခြင်းကြောင့်၊ အနတ္တာယ–အစိုးမရခြင်းကြောင့်၊ မရိယန္တိ–သေကြေပျက်စီးရလတ္တံ့တကား၊ မရဏံတံ–သေခြင်းသဘောတရားကို၊ ဂမိဿန္တိ–ရောက်ရလတ္တံ့၊ ဣမေသဗ္ဗကာယံ–အလုံးစုံသော ဤခန္ဓာကိုယ်ကြီးကို၊ ခိပ္ပိဿန္တိ–လူသူမနီး တောမြိုင်ကြီးမှာ စွန့်ပစ်ရလတ္တံ့တကား။

တစ်နေ့ကျလျှင် မုချသေရမည်ဟု ဆင်ခြင်ထားသော ပုဂ္ဂိုလ်သည် လောကဓံတရားများနှင့် ကြုံတွေ့သောအခါ ခံနိုင်ရည်ရှိ၏။ စင်စစ် အချိန်မရွေး သေနိုင်သည်ဟူသော တရားသဘောကို ဆင်ခြင်နေသော ယောဂီ၏နှလုံးသားတွင် စိတ်ဆိုး စိတ်ယုတ်များ မဖြစ်စေဘဲ ကိလေသာ အကုသိုလ်တရားများ နည်းပါးနိုင်ပါသည်။ တရားဘာဝနာ ပွားများအားထုတ်လျှင် ဝိပဿနာဉာဏ် အဆက်ဆက် ဖြစ်ပွားနိုင်၏။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရွှေရတု မွေစာစောင်

ဆရာတော်သည် သင်္ကြန်ရာသီ (၁၀)ရက် တရားစခန်းကို မြောက်ဦးမြို့ ရတနာမာရ်အောင် တောရဓမ္မရိပ်သာမှာ နှစ်စဉ်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ် တရားစခန်းဖွင့်လှစ်ပြီး နယ်လှည့် တရားစခန်းများဖြစ်သော ကျောက်ဖြူ၊ မအီ တရားစခန်းများ ဖွင့်လှစ်ကာ ဝါဆိုခါနီးမှ မြောက်ဦးသို့ ပြန်ကြွလာခဲ့ပါသည်။ ထိုနှစ်တွင် ဆရာတော်ဘုရားကြီးသည် တရားအားထုတ်ရန် ဆန္ဒပြင်းပြနေသောကြောင့် မိမိရည်ရွယ်ချက် ပြည့်စုံစေရန် တောရဆောက်တည်၍ တရား အားထုတ်မည်ဟု ဆရာတော် မကြာခဏ ပြော ကြားသံကို ကြားနာခဲ့ရပါသည်။

အရွယ်သုံးပါးတွင် ဒုတိယအရွယ်ဖြစ်သော အသက် (၄၀)ကျော်မှာ အားအင်ပြည့်ဝ၍ တရား အားထုတ်သည့်အခါမှာလည်း ဇွဲလုံ့လ ဝီရိယနှင့် သတိစွမ်းအားတို့ ပြည့်ဝနိုင်ပေသည်။ အသက် (၅၀)ကျော်မှ တရားအားထုတ်မည်ဆိုလျှင် သွေး လေဆုတ်ယုတ်လာ၍ စိတ်သွားတိုင်း ကိုယ်မပါ နိုင်တော့ပြီ။ သို့ဖြစ်၍ ဆရာတော်သည် အရွယ် ကောင်းတုန်းအချိန်ဖြစ်၍ တောရဆောက်တည်၍ တရားအားထုတ်မည်ဟု ကျွန်မ ယုံကြည်ပါသည်။ ထို့ကြောင့် သည်နှစ် မြောက်ဦးမြို့သို့ ဆရာတော် သီတင်းသုံးရန် ကြွမလာတော့ပါ။

ရတနာ့မာရ်အောင် တောရ ဓမ္မရိပ်သာကြီး ကိုတော့ တိုက်အုပ်ဆရာတော် အရှင်ဇာဂရိယ အား အပ်ထားခဲ့ပါသည်။ ဤအရှင်မှာလည်း ဆရာတော်ကြီး ရှိစဉ်ကကဲ့သို့ ဝါတွင်း သုံးလ ဘရားစခန်းများ ဖွင့်လှစ်ထားပြီး ကျောင်းတိုက် အတွင်း လိုအပ်သောနေရာများ၌ အဆောက်အအုံ များကို မပျက်မစီးရအောင် ပြုပြင်စောင့်ရှောက် ထားပါသည်။ ဓမ္မရိပ်သာကြီး (၂၄)နာရီ မီးလင်း နိုင်ရေးအတွက် ဖွဲ့ခွဲမီးစက်တစ်လုံးကိုလည်း ထပ်မံတည်ဆောက်ထားပါသည်။ အရှင်ဇာဂရိယ မှာလည်း သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တို့နှင့် ပြည့်စုံ၍ လုပ်ငန်းမှန်သမျှ အောင်မြင် ပါသည်။

ဤအရှင်မှာ ဆရာတော်ကြီးကဲ့သို့ သဒ္ဒါ တရား ကြီးမားလှပေသည်။ တပည့်များ၊ ယောဂီ များအပေါ်တွင်လည်း အမြဲဂရုစိုက်၍ အဘက် ဘက်မှ ရှင်သန်တိုးတက်လာရေးအတွက် အစဉ် ကြိုးစားလျက်ရှိပါသည်။ သီတင်းဝါလကျွတ် သည်နှင့် ဆရာတော်ကြီး ဖွင့်လှစ်ခဲ့သည့် နယ် တရားစခန်းများသို့ ကြွရောက်လျက် တရား စခန်းများ ဖွင့်လှစ်ခဲ့ပါသည်။ သင်္ကြန်ကာလ မှာလည်း ယခင်အတိုင်းပါ။

၂၀၀၆ ခုနှစ် အောက်တိုဘာလ (၃၀)ရက် နေ့စွဲဖြင့် ဆရာတော်ထံမှ ကျွန်မဆီသို့ စာ တစ်စောင် ပို့လိုက်ပါသည်။ ထိုစာတွင် ဒကာ ဒကာမ အားလုံးကို ကိုယ်စားပြုပြီး ကျွန်မထံ ရေးသားခြင်းပါ။ စာပါအချက်အလက်များမှာ...

"တောစခန်းတစ်နေရာမှ ဘုန်းကြီး စာရေး လိုက်တယ်၊ ဘုန်းကြီးလည်း ရည်ရွယ်ချက်ပြည့်ဝ ဖို့ ကြိုးစားလျက်ပါ။ တရားဟောကောင်းရုံ၊ ဘုန်းကြီးရုံနှင့် လောကမှာ နေထိုင်ရခြင်းဟာ တစ်ဘဝ တစ်နပ်စာသာရှိပြီး ဘဝသံသရာမှ လွတ်မြောက်ဖို့အတွက် အလုပ်လုပ်ရပါမည်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒါကြောင့် အချိန်ယူပြီး ပတ်ဝန်းကျင်ကို နောက် ခိုင်းထားတာပါ။ ဒီလို ဒကာ ဒကာမများနှင့် လမ်းခွဲတာဟာ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ အထူးဝမ်းသာစရာပဲ ဖြစ်ပါတယ်။ တစ်နေ့နေ့ ပြန်လည်ဆုံစည်းပြီး သာသနာတော်ကြီးကို အားရှိပါးရှိ ပြုရဦးမှာပေါ့။ အားလုံးသော ဒကာ ဒကာမများကိုလည်း မေတ္တာပို့နေကြောင်း ပြော ပေးပါ။ မေတ္တာပို့ ဆုတောင်းလျက် တောပျော် ရဟန်း"ဟု စာရေးထားပါသည်။

စာကို ဖတ်မိသည်နှင့် ကျွန်မရင်ထဲတွင် ဝမ်းသာပီတိဖြစ်မိပြီး ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကို အောက်မေ့သတိရလျက် ဆရာတော်ကြီး လိုချင် သည့်တရားထူးကို ရရှိနိုင်ပါစေဟု ဆုတောင်း လျက် ဆရာတော်ကြီးအား အကြိမ်ကြိမ် ဦးချ ကန်တော့လိုက်ပါသည်။

၂၀၀၈ ခုနှစ်မှာတော့ ဆရာတော်ကြီး တောရစခန်းမှ ပြန်ကြွလာခဲ့ပါသည်။ သည်အခါ ရခိုင်ပြည်နယ်အနှံ့ တရားစခန်းများ၊ ပြည်တွင်း ပြည်ပ တရားစခန်းများ ဖွင့်လှစ်ခဲ့ပြီး ထားဝယ်၊ ကော့သောင်း၊ မော်လမြိုင်၊ မန္တလေး၊ ရှမ်းပြည် (သီပေါ)များတွင်လည်း တရားစခန်းများ ဖွင့်လှစ် ခဲ့သည်။

ရန်ကုန်မြို့ ပုလဲမြို့သစ် ဉာဏရပ်ကွက်၊ ပေါင်းကူးကျေးရွာ၌ ရတနာမာရ်အောင် တောရ ဓမ္မရိပ်သာ ရန်ကုန် (ပုလဲ)ကျောင်းတိုက်ကို ဆောက်တည်ပြီး သာသနာပြုလျက်ရှိပါသည်။

ယခုအခါ ဆရာတော်သည် ရတနာမာရ်အောင် တောရဓမ္မရိပ်သာများ၏ အဓိပတိ၊ ပြည်တွင်း ပြည်ပ နယ်လှည့်ဓမ္မကထိက သာသနာပြုဆရာ တော်ဟု ကျော်ကြားလျက်ရှိပါသည်။


၂၀၀၉ ခုနှစ်၊ ဧပြီ သင်္ကြန်ကာလ မြောက်ဦး ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၌ ယောဂီ (၃၅၀)ခန့်ရှိပြီး အချိန်ပိုင်း ယောဂီ (၁၅၀)ကျော် ရှိပါသည်။ တရားအားထုတ်သူ ယောဂီတိုင်း လည်း အရှင်ဇာဂရိယ၏ အစီအမံကောင်းမှု ကြောင့် စိတ်ချမ်းသာစွာ တရားအားထုတ်ရ ကြောင်း သတင်းရရှိပါသည်။ နောင်မှာလည်း ယခုထက် တိုးတက်အောင်မြင် ဖွံ့ဖြိုးလာမည်ဟု ကျွန်မ ယုံကြည်ပါသည်။ ဆရာတော်ဘုရားကြီး ၏ သာသနာပြုခရီးစဉ်သည် နှစ် (၂၀)ရှိပြီး ဆရာတော်၏ သက်တော်သည်ကား နှစ်(၅၀) ပြည့်မြောက်လို့ ရွှေရတု အထိမ်းအမှတ်သို့တောင် ဆိုက်ရောက်မည်ဟု သိရှိရပါသည်။

ဆရာတော်ဘုရားကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုနေ့ကို ဂုဏ်ပြုလျက် သာသနာပြုခရီးစဉ် နှစ်(၂၀)အတွင်းဝယ် ဆရာ ဒကာ လက်တွဲ ညီညာစွာဖြင့် ဤရိပ်သာကြီး၏ အသီးအပွင့်များ ဝေဝေဆာဆာ ပွင့်လင်းနိုင်ရေးအတွက် ဆောင် ရွက်ပေးခဲ့သော သာသနာ့မိခင်ကြီး အမေမြ၏ (၃)နှစ်ပြည့်နေ့ကို သတိရ အောက်မေ့ တမ်းတ လျက် အမေမြ ကောင်းရာသုဂတိဘဝမှ သာဓု အနုမောဒနာ ခေါ်နိုင်ပါစေလို့ ဆုတောင်းလိုက် ပါသည်။ ။

**သန္တာဝတ်မှုန် (စစ်တွေ)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# မြို့မြောက်ဦးမှ ချိန်ကိုက်ပိဋကတ်တိုက်

## စောထွီးသျှင် (မြောက်ဦး)

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း (၃)ရက်၊ (၂၉-၄-၂၀၀၆) ခုနှစ် စနေနေ့။ ထိုနေ့တွင် ကျွန်တော်တို့သည် လက်ကောက်ဈေး၊ ညောင်ပင်ဈေး၊ ကြက်ဈေး၊ ရပ်ကွက်များကို ဖြတ်ကျော်၍ ရှစ်သောင်းပုထိုးတော်ကြီးသို့ ရောက်၏။ ယင်းမှတစ်ဖန် လမ်း၏ယာဘက်၌ မယ်တော်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သိမ်၊ လမ်း၏ဝဲဘက်၌ ဒုက္ကန့်သိမ် ပုထိုးကြီးသို့ ရောက်ပြန်၏။ ထိုမှ အနည်းငယ်ဆက်လျှောက်သော် မြို့ပတ် ဘုရားဖူးလမ်း သုံး(ခွဆုံ)သို့ ရောက်ပြန်သည်။ ထိုသုံးခွဆုံမှ အနောက်ဘက်သို့ မျှော်ကြည့်လိုက်သော် ချစ်ခြင်းသင်္ကေတ ဘုရားများအဖြစ် ဘုရင်မင်းစောမွန်၏ မြို့တည်ဘုရားများဖြစ်သော လေးမျက်နှာဘုရားနှင့် ညီတော်နရနူအလီခင် ညီတော်ဘုရားများကို ပြန်၍ တည်ထားခဲ့သည်ကို ဖူးမြော်ရပြန်၏။ မြောက်ဘက်သို့ မျှော်ကြည့်လိုက်ပါက မင်းစောမွန်၏ မြို့တည်ဘုရားများဖြစ်ကြသော အနောက်မြတန်ဆောင်း မုတ်ဆိတ်တော်စေတီနှင့် အရှေ့မြတန်ဆောင်း စေတီများကို ကြည်ညိုဖွယ်ရာ ဖူးမြော်ရပါသည်။

ယင်းဘုရားဖူးလမ်းအတိုင်း အရှေ့ဘက်သို့ အနည်းငယ် လျှောက်သွားပါက လမ်း၏ ယာဘက်တွင် အံတော်သိမ်ဘုရားနှင့် ရတနာပုံစေတီတော်ကြီးကို သပ္ပာယ်စွာ ဖူးမြော်ရပြန်၏။ ထိုလမ်းအတိုင်း အနည်းငယ်ဆက်လျှောက်သော် သကျမာရ်အောင် စေတီတော်နှင့် ရတနာမာရ်အောင် စေတီတော်သို့သွားရာလမ်း ဆိုသော ဆိုင်းဘုတ်ကို မြင်ရလေသည်။ ထိုလမ်းအတိုင်း မသွားဘဲ မြောက်ဘက်တူရူသို့ ဆက်လျှောက်လိုက်ပါက ဝဲဘက်တွင် မြသပိတ်တောင်နှင့် ယာဘက်တွင် ရတနာမှန်ကင်း စေတီတော်၊ ရတနာစံရွှေ စေတီတော်တို့ကို ဖူးရ၏။ ထိုမှ တစ်ဖန် ဆက်လျှောက်လိုက်ပါက လမ်း၏ယာဘက်တွင် ဇောဓိရွှေဂူဘုရား၊ ရွှေကြာသိမ်ဘုရား၊ အနော်မာဘုရားနှင့် မင်းပေါင်းစေတီတို့ကို ဖူးမြော်ရပြန်သည်။ လမ်း၏ဝဲဘက်တွင် လောင်ပွန်းပြောက်စေတီတော်နှင့် ထုပါရုံစေတီများကို မြေပြန့်တွင် ကိန်းဝပ်စံပျော်နေသည်ကို ဖူးမြော်ရပြန်၏။ (ဤထုပါရုံစေတီတော်ကြီးမှာ မြောက်ဦးခေတ်၌ မဟာရံတံတိုင်း နှစ်ထပ်ကြားတွင် ဆေးရုံတန်းများ ဆောက်လုပ်ပြီး ဆေးကုသူ လုပ်သား (၅၀၀)၊ ဆေးစပ်သူလုပ်သား (၅၀၀)၊ ဆေးပေးသူလုပ်သား (၅၀၀)၊ ဆေးကုသသူ သမားတော် (၅၀၀)ခန့်ထားပြီး အခမဲ့ ဆေးပေးကုသပေးခဲ့သည်ဟု ရခိုင်သမိုင်း မှတ်တမ်းများမှ ဆိုပါသည်) ထုပါရုံစေတီတော် လွန်သည်နှင့် ချိန်ကိုက်ပိဋကတ်တိုက်သို့ ရောက်ပါသည်။

ချိန်ကိုက်ပိဋကတ်တိုက် ဆိုသည်မှာ မြို့တော်၏ ဒုတိယအထပ်၊ မြို့တော် မြို့ရိုးဖြစ်သော ချိန်ကိုက်မြို့ရိုး၊ ချိန်ကိုက်တံခါးအနီးတွင် တည်ရှိသဖြင့် ချိန်ကိုက်ပိဋကတ်တိုက်ဟု ခေါ်ဆိုပါသည်။ ရန်သူများသည် မြို့တော်၏ အပြင်မြို့ရိုးဖြစ်သော ကျောက်ရာဇ်မြို့ရိုးပေါ်ရှိ ရေတံခါး ရဲတိုက်အနီးသို့ ချဉ်းကပ်လာသောအခါ တောင်ဖြူမြောင်း၊ သတွဒ်မြောင်း၊ ကြော့မြောင်း၊ ပန်းကျီးမြောင်း၊ သရီကုန်ဘောင်တို့မှ ရေတို့ကို ကျောက်ရာဇ်ရေတံခါးဆီသို့ အဆင့်ဆင့် ဆည်တံခါး၊ ရေတံခါးတို့မှ ထုတ်လွှတ်ရန် အချက်ပေးချိန်းဆိုထားသဖြင့် ချိန်ကိုက်မြို့ရိုးဟု ခေါ်ပါသည်။

ရခိုင်သမိုင်းမှတ်တမ်းအရ မြောက်ဦးမြို့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အနှံ့အပြား၌ ပိဋကတ်တိုက်ပေါင်း လေးဆယ့်ရှစ်ဆူ (၄၈) ရှိခဲ့ကြောင်း သိရပါသည်။ ဤကဲ့သို့ မြောက်ဦးအနှံ့အပြားတွင် ပိဋကတ်တိုက်များ တည်ဆောက်ခဲ့ခြင်းမှာလည်း ရခိုင်ဘုရင်များသည် ကြီးမားသော ရည်ရွယ်ချက် ရှိခဲ့ပါသည်။

ရှေးက ရခိုင်ဘုရင်များသည် ဗုဒ္ဓသာသနာတော် အဓွန့်ရှည်ရေးကို မျှော်ကိုး၍ မြတ်စွာဘုရားရှင်၏ တရားတော်များကို မပျောက်ပျက်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ပိဋကတ်တိုက်များ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။

ရဟန်းရှင်လူများသည် ပိဋကတ်တိုက်များတွင် အာရုံပြုကြည်ညိုရင်း ပိဋကတ်တော်များကိုလည်း ဖတ်ရှုလေ့လာနိုင်စေရန် 'တစ်ချက်ခုတ် နှစ်ချက်ပြတ်'သဘောဖြင့် တည်ဆောက်ထားခြင်း ဖြစ်ပေသည်။

အတိတ်မှ ယဉ်ကျေးမှု၏ အမွေအနှစ်ရတနာများ လျှမ်းလျှမ်းတောက် ဖူးပွင့်ဝေဆာခဲ့မှုကို ထိုလူမျိုး၏ စာပေကြေးမုံပေါ်တွင် အထင်းသား ဖော်ပြနေပေသည်။ 'အလိမ္မာ စာမှာရှိ' ဆိုရိုးအရ ရိုးရာယဉ်ကျေးမှု အနုပညာ အစုစုတို့သည် ဤစာပေအတွင်း၌ ကိန်းဝပ်သန္ဓေတည်လျက်ရှိပေသည်။

ဤခံယူချက် သဘောထားတို့ကို အခြေခံ၍ စာကြည့်တိုက်များ တည်ထောင်ခဲ့ကြသည်။ ဤစာကြည့်တိုက်များသည် ရှေးအခါက ပိဋကတ်ကျမ်းဂန် စာပေ ပရိယတ္တိများကို သိမ်းဆည်းထားသော အဆောက်အအုံဖြစ်၍ ပိဋကတ်တိုက်ဟု အမည်တွင်သည်။ ပိဋကတ်တော်များကိုလည်း ရွှေ၊ ငွေ၊ ကြေး၊ ပေစာ စသည်တို့တွင် ရေးထိုးထားခဲ့သည်ဟု သိရှိရပေသည်။

ထိုစဉ်က မြောက်ဦးမြို့တော်တွင် ဘုန်းတော်ကြီးကျောင်းတိုက်ပေါင်း (၃၇၃၀) ရှိခဲ့သည်ဟုဆိုသည်။ ယင်းကျောင်းတိုက်များတွင် နေထိုင်သီတင်းသုံးခဲ့ကြသော ရဟန်း သံဃာတော်များ၏ အရေအတွက်ကို နံသင့် သင်္ချာနည်းဖြင့် 'ဝါဝါဝင်းဝင်း မြစ်ကိုဆင်း'ဟု ကဗျာလင်္ကာကလေးဖြင့် စာချိုးထားခဲ့သည်။ အရေအတွက်အားဖြင့် (၄၄၄၄၅၂၃) ဖြစ်သည်ဟု ဆိုလိုပါသည်။

တစ်ဖန် 'ပန်းမဥ္ဇူကြိုင်ကြိုင်မွှေး မြောက်ဦးအိမ်ခြေစာရင်းပေး'ဆိုသော ဆိုရိုးအရ အိမ်ခြေပေါင်း (၅၅၃၂၂၅) ရှိခဲ့ကြောင်းနှင့် မြောက်ဦးခေတ် လူဦးရေကို 'တင်းဝါးပန်းခိုင် တမြိုင်မြိုင် (၅၄၅၂၇၅၅)ဟု ဆိုထားပါသည်။ ဤမျှ များပြားလှသော ရဟန်းရှင်လူများသည် ပိဋကတ်စာပေကျမ်းဂန်များကို ဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ မြောက်ဦးအနှံ့ တည်ဆောက်ထားခဲ့ဟန်တူပါသည်။

မြောက်ဦးခေတ်တွင် ယခုတွေ့ရှိရသမျှသော ပိဋကတ်တိုက်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

၁။ မဟာမုနိ ပိဋကတ်တိုက်

၂။ မုတ်ဆိတ်တော် ပိဋကတ်တိုက်

၃။ လေးမျက်နှာ ပိဋကတ်တိုက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၄။ ကျောက်ရာဇ် ပိဋကတ်တိုက်
၅။ မင်္ဂလာ ပိဋကတ်တိုက်
၆။ နန်းတော် ပိဋကတ်တိုက်
၇။ မင်းသမီးမြောင် ပိဋကတ်တိုက်
၈။ ဝင်မနား ပိဋကတ်တိုက်
၉။ ငွေတောင် ပိဋကတ်တိုက်
၁၀။ ကိုးသောင်း ပိဋကတ်တိုက်
၁၁။ ကြောင်လေဒုံ ပိဋကတ်တိုက်
၁၂။ ဆင်ဝင် ပိဋကတ်တိုက်
၁၃။ သဘော်စာတိုင် ပိဋကတ်တိုက်
၁၄။ ချိန်ကိုက် ပိဋကတ်တိုက်
၁၅။ ဓမ္မိကာရာမ ပိဋကတ်တိုက်
၁၆။ စံကားတောင် ပိဋကတ်တိုက်
၁၇။ ဒိုင်းဝန်ကြီး ပိဋကတ်တိုက်
၁၈။ လက်ဆေးကန်ရှိ ရွှေပေါက်ပင် ပိဋကတ်တိုက်
၁၉။ ရတနာ့မာရ်အောင် ပိဋကတ်တိုက်
၂၀။ ရန်နောင် ပိဋကတ်တိုက်
၂၁။ ပြည်စိုးကြီး ပိဋကတ်တိုက်
၂၂။ ဣန္ဒမဋ္ဌု ပိဋကတ်တိုက်
၂၃။ တောင်မြင်းမိုရ် ပိဋကတ်တိုက်(နှစ်ဆူ)
၂၄။ ခေါင်းဖြူတောင် ပိဋကတ်တိုက်
၂၅။ ဘောင်းဒွတ်ကျေးရွာရှိ ပိဋကတ်တိုက် (နှစ်ဆူ)
၂၆။ သက်တော်ရပိဋကတ်တိုက် တို့ ဖြစ်ကြပါသည်။

သို့သော် စစ်ဘေးစစ်ဒဏ်ကြောင့် လည်းကောင်း၊ ရာသီဥတုဒဏ် လူပယောဂ ဒဏ်တို့ကြောင့်လည်းကောင်း ယခုအခါ အနည်းငယ်ခန့်သာ ကျန်ရှိပါတော့သည်။

**ချိန်ကိုက် ပိဋကတ်တိုက်၏ တည်နေရာ အနေအထား**

ဤပိဋကတ်တိုက်သည် ချိန်ကိုက်မြို့ရိုးတံခါးအနီး မြေညီလွင်ပြင်တွင် တည်ရှိသည်။ တောင်ဘက်တွင် ထူပါရုံစေတီတော်၊ အနောက်ဘက်တွင် ပေ (၁၅၀)ခန့်မြင့်သော သာရပဗ္ဗတတောင်တန်းနှင့် မြောက်ဘက်တွင် ချိန်ကိုက်မြို့ရိုး အရှေ့မြောက်ဘက်တွင် အမြင့်တောင် ခံတပ်တို့ တည်ရှိကြသည်။

**ချိန်ကိုက်ပိဋကတ်တော်၏ သမိုင်းကြောင်း**

မြောက်ဦးမြို့ရှိ ပိဋကတ်တိုက်များအနက် ယခုတိုင် အကောင်းဆုံးကျန်ရှိနေသော ပိဋကတ်တိုက် ဖြစ်ပါသည်။

ပိဋကတ်တိုက်ကို ကျောက်အတိဖြင့် တည်ဆောက်ထားသည်။ ကျောက်တိုင်လေးဘက်ကာရံထားသည်။ အရှေ့ဘက်တွင် ဝင်ပေါက်တစ်ပေါက်ရှိသည်။ ပိဋကတ်တိုက်၏ အောက်ခြေသည် လေးထောင့်ဖြစ်သည်။ ကျောက်နံရံလေးဘက်မှာ အပေါ်သို့ ကားထွက်သွားသည်။ အပေါ်ပိုင်းသည် အောက်ခြေထက် ကျယ်ပြန့်သည်။

ပိဋကတ်တိုက် တစ်ခုလုံးကို ပန်းခက်၊



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပန်းနွယ်၊ စုလစ်၊ မုခ်ချွန်၊ စိန်တောင်များဖြင့် ပြာသာဒ်ပုံသဏ္ဍာန် တည်ဆောက်ထားပြီး အပေါ် ပိုင်းတွင် ပြာသာဒ်ဘုံငါးဆင့် ပြုလုပ်ထားလေ သည်။

မူလက အဆောက်အအုံ တစ်ခုလုံးကို ရွှေချ ခဲ့ကြောင်းကို သစ်စေးနှင့် ဟင်္သာပြဒါးများ ယခုတိုင် ရှိနေသေးခြင်းက သက်သေခံနေပေ သည်။ ဂူထဲတွင် ကြေးဆင်းတုတစ်ဆူ ရှိခဲ့ ကြောင်း သိရသည်။ အရှေ့ဘက်မျက်နှာစာ၌ သိမ်သမုတ်တိုင်များ ရှိသည်။ မူလက အဆောက် အအုံတစ်ခုလုံးကို ခေါင်မိုးဖြင့် မိုးထားခဲ့သည်ဟု ဆိုပါသည်။

အောက်ခြေအလျားမှာ အရှေ့မှ အနောက် သို့ (၁၄)ပေ၊ မြောက်မှ တောင်သို့ (၁၅)ပေ ရှိပြီး အမြင့်မှာ (၉)ပေ ရှိသည်။

ကုသိုလ်ရှင်မှာ ဘုရင်မင်းဖလောင်း (ကောဇာ ၁၉၃၃–၁၉၅၅)ဖြစ်ပြီး ကောဇာ (၉၅၃) ခုနှစ် တွင် တည်ထားခဲ့သည်။ အချို့သုတေသီများက ဘုရင်နရပတေ့ကြီး (ကောဇာ ၁၀၀၀–၁၀၃၇) လက်ထက် သီရိလင်္ကာနိုင်ငံ (သီဟိုဠ်)မှ ပို့ဆက် လိုက်သော ပိဋကတ်တော်များကို ထားရှိခဲ့သည် ဟူ၍ လည်းကောင်း၊ စန္ဒသုဓမ္မရာဇာ (အေဒီ ၁၆၅၂–၁၆၈၄) လက်ထက်တွင် တည်ဆောက်ခဲ့ သည်ဟူ၍လည်းကောင်း ဆိုခဲ့သည်။ တောင်ညို ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ကြသော ရဟန်းသံဃာတော်များ အသုံးပြုရန် ပိဋကတ် တိုက်နှင့် ပိဋကတ်တော်များကို လှူဒါန်းခဲ့ကြ သည်။

အချုပ်အားဖြင့်ဆိုရသော် စာပေသည် လူမျိုး တစ်မျိုး၏ အသက်သွေးကြော၊ ယဉ်ကျေးမှု၏ မဏ္ဍိုင်၊ နိုင်ငံတစ်နိုင်ငံ၏ မီးရှူးတန်ဆောင် မည်ပေသည်။ 'ရေမြင့် ကြာတင့်' ဆိုသကဲ့သို့ စာပေအဆင့်အတန်းမြင့်ပါမှ ထိုလူမျိုး၏ဂုဏ် တင့်တယ်နိုင်ပေသည်။

ကေသရာဇာခြင်္သေ့မင်း၏ အဆီသည် သိင်္ဂီ ရွှေခွက်တွင်သာ ထည့်နိုင်သကဲ့သို့ လူမျိုး၏ အတိတ်သမိုင်းမှ ယဉ်ကျေးမှုပုံရိပ်များသည်လည်း ထိုလူမျိုး၏ စာပေပေါ်တွင် အခြေတည်ပေ သည်။

စာပေသည် လူမျိုးတစ်မျိုး၏ နှလုံးသည်း ပွတ်ပမာဖြစ်၍ ဤရှေးဟောင်းစာကြည့်တိုက်များ သည်လည်း မြောက်ဦးမြို့၏ ကျက်သရေဆောင် ဖြစ်ရုံသာမက ရခိုင်လူမျိုးများ၏ မီးရှူးတန်ဆောင် လည်း မည်ပေသည်။

'အဟောင်းစတင် အသစ်တွင်'ဆိုသော စကားနှင့်အညီ ရခိုင်ရှေးဟောင်းအမွေအနှစ် များကို စံနမူနာထား၍ ထိန်းသိမ်းစောင့်ရှောက် အပ်ပေသည်။ ။

**စောထွီးသျှင် (မြောက်ဦး)**

__ကျမ်းကိုး__

၁။ ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်း၊ သမိုင်းကဏ္ဍ (ပထမတွဲ)

၂။ စာရေးသူ၏ ကွင်းဆင်းလေ့လာမှုများ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# တောရစံပျော် မြတ်သူတော်

ရွှေခိုင်ကျော်
(မြောက်ဦး)



စာရေးသူသည် ရတနာမာရ်အောင် ဆရာတော် မြောက်ဦးသို့ ပြန်လည်ရောက်ရှိသည့် သတင်းကို ကြား၍ သွားရောက်ဖူးမြော်ခဲ့ပေသည်။ ဆရာတော်သည် ရတနာမာရ်အောင်ကျောင်းမှ ထွက်သွားပြီး အရညဝါသီ တောရဆောက်တည်၍ သုံးနှစ်သုံးမိုး ကြာညောင်းခဲ့ပေသည်။ ထို့ကြောင့် စာရေးသူသည် ဆရာတော်အား ဖူးမြော်တွေ့ဆုံလို၍ သွားရောက်ခဲ့ခြင်းပါ။ ဆရာတော်သည် ဆွမ်းသုံးဆောင်ပြီး၍ ငြိမ်သက်စွာ တစ်ပါးတည်း အနားယူနေသည်ကို တွေ့ရှိရပါသည်။

ဆရာတော်သည် ယခင်ထက် အသားအရေ မည်းနက်ပြီး အနည်းငယ်ပိန်သွားသည်ဟု ထင်မိပါသည်။ စာရေးသူသည် ဆရာတော်အား တရားစကား အနည်းငယ် မေးလျှောက်ခဲ့သည်။ ဆရာတော်ထံမှ စာအုပ်တစ်အုပ် ပေးပါသည်။ ထိုစာအုပ်မှာ **'တောရစံပျော် မြတ်သူတော်'** စာအုပ်ပင် ဖြစ်ပါသည်။ စာအုပ်၌ ဆရာတော် အတွေ့အကြုံနှင့် ဝိပဿနာအကြောင်းများကို ရေးသားထားပါသည်။ စာရေးသူလည်း စာဖတ်ဝါသနာပါ၍ အိမ်သို့ရောက်လျှင် ခဏအနားယူပြီး ထိုစာအုပ်ကို ဖတ်ကြည့်ပါသည်။

စာရေးသူသည် ထိုစာအုပ်မှ ထုတ်နုတ်၍ အနည်းငယ်တင်ပြပါမည်။

**ရတနာမာရ်အောင် ဆရာတော်အကြောင်း**

ရတနာမာရ်အောင် စေတီအနီး (ရှေးအခေါ် ရတနာစံဦး) ယခု **ရတနာမာရ်အောင် ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်**သဖြင့် ရတနာမာရ်အောင် ဆရာတော်ဟု ခေါ်ပါသည်။ ရှေးအခါက



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရတနာစံဦးဟု ခေါ်ခြင်းကို စာရေးသူ သုတေသန ပြုလုပ်၍ကြည့်ရာ ဤသို့တွေ့ရပါသည်။

လေးမြို့ခေတ် နောက်ဆုံးမြို့မှာ **'လောင်းကြက်မြို့'** ဖြစ်ပေသည်။ ထိုမင်း လောင်းကြက်မြို့၌ အုပ်စိုးနေစဉ် မွန်နှင့် ဗမာတို့ တိုက်ကြသဖြင့် ဘင်္ဂလားသို့ ပြေးခဲ့ရသည်ဖြစ်၍ မင်းစောမွန် လောင်းကြက်မြို့ထီးနန်းတွင် အုပ်စိုးစဉ် မြွေငန်းဝင်ခြင်း၊ ပျားစွဲခြင်း၊ မိုးကြိုးခခြင်း တည်းဟူသော မကောင်းသောနိမိတ်များကြောင့် မြို့ကို ပြောင်းရွှေ့ခဲ့ရသည်။

မင်းစောမွန်သည် မြောက်ဦးမြို့တော်ကို သက္ကရာဇ် (၇၉၂)ခု၊ တော်သလင်း လဆန်း (၁)ရက်၊ တနင်္ဂနွေနေ့၌ တည်ထားခဲ့သည်။ မြို့တော်ကို တည်ပြီး နန်းတော်ကိုလည်း တည်ဆောက်ခဲ့သည်။ ထိုမင်းသည် မြို့တည်ပြီးလျှင် လောင်းကြက်မှ ရဟန်းသံဃာ အပါး (၂၀) ကျော်ခန့်ကို ပင့်ပြီး မြောက်ဦးမြို့တော်၌ နေရာချပြီး ကျောင်းဆောက်လုပ် လှူဒါန်းခဲ့သည်။ သံဃာ့ရာဇာဆရာတော်မှာ **'မဟာဝိဇယ ဆရာတော်'**ဖြစ်ပြီး ဒုတိယသံဃရာဇာ ဆရာတော်မှာ **'ရတနာစံဦးဆရာတော်'** ဖြစ်လေသည်။ ရတနာစံဦး၌ 'ရတနာ'မှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဖြစ်၍ 'စံ'ဆိုသော စကားမှာ စံပျော်နေထိုင်သည်၊ 'ဦး'မှာ နန်းတော်၏ အဦး၊ မြို့တော်၏အဦးဟု အဓိပ္ပာယ်ရပေသည်။ ထို့ကြောင့် ရတနာစံဦးမှာ ရတနာသုံးပါးကို အလေးထားယုံကြည်၍ နန်းတော်ဦး၌ စံပျော်နေထိုင်ခြင်းဟု အဓိပ္ပာယ်ရပေသည်။ သို့ဖြစ်၍ ထိုကျောင်း၌ သီတင်းသုံးနေထိုင်သော ဆရာတော်ကိုလည်း ရတနာစံဦးဆရာတော်ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

ဆရာတော်၏ ဇာတိရွာမှာ လယ်သမားများ နေထိုင်ကြသည်။ ထို့ကြောင့် ဆရာတော်၏ မိဘများမှာ လယ်သမားများဖြစ်ကြသည်။ လယ်သမားကြီး ဦးစိန်အောင်၊ ဒေါ်ဖြူစိန်တို့သည် သံတွဲဒိစရိတ်၊ တောင်ကုတ်မြို့နယ် မအီမြို့၌ နေထိုင်ကြသည်။ သူတို့မှာ သားငါးယောက်နှင့် သမီးနှစ်ယောက် ရှိလေသည်။ ဆရာတော်မှာ တတိယမြောက် သားရတနာဖြစ်သည်။ ငယ်မည်မှာ မောင်လှကြိုင် ဖြစ်သည်။ ဆရာတော်သည် အသက် (၁၉)နှစ်အရွယ်သို့ ရောက်သောအခါ ရဟန်းဝတ်ရန် မိဘတို့ထံ ခွင့်ပန်ခဲ့သည်။ ထို့ကြောင့် (၁၃၄၀)ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်နေ့မှာ ပဉ္စင်းဘဝသို့ ရောက်ရှိခဲ့သည်။ ဆရာတော်သည် ပရိယတ်တတ်မှသာ ပဋိပတ်ကို ကျင့်ကြံနိုင်မည်ဟု ယုံကြည်သဖြင့် ရှေးဦးစွာ ပရိယတ်စာပေကို သင်ကြားခဲ့သည်။ ထို့နောက် ပဋိပတ်ကို အဓိကထား၍ အားထုတ်ခဲ့သည်။

ဆရာတော်သည် ရိပ်သာအမျိုးမျိုးသို့ ကြွရောက်လျက် အားထုတ်ခဲ့သည်။ ထို့နောက် ရတနာမာရ်အောင် ဘုရားအနီး (ရှေးအခါ ရတနာစံဦးကျောင်း တည်ခဲ့ရာ)ဌာနသို့ ရောက်ရှိခဲ့သည်။ ဒကာ ဒကာမများ တောင်းပန်၍ ရတနာမာရ်အောင် ကမ္မဋ္ဌာန်းဌာနကို ဖွင့်လှစ်ခဲ့ပြီး တရားပြခဲ့ပေသည်။ ထိုကမ္မဋ္ဌာန်းဌာနကို (၁၃၅၀)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားထိုင်တဲ့ယောဂီဟာ ဦးစွာပထမ ခဏိက သမာဓိဖြစ်ဖို့အတွက် ထွက်လေ ဝင်လေကိုပဲ မှတ်မှတ်၊ ဖောင်းပိန်ကိုပဲမှတ်မှတ်၊ စိတ်ကို နှာသီးဝမှာပဲထားထား၊ ဝမ်းဗိုက်မှာပဲထားထား၊ ရင်ချိုင့်မှာပဲထားထား၊ တင်ပါးနှင့် ပျဉ်ချပ်နှစ်ခု ထိမှုအပေါ် ထိသိမှာပဲထားထား၊ ဘယ်နေရာမှာပဲ ထားထား ဒါက အဓိကအချက် မဟုတ်ဘူး၊ ဝိပဿနာမဟုတ်ဘူး၊ ဝိပဿနာဉာဏ် ထင်ရှားဖို့အတွက် သမာဓိအား စုနေတာပါ။ စိတ်တည်ကြည်မှု ရထားမှ ခန္ဓာ၏ သဘာဝတရားကို စိုက်ကြည့်လို့ မြင်မှာပါ။ ဘုရားရှင်ကလည်း **'သမာဓိဘိက္ခဝေ ဘာဝေထ'** ချစ်သားတို့ သမာဓိတရား ရအောင်ကျင့်ကြတဲ့။ **'သမာဟိ တော ယထာဘူတံ ပဇာနတိ'** စိတ်ကလေး တည်တည်ငြိမ်ငြိမ် ရလာရင် ခန္ဓာ၏ ထင်ရှားမှုတွေကို ထိုးထိုးတွင်းထွင်း မြင်လာတယ်ပေါ့။

**"ထပေတွာအနိစ္စာဒိ အာကာရေနဝိသေသန ပဿတီတိဝိပဿနာ"** စာသိ သုတမယအသိ၊ စိန္တာမယအသိ၊ သညာသိဝိဉာဏ်တို့ကို ကျင့်ထား၍ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ ကိုယ်ပိုင် ဘာတစ်ခုမှမရှိတဲ့သဘောကို ကိုယ်ပိုင်ဉာဏ်ဖြင့် လှမ်းပြီးတော့ မြင်တဲ့သဘောကိုမှ ဝိပဿနာလို့ဆိုတယ်။ ဒီနေရာမှာ စာသံ ပေသံနှင့်ပြောမှ အရသာရှိတယ်။ ဘာကြောင့်လဲ ဆိုတော့ ဤအရှင်တို့ သင်လာခဲ့တဲ့ စာပေစကားလေးတွေကို အသုံးပြုပါမှ ပရိယတ္တိသင်လာတာ ကျေးဇူးရှိတယ်၊ ဘုရားနှင့် ဆရာသမားကို ကျေးဇူးဆပ်ရာလည်း ရောက်တယ်လို့ ကိုယ့်စိတ်

ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့ပြီး တရားပြခဲ့ပေသည်။ ယခုအခါ နှစ်ပေါင်း (၂၀)ခန့် ရှိပြီဖြစ်ပါသည်။ ဆရာတော်သည် မိမိလည်း တရားအားထုတ်၊ ဒကာ ဒကာမတို့အားလည်း တရားပြ၊ စာအုပ်များလည်း ရေးသားထုတ်ဝေခြင်းနှင့် တရားဟောကြားခြင်း ကိစ္စများကို ဆောင်ရွက်လာခဲ့ရာ စေတနာရှင်များက ဓမ္မာရုံ၊ ကျောင်းဆောင်များ၊ ယောဂီဆောင်များ ဆောက်လုပ်လှူဒါန်းကြပါသည်။ ထိုသို့ နေထိုင်စဉ် ဆရာတော်သည် နှစ်နှစ်ခန့် တောထွက်၍ တရားအားထုတ်ခဲ့ပါသည်။ သို့သော် မည်သည့်ဒေသသို့ ထွက်သွားသည်ကို မသိသဖြင့် ဆရာတော်အား စောင့်မျှော်ခဲ့ကြပါသည်။ နောက်တော့ ဆရာတော်သည် ထားဝယ်ဘက်သို့ ရောက်နေကြောင်း၊ တရားဟောပြောနေကြောင်း သိရှိရသဖြင့် ဝမ်းမြောက်မိပါသည်။

တစ်ဖန် ထားဝယ်၊ ပဲခူးတို့မှ ရန်ကုန်သို့ ရောက်ရှိနေကြောင်း သိရပြန်ပါသည်။ ဤသို့စသည်ဖြင့် ခရီးစဉ်အတိုင်း ကြွရောက်လာရာ (၃၁-၁၂-၂၀၀၇) ခုနှစ်၊ ဗုဒ္ဓဟူးနေ့ ဆရာတော်သည် ရတနာမာရ်အောင် ကမ္မဋ္ဌာန်းကျောင်းသို့ ပြန်လည်ကြွရောက်လာပါသည်။ ဆရာတော်သည် သက်တော်ရာကျော်ရှည်၍ ဒကာ ဒကာမတို့အား တရားဓမ္မများ ဆက်ကာ ဆက်ကာ ဟောပြောနိုင်ပါစေဟု ဆုတောင်းလိုက်ပါသည်။

ဆရာတော် ရေးသားထုတ်ဝေသည့် **'တောရစံပျော် မြတ်သူတော်'** စာအုပ်မှ တရားတစ်ပုဒ်ကို ထုတ်နုတ်၍ တင်ပြလိုပေသည်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထဲမှာ အားရတယ်။ များများမဟုတ်တောင်မှ နည်းနည်းလေး ဓမ္မအရသာပေါ်လွင်တယ်ပေါ့။

## ဝိပဿနာလမ်းညွှန်ဆောင်ပုဒ်

**ထိုင်နည်း**

- တင်ပျဉ်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာ ဖြောင့်အောင်ထား။
- မလှုပ်ကလ္လြေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေ မလွင့်ပါး။
- မျက်စိမှိတ်ကာ ခေါင်းတည့်ပါ၊ နှာခေါင်းဝမှာ စိတ်ကိုထား။

**ရှုမှတ်မှု**

- ထွက်လေ ဝင်လေ၊ စိုက်စိုက်နေ၊ မှတ်လေ ယောဂီများ။
- မနှေးမမြန်၊ ဝင်လေဟန်၊ မှတ်ပြန် သတိထား။
- မနှေးမမြန်၊ ထွက်လေဟန်၊ မှတ်ပြန် သတိထား။
- စလယ်အဆုံး၊ သုံးပါးလုံး၊ သိမ်းကျုံး သိအောင်ပွား။
- ဝင်လေရပ်၊ ထွက်လေရပ်၊ ငြိမ်မလှုပ်၊ ပျောက်ချုပ် သတိထား။

**အကျိုးရပုံ**

- သူငါမဟုတ်၊ နာမ်နှင့်ရုပ်၊ အဟုတ် သိအောင်ပွား။
- နာမ်ရုပ်ထင်မြင်၊ သူငါဝင်၊ ပယ်ခွင် ငြိမ်းစေသား။

### တရားသဘော

'ရူပပဇာနာတိ' ရုပ်တရားတို့၏ ဖောက်ပြန်နေတာကို တွေ့ရမယ်၊ သတိမဂ္ဂင်ကို ကိုင်ထားစောင့်ကြည့်၊ ဤခန္ဓာကြီးကို ကြည့်တာမဟုတ်ဘူးနော်၊ (၃၅)ပိဿာ၊ (၄၀) အလေးချိန်ရှိတဲ့ ခန္ဓာကြီးကို ကြည့်တာမဟုတ်ဘူး။ ခွဲဟောင်ခံရတဲ့ ခန္ဓာကြီးကို ကြည့်တာမဟုတ်ဘူး။ စိတ်ကလေးလျှော့ပြီး ချမ်းသာသောအာရုံကို ယူပြီး လေကလေးမှန်မှန်ရှူ၊ မမြန်နဲ့၊ မနှေးနဲ့၊ ခပ်အေးအေးလေးထားပြီး ကြည့်နေတော့ ရုပ်ခန္ဓာက ဟိုနားက တစ်မျိုး၊ ဒီနားက တစ်ဖုံ၊ တလှုပ်လှုပ် တဖြုတ်ဖြုတ် တရွရွ တမွမွ ပူလိုက် အေးလိုက်၊ တောင့်မှု၊ တင်းမှု၊ ကိုက်မှု၊ ဇက်ကြောတက်မှု၊ ထပြေးချင်အောင် တစ်ခါတစ်ရံ သံပူပြားကြီးနဲ့ ကပ်ထားသလို၊ အပ်တွေနဲ့ ဝိုင်းထိုးခံရသလို ပြောပြလို့ မရလောက်အောင် ဖောက်ပြန်နေတာကို တွေ့မြင်ရမယ်။

ဒီတော့ ယောဂီဟာ ဘုရားမိန့်တဲ့အတိုင်း ရုပ်တရား၏ ဖောက်ပြန်မှုကို သိပါ။ ယောကျ်ား မိန်းမ မယူလိုက်ပါနဲ့။ ငါဖောက်ပြန်လို့ ဘာများဖြစ်သွားမလဲလို့ ရုပ်ကို မစွဲပါနဲ့။ လေများဖြတ်သွားမလား စသည်ဖြင့် သက္ကာယအပေါ် မဖြစ်ပါနဲ့။ အရှိခန္ဓာက အရှိအတိုင်း ပြလာပါလားဟု အသိဉာဏ်ကလေးနဲ့ ကြည့်ပေးနေရုံပါ။

သို့သော် ဖောက်ပြန်နေတာ ရုပ်တစ်ခုတည်းပါ။ မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝမဟုတ်၊ ဖောက်ပြန်တတ်တဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရုပ်သဘောလေးပါ။ ရုပ်ကိုမြင်ပြီးရင် ဘုရားက ဝေဒနာဘိက္ခဝေ ပဇာနာတိ = ချစ်သားတို့ ခံစားတတ်တဲ့ ဝေဒနာကို သိပါစေ။ ဟော– အခုခန္ဓာရုပ်က အမျိုးစုံဖောက်ပြန်လာနေပြီ။ တစ်ခါတစ်ရံ ခပ်ကြမ်းကြမ်း ခပ်လျှော့လျှော့ ခံစားနေရတယ်။ ခံစားနေရတာက ယောကျ်ား မိန်းမ မဟုတ်ဘူးနော်၊ ရုပ်တရား၏ ဖောက်ပြန်မှုကိစ္စကြောင့် ဝေဒနာက္ခန္ဓာဆိုတဲ့ ခံစားမှု ဖြစ်နေတာ။ ငါနာတယ် မယူစွဲနဲ့၊ စွဲရင် ဒိဋ္ဌိ၊ ငါဘာများဖြစ်သွားမလဲ၊ လေများဖြတ်သွားမလား၊ ဒုက္ခပါလားလို့ ဝေဒနာအပေါ် ငါကပ်သွားရင် သက္ကာယဒိဋ္ဌိ၊ မျက်စိမှိတ်လိုကမှိတ်၊ ဖွင့်လိုက နည်းနည်းဖွင့်ထား၊ ဒီခံစားနေတဲ့ နေရာကို သတိနဲ့ ကပ်ကြည့်၊ ဖောက်ပြန်နေတာ။

ဒီလိုရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ခန္ဓာငါးပါးလုံးကို ကြည့်တတ်ပြီး ကြည့်ရင်း ပုဂ္ဂိုလ်သတ္တဝါ ရှာမတွေ့ဘဲ သြော်... ဖောက်ပြန်နေတဲ့ ရုပ်တရားနဲ့ ခံစား မှတ်သား ပြုပြင် သိမှုဆိုတဲ့ နာမ်တရားပါလား။ အကျဉ်းချုပ်ကတော့ ရုပ်ဓာတ်သဘောနဲ့ နာမ်ဓာတ်သဘော နှစ်ခုပါလားလို့ သိရင် ယောဂီဟာ ရုပ်မှာလည်း စွဲစရာမရှိ၊ နာမ်မှာလည်း စွဲစရာမရှိဘဲ သဘာဝ အမှန်တရားကို တွေ့လာမယ်။ အပွမာဒဆိုတဲ့ သတိနဲ့ ဉာဏ်ကို တွဲကြည့်သော ယောဂီမှာ ဘာတွေမြင်သလဲဟု မေးရင် ခန္ဓာငါးပါး ရုပ်နဲ့ နာမ်ကိုသာ မြင်ပါသည်ဟု အဖြေထွက်လာပါမယ်။

## မသိရှာကြ ဤလောက

- ငါတို့ခန္ဓာ အသက်ဟာ ရှည်ကြာဘယ်မျှ မသိပါ။
- ငါတို့ခန္ဓာ ဘယ်ရောဂါ ဖြစ်လာမည်ကို မသိပါ။
- ငါတို့ခန္ဓာ သေရက်မှာ ဘယ်ပုဂ္ဂိုလ်မှ မသိပါ။
- ငါတို့ခန္ဓာ ဘယ်နေရာ သေမှာဘယ်သူ မသိပါ။
- ငါတို့ခန္ဓာ ရုပ်ဒေသာ ဘယ်မှာသေမည် မသိပါ။

## ဝိပဿနာအကျိုး

- လက်ရှိခန္ဓာ မတွယ်တာနှင့် နောင်လာဘဝ မတောင့်တာဘဲ ကြောင့်ကြဖွဲ့ဖြင့် အမြဲမပြတ် ဝိပဿနာ လေ့လာကြိမ်ကြိမ် အာစိဏ္ဏကံ ဖြစ်ကြောင်းပန်မှု ထိုသည့်သူအား အယူမစွဲ ဂတိမြဲ၏။
- မီးစွဲလောင်မှ ရေကိုတသော် မရဖြစ်အင် ပုံနှိုင်းယှဉ်၍၊ မဂ္ဂင်သန္တေ တည်မြဲနေအောင် မသေခင်က ပြင်ဆင်တောက်လျှောက် မမေ့ပျောက်နှင့်၊ ချွေးပေါက်ယိုစီး သေခါနီးဝယ် အပြီးမှုချ မဂ္ဂင်ရလိမ့်မည်။
- ကိစ္စမလျော့ အကြောင်းပေါ်၍ မတော်တဆ မင်္ဂမရဦး၊ ဘဝအစွန် တမလွန်တွင် ထူးချွန်အံ့လောက် နတ်ပြည်ရောက်၍၊ မဖောက်မပြန် သောတာပန်စစ် ဧကန်ဖြစ်လိမ့်၊ မလစ်ဝိပဿနာ အကျိုးသာတည်း။ ။

ရွှေခိုင်ကျော် (မြောက်ဦး)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အမိုကောင်းပေါ်ဆု

ထွေးထွေးရီ (ကျောက်ဖြူ)



**“ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့”**လို့ ဆိုတဲ့ စာပိုဒ်ကလေးဟာ ကျွန်မအမြဲတမ်း မကြာခဏ သတိရနေတဲ့ စာစုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဩဝါဒကောင်းတွေနဲ့ ကျွန်မရဲ့ ဘဝတစ်ခုလုံးကို တစ်စမကျန် ဆွဲနုတ်ပြီး အသိဉာဏ်ပေးခဲ့သူဟာ ကျွန်မရဲ့ မြတ်ဆရာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အထက်ပါစာပိုဒ်လေးကို ကျွန်မ အမှတ်ရနေခြင်းပါ။ ကျွန်မဟာ ယခင်က လောကီရေးနဲ့ လောကုတ္တရာရေးတွေမှာ သုံးနဲ့လေးလိုပါ။ ဒါကို မြတ်ဆရာက လမ်းညွှန်ပေးလို့ ဓမ္မရေးရာမှာ တတ်သိနားလည်လာခြင်းပါ။ ဒီလို အကျိုးကျေးဇူးတွေကြောင့် ဆရာဆိုတာ လောကရဲ့ မီးရှူးတိုင် ဖြစ်ပါတယ်။

* * *

လူတိုင်း လူတိုင်းမှာ ဆရာကိုယ်စီရှိကြပါတယ်။ ကျွန်မမှာလည်း သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနဲ့ လောကီ၊ လောကုတ္တရာ ဆရာရယ်လို့ မြောက်မြားစွာရှိပါတယ်။ ဒီအထဲက ကျွန်မ ဖော်ကျူးလိုတဲ့ ဆရာဟာ လောကုတ္တရာနယ်ထဲက ရဟန်းသံဃာတော် ဖြစ်ပါတယ်။ ဆရာပေါင်းမြောက်မြားစွာ ရှိတဲ့အထဲက ဒီဆရာကိုမှ ဘာကြောင့် ဖော်ညွှန်းရသလဲဆိုတော့ ဘယ်အချိန်မှာဖြစ်ဖြစ်၊ ဘယ်နေရာမှာမဆို ဖျတ်ခနဲ ဆရာလို့ နှလုံးသွင်းမိတာနဲ့ တစ်ပြိုင်နက် ဒီဆရာကို အမှတ်ရနေလို့ပဲ ဖြစ်ပါတယ်။ ဒီဆရာဟာ ကျွန်မအတွက် ထူးခြားလွန်းလှပါတယ်။

လောကသဘာဝကြီးကို ကြည့်လိုက်ကြမယ်ဆိုရင် လူတွေဟာ ဘာကိုမြင်ကြပါသလဲဆိုတော့ လူတိုင်း လူတိုင်းဟာ ကိုယ်ထင်သလို၊ ကိုယ့်ပကတိမျက်စိနဲ့ မြင်သလို၊ ကိုယ်တွေးချင်သလို အမျိုးမျိုးအမြင်တွေနဲ့ ဝေဖန်ပြောဆိုကြမှာ မလွဲပါဘူး။ တကယ်တော့ ဒီ ကိုယ်ထင်တဲ့၊ ကိုယ်မြင်တဲ့၊ ကိုယ်တွေးတဲ့ အရာတွေဟာ တကယ်မှန်တဲ့ အမှန်တရားတွေ ဖြစ်နိုင်ပါ့မလားလို့ မေးပြန်တော့လဲ အဖြေတူကြမှာမဟုတ်ပါဘူး။ တစ်ဦးနဲ့ တစ်ဦး ငြင်းခုံပြီးတော့ အထင်၊ အမြင်၊ အတွေး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တွေဟာ အမျိုးမျိုးဖြစ်နေကြမှာပါ။ တကယ်တော့ ဓမ္မသဘာဝကို မြင်ဖို့ဆိုတာ မလွယ်ပါဘူး။ ဆရာကောင်း၊ သမားကောင်းနဲ့ တွေ့ဖို့လိုပါတယ်"

* * *

ဒီဆရာသမားနဲ့ မတွေ့ခင် ခန္ဓာက တရားပြနေပေမယ့် ပြမှန်းမသိခဲ့ပါဘူး။ ခန္ဓာက စကားပြောနေပေမယ့် ပြောမှန်းမသိခဲ့ပါ။ သတိလဲ မထား၊ နားလဲမထောင်ခဲ့ပါ။ ဒီနေ့၊ ဒီအချိန်မှာတော့ ခန္ဓာကပြတဲ့တရား၊ ခန္ဓာကပြောတဲ့ စကားတွေဟာ ဆရာတော် ညွှန်ပြတဲ့အတိုင်းပါလားလို့ နားလည်လာပါတယ်။ ကျွန်မဟာ ဆရာတော် သွန်သင်ဆုံးမမှုအောက်ဝယ် လိုက်နာကျင့်သုံးခဲ့တော့ ကျောင်းသင်ဘာသာရပ်တစ်ခုကို ကျွမ်းကျင်စွာ နားလည်သဘောပေါက်သလိုပါပဲ။ ခန္ဓာဘာသာရပ်ကို ကြေကြေညက်ညက် သိမြင်ခဲ့ရပါတယ်။

ဘယ်လိုသဘောပေါက်သလဲဆိုတော့ ငယ်ငယ်က ခန္ဓာနဲ့ စကားပြောဆို ဆက်ဆံတဲ့အခါ တဏှာနဲ့ ဆောင်ယူသိမ်းပိုက်ပြီး တစ်ချိန်လုံး တဏှာနဲ့ပဲ နေခဲ့ပါတယ်။ တဏှာကိုပဲ လက်ခံခဲ့တယ်။ ဒီလိုနေထိုင်ခဲ့ပေမယ့် ဆက်ဆံ လက်ခံနေမှန်း မသိခဲ့ပါဘူး။ စက္ကန့်မလပ် အနားမရပ်ရအောင် တရစပ် ညှဉ်းပန်းနှိပ်စက်နေတဲ့ တဏှာကို တဏှာမှန်း မသိခဲ့တော့ သူခိုင်းသမျှ၊ သူပြောသမျှ ခံနေရပြီး 'တဏှာကျွန်' လုံးလုံး ဖြစ်ခဲ့ရတာပါ။

ဒီနေ့ ဆရာတော်ရဲ့ ဂုဏ်ကျေးဇူးကြောင့် ခန္ဓာကပြတဲ့ တရား၊ ခန္ဓာကပြောတဲ့ စကားတွေကို နားလည်သဘောပေါက်ပြီမို့ ကျွန်ဖြစ်အောင်ခိုင်းပေမယ့် ခိုင်းမှန်းသိလာတယ်။ ဆရာတော်က ခန္ဓာကိုယ်ကို ဉာဏ်ကလေးနဲ့ စောင့်ရှောက်တတ်အောင် သင်ပြထားတော့ ခန္ဓာကဘာပြောပြော ဉာဏ်ကလေးနဲ့ အကဲခတ်ပြီး နှလုံးသွင်းဆင်ခြင်တော့ ဝေဒနာကို သည်းခံနိုင်ပါတယ်။ ဒါမှ လောကကြီးမှာ နေရ၊ ထိုင်ရတာ သက်သာခွင့် ရပါတယ်။ ဒီလို ဘဝနေထိုင်မှုဟာ ဆရာတော်ရဲ့ ကျေးဇူးကြောင့်ပါ။ ခန္ဓာအစဉ်ဆိုတာ မိမိခန္ဓာသာမဟုတ်၊ လောကကြီးတစ်ခုလုံးမှာ ရှိနေကြတဲ့ အရာမှန်သမျှတွေအပေါ်မှာလည်း သဘောပေါက် နားလည်ဖို့လိုပါတယ်။ လောကကြီးတစ်ခုလုံးဟာလည်း အရင် ကိုယ်ထင်ခဲ့၊ မြင်ခဲ့၊ တွေ့ခဲ့သလို မဟုတ်ဘူးဆိုတာ ဆရာ့ရင်ခွင် ခိုဝင်ကြည့်ကြမှ နားလည်သဘောပေါက်ကြမှာပါ။ တရားဓမ္မကို နှလုံးသွင်းပွားများမှ အမှန်ကို အမှန်အတိုင်း၊ ပရမတ္ထဓမ္မသဘာဝကို သဘာဝအတိုင်း သိမြင်ကြမှာပါ။ ကျွန်မ သည်လည်းပဲ ဆရာတော်ဩဝါဒအတိုင်း လေးလေးနက်နက် နာခံခြင်း၊ လိုက်နာကျင့်သုံးခြင်းကြောင့် အရင်ထက်-အသိတွေ ဖြစ်တည်ရခြင်းအတွက် ဆရာတော်ကို ကျေးဇူးတင်မဆုံးပါ။

စာပေတွေမှာလည်း ဖတ်မှတ်ဖူးပါတယ်။ ဘုရားရှင်လက်ထက်တုန်းကလည်း အချို့ရဟန်းတော်များဆိုရင် ပိဋကတ်သုံးပုံ အာဂုံဆောင်ထား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပေမယ့် တောထွက်တရားအားထုတ်တဲ့အခါ နှစ်ပေါင်းများစွာကြာအောင် အားထုတ်မှ တရားထူး တရားမြတ်တွေ၊ အသိထူး ဉာဏ်ထူးတွေ ရရှိကြတယ်လို့ ဖတ်ဖူး မှတ်ဖူးပါတယ်။ ကျွန်မမှာလည်း (၇)ရက်စခန်း (၁၀)ရက်၊ (တစ်လ)စခန်းတွေမှာ ဝင်ပြီး တရားအားထုတ်တော့ အသိဉာဏ်တော်တော်နဲ့ မဖြစ်နိုင်ပါဘူး။ သီလ၊ သမာဓိ၊ ပညာတွေ ထက်မြင်စင်ကြယ်ဖို့အတွက် အတော့်ကို ကြိုးစားရပါတယ်။

ဆရာတော်ကလည်း "ဒီလိုမနေနဲ့၊ ဒီလိုနေ" စသည်ဖြင့် စက္ကန့်မလပ် ဩဝါဒတွေ ပေးနေရုံမက စင်္ကြံကမ္မဋ္ဌာန်းဆိုလည်း စင်္ကြံကမ္မဋ္ဌာန်းပေါ်မှာ စိတ်တွေဘယ်လိုထားရမယ်၊ ဘယ်လိုရှုမှတ်ရမယ်၊ ကြွတာလေး၊ လှမ်းတာလေးကအစ ယောဂီများအား စောင့်ကြည့် အကဲခတ် သတိပေးနေတတ်တယ်။ ဆွမ်းသုံးပြန်ရင်လည်း ဘယ်လိုသုံးရမယ်၊ ဆွမ်းလုတ်ပြုပြင်တာ၊ ဆွမ်းလုတ်ယူတာ၊ ပါးစပ်ဟတာ၊ ဝါးတာ၊ မျိုတာ ပါတာ မကျန် အသေးစိတ် ဆုံးမဩဝါဒပေးနေပေမယ့် ယောဂီတွေဟာ အသားမကျကြပါ။ ဒီလို ဆရာတော်ရဲ့ ဩဝါဒတွေကို ယနေ့တိုင် ကြားနေဆဲပါ။

ဆရာတော်ကြီးကြပ်စောင့်ရှောက်ခြင်းကြောင့် ကျွန်မဟာလည်း နောက်တော့ သမာဓိတွေ ဖြစ်လာပါတယ်။ အသိဉာဏ်တွေ ပွင့်လန်းလာတယ်။ အခြားယောဂီတွေလည်း ကြိုးစားကြသလောက် သမာဓိတွေဖြစ်တည်၊ ဘဝပါရမီတွေ ရင့်ကျက်ပြီးတော့ တရားသဘောတွေကို နားလည်လာကြမှာပါ။ ဒါတွေဟာ ဆရာတော်ရဲ့ ကျေးဇူးတရားတွေ ဖြစ်ပါတယ်။

ဘုရားရှင်လက်ထက်တော်အခါ အရှင်အာနန္ဒာက ဘုရားရှင်အား လျှောက်တယ်...

"နောင်တော်ကြီးဘုရား... လောကမှာ မိတ်ဆွေကောင်းနဲ့ ရင်းနှီးပေါင်းဖော်ရတာဟာ ဘဝမှာ ငါးဆယ်ရာခိုင်နှုန်းလောက် ပြည့်စုံပါတယ်ဘုရား"

ဒီတော့ မြတ်စွာဘုရားက...

"ချစ်သားအာနန္ဒာ... သင်ဘယ်လိုပြောလိုက်တာလဲ၊ လောကမှာ မိတ်ကောင်း၊ ဆွေကောင်း၊ ဆရာကောင်းကို မှီဝဲဆည်းကပ်ရခြင်းဟာ ရာခိုင်နှုန်း ပြည့်စုံပါတယ်။ နောင်ကို ဒီလို မပြောပါနဲ့"

ဟု မိန့်ကြားတော်မူပါတယ်။

ကျွန်မ ဒီဒေသနာတော်ကို အာရုံပြု၍ နှလုံးသွင်းမိတာက ကျွန်မဘဝမှာလည်း မြောက်ဦးမြို့ ရတနာမာရ်အောင် တောရဓမ္မရိပ်သာ ဆရာတော်ကို မှီဝဲဆည်းကပ်ခွင့်ရတာဟာ ကျွန်မရဲ့ ဘဝ ရာခိုင်နှုန်း ပြီးပြည့်စုံပါတယ်လို့ ယုံကြည်ပါတယ်။ ဒီလို ဆရာသမားကောင်းကို မှီဝဲဆည်းကပ်ရသဖြင့် ဓမ္မအသိ (ဘဝအသိ) ဆုလဒ်တွေကို ရရှိခံစားနေရပါတယ်။ ဆရာတော်ရဲ့ ကျေးဇူးဂုဏ်တွေကို အမှတ်ရရင်း ဆရာတော်အား ဒီစာစုငယ်ဖြင့် ပူဇော်ကန်တော့လိုက်ပါတယ်။ ။

**ထွေးထွေးရီ (ကျောက်ဖြူ)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဘဒ္ဒန္တဝါယာမိန္ဒ အရှင်မြတ်၏ သာသနာပြုခရီး

**ဝတီထွန်း** (ကျောက်ဖြူ)



ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ရတနာစံဦး တိုက်၊ ရတနာမာရ်အောင် တောရ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒသည် ရခိုင်မြန်မာ သက္ကရာဇ် ၁၃၇၁ ခုနှစ်၊ တော်သလင်းလဆန်း တစ်ရက်နေ့၊ သက်တော်ငါးဆယ်ပြည့်မြောက်၍ သာသနာပြုခရီး တစ်ထောက်ကို ထူးကဲပြောင် မြောက်စွာ အောင်မြင်မှုကို ရရှိမည့် ပုဂ္ဂိုလ်ထူး တစ်ပါး ဖြစ်ပါသည်။

**ပရိယတ္တိသာသနာ**

ပရိယတ္တိသာသနာ ဆိုရာ၌ ဗုဒ္ဓနှုတ်ခပါဌ် ပိဋကတ်သုံးပုံ၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပါဠိ၊ အဋ္ဌကထာ၊ အနု၊ မဓု၊ ဂဏ္ဌိ၊ နေတ္တိတစ်ခန်း၊ ဆန်း၊ အလင်္ကာ၊ သဒ္ဒါ၊ မောဂ္ဂလာန်၊ အဘိဓာန်၊



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဗျာကရဏ်းကျမ်း အားလုံးကို ပရိယတ္တိဟူ၍ ခေါ်ပါသည်။

### ပဋိပတ္တိသာသနာ

ပဋိပတ္တိသာသနာဆိုရာတွင်လည်း ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆဲယ်ပါးသီလ၊ ရဟန်းတော်များ၏ ၂၂၇ သိက္ခာပုဒ်၊ အာပတ် ၇ ဖုံ၊ ဓုတင်တေရသ (ဓုတင် ၁၃ ပါး) စုဒ္ဒသခန္ဓကဝတ် ၁၄ ပါး၊ ဝတ်ကြီး ၈၂ ပါး၊ ပါဝင်သော သီလ၊ သမထကမ္မဋ္ဌာန်း ၄၀ ပါဝင်သော သမာဓိ၊ တေဘူမက သင်္ခါရတရားများကို အမြဲမရှိ အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရ အနတ္တဟူ၍ လက္ခဏာရေးသုံးပါးဖြင့် အဖန်ဖန် ဉာဏ်ဖြင့် သက်ဝင်ရှုမြင် ပွားများရခြင်းပညာ (ဝိပဿနာပညာ) ဤတရားအားလုံးသည် အကျင့်ပဋိပတ်နှင့်ဆိုင်သော တရားဓမ္မမျိုးဖြစ်၍ ပဋိပတ်သာသနာဟု ခေါ်ဝေါ်သုံးနှုန်းထားခြင်း ဖြစ်ပါသည်။

### ပဋိဝေဓသာသနာ

ပဋိဝေဓသာသနာ ဆိုရာ၌လည်း တေဘူမက (ကာမ၊ ရူပ၊ အရူပ) သင်္ခါရတရားများကို အမြဲမရှိ အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တဟု လက္ခဏာယာဉ်သုံးပါးဖြင့် ဆင်ခြင်ပွားများရခြင်းဖြင့် တဏှာ၊ ဒိဋ္ဌိတို့ ကပ်ငြိခြင်းမရှိဘဲ ဥပါဒါနက္ခန္ဓာမှ လွတ်မြောက်၍ ပဥ္စက္ခန္ဓာဖြင့် အာရုံပြုနိုင်သော မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး၊ နိဗ္ဗာန် ၁ ပါး ဤလောကုတ္တရာတရား ၉ ပါးသည် အဓိဂမသဒ္ဓမ္မဟု ဆိုအပ်သော ထိုးထွင်းသိတရားမျိုးကို ပဋိဝေဓသာသနာဟု နှလုံးသွင်းရှုမြင်မှန်းဆနိုင်ပါသည်။ ဤ၌ ဆိုလိုရင်းမှာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝါယာမိန္ဒ အရှင်မြတ်၏ ပရိယတ် ပဋိပတ် သာသနာပြုခရီးမှာလည်း နှစ်(၃၀) ပုလဲရတုပြည့်မြောက်၍ သက်တော် ၅၀ ပြည့် ရွှေရတုနှစ် မွေးနေ့မင်္ဂလာ အခါသမယ သို့ပင် ရောက်ရှိခဲ့ပါပြီကော ဟူ၍ ဝမ်းမြောက်နှမော် သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ကြမည် ဖြစ်ပါသည်။

ဤ၌ အထူးပြု တင်ပြလိုသည်မှာ ဘဒ္ဒန္တဝါယာမိန္ဒ အရှင်မြတ် တည်ဆောက်ထားသော ရတနာမာရ်အောင် တောရ ဓမ္မရိပ်သာဟူသော အမည်နာမ (ပညတ်ချက်)ကို ဘာသာ သာသနာ အမြင်ရှုထောင့်မှ ကြည့်ညိုကြည့်လျှင် ဤသို့ တွေ့မြင်နိုင်ပါသည်။

ဘဒ္ဒန္တဝါယာမိန္ဒ အရှင်မြတ်သည် မြောက်ဦးမြို့ရှိ ရတနာမာရ်အောင် တောရဓမ္မရိပ်သာကို စတင်တူထောင်စဉ်က ရွှေငွေရတနာ ကျောက်သံပတ္တမြား စသော လောကီရတနာများနှင့် အရင်းအနှီးပြု၍ တည်ထောင်ခဲ့သော ဓမ္မရိပ်သာ မဟုတ်ပါ။

ဆရာတော်အရှင်သူမြတ်မှာ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည် အရင်းတည်၍ သူတော်ကောင်းဥစ္စာရတနာ ၇ ပါး လက်ကိုင်ထားပြီး ရတနာမာရ်အောင် တောရ ဓမ္မရိပ်သာကြီးကို စတင်တည်ထောင်ခဲ့ကြောင်း ဘာသာ သာသနာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မျက်စိအမြင်ဖြင့် တွေ့မြင်ကြည်ညိုတတ်ဖို့လည်း လိုအပ်မည် ဖြစ်ပါသည်။

သို့နှင့် "ရတနာမာရ်အောင် တောရ ဓမ္မ ရိပ်သာ ဆိုရာ၌ ရတနာအရ တရားကို ကောက် ရလျှင် "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပ"ဟူသော သူတော်ကောင်း ဥစ္စာ ရတနာ ၇ ပါးကို ကောက်ယူသင့်ပါသည်။

'မာရ်အောင်တောရဓမ္မရိပ်သာ' ဆိုရာ၌လည်း မာန၊ ဒိဋ္ဌိ စသော ကိလေသာရန်မာန်တောမှ ထွက်မြောက်အောင်မြင်စေကြောင်း ခိုအောင်း မှီခိုရာ တရားရိပ်သာ (ဓမ္မဆာယာတစ်ခု)ဟူ၍ပင် ဖွင့်ဆိုချင်ပါသည်။ သို့နှင့် ရတနာမာရ်အောင် တောရဓမ္မရိပ်သာဟူသော ဝေါဟာရ အဓိပ္ပာယ် ကို ဘာသာ သာသနာ အမြင်ရှုထောင့်မှ ဆီလျော် အောင် ဖွင့်ဆိုကြည့်လျှင် 'သဒ္ဓမ္မ'ဟူသော သူတော်ကောင်းတရား ၇ ပါး (ဓမ္မရတနာများ) ကို လက်ကိုင်ထား၍ မာန၊ ဒိဋ္ဌိ စသော ကိလေသာရန် မာန်တောမှ ထွက်မြောက်အောင် မြင်ကြောင်း ခိုအောင်းမှီခိုရာ ဓမ္မရိပ်သာဟူ၍ပင် ဖြစ်ပါသည်။

ဆရာတော်အရှင်မြတ်သည် မြောက်ဦးမြို့ရှိ ရတနာမာရ်အောင် တောရဓမ္မရိပ်သာ တစ်ခု တည်း၌သာ တရားစခန်း ဖွင့်လှစ်သင်ပြ ဟော ကြားနေခြင်း မဟုတ်ပါ။ ဝါတွင်း (၃)လ ဝါဆို ဝါကပ် ပြုသည်မှအပ မြန်မာနိုင်ငံအတွင်း အခြား အမြို့မြို့ အနယ်နယ်ရှိ တရားစခန်း များသို့လည်း ကြွရောက်ပြီး ကမ္မဋ္ဌာနာစရိယ အဖြစ် တာဝန်ယူ၍ တရားစခန်းများ ဖွင့်လှစ်ပြီး သာသနာပြုလုပ်ငန်းများကို မနားမနေ ကြိုးစား အားထုတ် ဆောင်ရွက်နေသော ပုဂ္ဂိုလ်ထူး တစ်ပါး အဖြစ်လည်း ကြည်ညိုနိုင်ကြပါသည်။

ဤ၌ စာရေးသူအနေဖြင့် ဆရာတော်၏ ဟောပြောနေကျ ဓမ္မလက်ဆောင် စကားတစ်ခွန်း ကို သတိရလျက်ရှိပါသည်။ ဆရာတော်၏ ဓမ္မ လက်ဆောင် လက်သုံးစကားမှာ အခြားမဟုတ် ပါ။ "ဤဘဝ၊ ဤခန္ဓာ၊ ဤသာသနာ၌" ဟူသော ဓမ္မလက်ဆောင်စကား ဖြစ်ပါသည်။ ဆရာတော်၏ ဓမ္မလက်ဆောင်စကားကို မိမိ အတွေးဖြင့် သဘောပေါက် ခံယူမိသည်မှာ သတ္တဝါမှန်သမျှ ဘဝတည်းဟူသော ခန္ဓာငါးပါး ကို ရရှိလာကြလျှင် "ခန္ဓ သမံ ဒုက္ခံ နတ္ထိ" ဆိုသည့်အတိုင်း ခန္ဓာငါးပါးနှင့်တူသော ဆင်းရဲ ဒုက္ခဟူသည် မရှိ။ ခန္ဓာငါးပါးကို ရရှိထားခြင်း သည် ဆင်းရဲဒုက္ခတုံးကြီး ရရှိထားခြင်းနှင့်တူ၍ ဤသာသနာတော်၌ ကြုံကြိုက်တိုက်ဆိုင်သည့် အခိုက်အတန့် အခွင့်အခါမျိုးတွင် ပေါ့ပေါ့ဆဆ မနေကြဘဲ သံသရာဝဋ်ဆင်းရဲအပေါင်းမှ ကျွတ် လွတ်ထွက်မြောက်ကြောင်း မဂ္ဂင်လမ်းကြောင်း အတိုင်း ကျင့်ကြံအားထုတ် လျှောက်လှမ်းကြဖို့ ရည်ညွှန်းဟောပြောထားကြောင်း သဘောပေါက် ရိပ်စားမိပါသည်။

ဤ၌ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါအဖြစ် စွဲလမ်းထင်မှတ်နေကြ သော သမ္မုတိသစ္စ အမြင်ကို ခွာ၍ ခန္ဓာငါးပါး ရုပ်နာမ်တရားသည် (အတ္တ)မဟုတ်ကြောင်းကို



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရေးဦးစွာ ပရမတ်အမြင်ဖြင့် သိရှိထားသင့်ပါသည်။

**ခန္ဓာငါးပါးဥပမာ**

၁။ ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူသည်။
၂။ ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့်တူသည်။
၃။ သညာက္ခန္ဓာသည် တံလျှပ်နှင့် တူသည်။
၄။ သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့် တူပါသည်။
၅။ ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့် တူသည်။

သို့နှင့် ပညာရှိများက 'ပမာရေမြှုပ်'၊ ရုပ်နှင့်ယှဉ်ဘက်၊ ရေပွက်ဝေဒနာ၊ သညာတံလျှပ်၊ တစ်ရပ်သင်္ခါရ၊ ငှက်ပျောကျ၏၊ ဓမ္မဝိညာဉ် မျက်လှည့်ယှဉ်သည်၊ ငါးအင်နှစ်မဲ့ ခန္ဓာတည်း" ဟု ခန္ဓာငါးပါး အနှစ်သာရမရှိပုံကို စပ်ဆိုထားခြင်း ဖြစ်ပါသည်။

ထိုသို့ပင် ခန္ဓာငါးပါးနှင့် ပတ်သက်၍ အမြဲတမ်း နှလုံးသွင်း ရှုမှတ်သင့်ပုံကို "ဤကိုယ်ကာယ တစ်လံမျှဌ်၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏၊ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါနှင့်၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြစရာ၊ မရှိပါသည်၊ ခန္ဓာနာမ်ရုပ် မျှသာတကား။ နာမ်ရုပ်နှစ်ပါး၊ ဤတရားလည်း၊ ရှည်လျားကာလ၊ မတည်ကြဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ နှစ်သက်ခြင်းရာ၊ မလိုပါဟု၊ သုံးဖြာလက္ခဏာ၊ သဘာဝကြောင့်၊ ဖြစ်လာသမျှ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား"ဟူ၍ သံဝေဂရစရာ လင်္ကာစကားလည်း ဖြစ်ပါသည်။ ဤသို့ဖြင့် ဆရာတော်၏ သာသနာပြုခရီးတစ်လျှောက် မကြာခဏ မိန့်ကြားလေ့ရှိသော ဓမ္မလက်ဆောင်စကားဖြစ်သော ဤဘဝ၊ ဤခန္ဓာ၊ ဤသာသနာ၌ အခိုက်အတန့်အားဖြင့် တိုက်ဆိုင်ကြုံကြိုက်ခွင့်သာခိုက်မှာ ခန္ဓာတည်းဟူသော ဆင်းရဲဒုက္ခတုံးကြီးကို ဖက်တွယ်မထားကြဘဲ မဂ္ဂင်ကျင့်စဉ်တရားကို ပွားများအားထုတ်ကြရန်သာ ဖြစ်ပါသည်။ အချုပ်အားဖြင့်ဆိုရလျှင် မြောက်ဦးမြို့ ရတနာစံဦးတိုက် ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝါယာမိန္ဒ၏ သာသနာပြုခရီး နှစ်(၃၀) ပုလဲရတုပြည့်မြောက်၍ သက်တော် (၅၀)ပြည့် ရွှေရတုနှစ် မွေးနေ့မင်္ဂလာ ဂုဏ်ပြုပူဇာအဖြစ် ဤဆောင်းပါးကို တင်ပြလိုက်ရပါသည်။ ။

**ဝတီထွန်း (ကျောက်ဖြူ)**

**ကျမ်းကိုး**

၁။ ဝိသုဒ္ဓိမဂ်အရသာ (ညောင်လေးပင် တောရတိုက်) ဦးအရိယမထေရ်။
၂။ လယ်တီဆရာတော်၏ ခန္ဓာငါးပါး ရေမြှုပ်ရေပွက်ပြ ဥပမာပြလင်္ကာ။
၃။ အာဒိကမ္မိက ဘဒ္ဒန္တဝိစိတ္တာလင်္ကာရာဘိဝံသ တိပိဋကဆရာတော် ခန္ဓာငါးပါးရှုပွားပုံ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ကောင်းဆိုးနှစ်တန် အကြောင်းကံ

## မွန်(ကျောက်မြို့)



လူတစ်ဦးအဖို့ သန္တေတည်ကတည်းက အတိတ်ကံ ပါလာပြီးသားဖြစ်သည်။ ကောင်းတာလုပ်ခဲ့လျှင် အကောင်းဘက်ပါပြီး မကောင်းတာလုပ်ခဲ့လျှင် မကောင်းတာခံရမည်။ "ဥစ္စာဓန ပညာကို ပြိုင်လို့ရသော်လည်း ကံကိုတော့ ဘယ်တော့မှ ပြိုင်လို့ရမှာ မဟုတ်ပေ"။ မိသားစုအတွင်း၌ပင် မိဘနှစ်ပါးက မွေးဖွားလာကြချင်း အတူတူ ဆင်းရဲသူကဆင်းရဲပြီး ချမ်းသာသူက ချမ်းသာ၊ ပညာတတ်သူကတတ်ပြီး ပညာမဲ့သူက မဲ့နေခြင်းသည် အကြောင်းကံပဲဖြစ်ပါသည်။

တချို့ဆိုလျှင် ငယ်စဉ်က ချမ်းချမ်းသာသာ နေခဲ့ရသော်လည်း ကံအကြောင်းတရားကြောင့် ပြန်လည်ဆင်းရဲ မွဲတေသွားသူများက အတိတ်ကံ၊ ယခုဘဝ ပစ္စုပ္ပန်ကံကြောင့်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ တချို့ကလည်း ငယ်စဉ်က ဆင်းရဲသော်လည်း အတိတ်ကံ၊ ပစ္စုပ္ပန်ကံကြောင့် ကြီးပွားလာကြသူများလည်း ရှိခဲ့ကြရာ ကံအကြောင်းဟု ဆိုရမည်သာ။ ထို့ကြောင့် "အပြေးသာပြိုင်လို့ရသော်လည်း ကံကိုတော့ ပြိုင်လို့မရပါဘူး"ဟု ပြောစမှတ်ပြုကြခြင်း ဖြစ်ပေမည်။

ဗုဒ္ဓ၏အဆိုအမိန့်များကို လေ့လာဆည်းပူးမိသည်မှာ ကောင်းကံ၊ မကောင်းကံ အကြောင်းကံ နှစ်တန်အပြင် ဉာဏ် ဝီရိယများလည်း ရှိကြောင်း သိရှိရ၏။ ယင်းတရားတို့၏ သဘောထားများကိုပါ ဆက်စပ်၍ လေ့လာမိသမျှ ဤ၌တင်ပြချင်ပါသည်။ ကံဆိုသည်မှာ ကိုယ်ဖြင့် ပြုလုပ်မှု၊ စိတ်ဖြင့်ကြံစည်မှု၊ နှုတ်ဖြင့်ပြောဆိုမှု တို့ပင် ဖြစ်ကြပါသည်။ ကံ၏သတ္တိကို သိမှသာ ကိုယ့်ဘဝအခြေခံ ခိုင်မာရေး၊ အဆင့်အတန်း မြင့်မားရေးနှင့် အနေအထိုင် တင့်တယ်ရေးတို့ကို ပြုပြင်ကြမည်ဖြစ်သည်။ လူ့ဘဝတစ်ခုလုံးသည် အတိတ်ဘဝက ပြုခဲ့သည့်အကြောင်းနှင့် ယခုဘဝ ပြုလုပ်နေကြသည့် ကံတရားအပေါ်တွင် တည်မှီနေသည်။

ကိုယ်ဖြင့်ပြုလုပ်မှု၊ စိတ်ဖြင့်ကြံစည်မှု၊ နှုတ်ဖြင့်ပြောဆိုမှုများသည် မိမိပြုသည့် ကံတွေသာ ဖြစ်သည်။ ကံဆိုသည်မှာ အလုပ်ဖြစ်သည်ဟု ဖွင့်ဆိုချက်အရ မိမိပြုလုပ်သည့် အလုပ်အပေါ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှုတည်း၍ အကျိုးပေးတတ်သည်။ မိမိပြုလုပ်ခဲ့သည့် ကံအရ အကျိုးပေးတတ်သည်။ လူတိုင်းကောင်းတာလုပ်လျှင် ကောင်းကျိုးခံစားရမည်၊ မကောင်းတာလုပ်လျှင် မကောင်းကျိုးခံစားရမည် ဖြစ်ရာ ကံ၏အကျိုးကို ယုံကြည်သူသည် မကောင်းမှုများကို အတတ်နိုင်ဆုံး ရှောင်တတ်သည်။ ကောင်းသောအရာများကို ပြုလုပ်ကြသည်။

ကံတည်းဟူသော မျိုးစေ့ကိုချပြီး အခြေတည်၍ ဖြစ်ပေါ်လာသည့် လက်တွေ့ဘဝအခြေအနေကို ဉာဏ်နှင့် သင့်လျော်သည့်နေရာတွင် ဉာဏ်က ဦးဆောင်ပြီး၊ ဝီရိယနှင့် သင့်လျော်သော နေရာတွင် ဝီရိယက ဦးဆောင်ပြီး ထိန်းသိမ်းစောင့်ရှောက်ရမည်။ ဤသို့ ဉာဏ်ဝီရိယက ဘဝကို ဦးဆောင်သွားသည့်အခါတွင် ကံသည် သူတို့၏ လက်တွေ့ဘဝကို ရုပ်လုံးဖော်ပေးပါလိမ့်မည်။ ဘဝသစ်အတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ကံ၊ ဉာဏ်၊ ဝီရိယ ဒီသုံးခုကို လောကဉပမာဖြင့် တင်စားပြောဆိုရလျှင် အနားသုံးခုရှိတဲ့ တြိဂံတစ်ခုနှင့် တူသည်ဟု ပြောဆိုရပါမည်။ တြိဂံဆိုသည်မှာ ပုံသဏ္ဌာန်ပေါ်လာရန် "ဉာဏ်၊ ဝီရိယ၊ ကံ" သုံးခုတို့သည် ဟန်ချက်ညီဖို့ လိုပါသည်။ ဗုဒ္ဓစာပေများတွင်...

၁။ ဘုန်းကံကို အမှီပြုပြီး အသက်မွေးကြရသော နတ်ဗြဟ္မာများ၊

၂။ ဘုန်းကံမရှိ ဝီရိယကိုသာ အားကိုးနေကြရသော တိရစ္ဆာန်များ၊

၃။ ကံ ဉာဏ် ဝီရိယ သုံးမျိုးစလုံးကို အားကိုးနေကြရသော လူသားများဟု ဖော်ပြထားပါသည်။

လယ်တီဆရာတော်ဘုရား၏ ဒီပနီပေါင်းချုပ် ပထမတွဲမှာ... "သတ္တဝါအပေါင်းတို့အတွက် ချမ်းသာသုခကို ဖြစ်စေတတ်သော အတိတ်ကံ၊ ပစ္စုပ္ပန်ကံတို့သည် ဉာဏ်စွမ်း၊ ဝီရိယစွမ်းတို့ဖြင့် ကင်း၍မဖြစ်စေနိုင်၊ ဉာဏ် ဝီရိယကြီးလျှင် ကံကြီးနိုင်၏။ ထိုနှစ်ခု အလယ်အလတ်ဖြစ်လျှင် ကံလည်း အလယ်အလတ်ဖြစ်၏။ ထိုနှစ်ခု ငယ်လျှင် ကံလည်းငယ်ရ၏။ ထို့အတူ ကမ္မသာမနိယ–ကံကြီးလျှင် ဉာဏ်ဝီရိယလည်း ကြီးလေးမည် စသည်ဖြင့် ကံ ဉာဏ် ဝီရိယတို့ကို အပြန်အလှန်အားဖြင့် ကျေးဇူးပြု၍ လောကကြီးတွင် ကောင်းကျိုးချမ်းသာ အဖြာဖြာကို ဖြစ်ကုန်၊ ပေါ်ပေါက်ကုန်လေသတည်း"ဟု ဖော်ပြခဲ့ကြောင်း ဖတ်ရှုခဲ့ရပါသည်။

မိမိမှာ စိတ်ထဲ ကြံစည်တိုင်း ဖြစ်လေ့မရှိ။ သို့သော် ကံအလှည့်ကား အလွန်ဆန်းကြယ်သည်။ ကံအလှည့်ကြုံသောအခါ မကြံစည်ဘဲလည်း ဖြစ်လာတတ်သည်။ ဤသည်မှာ အတိတ်ကံကြောင့် ဖြစ်မည်ထင်ပါသည်။ တချို့ ယခုဘဝတွင် အစစ အောင်မြင်ပြီး လူနေမှုအဆင့်အတန်း မြင့်မားကာ ပြည့်စုံနေသူတို့သည် "ပုဗ္ဗေစကတပုညတာ"ဟု ဆိုသော မိမိရှေ့က ပြုဖူးသော ကောင်းမှုကြောင့်ပင် ဖြစ်ပါသည်။ မျိုးစေ့ချပေးသော အတိတ်ကံကို အသိ၊ သတိနှင့် ဉာဏ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝီရိယ တွဲဖက်ကာ ပစ္စုပ္ပန်ကံဖြင့် စောင့်ရှောက် အကောင်အထည်ဖော်ပေးရပါမည်။

ကိစ္စများမြောင် လူတို့ဘောင်၌ အသက်မွေး နေထိုင်ကြသော လူသားမှန်သမျှ အနည်းနှင့် အများ ဆိုသလို အတိတ်ကံကြောင့်ဖြစ်စေ၊ ပစ္စုပ္ပန်ကံကြောင့်ဖြစ်စေ မအောင်မြင်မှုများ၊ အဆုံးအရှုံးများ၊ ဆင်းရဲဒုက္ခများ၊ သောကများနှင့် ရင်ဆိုင်ရလေ့ ရှိကြပါသည်။ ဤသို့ အဆိုး လောကဓံနှင့် ကြုံသောအခါ ရတနာသုံးပါး ကိုသာ ဦးထိပ်ထား အာရုံပြု၍ တည်ကြည် ရင့်ကျက်စွာ ခံနိုင်ရည်ရှိအောင် ကြိုးစားရမည် ဖြစ်ပါသည်။

မည်သည့်ဆင်းရဲဒုက္ခနှင့် ကြုံသည်ဖြစ်စေ မိမိ၏ ရုပ်နာမ်ခန္ဓာကို ရတနာသုံးပါးအား အပ်နှင်းလျက် သီလကို မြဲစွာ ဆောက်တည်ပြီး လုံ့လဝီရိယနှင့် ဉာဏ်အားကို အစွမ်းကုန် အသုံး ချလျက် ဆင်းရဲဒုက္ခမှ လွတ်မြောက်အောင် အားထုတ်ကြိုးပမ်းသွားခြင်းသာလျှင် လမ်း ကောင်း လမ်းမှန် ဖြစ်သည်။

**ကျင့်စဉ် (၈)ပါး**

၁။ သမ္မာဝါစာ – မှန်ကန်သောစကား ပြောဆိုမှု

၂။ သမ္မာကမ္မန္တ – မှန်မှန်ကန်ကန် လုပ် ဆောင်မှု

၃။ သမ္မာအာဇီဝ – မှန်ကန်သော အသက် မွေးမြူမှု

၄။ သမ္မာဝါယမ – မှန်ကန်သော ကြိုးစား အားထုတ်မှု

၅။ သမ္မာသတိ–မှန်ကန်သော အောက်မေ့ မှု

၆။ သမ္မာသမာဓိ – မှန်ကန်သော တည် ကြည်မှု

၇။ သမ္မာသင်္ကပ္ပ – မှန်ကန်သော စဉ်းစား ဆင်ခြင် ကြံစည်မှု

၈။ သမ္မာဒိဋ္ဌိ – မှန်ကန်သောအယူရှိမှု။

ဤသို့သော မဂ္ဂင်ရှစ်ပါးကို ကျင့်ကြံအား ထုတ်ခြင်းဖြင့် ကံကောင်းကြသူများ ဖြစ်လာ နိုင်ပါသည်။

အောင်မြင်ခြင်းမဂ္ဂဇင်းက စီစဉ်ပြီး စာရေး ဆရာ နန္ဒာသိန်းဇံ၊ ဆရာချစ်ဦးညို၊ ဆရာစံဇာ ဏီဘိုနှင့် ဦးကျော်ဟိန်းတို့ ဆုံစည်းပြီး ပြည့်စုံ ကောင်းမွန်သော ဘဝနှင့် စိတ်ကို အသုံးချခြင်း ဆိုသည့် ခေါင်းစဉ်နှင့် ဆွေးနွေးကြသော စကား ဝိုင်းမှာ ဆရာနန္ဒာသိန်းဇံ တင်စားခဲ့သော ဥပမာ လေးက ကံကောင်းအောင် လုပ်စေချင်တဲ့အဖြစ် ပါသည်။

"ကျွန်တော် ဇာတ်ကြောင်းလေးတစ်ခုကို သတိရတယ်။ ပင်လယ်ထဲမှာ စစ်သင်္ဘောနှစ်စီး ဟာ စစ်ရေးလေ့ကျင့်ကြတယ်။ အဲဒီအချိန်မှာ ရာသီဥတုကလည်း သိပ်ဆိုးလာတယ်။ ဒါ့ ကြောင့် သင်္ဘောနှစ်စီးကို ရှေ့တစ်စီး နောက် တစ်စီး ခုတ်မောင်းလာကြတယ်။ အဲဒီအချိန်မှာ သတင်းတစ်ခုဝင်လာတယ်။ သင်္ဘောရဲ့လက်ယာ ဘက်မှာ မီးရောင်မြင်နေတယ်။ မီးက ငြိမ်နေတဲ့ မီးလား၊ လှုပ်ရှားနေတဲ့မီးလားလို့ ကပ္ပတိန်က



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ရွှေရတု မွေစာစောင်

မေးတယ်။ ငြိမ်နေတဲ့မီးပါလို့ ပြန်ပြောတယ်။ ငါတို့သွားနေတဲ့ လမ်းကြောင်းနဲ့ တည့်နေတယ်၊ ဝင်တိုက်နိုင်တယ်၊ တို့အတွက် ၂၀ ဒီဂရီ စောင်းပေးပါလို့ သတင်းပြန်ပို့ခိုင်းတယ်။ ဟိုက ပြန်လာတယ်၊ ခင်ဗျားတို့ပဲ ၂၀ ဒီဂရီ စောင်း သွားပါတဲ့။ စစ်သင်္ဘောကို အမိန့်ပေးတော့ ကပ္ပတိန်က ဒေါပွသွားတယ်။

"ဟေ့...ငါကပ္ပတိန်ကိုယ်တိုင် သတင်းပို့နေတာကွ၊ ငါက စစ်သင်္ဘောကွလို့" ပြောလိုက်တယ်။

တစ်ဖက်ကလည်း ပြန်ပြောတယ်။

"ကျွန်တော်ကလည်း မီးပြတိုက်ပါတဲ့"

ပြောချင်တာကတော့ မီးပြတိုက်က အလင်္ကာသဘောပါ၊ ဘယ်လိုပြုမူတာမှန်တယ်၊ ဘယ်လိုပြုမူတာ မှားတယ်ဆိုတဲ့ သုစရိုက်၊ ဒုစရိုက်ကို လမ်းပြတဲ့သဘော ညွှန်းဆိုတာပါ။

ကိုယ်ကျင့်တရား ဖောက်ဖျက်ရင်တော့ မီးပြတိုက်ကို ဝင်တိုက်သလိုဖြစ်မှာပဲ။ ဒါကြောင့် ပြီးပြည့်စုံတဲ့ဘဝ ဖြစ်ဖို့ဆိုတာက ကိုယ်ကျင့်တရားကို မှန်ကန်အောင် ထားတတ်ဖို့ လိုပါတယ်။ မီးပြတိုက်နဲ့တူတဲ့ ကိုယ်ကျင့်တရားဆိုင်ရာ စည်းမျဉ်းတွေကို မချိုးဖျက်မိစေဖို့၊ မတိုက်မိဖို့လိုပါလိမ့်မယ်ဟု ပြောခဲ့ရာ ကံလမ်းကြောင်းကို ကောင်းအောင် ပြုမူနေထိုင်ရာမှာ ကျင့်သုံးသင့်တဲ့ အချက်ပင် ဖြစ်ပါသည်။

ဆိုလိုသည်မှာ ကိုယ်ကျင့်တရားသည် လက်တွေ့ဘဝအခြေအနေကို ဉာဏ်ဖြင့် သင့်လျော်သောနေရာမှာ ဉာဏ်က ဦးဆောင်ပြီး ထိန်းသိမ်းတည်ဆောက်ရာမှာ အလွန်အရေးပါသောတရား ဖြစ်သည်။ ဘယ်သူမပြု မိမိအမှု၊ ကောင်းတာလုပ်လျှင် ကောင်းကျိုးရမည်၊ မကောင်းတာလုပ်လျှင် မကောင်းကျိုးရမည်လို့ ယုံကြည်ထားကြသော ဗုဒ္ဓဘာသာဝင်တွေပီပီ လောကထဲတွင် နေစဉ်အတွင်း ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့ ကိစ္စအများအပြားကို လုပ်ဆောင်စဉ်အတွင်း သတိနှင့် အသိကို အမြဲဆောင်ထားကြရမည် ဖြစ်ပါသည်။ မိမိကြောင့် သူတစ်ပါးနှလုံးစိတ်ဝမ်း ရှင်လန်းစေလိုသော စေတနာ၊ မိမိကို အကြောင်းပြု၍ သူတစ်ပါးကို မထိခိုက်စေလိုသော စေတနာတရားများသည် နှလုံးသားဝယ် စွဲမြဲလျက် ပြောဆိုဆက်ဆံ လုပ်ကိုင်ခြင်းသည် ကိုယ်ကျင့်တရားပင်ဖြစ်ပါသည်။


တချို့ဆိုသော် မိမိလုပ်ခဲ့သမျှသော အတိတ်ကံ ဉာဏ် ဝီရိယနှင့် ပစ္စုပ္ပန် ကံ ဉာဏ် ဝီရိယတို့ကြောင့် ခံစား စံစားရခြင်းသာ ဖြစ်သည်။ ပတ်ဝန်းကျင်၏ ပယောဂသည် အထောက်အပံ့မျှသာဖြစ်သည်။ မိမိသာ အဓိကဖြစ်ပါသည်။ ကောင်းလည်းကိုယ့်ကံ၊ မကောင်းလည်း ကိုယ့်ကံသာ ဖြစ်ပါသည်။ လုပ်တိုင်းမဖြစ် စိတ်မညစ်နှင့်ဟု စာဆိုရှိပါသည်။ အကြောင်းမပြည့်စုံသေးသမျှ အကျိုးမပြည့်စုံနိုင်၊ အကြောင်းစုံမှ ပေါင်းဆုံရမည်ဟူသော ကြောင်းကျိုးဆက်တရားများကို နှလုံးသွင်း ဆင်ခြင်နိုင်ကြပါစေ။ ။

ဝနဝါသီ အရှင်ဝါယာမိန္ဒအား ဦးခိုက်လျက်...။

**မွန် (ကျောက်ဖြူ)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# အာဇီဝဋ္ဌမကသီလ

## သီရိကျော်(မြောက်ဦး)

စာရေးသူတို့ ငယ်စဉ်က လူကြီးမိဘ အဘိုး အဘွားများထံမှ ညနေ ထမင်းစားရသောသီလ ရှိသည်ဟု ကြားဖူးပါသည်။ ထိုသီလမှာ အာဇီဝဋ္ဌ မကသီလ ဖြစ်ပေသည်။ တစ်နည်းပြောရသော် ငြိမ်းချမ်းရေးသီလပင် ဖြစ်ပေသည်။ ထိုသီလကို အငြိမ်းစားအမှုထမ်းများ စောင့်သုံးသင့်ပေသည်။ သီလမှာ အပိုင်းသုံးပိုင်းပါရှိရာ ကာယကံသီလ သုံးပါး၊ ဝစီကံသီလ လေးပါး၊ မနောကံသီလ တစ်ပါးအားဖြင့် ရှစ်ပါးဖြစ်ပါသည်။ သီလရှစ်ပါး ဖြစ်သော်လည်း အဋ္ဌင်္ဂသီလကဲ့သို့ နေ့လွဲညစာ စားခြင်းမှ ရှောင်ကြဉ်ရသောသီလ မပါသဖြင့် ညနေစာ စားသုံးနိုင်သောသီလဟု ခေါ်ဆိုခြင်း ဖြစ်ပေသည်။

သီလစောင့်ထိန်းမည့်သူသည် ရဟန်းသံဃာတော်များ ရှေ့မှောက်၌ဖြစ်စေ၊ ဘုရားဆင်းတုတော် ရှေ့မှောက်၌ဖြစ်စေ ရှိသေစွာထိုင်ပြီး သီလကိုဆို၍ စောင့်ထိန်းနိုင်ပေသည်။ ခုဒ္ဒကပါဠိ ပါဠိတော်အတိုင်း ပြုရသော်...

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၅။ ပိသုဏဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၆။ ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၇။ သမ္ဖပ္ပလာပဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၈။ မိစ္ဆာအာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

ဤအာဇီဝဋ္ဌမကသီလကို လုံခြုံစွာ စောင့်ထိန်းနိုင်သူသည် သမ္မပ္ပဒါန်တရားလေးပါးကိုပါ စောင့်ထိန်းရာရောက်၍ ယခုဘဝ၌ပင် မဂ်ဖိုလ်ကို ရနိုင်သည်ဟုဆို၏။

## ဘုရားဆင်းတုတော်ရှေ့၌ သီလခံယူပုံ

၁။ အဟံဘန္တေ အဒ္ဓတဂ္ဂေ ပါဏုပေတံ ပါဏာတိပါတာ ဝိရဟာမိ၊

၂။ အဟံဘန္တေ အဒ္ဓတဂ္ဂေ ပါဏုပေတံ အဒိန္နာဒါနာ ဝိရဟာမိ၊

၃။ အဟံဘန္တေ အဒ္ဓတဂ္ဂေ ပါဏုပေတံ ကာမေသုမိစ္ဆာစာရာ ဝိရဟာမိ၊

၄။ အဟံဘန္တေ အဒ္ဓတဂ္ဂေ ပါဏုပေတံ မုသာဝါဒါ ဝိရဟာမိ၊

၅။ အဟံဘန္တေ အဒ္ဓတဂ္ဂေ ပါဏုပေတံ ပိသုဏာဝါစာ ဝိရဟာမိ၊

၆။ အဟံဘန္တေ အဒ္ဓတဂ္ဂေ ပါဏုပေတံ ဖရုသဝါစာ ဝိရဟာမိ၊

၇။ အဟံဘန္တေ အဒ္ဓတဂ္ဂေ ပါဏုပေတံ သမ္ဖပ္ပလာပဝါစာ ဝိရဟာမိ၊

၈။ အဟံဘန္တေ အဒ္ဓတဂ္ဂေ ပါဏုပေတံ မိစ္ဆာအာဇီဝါ ဝိရဟာမိ။

ဤပါဠိရှစ်ပါးကို သီလခံယူမည့်ပုဂ္ဂိုလ်သည် ဘုရားဆင်းတု ရုပ်ပွားတော် ရှေ့မှောက်၌ ရှိသေစွာ ထိုင်လျက် ထိခြင်းငါးပါးဖြင့် ရှိခိုးပြီးလျှင် နှုတ်ကရွတ်ဆို၍ သီလကို ခံယူရမည်။

## သီလအဓိပ္ပာယ်

၁။ တပည့်တော်သည် ယနေ့မှစ၍ အသက်ထက်ဆုံး သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၂။ တပည့်တော်သည် ယနေ့မှစ၍ အသက်ထက်ဆုံး သူများဥစ္စာကို ခိုးခြင်းမှ ရှောင်ကြဉ်ပါ၏။

၃။ တပည့်တော်သည် ယနေ့မှစ၍ အသက်ထက်ဆုံး သူတစ်ပါးသားမယားကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ပါ၏။

၄။ တပည့်တော်သည် ယနေ့မှစ၍ အသက်ထက်ဆုံး မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၅။ တပည့်တော်သည် ယနေ့မှစ၍ အသက်ထက်ဆုံး ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၆။ တပည့်တော်သည် ယနေ့မှစ၍ အသက်ထက်ဆုံး ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၇။ တပည့်တော်သည် ယနေ့မှစ၍ အသက်ထက်ဆုံး အကျိုးမရှိသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၈။ တပည့်တော်သည် ယနေ့မှစ၍ အသက်ထက်ဆုံး မတရားသော အသက်မွေးခြင်းမှ ရှောင်ကြဉ်ပါ၏။

ဤအာဇီဝဋ္ဌမကသီလကို ဆောက်တည်သူနည်းပါးပါသည်။ အဋ္ဌင်္ဂုပေါသထသီလကိုတော့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လူအများ ဆောက်တည်မှုရှိကြပါသည်။ ဤ သီလကို ဆောက်တည်က မြင့်မြတ်သည်ဟု အယူရှိကြပေသည်။ ဥပမာ–ထမင်းစားသောက် ရာတွင် ကြက်သား၊ ဝက်သား၊ ငါးများမှာ မိမိတို့ ကြိုက်နှစ်သက်သော အစားအစာဖြစ်၍ အဓိက ကျသည်၊ ကောင်းသည်ဟု ထင်မှတ်ကြပါသည်။ ထမင်းစားရာတွင် ပါဝင်သော ဆန်စပါးကို မေ့နေကြသည်။ ထို့ကြောင့် အသားငါးကိုသာ အမွန်းတင် ပြောဆိုနေကြသည်။ သို့သော် ထမင်းသည် အသက်သခင် ဖြစ်သော်လည်း အမွန်းတင်ခြင်း မခံရပါ။ ထို့အတူ ဤအာဇီဝဋ္ဌမကသီလမှာလည်း သူ့နေရာနှင့်သူ အကျိုးရှိ သည်ကို သိရှိသူ နည်းပါးကြပါသည်။ သီလမှာ မည်သည့်သီလက မြတ်သည်၊ မည်သည့်သီလက ယုတ်သည်ဟု မဆိုနိုင်ပေ။

အာဇီဝဋ္ဌမကသီလကို ဆောက်တည်ပြီး ဒါန စသည်ကို ပြုလုပ်လျှင် အကျိုးထူးရှိကြောင်း ကို အောက်ပါအတိုင်း သိနိုင်ပါသည်။

ရှေးအခါက အာဇီဝဋ္ဌမကသီလကို စောင့် ထိန်း၍ သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံ၌ လူများစွာ တို့ အရိယာဖြစ်ကြသည်ဟု သိရှိရပါသည်။ ဤ အာဇီဝဋ္ဌမကသီလသည် အိမ်ဆောက်ရာ၌ အဖြူ ထည်နှင့်တူ၏။ အိမ်ဆောက်လျှင် ရှေးဦးစွာ အဖြူထည်ဟု ခေါ်သော တိုင် ထုပ် ယောက် တန်းတို့ကို တည်ဆောက်ရပါသည်။ ပြီးမှသာ မိမိပြုလုပ်လိုသော အမိုး၊ အကာ၊ အခန်း စသည် တို့ကို လုပ်ရသည်။ ထို့အတူ ကုသိုလ်ကောင်းမှု ပြုလုပ်လိုသူသည် အာဇီဝဋ္ဌမကသီလကို စောင့် ထိန်းပြီးမှ ဆောင်ရွက်လျှင်လည်း များစွာ အကျိုး ရရှိနိုင်ပါသည်။ ဝက်သား၊ ကြက်သားတို့ ကောင်းသော်လည်း ထမင်းမပါလျှင် မပြီးသကဲ့ သို့ ဖြစ်သည်။

အာဇီဝဋ္ဌမကသီလကို ဆောက်တည်နိုင်သူ၌ မနောသုစရိုက် သုံးပါးတို့တွင် သမ္မာဒိဋ္ဌိသုစရိုက် သည် ထိုသီလနှင့် တည်ရှိပြီး ဖြစ်လေသည်။ ဗြဟ္မစိုရ်တရားနှင့် ကျန်ရှိသော မနောသုစရိုက် တို့သည်လည်း တည်ပြီးဖြစ်ပါသည်။ အာဇီဝဋ္ဌ မကသီလကို ဆောက်တည်သူသည် သမာဒါန ဝိရတီသီလကို ဆောက်တည်သည်မည်၏။ ခံယူ ဆောက်တည်မှု မရှိဘဲ ဒုစရိုက်မှ ရှောင်ကြဉ်လျှင် သမ္ပတ္တဝိရတီသီလ မည်၏။ ထိုသီလနှစ်ပါး သည် ခိုင်မြဲဖို့သာ အဓိကဖြစ်၏။


သမာဒါနဝိရတီသီလ ခိုင်မြဲစင်ကြယ်လျှင် ယခုဘဝ၌ သမုစ္ဆေဒဝိရတီသီလသို့ ရောက်ရှိခြင်း ငှာ အခြေခံကိစ္စ ပြည့်စုံတော့၏။ သမ္ပတ္တဝိရတီ သီလကလည်း စင်ကြယ်မှု ခိုင်မြဲလျှင် ယခုဘဝ ၌ပင် သမုစ္ဆေဒဝိရတီသီလသို့လည်း ရောက်ရှိ နိုင်ပေသည်။ သို့ဖြစ်၍ ဤအာဇီဝဋ္ဌမကသီလ သည်လည်း စောင့်ထိန်းသင့်သောသီလ ဖြစ်ပါ ကြောင်း တင်ပြအပ်ပါသည်။

**မှတ်ချက်**။ ။ လယ်တီဆရာတော် ဟောကြား သော တရားတော်မှ ထုတ်နုတ် တင်ပြခြင်း ဖြစ်ပါသည်။

**သီရိကျော် (မြောက်ဦး)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# တောင်များဝန်းရံ ဝေဠုဝန်အလား တူစွပမာ ကျောင်းဝိဟာ

စောထွီးသျှင် (မြောက်ဦး)

ကောဇာသက္ကရာဇ် (၇၉၂)ခုနှစ်တွင် ဘုရင်မင်းစောမွန်သည် လောင်းကြက်မြို့တော်ဟောင်းမှ မြောက်ဦးမြို့တော်သို့ ပြောင်းရွှေ့လာသောအခါ လောင်းကြက်မြို့တော်မှ ရဟန်းသံဃာ (၂၀)တို့အား ပင့်ဆောင်ခဲ့လေသည်။ ယင်းရဟန်းသံဃာ (၂၀)တို့အနက် 'ရတနာစံဦး' ရဟန်းတော်မှာ တစ်ပါးအပါအဝင် ဖြစ်လေသည်။ ဘုရင်မင်းစောမွန်သည် ရတနာစံဦး ဆရာတော်အား ရွှေနန်းတော်၏ အရှေ့မြောက်ဘက် မိုင်ဝက်ခန့်အကွာ မြေညီပြင်၌ ကျောင်းတော်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆောက်လုပ်၍ ကိုးကွယ်ခဲ့လေသည်။

ရတနာစံဦးကျောင်းတိုက်တော် စန္ဒာလမင်းကြီးအား ကြယ်တာရာအပေါင်း ဝန်းရံခစားသည့်ပမာ

(၁) ကန်တော်ဦး (သို့မဟုတ်) မင်္ဂလာရေစင်တောင်
(၂) ဇုန္ဒတ်တောင်
(၃) ဂဠုန်တောင်
(၄) နတ်ကွန်းတောင်
(၅) နက္ခတ်တောင်
(၆) ရဟန္တာတောင်
(၇) ဝေဘူဝေဘာတောင်
(၈) မင်းသမီးတောင်
(၉) မြသပိတ်တောင်

စသည်တို့က သဘာဝ မဟာရံတံတိုင်းအဖြစ် ဝန်းရံလျက် ရှိလေသည်။ "တောင်များဝန်းရံဝေဠုဝန်"ဟူ၍ပင် ခေါ်ဆိုလောက်ပေသည်။

သည်မျှမကသေး ထိုကျောင်း၏ မလှမ်းမကမ်း၌ရှိသော တောင်များတွင် သမိုင်းဝင်ဘုရား၊ ပုထိုး၊ စေတီများ ဒုနှင့်ဒေး ရှိပါသေးသည်။ ယင်းတို့မှာ တချို့ကို ဖော်ပြရသော်...

## ကန်တော်ဦး (သို့မဟုတ်) မင်္ဂလာရေစင်စေတီ

မင်္ဂလာရေစင် (သို့မဟုတ်) ကန်တော်ဦးဆိုသည်မှာ 'အိုင်ဝန်းကျူး'၏ ရေသည် မြောက်ဦးခေတ်အခါက ရခိုင်ဘုရင်တို့ ဘိသိက်တော်မင်္ဂလာ၌ အသုံးပြုရသည့် ရေကြည်တော်တစ်ရပ်ဖြစ်၍ မင်္ဂလာရေစင်ကန်ဟု ခေါ်ဆိုသည်။ မင်္ဂလာရေစင်တောင် ဆိုသည်မှာလည်း ယင်းကန်ဦး၏ အဦးအဖျားတွင်ရှိ၍ မင်္ဂလာရေစင်တောင် (သို့မဟုတ်) ကန်တော်ဦးဟု ခေါ်ဆိုကြသည်။ ယင်းတောင်တွင်ရှိသော စေတီကိုလည်း ကန်တော်ဦးစေတီဟု ခေါ်စမှတ်ပြုကြသည်။ ယင်းစေတီ၏ မူလကုသိုလ်ရှင်မှာ မည်သူမည်ဝါဆိုသည်ကို အတိအကျ မသိရသော်လည်း ခရစ်သက္ကရာဇ် (၁၉၉၉)ခု နောက်ပိုင်း၌ ရတနာစံဦးဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပြန်လည်ပြုပြင် တည်ဆောက်လိုက်ရာ ထုံးဖြူဖြူဖွေးဖွေးနှင့် သပ္ပာယ်လှစွာ အဝေးမှပင် ဖူးမြော်နိုင်ပါပြီ။

## ဂဠုန်တောင်စေတီတော်

ဂဠုန်တောင်ပေါ်၌ ဂဠုန်တောင်စေတီ (သို့မဟုတ်) ရတနာသိယံစေတီ တည်ရှိသည်။ ရတနာသိယံစေတီသည် အံတော်သိမ်ပုထိုးတော်၏ အရှေ့ဘက် ဂဠုန်တောင်ထိပ်ပေါ်တွင် တည်ရှိသည်။ ဘုရင်မင်းဗာကြီး၏ မြေးတော် မင်းကြီးရွှေညိုနှင့် လောကဒေဝီတို့သည် သက္ကရာဇ် (၉၄၃)ခုနှစ်တွင် တည်ထားခဲ့သည်။ စေတီတော်ကြီးကို ကျောက်အတိဖြင့် တည်ဆောက်ထားပြီး စေတီတော်မှာ ခေါင်းလောင်းပုံစံမျိုးပင် ဖြစ်လေသည်။ အုတ်အရံစေတီငယ် (၈)လုံးရှိသည်။ ယခုအခါ စေတီကြီးတစ်ခုလုံးနှင့် အုတ်အရံစေတီများပါ မကျန် ပြိုပျက်လျက်ရှိရာ ပြုပြင်မည့် ကုသိုလ်ရှင်ကို စောင့်စားလျက်ရှိချေသည်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**ဇုန္ဒတ်တောင်စေတီတော်**

ဤစေတီမှာ တောင်၏ အရှေ့ဘက်တွင် ရှိသည်။ စေတီတော်တစ်ဆူလုံး အလွန်ပြိုပျက်နေ၍ ကုသိုလ်ရှင်များကို မျှော်လင့်စောင့်စားလျက်ရှိသည်။ မူလကုသိုလ်ရှင်မှာ ဘုရင်မင်းဗာကြီး ဖြစ်လေမလားဟု စဉ်းစားမိသည်။

**ရဟန္တာသိမ်**

လေးမြို့ခေတ်အခါက သိမ်တော်ဖြစ်သည်။ ရဟန္တာအရှင်မြတ်များ ဖြစ်ကြသော အရှင်ဉတ္တမသိရိ၊ အရှင်ကောဒဏ္ဍာည၊ အရှင်နန္ဒိယ၊ အရှင်ဘဒ္ဒိယ၊ အရှင်ရေဝတ၊ အရှင်ပဒုမ္မ၊ အရှင်သစ္စဗန္ဓဝ စသော ရဟန္တာအရှင်မြတ်တို့ ကြီးမှူး၍ ရဟန္တာ (၈၀၀)ဖြင့် ပိဋကတ်အစုံကို ရွှေပုရပိုက်ပေါ် ရေးကူးစေလျက် ရခိုင်ပြည်အဆက်ဆက် သင်္ဂါယနာ အကြိမ်အားဖြင့် ကေဒသမ (၁၁ ကြိမ်မြောက်) သင်္ဂါယနာတင်ခဲ့ကြောင်း ရခိုင်"ရာဇပုံကျမ်း"အရ သိရှိရပါသည်။ အဆိုပါ ရဟန္တာများသည် ရခိုင်ဒေသအနှံ့၌လည်း သိမ်ပေါင်းတစ်ထောင်၊ ကျောင်းပေါင်းတစ်သောင်းနှင့် ဓာတ်စေတီပေါင်းများစွာကိုလည်း တည်ထားခဲ့ပါသည်။

ထိုသိမ်ပေါင်းတစ်ထောင်အနက်မှ မြောက်ဦးမြို့ ရတနာမာရ်အောင်ကျောင်းပရိဝုဏ် မြောက်ဘက်တောင်ကုန်းပေါ်ရှိ သိမ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုပါသည်။ ထိုသိမ်တော်ကို ရဟန္တာအရှင် 'ဉတ္တမသိရိ'ကြီးမှူး၍ တည်ထား ကိုးကွယ်ခဲ့ရာမှ အစပြု၍ ရဟန္တာသိမ်ဟု ခေါ်တွင်ကြောင်း သမိုင်းဝင်မှတ်တမ်းအရ သိရပါသည်။ လေးမြို့ခေတ်တွင်ပင်လျှင် လောင်းကြက်မြို့တော် ရှင်ဘုရင် 'စောလူးမင်း' (အေဒီ ၁၂၅၈–၁၂၆၁)နှင့် မိဖုရား'စောပန်းတူ'တို့ ထပ်မံပြုပြင်ခဲ့လေသည်။ အစပထမ ရဟန္တာတောင်ဟု မခေါ်ဆိုမီ မီးကျောင်းတက်တောင်ဟု ခေါ်ဆိုခဲ့သည်။

အဆိုပါ ရဟန္တာသိမ်သည် ကောဇာ (၁၁၄၆)ခုနှစ် နောက်ပိုင်းတွင် စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးယိုယွင်းလျက် ရှိနေရာမှ ခရစ်နှစ် (၁၉၉၈)ခုနှစ်တွင် ရတနာစံဦး တောရဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် သိမ်တော်ကြီးနှင့်တကွ အရံစေတီ (၁၁)ဆူ ဘို့ကို ပြန်လည်ပြုပြင်လိုက်ရာ ထုံးဖြူဖြူဖွေးဖွေးနှင့် သပ္ပာယ်လှစွာ အဝေးမှပင် ဖူးမြော်နိုင်ပါတော့သည်။

**မင်းသမီးတောင်စေတီ**

ရတနာစံဦးကျောင်းတိုက် မြောက်ဘက်၌ နက္ခတ်တောင်၊ ရဟန္တာတောင်၊ မင်းသမီးတောင်တို့သည် ဝန်းရံကာဆီး၍ ရှိကြ၏။ ထိုတောင်များ၏ တစ်ဖက်၌ကား မင်းသမီးမြောင်း (ကျုံးပင်လယ်) ရှိလေသည်။ တစ်ပင်တိုင်မင်းသမီးများ ရေကစားခဲ့ကြသော ကျုံးဖြစ်၍ မင်းသမီးမြောင်း(ကျုံး)ဟု ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

မင်းသမီးတောင်၌ မင်းသမီးတို့ တည်ခဲ့သော စေတီတစ်ဆူရှိသည်။ မူလကုသိုလ်ရှင်မှာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မည်သူမည်ဝါဖြစ်သည်ကို အတိအကျ မသိရသော်လည်း ခရစ်နှစ် (၁၉၉၉)ခုနှစ် နောက်ပိုင်း ရတနာမာရ်အောင် တောရဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ၏ လမ်းညွှန်မှုဖြင့် စေတီတော်ကို ပြန်လည်ပြုပြင် တည်ဆောက်လိုက်ရာ သပ္ပာယ်စွာ အဝေးမှပင် ဖူးမြော်နိုင်ပါတော့သည်။

## မြသပိတ်တောင်

ရတနာစံဦးကျောင်းတိုက်၏ အရှေ့မြောက်ဘက်၌ မြသပိတ်တောင် တည်ရှိသည်။ တတိယ ဓညဝတီခေတ် သူရိယစက္ကမင်း လက်ထက် အသောကမင်းထံမှ ဓာတ်တော်၊ မွေတော်များကို ပင့်ဆောင်ခဲ့ပြီး ရခိုင်ဒေသအဝန်း၌ ဗျာဒိတ်ဝင် နေရာများ၌ စေတီ၊ ပုထိုးများ တည်ရန် ရောက်ရှိလာကြသော ရဟန္တာ၁မထေရ်မြတ် အရှင်ဗာဟုလနှင့် အရှင်မဟာတိဿ မထေရ်မြတ်တို့ အမှူးပြုပြီး ဘုရားစေတီများကို တည်ထားခဲ့ကြသည်။ တည်ထားပြီးသောအခါ ဓာတ်တော်များ ထည့်၍ ယူဆောင်လာကြသော မြသပိတ်တော်ကို ဤတောင်ပေါ်၌ပင်လျှင် စေတီတော်တစ်ဆူ တည်ပြီး ဌာပနာခဲ့ရာမှ အစပြု၍ ထိုတောင်ကိုလည်း ယခုတိုင် 'မြသပိတ်တောင်'ဟု ခေါ်ဝေါ်ကြောင်း သိရပါသည်။ ထိုမြသပိတ်စေတီတော်မှာ ပြိုပျက်လျက်ရှိရာမှ ခရစ်နှစ် ၁၉၉၉ ခု နောက်ပိုင်းမှ စ၍ ရတနာမာရ်အောင် တောရဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ယခုအခါ ထုံးဖြူဖြူဖွေးဖွေးနှင့် အဝေးမှ ဖူးမြော်နိုင်ပါသည်။

ရတနာမာရ်အောင်တောရဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ၏ သဒ္ဓါတရားကား အလွန်ထက်သန်လှပါ၏။ "လက်ညှိုးညွှန်ရာ ရေဖြစ်"ဆိုသော စကားအတိုင်း ဘုန်းတန်ခိုးလည်း အလွန်ကြီး၏။ ထိုစေတီများကိုသာမက ရတနာမာရ်အောင် ကျောင်းဝင်းရှိ မဟာဗောဓိစေတီ၊ လူ(၃၀၀၀) ခန့်ဆံ့ ဆွမ်းစားကျောင်းနှစ်ထပ် ကျောင်းတိုက်ကြီး၊ လူ (၃၀၀၀)ခန့်ဆံ့ တရားဟောဓမ္မာရုံကြီး၊ သမုတ်သိမ်ကြီးတစ်ဆူနှင့် ရဟန်း သံဃာများ တရားကျင့်ကြံ အားထုတ်ရန် အဆောင်ငယ်များ ဆောက်ထားလိုက်သည်မှာ သာမန်လူတို့ မစွမ်းဆောင်နိုင်သော အံ့ဖွယ်ကြီးဖြစ်ပါသည်။ ဤရတနာမာရ်အောင် တောရကျောင်းသည် ဥပုသ်သီလဆောက်တည်ပြီး တရားဘာဝနာ ပွားများသူတို့အတွက် "တောင်များဝန်းရံ၊ ဝေဠုဝန်အလား၊ တူစွပမာ၊ ကျောင်းဝိဟာ"ဟု ဆိုချေကမားအံ့မထင်ပါ။

(ရတနာမာရ်အောင် တောရဆရာတော် အရှင်ဘဒ္ဒန္တဝါယာမိန္ဒ၏ နှစ် ၅၀ မြောက် မွေးနေ့ အထိမ်းအမှတ်သို့ အမှတ်တရ)

**စောထွီးသျှင် (မြောက်ဦး)**

**ကျမ်းကိုး**

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း (၁၂၉၃ ခု)
၂။ သျှင်စက္ကိန္ဒရေး 'သလုံးတော်ဓာတ်သမိုင်း'
၃။ မြောက်ဦးလမ်းညွှန် (၁၉၈၈-ခု၊ နိုဝင်ဘာလထုတ်)
၄။ စာရေးသူ၏ ကွင်းဆင်းလေ့လာမှုများ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ထိုင်းဗုဒ္ဓအနုပညာ

## မောင်ကျော်ဇော



ထိုင်းဘုရင့်နိုင်ငံကို ၁၃ ရာစုက တည်ထောင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ထိုင်းလူမျိုးတို့သည် ဗုဒ္ဓဝါဒကို သက်ဝင်ယုံကြည် ကိုးကွယ်လာခဲ့ကြပါသည်။ ဘာသာကိုးကွယ်မှု၊ ဘာသာရေးအဆုံးအမ၊ ဘာသာတရား၏ ပြဋ္ဌာန်းချက်များအား လိုက်နာကျင့်ကြံမှုတို့၏ အနှစ်သာရသည် ဗုဒ္ဓရုပ်ပွားတော်များကို ဗဟိုပြုနေကြပါသည်။ အမြင့်အမြတ်ထား၍ ကိုးကွယ်ပူဇော်ရာ ဗုဒ္ဓရုပ်ပွားတော်များအား နေရာအနှံ့တွင် ဖူးတွေ့နိုင်ကြပါသည်။ ဘုရင့်ရွှေနန်းတော်မှ တဲငယ်တို့အထိ လူနေအိမ်များ၊ ရုံးများ၊ ဈေးဆိုင်များ၊ လမ်းဘေးဝဲယာ စေတီပုထိုးများနှင့် နိုင်ငံတစ်ဝန်းရှိ ဗုဒ္ဓဘာသာ ဘုရားကျောင်း ၃၀,၀၀၀ နီးပါးတို့၌ ဗုဒ္ဓရုပ်ပွားတော်များကို ထားရှိ ကိုးကွယ်ပူဇော်လျက် ရှိနေကြပါသည်။

နိုင်ငံခြားသားတချို့တို့က ဗုဒ္ဓရုပ်ပွားတော်ဆိုသည်မှာ ကိုးကွယ်ဆည်းကပ်ရာ ရုပ်တုမည်ကာမတ္တ ဖြစ်သည်ဟု ယူဆထင်မြင်တတ်ကြပါသည်။ အမှန်က ဗုဒ္ဓရုပ်ပွားတော်များအား ရုပ်တုတစ်ခုအနေဖြင့် ကိုးကွယ်ဆည်းကပ်နေကြသည် မဟုတ်ပါ။ ဗုဒ္ဓရုပ်ပွားတော်များသည် ဗုဒ္ဓ၏ အဆုံးအမ၊ ဗုဒ္ဓ၏ တရားဓမ္မတို့ကို ကိုယ်စားပြုပါသည်။ ဗုဒ္ဓဟောကြား ညွှန်ပြတော်မူခဲ့သော ဓမ္မကို အာရုံပြုလျက် ရုပ်ပွားတော်များအား ကိုးကွယ်ဆည်းကပ်နေကြခြင်းသာ ဖြစ်ပါသည်။

ဗုဒ္ဓရုပ်ပွားတော်များ၏ အလှဗေဒ (ရသဗေဒ)သည်လည်း သမ္မုတိဝိရောဓိသဘော ဖြစ်သည်ဟုဆိုလျှင် ပိုမိုမှန်ကန်ပါသည်။ ရုပ်ပွားတော်များသည် ရုပ်တုမည်ကာမတ္တ မဟုတ်၊ သာမန်အနုပညာပစ္စည်း မဟုတ်ကြပါ။ ဗုဒ္ဓရုပ်ပွားတော်များ ဖန်တီးထုတ်လုပ်မှုသည် မြတ်နိုးကိုးကွယ်မှု၏ ပြယုဂ်၊ ကောင်းကျိုးတစ်ခု ဆောင်ရွက်ပြီးမြောက်ခြင်း၏ သာဓက ဖြစ်ပါသည်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



*မကိုင့်ဆောင်း ဗုဒ္ဓရုပ်ပွားတော်၊ ၁၃ ရာစု၊ ကြေး*

ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်မှု၊ သွန်းလုပ်မှုသည် ထိုင်းအနုပညာ၏ တန်ဖိုးအမြင့်ဆုံးနေရာတစ်ခု၌ တည်ရှိနေပါသည်။

ထိုင်းဗုဒ္ဓရုပ်ပွားတော်များ၌ ကြီးကျယ်ခမ်းနားသော မူလဇာစ်မြစ် အနုပညာအလုတရား ရှိနေပါသည်။ ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က မှတ်တမ်းပြုထားခဲ့သော ဘုရားရှင်၏ အင်္ဂါလက္ခဏာတော်ကြီးငယ်များအား သိဝရီအရ အတိအကျ တူညီအောင် ပုံတူကူးယူလျက် ဗုဒ္ဓရုပ်ပွားတော်တိုင်း၌ ထည့်သွင်းပြုလုပ်ထားသည်ဟု ယူဆနိုင်ပါသည်။ ရုပ်ပွားတော်များအား ဆင်ယင်မွမ်းမံထားသည့်တိုင်အောင် ဖန်တီးသူ အနုပညာရှင်အနေဖြင့် တင်းကျပ်လှသော လမ်းညွှန်ချက်များအား အတိအကျ လိုက်နာဆောင်ရွက်ကြရပါသည်။

သဗ္ဗညုတဘုရားရှင်၌ မဟာပုရိသတို့၏ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် အပါး ၈၀ တို့ ရှိကြပါသည်။ ဤလက္ခဏာတော်များသည် ဗုဒ္ဓနှင့် သာမန်ပုထုဇဉ်လူသားတစ်ဦးတို့ ကွဲပြားခြားနားသော အချက်များ ဖြစ်ကြပါသည်။ ထိုင်းအနုပညာရှင်များသည် ဗုဒ္ဓရုပ်ပွားတော် အားလုံးတို့၌ ထူးခြားသောလက္ခဏာ အမှတ်အသားများ ထည့်သွင်းထုလုပ်လေ့ရှိကြပါသည်။ ဥပမာအားဖြင့် ဥဏှိသသို့မဟုတ် မဏိတော်၊ လက်ယာရစ် လှည့်နေသော ဆံခွေတော်နှင့် ပြန့်ကားသော နားသီးတော်တို့ ဖြစ်ကြပါသည်။

ထိုင်းဗုဒ္ဓရုပ်ပွားတော်များအား ထုလုပ်၊ သွန်းလုပ်ရာ၌ သုံးစွဲသော ကုန်ကြမ်းပစ္စည်းနှင့် ဉာဏ်တော်အရွယ်အစားတို့တွင်လည်း ထူးခြားမှုရှိနေကြပါသည်။ ရုပ်ပွားတော်၏ ဉာဏ်တော်သည် အရှည်အားဖြင့် စင်တီမီတာအနည်းငယ်မှသည် မီတာပေါင်း များစွာအထိ အစားစား ရှိကြပါသည်။ ဘန်ကောက်မြို့ ဝပ်ဖို (Wat Pho) ဘုရားကျောင်းတော်မှ လျောင်းတော်မူ ရုပ်ပွားတော်ကြီးသည် ဉာဏ်တော် ၄၆ မီတာ ရှိပါသည်။ အသုံးပြုထုလုပ်သော ကုန်ကြမ်းပစ္စည်းများမှာလည်း သစ်သားမှသည် သလင်းကျောက်အထိ အမျိုးမျိုးပင် ဖြစ်ပါသည်။ သို့သော် ကြေးသတ္တုကို အသုံးပြု၍ သွန်းလုပ်မှု ပိုများပါသည်။ ကြေးသွန်းအတတ်ပညာတွင် ထိုင်းလူမျိုးများသည် တစ်ဖက်ကမ်းခတ် ကျွမ်းကျင်ပိုင်နိုင်ကြပါသည်။

ကိုးကွယ်ဆည်းကပ်မှု ရှုထောင့်မှ ကြည့်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



<u>၁၃-၁၄ ရာစု၊ သဲကျောက်</u>

လျှင် ထိုင်းဗုဒ္ဓရုပ်ပွားတော်များ၌ အခြားသော ရုပ်တုများနှင့် ကွာခြားချက်သုံးရပ် ရှိပါသည်။ ၁။ ပုံသဏ္ဌာန် သို့မဟုတ် အနေအထား ၂။ ခြေဟန် လက်ဟန် အမူအရာနှင့် ၃။ ထုလုပ် သွန်းလုပ်ပုံ နည်းနာတို့ ဖြစ်ကြပါသည်။

ပုံသဏ္ဌာန် သို့မဟုတ် အနေအထား လေးမျိုး ရှိပါသည်။ ရုပ်တော်မူပုံ၊ ထိုင်တော်မူပုံ၊ လျောင်းတော်မူပုံနှင့် စင်္ကြံကြွတော်မူပုံတို့ ဖြစ်ကြပါသည်။ ထိုင်းအနုပညာရှင်များသည် ရုပ်တော်မူပုံနှင့် ထိုင်တော်မူပုံတို့ကို အများဆုံး ပြုလုပ်ခဲ့ကြပါသည်။

(က) **ရုပ်တော်မူပုံ**တွင် ခြေထောက်များကို ဖြောင့်စင်းစွာထားပြီး ခြေဖဝါးစုံရပ်ဟန် ဖြစ်ပါသည်။ သင်္ကန်းတော်သည် ဝတ်ရုံထားပုံကို လိုက်၍ အတွန့်အခေါက်များ ကွဲပြားကြပါသည်။ ပခုံးတော်နှစ်ဖက်လုံးကို သင်္ကန်းဖြင့် လွှမ်းရုံထားသည့်ပုံလည်း ရှိပြီး လက်ယာဘက် ပခုံးကို သင်္ကန်းမှ ကင်းလွတ်လျက် လှစ်ဟထားပုံလည်း ရှိပါသည်။

(ခ) **ထိုင်တော်မူပုံ**တွင် ခြေထောက်တော်များ၏ ဟန်အနေအထား သုံးမျိုးကွဲပြားပါသည်။ ၁။ ဝီရာသန – ခြေထောက်များကို ကွေးလျက် ခြေဖဝါးများ တစ်ခုပေါ်တစ်ခု ထပ်လျက်နေဟန် ၂။ ဝဇီရာသန – ခြေထောက်များကို ကွေးထားပြီး ညာခြေကို ဖဝါးလှန်လျက် ဘယ်ဘက်ပေါင်ပေါ်၊ ဘယ်ခြေကို ဖဝါးလှန်လျက် ညာဘက်ပေါင်ပေါ် အသီးသီး တင်ထားသည့်ဟန် ၃။ ပရလမ္ဗနသန – (ဥရောပသားများ) ကုလားထိုင်ပေါ် ထိုင်နေဟန် ခြေစုံချ အနေအထားတို့ ဖြစ်ကြပါသည်။

(ဂ) **လျောင်းတော်မူပုံ**တွင် ဗုဒ္ဓဘုရားရှင်သည် လက်ယာဘက်နံတောင်းဖြင့် လဲလျောင်းပြီး လက်ယာလက်ဖဝါးဖြင့် ဦးခေါင်းတော်ကို ထောက်မ,ထားဟန် ဖြစ်ပါသည်။ လျောင်းတော်မူပုံသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း အဓိပ္ပာယ်ကို ဆောင်ပါသည်။

(ဃ) **စင်္ကြံကြွတော်မူပုံ**မှာ ထိုင်းအနုပညာရှင်များ၏ ဆန်းသစ်တီထွင်မှု ဖြစ်ပါသည်။ ယခင်က စင်္ကြံကြွတော်မူပုံကို ရုပ်ကြွအဖြစ်ဖြင့်သာ ထုလုပ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ရုပ်လုံးသဏ္ဌာန် ပေါ်လွင်အောင် ပြုလုပ်လာကြ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပါသည်။

အလွန်တင့်တယ် သပ္ပာယ်လှသော စကြာကြွပုံ တစ်မျိုးမှာ ကိုယ်ရှိန်သတ်၍ ရပ်တန့်နေဟန် ဖြစ်ပါသည်။ ခြေတစ်ဖက်ကို မြေပြင်ပေါ်၌ ခိုင်မြဲစွာ ချရပ်ထားပြီး ကျန်သော ခြေတစ်ဖက်ကို ဖနောင့်မှ အသာကြွထားဟန် ဖြစ်ပါသည်။

လက်ဖဝါးတစ်ဖက်ကို ရှေ့သို့ထုတ်၍ အတန်ငယ်မျှ မြှောက်ထားပြီး ကျန်လက်တစ်ဖက်က သဘာဝကျကျ လွဲယမ်းနေဟန် ဖြစ်ပါသည်။ ဤဟန်ဖြင့် ရုပ်ပွားတော်မျိုး ရှားပါးပါသည်။ တာဝတိံသာရှိ မယ်တော်နတ်သားအား တရားဓမ္မ ဟောကြားပြီးနောက် ပြန်လည်ကြွမြန်းလာခြင်း အဓိပ္ပာယ် ဖြစ်ပါသည်။

## မုဒြာများ

ထိုင်းဗုဒ္ဓရုပ်ပွားတော်များအား လက်ဟန် အနေအထား (မုဒြာများ)အားဖြင့်လည်း ခွဲခြားနိုင်ပါသည်။ မုဒြာများသည် ဗုဒ္ဓ၏ ဘဝတာ တစ်လျှောက် အဖြစ်အပျက် အမျိုးမျိုးကို ဖော်ပြနေကြပါသည်။ များသောအားဖြင့် မုဒြာခြောက်မျိုးကို တွေ့ရှိရပါသည်။

### ၁။ သမာဓိမုဒြာ (ဈာနမုဒြာ)

ထိုင်တော်မူ ထိုင်းဗုဒ္ဓရုပ်ပွားတော်များတွင် အတွေ့ရ အများဆုံး ဖြစ်ပါသည်။ တရားအားထုတ်ဟန် သို့မဟုတ် ဈာန်ဝင်စားဟန် ဖြစ်ပါသည်။ လက်ဝါးနှစ်ဖက်လုံးကို အပေါ်သို့ လှန်လျက် ထပ်ထားပြီး ပေါင်ခွင်ပေါ်တွင် သက်သက်သာသာ တင်ထားဟန် ဖြစ်ပါသည်။

### ၂။ ဘူမိဖဿမုဒြာ

ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်များတွင် အတွေ့ရ များပါသည်။ မြေကြီးကို လက်ချောင်းများဖြင့် ထိထားပြီး ဝသုန္ဓရီမြေကြီးအား သက်သေညွှန်းနေသောဟန် ဖြစ်ပါသည်။ မာရ်နတ်ကို အောင်မြင်တော်မူခြင်း ဖြစ်သောကြောင့် မာရဝိဇယမုဒြာဟုလည်း ခေါ်ပါသည်။

ဤမုဒြာသည် သမာဓိမုဒြာနှင့် ဆင်တူပါသည်။ လက်ယာလက်ဖဝါးကို လက်ယာဘက်ဒူးပေါ်၌ အုပ်လျက်ထားရှိပြီး လက်ချောင်းများက အောက်ဘက်သို့ ညွှန်ပြနေဟန် ဖြစ်ပါသည်။

### ၃။ ဓမ္မစကြမုဒြာ

ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်များ၌ အတွေ့ရနည်းသော်လည်း အရေးပါသော မုဒြာ ဖြစ်ပါသည်။ တရားဦးဟောကြားနေဟန်၊ တရားစက်ဝိုင်း လှည်းဘီးကို လှည့်တော့မည့်ဟန် ဖြစ်ပါသည်။ လက်နှစ်ဖက်လုံးကို ရင်ညွှန့်အထက်နားလောက် ရောက်အောင် မြှင့်ထားပြီး ဘယ်ဘက်လက်ချောင်းထိပ်ဖြင့် လက်ယာလက်ဖဝါးကို ထိနေဟန် ဖြစ်ပါသည်။

### ၄။ အဘယမုဒြာ

ဘေးအန္တရာယ် မကျရောက်ရလေအောင် ကာကွယ်ဖယ်ရှားပေးသည့်ဟန် ဖြစ်ပါသည်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရုပ်တော်မှုနှင့် စကြံ့ကြွတော်မူ ဗုဒ္ဓရုပ်ပွားတော်များ၌ အတွေ့ရ များပါသည်။ လက်ယာဘက် (ရံဖန်ရံခါ လက်နှစ်ဖက်လုံး)ဖြင့် လက်ဝါးကာပြသကဲ့သို့ လက်ဖဝါးကို အပြင်ဘက်သို့ လှန်ကာ လက်ချောင်းများက အပေါ်သို့ ထောင်ဖြန့်ပြနေဟန် ဖြစ်ပါသည်။

(အဘယမုဒြာသည် ဝရဒမုဒြာနှင့် ပြောင်းပြန် ဖြစ်ပါသည်။)

**၅။ ဝိတက္ကမုဒြာ**

ကြံစည်ဟန်၊ ဆွေးနွေးပြောဆိုဟန်၊ ညွှန်ကြားဟန် ဖြစ်ပါသည်။ အဘယမုဒြာနှင့် ဆင်တူပါသည်။ လက်ယာဘက် လက်ညှိုးနှင့် လက်မ ထိပ်တို့ကို ထိထားပုံသာ ကွာခြားပါသည်။

**၆။ ဝရဒမုဒြာ**

ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်များ၌သာ တွေ့ရပါသည်။ ကောင်းချီးပေးဟန်၊ ဆုပေးဟန် ဖြစ်ပါသည်။ ကြင်နာထောက်ထားမှုကို ပြသဟန်ဟုလည်း ယူနိုင်ပါသည်။ လက်ယာဘက်လက်ကို အောက်သို့ချလျက်၊ လက်ဖဝါးကို အပြင်သို့ လှည့်ပြီး လက်ချောင်းများကို အောက်ဘက်သို့ ဖြန့်ချထားဟန် ဖြစ်ပါသည်။

**ထိုင်းအနုပညာခေတ်များ**

ထိုင်းနိုင်ငံ၏ အထင်ကရ ဗုဒ္ဓပဋိမာ သိပ္ပံပညာ အားလုံးသည် အိန္ဒိယ ပန်းပုပညာရပ်တွင် အခြေခံပါသည်။ ယင်းတို့သည် အကြို ထိုင်းယဉ်ကျေးမှုများ (Pre-Thai Civilisations) (အဓိကအားဖြင့် မွန်၊ ခမာနှင့် သီရိဝိဇယတောင်ပိုင်း ယဉ်ကျေးမှုများ)မှ တစ်ဆင့် ထိုင်းနိုင်ငံထဲသို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ပန်းပုလက်ရာဟန်များသည် ရာစုနှစ်များ ကျော်လွန်လာသည်နှင့်အမျှ သိသိသာသာ တိုးတက်ဖြစ်ထွန်းလာခဲ့ပါသည်။ ၁၃ ရာစုအတွင်း ဆူခိုထိုင်းဒေသ (Sukhothai)တွင် မြို့တော်တည်ချလျက် ပထမဆုံးသော အချုပ်အခြာ မြို့ပြနိုင်ငံ ထူထောင်မိချိန်မှစ၍ ထိုင်းကိုယ်ပိုင်ဟန်ကို ရရှိလာခဲ့ခြင်း ဖြစ်ပါသည်။

အလှပအတင့်တယ်ဆုံး၊ မူလဇာစ်မြစ်အကျဆုံး ဗုဒ္ဓရုပ်ပွားတော်များသည် ဤဆူခိုထိုင်းခေတ်တွင် ဖြစ်ထွန်းလာကြခြင်း ဖြစ်ပါသည်။ ရုပ်ပွားတော်များ၏ ဟန်သည် ပိုမိုသပ်ရပ်လာပါသည်။ ခန္ဓာကိုယ်ပေါ်ရှိ မျဉ်း ဖြောင့် မျဉ်းကွေးများ ပိုမိုလှုပ်ရှား သက်ဝင်လာပါသည်။ မျက်နှာတော်



ဆူခိုထိုင်းခေတ် ဗုဒ္ဓရုပ်ပွားတော်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တွင် ထူးခြားဆန်းကြယ်သော အေးချမ်းတည်ငြိမ်မှုနှင့် အတွင်းစိတ်သဏ္ဌာန်ကို ပုံဖော်ယူလာနိုင်ပါသည်။

ဆူခိုထိုင်းခေတ် ဗုဒ္ဓရုပ်ပွားတော်များ၏ အဓိက လက္ခဏာရပ်များမှာ ရှည်လျားသော မီးလျှံပုံ ရောင်ခြည်စက်ဝိုင်း၊ ဆံခွေကလေးများ၊ ဘဲဥပုံမျက်နှာတော်၊ လေးကိုင်းသဏ္ဌာန်မျက်ခုံး၊ ချိတ်သဏ္ဌာန် နှာခေါင်းနှင့် ပြုံးယောင်သန်းနေသော နှုတ်ခမ်းတို့ ဖြစ်ကြပါသည်။ ထို့ပြင် ပညာရှင်များက ဥဏှိသ၊ ကျယ်ပြန့်သော နားသီးများ၊ ရှည်လျားသော လက်မောင်းများ၊ ဖဝါးပြားသော ခြေထောက်များ၊ ချွန်ထွက်နေသော ဖနောင့် စသည့် သဘာဝလွန် အခြင်းအရာများကို ထည့်ပေါင်း ထုလုပ်ခဲ့ကြပါသည်။

ထိုင်တော်မူ ရုပ်ပွားတော်များကို အများက နှစ်သက်ကြသော်လည်း ဆူခိုထိုင်းခေတ် ပညာရှင်များ၏ အထူးချွန်ဆုံး လက်ရာနှင့် ထိုင်းပန်းပုပညာ၏ အထင်ရှား အကောင်းမွန်ဆုံး အနုပညာမှာ စင်္ကြံကြွတော်မူပုံ ဗုဒ္ဓရုပ်ပွားတော်များဖြစ်ကြပါသည်။

ဆူခိုထိုင်းခေတ်နှင့် အပြိုင်ဟု အကြမ်းအားဖြင့် သတ်မှတ်နိုင်သော ကာလတွင် ထိုင်းနိုင်ငံမြောက်ပိုင်း၌ လန်နဘုရင့်နိုင်ငံ (Lanna Kingdom) ပေါ်ပေါက်လာပါသည်။ မြို့တော်မှာ ချင်းမိုင် (Chiang Mai)ဖြစ်ပြီး ၁၂၉၆ တွင် တည်ထောင်ပါသည်။ ထိုဒေသမှ အနုပညာလက်ရာများကို ချင်းဆန်းဟန် (Chiang Saen Style)ဟု သတ်မှတ်ပါသည်။

ချင်းဆန်းအနုပညာထွင်အုပ်စု နှစ်ခုရှိပါသည်။ အစောပိုင်းနှင့် နှောင်းပိုင်းတို့ ဖြစ်ပါသည်။ ချင်းဆန်းအစောပိုင်းလက်ရာများသည် အိန္ဒိယ၊ ပါလဟန်အတိုင်းပင် ဖြစ်ပါသည်။ ယခုခေတ်၌ လမ်ဖန် (Lamphun)ဟု ခေါ်သော ဟာရိပန်ချိုင်း (Haripunchai)မှ အမွေဆက်ခံလာခြင်း ဖြစ်ဖွယ်ရှိပါသည်။ ထူးခြားသော လက္ခဏာများမှာ ကြာဖူးသဏ္ဌာန် ရောင်ခြည်စက်ဝိုင်း၊ ဝိုင်းဝန်းသောမျက်နှာ၊ ထင်ရှားပေါ်လွင်သောမေးစေ့၊ ကြံ့ခိုင်သောခန္ဓာကိုယ်နှင့် ဖွံ့ဖြိုးသောရင်အုပ်တို့ ဖြစ်ပါသည်။

ချင်းဆန်းနှောင်းပိုင်း အနုပညာသည် လန်နဘုရင် တိလောကရာဇ(Tilokaraja)လက်ထက် (၁၅ ရာစုအတွင်း)တွင် အထောက်အပံ့ အဖွံ့ဖြိုးဆုံး ဖြစ်ပါသည်။ ထိုကာလသည် ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားလာခိုက်နှင့် ကြုံကြိုက်နေပါသည်။ ဤခေတ် ဗုဒ္ဓရုပ်ပွားတော်များ၏ မီးလျှံပုံ ရောင်ခြည်စက်ဝိုင်း၊ ဘဲဥပုံမျက်နှာ၊ ပိုမိုသေးသွယ်သော ခန္ဓာကိုယ်တို့ကို ကြည့်ခြင်းဖြင့် ဆူခိုထိုင်းနှင့် သီရိလင်္ကာဩဇာများ လွှမ်းမိုးကြောင်း တွေ့ရှိနိုင်ပါသည်။

နောက်နှောင်းပိုင်းကာလများတွင် လန်နနှင့် ဆူခိုထိုင်းတို့သည် အနုပညာနှင့် နိုင်ငံရေး နှစ်ခုလုံးတွင် အယုဒ္ဓယ (Ayutthaya)၏ လက်အောက်ခံ ဖြစ်သွားခဲ့ကြပါသည်။ အယုဒ္ဓယသည် ချောင်ဖရာယာ (Chao Phraya) မြစ်ဝှမ်းတွင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဗဟိုပြုသော ဘုရင့်နိုင်ငံ နုနယ်ငယ်တစ်ခု ဖြစ်ပါသည်။

အယုဒ္ဓယခေတ် ပန်းပုလက်ရာများကို ကဏ္ဍနှစ်ရပ် ခွဲခြားနိုင်ပါသည်။ ဥသောင် (U-Thong) သို့မဟုတ် အစောပိုင်း အယုဒ္ဓယ (၁၂ မှ ၁၅ ရာစု) လက်ရာများနှင့် အယုဒ္ဓယလက်ရာများ (၁၈ ရာစု အလယ်ထိ) ဟူ၍ ဖြစ်ပါသည်။

ဥသောင်ခေတ် ဗုဒ္ဓရုပ်ပွားတော် ပန်းပုလက်ရာများသည် ဒွါရာဝတီ၊ ခမာနှင့် ဆူခိုထိုင်းဟန်တို့ လွှမ်းမိုးသော အဆင့်အသီးသီးကို ကျော်ဖြတ်လာခဲ့ရပါသည်။ ဥသောင်ခေတ် ဗုဒ္ဓရုပ်ပွားတော်များ၏ ထူးခြားချက်မှာ မျက်နှာတော် လေးထောင့်ဖြစ်ပြီး တင်းမာသောအမူအရာရှိခြင်း ဖြစ်ပါသည်။

အယုဒ္ဓယခေတ် လက်ရာများတွင် ခမာဟန်ထက် ဆူခိုထိုင်းဟန်က ပိုမိုလွှမ်းမိုးပါသည်။ သို့သော် ဥသောင်ဟန်လည်း လုံးဝကွယ်ပျောက်သွားသည် မဟုတ်ပါ။ အယုဒ္ဓယခေတ်နှောင်းပိုင်းတွင် ကျောက်မျက်ရတနာများဖြင့် လှပသပ်ရပ်စွာ အသေးစိတ် ဆင်ယင်မွမ်းမံလျက် ဘုရင်၏ နန်းဝတ်နန်းစား ဒွါဒရာများ ဝတ်ဆင်ထားသော ဗုဒ္ဓရုပ်ပွားတော်များကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့ကြပါသည်။

ဘန်ကောက်မြို့တော်ကို ၁၇၈၂ ခုနှစ်မှ စတင်တည်ထောင်ခဲ့သဖြင့် ယခုခေတ် ထိုင်းအနုပညာလက်ရာများကို ဘန်ကောက်ခေတ်လက်ရာများဟု ခေါ်ဆိုနိုင်ပါသည်။ ၁၉ ရာစုခေတ် ဗုဒ္ဓရုပ်ပွားတော်များတွင် ဆန်းသစ်တီထွင်မှုမရှိသလောက် ဖြစ်ပါသည်။ တတိယရာမဘုရင် (၁၈၂၄–၁၈၅၁) လက်ထက်တွင် အကောင်းဆုံးသော အနုပညာလက်ရာတစ်ခု ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပါသည်။ ဝပ်ဖိုဘုရားကျောင်းတော်ရှိ ဧရာမ ဉာဏ်တော်ကြီး လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော် ဖြစ်ပါသည်။ ဉာဏ်တော်အရွယ်အစား ကြီးမားသလောက် ဖူးမြော်ကြည်ညိုရသည်မှာ အင်မတန်မှ နှလုံးစိတ်ဝမ်း ချမ်းမြေ့ဖွယ်သော အဆင်းတော်နှင့် ပြည့်စုံတင့်တယ်လှပါသည်။

ဘန်ကောက်ခေတ်တွင် အနုပညာရှင်များသည် ရိုးရာလက္ခဏာရပ်များဖြစ်သော ရောင်ခြည်စက်ဝန်း၊ ပြန့်ကားသောနားရွက် စသည်တို့ကိုလည်း ထည့်သွင်းလျက် တကယ့်သက်ရှိသဏ္ဌာန် ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်ရန် ကြိုးစားလာကြပါသည်။ အနုပညာမြောက်လှသော လက်ရာမွန်တစ်ခုမှာ သာသနာတော် နှစ်ပေါင်း ၂၅၀၀ ပြည့် အထိမ်းအမှတ် ၁၉၅၇ ခုနှစ်က သွန်းလုပ်ပူဇော်ခဲ့သော ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော် ဖြစ်ပါသည်။ ထိုရုပ်ပွားတော်ကို ဘန်ကောက်မြို့တော်ရှိ အမျိုးသားပြတိုက်တွင် ဖူးတွေ့နိုင်ကြပါသည်။ ။

**မောင်ကျော်ဇော**

**ရည်ညွှန်း** – Sawasdee (March 2003)
Hidden Beauty by John Hoskin

**ကိုးကား** – မုဒြာများ
စဝ်ထွန်းမှတ်ဝင်း (၁၉၇၇)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# [illegible]

ယုဇန (ကျောက်မြို့)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တိတ်ဆိတ်ငြိမ်သက်သော နေရာဌာန၊ လူသူမနီး တောမြိုင်ကြီး၊ ရေစမ်းရေမျက် တောရိပ်တောင်ရိပ်တို့ဖြင့် ငြိမ်းချမ်းသာယာလျက် သူတော်စင်တို့ နှစ်သက်ရာ တောစခန်း။ ဓမ္မသီတဂူချောင်ဟူ၍ သည်စခန်းကို ခေါ်ကြ၏။ လူသူအရောက်အပေါက်နည်း၏။ သွားလမ်းလာလမ်း မတွင်သည့် ဒေသတစ်ခုပင်။ ဓမ္မသီတဂူချောင်မှာ နေထိုင်လျက် တရားဘာဝနာ ပွားများကြသော သူတော်စင်များသည် အငြိမ်းဓာတ်စခန်း ခေမာနန်းသို့ လှမ်းကြွသွားကြသူများလည်း ရှိ၏။ အကြောင်းအမျိုးမျိုးကြောင့် လာလမ်းခရီးသို့ ပြန်လှည့်သွားကြသူများလည်း ရှိကြ၏။ အလုပ်နှင့် ဆန္ဒ မညီမျှသူများသည် တရားသဘောလိပ်ကျောပြာစုပင် ဖြစ်ပေသည်။

သည်နေ့ ဓမ္မသီတဂူချောင်အနီးတွင် ခါတိုင်းနှင့်မတူ အသွင်ထူးနေ၏။ အချိန်က ညဉ့်(၁၁)နာရီ၊ သူတော်စင်တို့ တရားအားထုတ်နေချိန်၊ တိတ်ဆိတ်ငြိမ်သက်နေသော ဓမ္မသီတဂူချောင်အနီးတွင် တုတ်၊ ဓား လက်နက်များ ကိုင်စွဲလျက် သွားလာနေကြသူများသည် လှုပ်လှုပ်ရှားရှား။ သူတို့ တစ်စုံတစ်ခုကို လိုက်ရှာနေကြသည်နှင့် တူ၏။

သူတို့၏ခန္ဓာကိုယ်မှာလည်း ညဉ့်ဝတ်ရုံလွှာကို အသီးသီး ဝတ်ရုံထားကြ၏။ သူတို့သည် ရဟန်းတော်များ တရားအားထုတ်ရာ ကျောင်းသင်္ခမ်း အသီးသီးကို ဝိုင်းရံထားကြ၏။ ပြည်သူ့ရဲတပ်ဖွဲ့က သူခိုး ဓားပြများကို လိုက်ရှာပြီး မလွတ်နိုင်အောင် တားဆီးထားသည်နှင့် တူနေ၏။

"ဒကာတို့... ဘာကိစ္စနှင့် ဒီကိုလာကြတာတုံး"

ရဟန်းတော်တစ်ပါးက လေသံပျော့ပျော့ဖြင့် တုတ်၊ ဓားကိုင်ဆောင်လျက် ကျောင်းသင်္ခမ်းပေါ်သို့ တက်လာသူကို မေးလိုက်၏။ လဆန်းညဖြစ်၍ ကျောင်းသင်္ခမ်းဝန်းကျင်၏ အတွင်းအပြင်ကို လရောင်ကြောင့် အထင်းသား မြင်နေရ၏။

"သင့်ကို သတ်ရအောင် လာကြတာ"

ဟု သူတို့တွင် ခေါင်းဆောင်ဖြစ်သူက တိုတိုပြတ်ပြတ် ပြောလိုက်၏။

"သြော်...ဒီလိုလား၊ ဒါဖြင့်ရင်လဲ ဒီတစ်ညတော့ အသက်ရှင်ခွင့် ပေးကြပါဦး"

ဟူ၍ ရဟန်းတော်က ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိဘဲ တောင်းပန်သည့်သဘောဖြင့် ပြောလိုက်သည်။

"ဟား...ဟား...ဟား...ဘယ်ရမလဲ ဝေါ့ရယ်၊ သေမိန့်ကျ၊ ကြိုးဒဏ်ပေးခံထားရတဲ့ အိမ်ပြန်ခွင့်တောင်းတာနဲ့ တူနေပြီလေ"ဟူ၍ လူဆိုးခေါင်းဆောင်ကြီးဖြစ်သူက ဟက်ဟက်ပက်ပက်ရယ်မောကာ ပြောလိုက်၏။

"ဒီလိုမဖြစ်ဘူး ရဟန်း၊ သင့်ကိုသတ်ပြီးမှတို့ ငွေများများရမှာ၊ ထွက်ပြေးဖို့တော့ မကြံနှင့်နော်"

လူဆိုးခေါင်းဆောင်ကြီးက လေသံနည်းနည်းလျှော့ကာ ရဟန်းတော်အား အမှန်သတ်ရ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မည်ဖြစ်ကြောင်း ထပ်ပြီးပြောလိုက်ပြန်၏။

"ဒီအတွက် စိတ်ချပါ ဒကာတို့၊ တစ်ည တော့ ခွင့်ပြုပါ၊ ဒကာတို့ မယုံရင် အာမခံချက် ပေးပါ့မယ်"

"သင်က ဘယ်လိုအာမခံချက်မျိုး ပေးမှာ လဲ"

ရဟန်းတော်က ပြောပြောဆိုဆို အနီးရှိ ကျောက်တုံးကြီးတစ်တုံးကို မနိုင်တနိုင် မ,ယူ ပင့်မြှောက်ကာ ခြေထောက်နှစ်ဖက်ကို ဆန့်စင်း

ကြပါ"

ရဟန်းတော်က အမျိုးမျိုး တောင်းပန်ပြော ဆိုသဖြင့် လူဆိုးတို့သည် ရဟန်းတော်အား ထောက်ထားငဲ့ညှာ၍ မနီးမဝေး စကြံလမ်းထိပ် မှာ မီးဖိုလှုံလျက် အရုဏ်တက်ချိန်ထိ အလှည့်ကျ အိပ်၍ စောင့်နေကြလေ၏။

* * *

ရဟန်းတော်၏အမည်က အရှင်တိဿ ပင်ဖြစ်၏။ သာဝတ္ထိမြို့သား။ ကြွယ်ဝချမ်းသာ

▪▪▪▪▪▪▪▪▪▪▪▪▪

**"ငါ၏သီလသည်**
**သာသနာပြင်ပ အညတိတ္ထိယ**
**အလေ့အကျင့်များကဲ့သို့မှားယွင်းသော အယူအဆ၊ အကျင့်မျိုး**
**မဟုတ်၊ သုံးဆယ့်တစ်ဘုံ၌ တစ်စုံတစ်ခုသော မျှော်လင့်ချက်**
**တဏှာလည်းမပါ၊ အပါယ်-သံသရာမှ လွတ်မြောက်ကြောင်း**
**အရဟတ္တမဂ်ဖိုလ် နိဗ္ဗာန် ရရှိရန်**
**နီးကပ်နေသော အထောက်အပံ့ကောင်းကြီး**
**ပါတကား"**

▪▪▪▪▪▪▪▪▪▪▪▪▪

လျက် ကျောက်တုံးကြီးဖြင့် ပေါင်ရိုးနှစ်ချောင်းလုံး ကျိုးကြေသွားအောင် ထုရိုက်ချလိုက်ရာ ပေါင်ရိုး သွင်သွင်ကျိုးပြီး သွေးများပန်းထွက်ကာ စီးဆင်း လာ၏။

"ကဲ... ဒကာတို့၊ ဒါ ငါ့ရဲ့အာမခံချက်ပဲ၊ စိတ်ချပါ၊ ဘယ်မှလဲ မသွားနိုင်တော့ပါဘူး၊ အရုဏ်မတက်ခင်လေး အသက်ရှင်ခွင့် ပေး

သော သူဌေးမျိုး။ မိဘနှစ်ပါး ဆုံးပါးသွားပြီး နောက် ညီအစ်ကိုနှစ်ယောက်သာ အမွေစား အမွေခံ ရှိကြ၏။ အစ်ကိုဖြစ်သူ တိဿက မိမွေ ဖမွေအားလုံးကို ညီဖြစ်သူ တိဿအား အပြီးပိုင် ပေးအပ်လွှဲပြောင်းကာ ဖန်ဝါသကန်း ဝတ်ဆင် မြန်းလျက် တောရဆောက်တည်နေခြင်းဖြစ်၏။

ညီ၏ဇနီးဖြစ်သူ (ခယ်မ)က နောင်တော်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တိဿ ရဟန်းဘဝ၌ မပျော်ပိုက်၍ လူထွက်လာခဲ့သော် ပစ္စည်းဥစ္စာများကို ခွဲဝေပေးရမည်ကို စိုးရိမ်ကြောင့်ကြလျက်ရှိ၏။ ထို့ကြောင့် နောင်တော်တိဿ ရဟန်းတော်အား တောတောင်အနှံ့ လိုက်ရှာကာ အပြတ်ရှင်းရန် လူဆိုးများကို ခိုင်းစေထားခြင်း ဖြစ်၏။

* * *

ရာသီကလည်း ဆောင်းတွင်းကာလ၊ တောကြီးမြိုင်ကြီးလည်း ဖြစ်သဖြင့် အရိုးကွဲအောင် အေးချမ်း၏။ အချမ်းဒဏ်ကြောင့် ကျိုးကြေနေသော ပေါင်ရိုးနှစ်ချောင်းမှ ဝေဒနာသည် ပြင်းထန်လှ၏။ အရှင်တိဿသည် စူးရှလှသော ဝေဒနာကို သည်းခံလျက် မေ့ပျောက်ထားကာ မိမိ၏သီလကို ဆင်ခြင်မိပြန်၏။ ရဟန်းပြုသည့်အချိန်မှ အစပြု၍ မိမိစောင့်ထိန်းခဲ့သော သီလများကား ကျိုးခြင်း၊ ပေါက်ခြင်း၊ မည်းညစ်ခြင်း အလျှင်းမရှိ၊ စင်ကြယ်သန့်ရှင်းနေသည်ကို တွေ့မြင်ရ၏။

"ငါ၏သီလသည် သာသနာပြင်ပ အညတိတ္ထိယ အလေ့အကျင့်များကဲ့သို့ မှားယွင်းသော အယူအဆ၊ အကျင့်မျိုးမဟုတ်၊ သုံးဆယ့်တစ်ဘုံ၌ တစ်စုံတစ်ခုသော ဖျော်လင့်ချက် တဏှာလည်းမပါ၊ အပရာမဋ္ဌ-သံသရာမှ လွတ်မြောက်ကြောင်း အရဟတ္တမဂ်ဖိုလ် နိဗ္ဗာန် ရရှိရန် နီးကပ်နေသော အထောက်အပံ့ကောင်းကြီးပါတကား"ဟု ဆင်ခြင်ကာ အရှင်တိဿသည် မိမိ၏ သီလကို အားရကျေနပ်၍သွားလေ၏။

ပီတိများ တလှပ်လှပ်ဖြစ်၍လာလေတော့သည်။

ခံစားနေရသော ဒုက္ခဝေဒနာကို ပယ်ခွာမေ့ပျောက်ထားနိုင်ခဲ့သည့်အပြင် မိမိ၏သီလကို ဆင်ခြင်၍ တသွင်သွင်၊ တသိမ့်သိမ့်၊ တစိမ့်စိမ့် တက်၍လာသော ပီတိအဟုန်ကလည်း ဒုက္ခဝေဒနာကို သာ၍ပင် ဖယ်ခွာထိန်းချုပ်၍ထားနိုင်ပြန်၏။

ဝေဒနာချုပ်ပျောက်၍ ဝေဒနာအစား ပီတိရောက်နေရာ ထိုပီတိကိုပင် လက္ခဏာသုံး ချက်၊ ဖြစ်ပျက်သုံးသပ်၍လည်းကောင်း၊ ရံခါ ထိုဝေဒနာကိုပင် စူးစိုက်ရှုမှတ်၍လည်းကောင်း၊ သမ္မပ္ပဓါန် လုံ့လဖြင့် အရှင်တိဿသည် တစ်ညလုံး ရှုမှတ်တော်မူရာ ဝိပဿနာဉာဏ်အဆင့်ဆင့် ရင့်ကျက်ကြီးထွားကာ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝေါ ကုန်ခန်း၍ ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်းတော်မူလေ၏။ လူဆိုးများသည်လည်း အရှင်တိဿ၏ ရုပ်အလောင်းကို ဦးချကန်တော့ကြပြီး မီးသင်္ဂြိုဟ်ကြလျက် သတိသံဝေဂရကာ တုတ်၊ ဓား လက်နက်များကို နေအရုဏ်တက်မှာ စွန့်လွှတ်လိုက်ကြလေ၏။ ။

**ယုဓန (ကျောက်ဖြူ)**

**ဝန်ခံချက်**

(မ-ဋ္ဌ-၁၊ ၂၃၈-မှီငြမ်းပါသည်။)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရွှေအိုး



ဉာဏ်ဝိုးပိုင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

...ကောင်းကောင်းကြီးချမ်းသာရေ၊ လူ ရတတ် တစ်ယောက်မှာ သားတစ်ယောက် ဟိလီ ရေ၊ ထိုသားနန့် သူ့အဖရို့ ကွဲကွာလား ခကတ် စွာရေ နှစ်ပေါင်း ကောင်းကောင်းကြီးပင် ကြာ လားခလီယာ။

သူ့အဖတစ်ယောက်ကတော့ သားဖြစ်သူကို ပြန်လာနိုး ပြန်လာနိုးနန့် အမြဲမပြတ် မျှော်တနီ စွာ မပျက်မကွက်ပင်။

သားဖြစ်သူကား တစ်နယ်တစ်ကျေးမှာ နီးယင်းထိုင်ယင်းပင် ဆင်းရဲမွဲတေလားလီရေ၊ ဆင်းရဲစွာမှာ စားစရာ သောက်စရာ ရှာမရရေ အတွက် ခွက်လက်ဆွဲကာ တောင်းစားရရေ အဖြစ်မျိုးထိပင် ရောက်ဟိနီရေ။

သားဖြစ်သူ ပြန်လာနိုးနန့် မျှော်နီရေ သူဌေး ကြီး၊ အဖနန့်ဝီးကွာလို့ ငတ်ပြတ်ကာ တောင်း စားနီရေသားရို့၏ ဆုံစည်းဖို့ အခွင့်အခါ အကြုံ ကြိုက်ပဲ ဝီးလျက်နီစဉ်...

သားဖြစ်သူရေ တောင်းစားကာ လှည့်လည် လာလတ်တေ၊ ယင်းပိုင်လှည့်လည်လာစဉ် ခြွံရံ သင်းပင်းတိနန့် ကိုယ့်အိမ်ကြီးမှာ ခမ်းနားစွာ ထိုင်နီရေ ဖခင်ဖြစ်သူကို သားဖြစ်သူက တစိချေ လေ့ မမှတ်မိယာ၊ ကြီးကျယ်ခမ်းနားလှရေ အဖ အရင်းခေါက်ခေါက် သူဌေးကြီးကို မြင်ရေခါ စုတ်ပြတ်နီရေမိမိကို ဇာပိုင်လုပ်ပစ်မှန်းမသိဆိုရေ ကြောက်စိတ်ဝင်ကာ ထွက်ပြီးလီရေ။

သားဖြစ်သူကို အဖဖြစ်သူက နှစ်ပရိစ္ဆေဒ မြောက်မြားစွာ တီးကွာနီကေလေ့သော့ သားကို သားမှန်း မြင်မြင်ချင်းမှတ်မိရေ၊ သားဆိုရေ ချစ်ခြင်း နှလုံးသားမှာ စွဲမြဲနီရေအတွက်ပင်။

"...ဝေး...တို့မှာ တောင်းစားနီလူရေ...ငါ့ သားထော့ သူ့ကို ခေါ်ယူခြီကတ်..."

"ဟုတ်ပါရေ သူဌေးကြီး..."

လို့ အစီခံတိက ဝန်ခံကတိပြုကာ သားဖြစ် သူကိုလား ခေါ်ကတ်တေ။

"...အသင်ကို သူဌေးကြီးက ခေါ်ဖို့ လွှတ် တေလာလိုက်လတ်"

"မလိုက်...မလိုက်၊ အကျွန်ုပ်ကို အစွာလုပ် ဖို့မသိ...၊ မလိုက်...မလိုက်၊ ငါ့ကို သတ်ကတ်ဖို့၊ အကျွန်ကြောက်တေ..."

"မလိုက်လို့ မရဒေ၊ အကျွန်ရို့ကို ခေါ်ခိုင်း လိုက်တေ၊ လိုက်ရဖို့ကား"

"မလိုက်ပါရစီကေ့၊ အကျွန်ကို တစ်ပတ် လိမ်နန့် ခေါ်ပြီ ကေ၊ သတ်ပစ်ကတ်ဖို့၊ မလိုက် ချင်ပါ"

သူဌေးကြီး၏ အစီခံတိက ခေါ်၊ သားဖြစ်သူ သူတောင်းစားကငြင်း၊ ခေါ်မရရေအခါ လက်ကို ဖမ်းကိုင်ကာ အတင်းအားဓမ္မဆွဲယူ လာကတ် တေ။

သူတောင်းစားခမျာ ရေတွဲလီတွဲလောင်း၊ ထုတ်မှာသတ်၊ ယောက်မှာသတ်နန့် လိုက်ပါစွာ မှာ အကြောက်ကြီးပြီး ကေသတိပင်မိလား လီရေ။

ဖခင်ဖြစ်သူက သားဖြစ်သူ၏အပေါ်မှာ မမြင်ရက်လို့ သူ၏အစီခံရို့ကို သတိမိနီရေသား ကို သတိရအောင်လုပ်ခိုင်းရေ၊ သားသတိရရေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အခါ...

"လွှတ်လိုက်...လွှတ်လိုက်ကတ်"

ပြောရေအတွက်နန့် ပြန်လွှတ်လိုက်ကတ်လေ...။

သားဖြစ်သူ သူတောင်းစားရေ ဖမ်းဆီးခံရာကနီ ပြန်လွှတ်လာရေအတွက် ဝမ်းပန်းတသာ ထပနာ မြို့စွန် မြို့နားက ဆင်းရဲသားရပ်ကွက်ထဲကို ပြန်လို့ပြီးလားခလီရေ။

အဖဖြစ်သူ သူဌေးကြီးရေ ဇာပိုင်လုပ်ကေ သားဖြစ်သူ ယုံကြည်စိတ်ချ အားကိုးလာဖို့လဲ အကြံအစည်ထုတ်တေ။

"ငါ့သားကို အိမ်ကိုခေါ်ယူပနာ အိမ်မှာ အနိန့်ဆုံး အလုပ်ကို လုပ်ကိုင်းကေဇာပိုင်နီဖို့လဲ ဝေရို့..."



"သင့်တော်ပါရေ သူဌေးကြီး"

"ယေကေသားကို အလုပ်လုပ်ဖို့ လားပြီး ခေါ်ကတ်ခိ"

"ဟုတ်ပါယင့်"

"သားဖြစ်သူ သူတောင်းစားပါးကို အစီခံရို့ လားကတ်တေ"

သူတောင်းစားဖြစ်သူ သူဌေးကြီးသားကို နည်းပရိယာယ်ကြွယ်ဝစွာနန့် စည်းရုံးသိမ်းသွင်းပနာ ခေါ်ယူပြီးကေ၊ သူဌေးကြီးအိမ်မှာ အနိန့်ကျဆုံး အလုပ်နီရာမှာ လုပ်ကိုင်ဖို့ သဘောတူညီမှုကို ရယူလိုက်တေ။

သူဌေးကြီးအိမ်ကို သားဖြစ်သူ သူတောင်းစားရောက်လာရေအခါ အဖဖြစ်သူက ရင်းနှီးကျွမ်းဝင်မှုဟိအောင် အသွန့်စကားတိပြောဟောပီးကေ၊ ရင်းနှီးအောင်လုပ်လာရေအတွက် သူတောင်းစားဖြစ်နီရေသားက သူဌေးကြီးဖြစ်သူအပေါ် ယုံကြည်စိတ်ချမှု ဟိပါလတ်ရေ။

ဒေပိုင်နည်းဖြင့် သားဖြစ်သူကို ဆက်ဆံပါလတ်တေ အခါ နှစ်ပေါင်းများစွာ ကြာမြင်းလာရေ၊ အဖဖြစ်သူမှာ သားလို့သိကေလေ့၊ သားဖြစ်သူကတော့ အဖလို့မသိဖြစ်နီရေ၊ ယင်းပိုင်နန့်ပင် ကာလယန္တရားက များစွာလည်ပတ်လားလီရေ။

သူဌေးကြီးဖြစ်သူရေ၊ အိုမင်းမစွမ်းဖြစ်လာရေ၊ ကျန်းမာရီးလည်း ကျဆင်းပါလတ်တေ။ ယေခါ စွီမျိုးတိကို စုဝီးစေရေ၊ ပြီးကေ

"ငါ့အိမ်မှာ အလုပ်လုပ်နီရေ သူတောင်းစားကို သိကတ်တာမဟုတ်လား"



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"ပြောပါသူဌေးမင်း"

"ဒေကလေချေရေ သူတောင်းစားမျိုး မဟုတ်၊ ငါ့အေ့တစ်ယောက်တည်းသောသား၊ ကေပုတ္တဖြစ်တေ"

တချို့က အံ့သြတကြီးနန့် ပါးစပ်ဟောင်း လောင်း၊ တချို့က ပါးစပ်က...ဝှါ...လို့ အာမေဋိတ်သံ ထွက်ကြ၊

သိသူကတော့ အနည်းချေ။ ဟိကတ်တေ၊ ယေကေလေ သူဌေးကြီး၏ ဂုဏ်သိက္ခာကို ငဲ့ကွက်လို့ ရိုင့်လျက်နီကတ်တေ။

"ယုံမှတ်စိတ်ချရရေ အစီခံဖြစ်သူ ဒေကလေချေရေ၊ ငါ့သားဖြစ်တေဆိုစွာ လုံးဝ ယုံမှားသံသယ မဟိကတ်ကေ့။ စိတ်ချ လက်ချ ယုံကတ်ပါ"

"ဟုတ်ပါယင့် သူဌေးကြီး"

"ယေနန့် ငါပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာ အားလုံးကို ဒေသားဖြစ်သူကို အမွီခံယူသူအဖြစ် လွှဲအပ်လိုက်တေ"လို့ ပြောကြားလိုက်တေ။

အစီခံဖြစ်သူ သားက ဖခင်၏ အမွီအနှစ်ကို ပိုင်ဆိုင်လိုက်ရရေအတွက် သူရေချမ်းသာခြင်း စည်းစိမ်ကို ချက်ချင်းခံစားရလီရေ။

ဒေဇာတ်လမ်းကို ဇာတ်ပေါင်းလိုက်ရေအခါ သူဌေးကြီးကား ဗုဒ္ဓဘုရားသျှင်၊ သားဖြစ်သူမှာ လောကသူ၊ လောကသားများပင် ဖြစ်ပါရေ၊ ဒေပိုင်တင်စားပြဆိုထားပါရေ။

ယေရှူးနက်–လောကလူသားရို့ကို ဗုဒ္ဓဘုရားသျှင်ရေ ပညာဟိ အဖပိုင်သားကို ချစ်တေဇော နန့် မိမိနန့် နီစပ်လာအောင် တဆတ်ဆတ် ဆွဲဆောင်သိမ်းသွင်းပနာ နောက်ဆုံးမှာ မိမိ၏ ဓမ္မအမွီအနှစ်ကို ချီးမြှင့်ပီးသနားတော်မူခလီရေ မဟုတ်ပါလား...။ ။

**"လောကလူသားရို့ကို ဗုဒ္ဓဘုရား သျှင်ရေ ပညာဟိ အဖပိုင်သားကို ချစ်တေဇော နန့် မိမိနန့် နီစပ်လာအောင် တဆတ်ဆတ် ဆွဲဆောင်သိမ်းသွင်းပနာ နောက်ဆုံးမှာ မိမိ၏ ဓမ္မအမွီအနှစ်ကို ချီးမြှင့်ပီးသနားတော်မူခလီရေ မဟုတ်ပါလား"**

ဉာဏ်ထူးပိုင်

**ဝန်ခံချက်။** ။ ဤဝတ္ထုမှာ သဒ္ဓမ္မပုဏ္ဍရီကကျမ်းလာ ဥပမာတစ်ခုကို ရခိုင်မှု ပြုထားခြင်း ဖြစ်ပါရေ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"တပည့်တော် အိမ်ရှင်မ မလွန်းမေ ဆုံးပါးသွားတာ ခုနစ်ရက်ပြည့်မြောက်လို့ ရက်လည်ဆွမ်းကျွေး တရားနာ ပြုလုပ်ပါမည် ဘုရား၊ အရှင်ဘုရား တရားဓမ္မ ချီးမြှင့်ပေးပါရန် ရိုသေစွာ ပင့်လျှောက်ပါတယ်ဘုရား"

ဦးကျော်ထွန်းကား မျက်နှာမသာမယာဖြင့် ရတနာမာရ်အောင် တောရဓမ္မရိပ်သာ ဆရာတော် ဦးဝါယာမိန္ဒအား လျှောက်ထားလိုက်ပါ၏။

ဦးကျော်ထွန်းသည် မြောက်ဦးမြို့ နန်းတော်ရာကုန်းအနီးတွင် နေထိုင်၏။ သူ့မှာ သားသမီးလေးယောက် ရှိ၏။ သားနှင့် သမီးနှင့် တင့်တောင်းတင့်တယ်အရွယ်တွင် မလွန်းမေ လေ့လော့်ရင်း တက်ကျိုးရခြင်းပင် ဖြစ်၏။ ဦးကျော်ထွန်းသည် အသက် (၅၅)နှစ်သာ ရှိသေးသည်။

မလွန်းမေ ရောဂါဖြစ်နေသည်မှာ အတော်ကြာနေပြီ။ ဆေးရုံတက်လိုက်၊ ပြန်ဆင်းလိုက်၊ ကောင်းသွားလိုက်၊ ပြန်တက်လိုက်နှင့် ကုသခဲ့သော်လည်း ရောဂါက မကောင်းပေ။ ဆရာဝန်နှင့်ပြ၊ ဗိန္ဓောဆရာနှင့်ကု စသည်ဖြင့် နည်းမျိုးစုံနှင့် ကုသခဲ့သော်လည်း အခြေအနေ မဟန်ဘဲ ရောဂါက လောင်ကျွမ်းမြဲ လောင်ကျွမ်းလာ၏။ နောက်ဆုံးမှာ မလွန်းမေ ဘဝတစ်ပါးသို့ တိမ်းပါးသွားခဲ့ရသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

**"အင်း…ဒကာကြီး ဘဝဆိုတာ ကံစီမံရာ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ရ မြဲပါ၊ ဆရာတော်ရဲ့ တရားရိပ်သာမှာ ဒကာကြီး တရား ခဏခဏ လာထိုင်နေတာပဲ၊ တရားဆိုတာ ခန္ဓာထဲမှာပဲ ရှိတယ်၊ ဘယ်မှာမှ မရှိဘူး၊ သား သမီး သားမယားကိစ္စတွေနဲ့ ရှုပ်ထွေးနေတဲ့ လောကကြီးကို တရားနဲ့သာ ဖြေပါ ဒကာကြီး၊ အပူရုပ်တွေကိုချည်း တွေးမနေပါနဲ့တော့…"**

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

"အင်း…ဒကာကြီး ဘဝဆိုတာ ကံစီမံရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်ရမြဲပါ၊ ဆရာတော်ရဲ့ တရားရိပ်သာမှာ ဒကာကြီး တရား ခဏခဏ လာထိုင်နေတာပဲ၊ တရားဆိုတာ ခန္ဓာထဲမှာပဲ ရှိတယ်၊ ဘယ်မှာမှ မရှိဘူး၊ သား သမီး သားမယားကိစ္စတွေနဲ့ ရှုပ်ထွေးနေတဲ့ လောကကြီးကို တရားနဲ့သာဖြေပါ ဒကာကြီး၊ အပူရုပ်တွေကိုချည်း တွေးမနေပါနဲ့တော့…"

ဆရာတော်၏ ဥပမိရုပ်က ခန့်ညားသည်၊ အသံသြဇာရှိသည်၊ တရားတော်ကလည်း ထိမိသည်။ ဦးကျော်ထွန်းကား အပူရုပ်ကို အသာထုတ်ပယ်ပြီး ဆရာတော်၏အနီး ဒူးတုပ်ထိုင်နေ၏။

ကျောင်းတိုက်တစ်ခုလုံး တိတ်ဆိတ်နေ၏။ အချိန်ကား နံနက်ကိုးနာရီကျော်ခန့်သာ ရှိသေး၏။ ကျောင်းတိုက်ရှိ ကိုရင် ဦးပဥ္စင်းများလည်း ဆွမ်းခံကြွရန် ပြင်ဆင်နေကြပြီ။

ဆောင်းနေဖြစ်၍ နှင်းငွေ့ကား မပြေတတ်သေး။ ပျံ့လွင့်နေသော နှင်းရည်နှင်းငွေ့ကား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တောတစ်ခွင်၊ တောင်တစ်ခိုလုံး မြူဆိုင်းနေဆဲ။ တစ်ခါတစ်ရံ သစ်ပင် ဝါးပင်မှ အရွက်များကို လေတိုးသံမှအပ မည်သည့်အသံကိုမျှ မကြားရ။ အေးချမ်းဆိတ်ငြိမ်သော ဓမ္မဗိမာန်ပါတကား။

"ကဲ…သွားကြမယ် ဒကာကြီး"

ဆရာတော် သင်္ကန်းရုံကာ ရှေ့က ကြွသွား၏။ ဦးကျော်ထွန်းက နောက်မှလိုက်ကာ ညီညာဖြောင့်ဖြူးသောလမ်းကို လျှောက်လှမ်းလာကြ၏။

ဦးကျော်ထွန်း၏ဘဝကား ဤလမ်းကလေးလိုပင် မဖြောင့်ဖြူးချေ။ အတိမ်းအစောင်း အကွေ့အကောက် များလှပေ၏။ ဦးကျော်ထွန်းသည် မိမိ၏ဘဝ ဖြစ်နေပုံကို တွေးရင်းနှင့် အိမ်သို့ ရောက်လျှင် ဆရာတော်ထံ သီလယူပြီး ပရိတ်တရား နာကြားကြသည်။ အိမ်ပေါ်၌ကား တရားနာသူများ ပြည့်နေကြ၏။

"ရေပြင်ပေါ်မှာ ရေပွက်တွေ မပွက်ဘူးလား ဒကာကြီး"

"ပွက်ပါတယ်ဘုရား"

"ရေပွက်တွေဟာ ဖတ်ခနဲဆို ဘာဖြစ်သွားသလဲ"

"ပျောက်သွားပါတယ် ဘုရား"

"ပျောက်သွားတယ်နော်၊ တည်တံ့မှုရရဲ့လား"

"မရပါဘုရား"

"ဒီလိုပဲ၊ ဒကာ ဒကာမတွေရဲ့ စိတ်ထဲမှာ ခံစားနေရတဲ့ ဝေဒနာကို သတိနဲ့ကပ်ပြီးတော့ ကြည့်ပါ၊ ဝေဒနာ ချုပ်ပြီးတော့ အနိစ္စကို မြင်ပါစေ၊ ဝေဒနာ ချုပ်ပြီးတော့ ဒုက္ခ၊ အနတ္တတို့ကိုလည်း မြင်ပါစေ၊ ဝေဒနာကို ကျော်ပြီးတော့ ဖြစ်ပျက်ကို မြင်ပါစေ"

ဤသို့ ဆရာတော်က ဟောကြားတော်မူသည်။

ဆရာတော်ရှေ့မှာ ထိုင်နေသော ဦးကျော်ထွန်းသည် ငြိမ်သက်နေ၏။ ရင်ထဲမှာ ခံစားနေရသော ဝေဒနာကား အနာမကျက်သေး။ ဆရာတော်က ဦးကျော်ထွန်း၏ ဝေဒနာကို ဓမ္မောသဓ–တရားဆေး တိုက်ကျွေးနေရာ ဦးကျော်ထွန်းကား တရားတော်ကို နာခံမှတ်သားရသဖြင့် အနာသက်သာရာ ရသွား၏။ ဆရာတော်၏ တရားသဘောကို ရိပ်စားမိလာသည်။ တရားအဆုံးသတ်တော့…

"ကဲ…ဒကာကြီး ရေစက်ချက်ကိုင်"

"အမိန့်ရှိပါ ဘုရား"

ဆွမ်းကျွေးတရားနာပွဲကား ပြီးဆုံးသွားလေပြီ။

* * *

▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪

**" ဒကာ ဒကာမတွေရဲ့စိတ်ထဲမှာ ခံစားနေရတဲ့ ဝေဒနာကို သတိနဲ့ကပ်ပြီးတော့ ကြည့်ပါ၊ ဝေဒနာ ချုပ်ပြီးတော့ အနိစ္စကို မြင်ပါစေ၊ ဝေဒနာ ချုပ်ပြီးတော့ ဒုက္ခ၊ အနတ္တတို့ကိုလည်း မြင်ပါစေ၊ ဝေဒနာကို ကျော်ပြီးတော့ ဖြစ်ပျက်ကို မြင်ပါစေ "**

▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဦးကျော်ထွန်း တစ်ရေးနိုးလာသောအခါ မြို့ထဲမှ ခွေးဟောင်သံ တစ်ချက် နှစ်ချက် ကြားလိုက်ရ၏။ ပြန်အိပ်၍ မရတော့။ အချိန်ကား ညဉ့်တစ်ချက်ထိုးနေပြီ။ ပြတင်းပေါက်မှ လရောင်ထိန်ထိန်သည် ဦးကျော်ထွန်း၏ ရင်ခွင်ထဲသို့ပင် တိုးဝင်လာ၏။ ကလေးငယ်များ အပူအပင်ကင်းစွာ အိပ်မောကျနေကြ၏။ သူ့မိခင်ရှိစဉ်တုန်းက အမိနားမှာ တစ်ယောက်၊ ဖခင်အနားမှာ တစ်ယောက် နှစ်ခြိုက်စွာအိပ်ခဲ့ကြ၏။ ယခုမူကား အမိမဲ့သား ရေနည်းငါးလို ဖြစ်နေကြ၏။ ဒီလိုတွေးရင်း တွေးရင်း မိမိ၏ဘဝကို သတိရလာမိ၏။

မိမိဘဝသည်လည်း မိတဆိုး၊ ဖတဆိုးဘဝမျိုး ဖြစ်ခဲ့၏။ မိမိအသက် (၁၀)နှစ်အရွယ်လောက်တွင် မိဘနှစ်ပါးတို့ ရှေ့ဆင့်နောက်ဆင့်ဆုံးပါးသွားခဲ့ကြသဖြင့် မိခင်၏ ညီမအရင်းဖြစ်သူ ဒေါ်ဖွားခင်က မွေးစားခဲ့၏။ အသက် (၁၃) နှစ် အရွယ်တွင် ဗန္ဓုလကျောင်း ဆရာတော်ထံတွင် ရှင်သာမဏေ ဝတ်ခဲ့သည်။ ပရိတ်ကြီး၊ လောကနီတိ၊ သဂြိုဟ်၊ သဒ္ဒါ စသော စာပေများကို သင်ကြားခဲ့၏။ ကိုရင်ဘဝဖြင့် ပျော်သော်လည်း ကံမကောင်း အကြောင်းမလှ၍ ငှက်ဖျားရောဂါကြောင့် လူထွက်ခဲ့ရသည်။ ဒေါ်ဖွားခင်က သားအရင်းနှင့်မခြား ပြုစုစောင့်ရှောက်ခဲ့သဖြင့် လူလားမြောက်ခဲ့ပေသည်။

ဦးကျော်ထွန်းသည် အရွယ်ရောက် ကြီးမြောက်သောအခါ ဦးသာချမ်း + ဒေါ်မခင်နုတို့သမီး မလွန်းမေနှင့် အိမ်ထောင်ကျသည်။ ကြမ်းတမ်းလှသော လူ့ဘဝကို ရုန်းရင်းကန်ရင်း သားသမီးလေးယောက် ထွန်းကားခဲ့၏။ အထွေးဆုံးကလေး မွေးဖွားသောအခါ မလွန်းမေ ပင်ပန်းခဲ့ရသည်။ မသေရုံတစ်မယ် ဖြစ်၏။

ယခုတော့ သားသမီးလေးယောက်ကို ထားခဲ့ပြီး မလွန်းမေ ဘဝတစ်ပါး ပြောင်းသွားရှာပြီ။ လေးနာရီထိုးသံကြား၍ ဦးကျော်ထွန်း အတွေးပြတ်ကာ အိပ်ရာမှ လန့်နိုး၍ ထလိုက်တော့သည်။

* * *

"ဒကာကြီးဦးကျော်ထွန်း…ရခဲလှတဲ့ လူ့ဘဝ၊ ကြုံခဲလှတဲ့ ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံနေချိန်မှာ အို နာ သေမှ လွတ်မြောက်စေဖို့ ဝိပဿနာအကျင့်မြတ်ကို အားထုတ်တော့မယ်လို့ ဆုံးဖြတ်ပါ"

သည်တရားစကားကို ဦးကျော်ထွန်း အမြဲ





WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပင် ကြားနေ၏။ ရတနာမာရ်အောင် ဆရာတော် ဟောကြားသော တရားစကားပင်ဖြစ်၏။ နောက် ပြီး ဆရာတော် ဟောကြားထားသည်မှာ...

ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်
လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို
ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်
မှန်ပင်မဂ်ရကြောင်း...။

ရတနာမာရ်အောင် တရားရိပ်သာသို့ အခါ အားလျော်စွာ သွား၍ တရားအားထုတ်မည်ဟု ဦးကျော်ထွန်း ဆုံးဖြတ်ထားသည်။

* * *

နှစ်များပြောင်း၍ ရွက်ဟောင်းကြွေကာ ရွက်သစ်များဝေလျက် ရာသီစက်ရဟတ် အထပ် ထပ် လည်ပတ်ခဲ့လေပြီ။ ဦးကျော်ထွန်းသည် လည်း အသက်အရွယ် ရလာပြီဖြစ်၏။ သားကြီး မောင်သိန်းအောင်လည်း အိမ်ထောင်ကျ၊ သမီး ကြီး မသိန်းလှလည်း အိမ်ထောင်ကျသွားကြ သဖြင့် တာဝန်နည်းသွားပါသည်။ သို့သော် အငယ်နှစ်ယောက် ရှိသေးသည်။ တစ်ယောက်က ဆယ်တန်း၊ နောက်တစ်ယောက်က ရှစ်တန်း ဖြစ်သည်။

ဦးကျော်ထွန်း ရှာဖွေကြိုးစား၍ စုဆောင်း ထားသော ပစ္စည်းဥစ္စာများကို အိမ်ထောင်ရှင် သားသမီးတို့အား လုပ်ကိုင်စားသောက်ရန် ခွဲဝေ ပေးပြီး လူလားမမြောက်ကြသေးသော ကျောင်း သားနှစ်ယောက်တို့သည်လည်း အစ်ကို၊ အစ်မတို့ အိမ်မှာ နေကြသဖြင့် ဦးကျော်ထွန်း မပူပင်ရ တော့ပေ။

'သူ့ကျွန်မခံ ပယ်တော်လှန်'ဆိုသည့် တရား စာအုပ်၌ ဆိုထားသည်မှာ...

သဒ္ဓါ သီလ သုတ စာဂ ပညာ ဟီရီ ဩတ္တပ္ပ ဟူသော သူတော်ကောင်း ဥစ္စာ ရတနာ ခုနစ်ပါး ခန္ဓာကိုယ်ထဲမှာ ကိန်းထားတဲ့ ပုဂ္ဂိုလ် သည် ဘယ်တော့မှ စိတ်မပူရတော့ဘူး။

သည်တရားစကားကို ဦးကျော်ထွန်း အမြဲ နှလုံးသွင်းထားသည်။ သားသမီးသံယောဇဉ်၊ ပစ္စည်းဥစ္စာ သံယောဇဉ်များကို ခေတ္တမေ့ပျောက် ထားပြီး ဦးကျော်ထွန်း ရတနာမာရ်အောင် တောရကျောင်းသို့ လှမ်းလျှောက်နေသည်။ ယခု အကြိမ် သွားနေခြင်းသည် ယခင် မလွန်းမေ အတွက် ရက်လည်ဆွမ်းကျွေးရန် ဆရာတော် အား သွားပင့်သည်နှင့် မတူ။ ဦးကျော်ထွန်း၏ ရင်မှာ ဝမ်းသာပီတိစိတ် အစဉ်ပြည့်လျက် မျက်နှာ မှာ ရွှင်ရွှင်ပျပျ၊ ဖြစ်တည်နေသော သံယောဇဉ် ကြိုးများကို ပြေအောင် ဖြေဖြုတ်ဖို့ရန်အတွက် တရားအားထုတ်ရမည်ဟု ဦးကျော်ထွန်း သဘော ပေါက်ထားပါသည်။ ။

ရမ္မာမြေ သက်ရွှေ

" **သဒ္ဓါ သီလ သုတ စာဂ ပညာ ဟီရီ ဩတ္တပ္ပ ဟူသော သူတော်ကောင်း ဥစ္စာ ရတနာ ခုနစ်ပါး ခန္ဓာကိုယ်ထဲမှာ ကိန်းထားတဲ့ ပုဂ္ဂိုလ်သည် ဘယ်တော့မှ စိတ်မပူရတော့ဘူး။** "



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဆရာ့စကား နာကြားသံဝေ

**မြစိန်** (မြို့ဟောင်းမြေ)




● သြော်...မြတ်သော ဆရာသခင် ကျေးဇူးရှင်...။

ရခိုင်ညွန့်ဖူး မြို့မြောက်ဦးဝယ်၊ ထင်ပေါ်ကျော်ကြားနေတဲ့ ဆရာ့ဂုဏ်ရည်၊ ဆရာ့သတ္တိ၊ ဆရာ့စေတနာ၊ ဆရာ့မေတ္တာ၊ ဆရာ့ကရုဏာများက ပိုလွှန်းလှပါ၏။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တပည့်တော် ဆရာရှင်၏ တပည့်ဒကာဖြစ်ရပါ၍ ဝမ်းသာပီတိ ဖြစ်မိပါ၏။ ဆရာရှင်သည် ရွှေရတုနှစ်မှ နှစ်တစ်ရာတိုင်အောင် အသက်ရာကျော် ရှည်ပါစေကြောင်း လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ဆုတောင်းလိုက်ပါ၏။

● ဩော်...မြတ်သော ဆရာသခင် ကျေးဇူးရှင်...။

ဘဝမှန်တိုင်း ခက်ထန်ကြမ်းတမ်း ဖြတ်သန်းသွားရသည့် လမ်းခရီးမှာ ဆယ်မနိုင်၊ တားမရ၊ လမ်းမမြင်၊ ကမ်းမမြင် ဖြစ်နေဆဲဝယ် ဆရာရှင်၏ သွန်သင်ဆုံးမ ဩဝါဒ တရား စကားကို နာခံမှတ်သား ကြားနာရသည့်အတွက်ကြောင့် သုညဘဝမှ လွတ်မြောက်ကာ ပညာ၊ သတိ၊ ဉာဏ်မျက်စိ ဖြစ်ရပါသောကြောင့် ဝမ်းသာပီတိဖြစ်ပြီး ဘဝမှန်တိုင်း ရပ်စဲခဲ့ပါပြီ ဩော်...ဆရာအရှင်...။

● ဩော်...မြတ်သော ဆရာသခင် ကျေးဇူးရှင်...။

"ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူ ကြာရင်မေ့"ဟူ၍ ဆိုရိုးစကား ရှိသော်ငြားလည်း စက္ကန့်နှင့် မေ့မထား၊ အဝိဇ္ဇာမှောင်အဖုံးကြောင့် တွေ့လိုတွေ့ငြား ရှာခဲ့ပါ၏။

**ပင်လယ်သမုဒ္ဒရာ ရေလှိုင်းကြား**
**ဖြတ်သန်းလျှောက်သွား မှုန်ဝါးဝါး**
**စီးကျခဲ့တဲ့ မျက်ရည်များ**
**ပင်လယ်သမုဒ္ဒရာ ဒီရေအလား**
**တောတောင်ကန္တာရ ခရီးကြမ်းများ**
**သေဆုံးသွားတဲ့ ဆွေမျိုးမိဘများ၊ မတွေ့ခဲ့ပါတကား။**
**ဟော...ခုတွေ့ပြီ**
**ဆရာဟောကြားတဲ့ တရားစကား**
**ငါလည်း တစ်နေ့ သေရမှာတကား။**
**ဩော်...ရခဲ့ပါပြီ၊ ဓမ္မသံဝေဂတရား...။ ။**

**မြစိန် (မြောက်ဦးမြေ)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ဗုဒ္ဓဘအေးရိပ်

**မောင်ဆောင်းနှင်း (ကျောက်ဖြူ)**

နေ့ကား ‘လပြည့်နေ့’၊ အချိန်ကား ညနေ စောင်းချိန်၊ နေလုံးသည် အရောင် တောက်ပမှု မရှိတော့ဘဲ မှိန်ဖျော့ဖျော့ အရောင်လေးမျှသာ။ ရှစ်ခွင်တိုင်းသည် မှိုင်းပျပျ မှုန်မှေးမှေး။ နှင်းလွှာ ပါးပါးလေးက လောကဓာတ် တစ်ခုလုံးအား တစ်စ တစ်စ ခြုံလွှားသိုင်းဖွဲ့လာကြသည်။ ဆောင်းလေအေးက လှိုမြောင်တန်းတစ်လျှောက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြတ်သန်းတိုက်ခတ်လာစဉ် တောပန်း တောင်ပန်းများ၏ ရနံ့က လေနှင့်အတူ မွှေးပျံ့လာသည်။ တောင်ခြေ လူသွားလမ်းမှ မျှော်ကြည့်လျှင်ကား ဟိုခပ်ဝေးဝေးမှ တောင်ကုန်းမြင့်ပေါ်တွင် တည်ထားသော ကြည်ညိုဖွယ် ထုံးဖြူစေတီငယ်တစ်ဆူကို လှမ်းမြင် ဖူးမြော်နိုင်သည်။ စေတီငယ်၏ ဘေးတစ်ဖက်တစ်ချက်တွင် ထန်းပင်ရှည် သုံးလေးပင်စီ ထိုးထွက်ပေါက်နေကြသည်။ ခပ်လှမ်းလှမ်းမှ မျှော်ကြည့်လျှင် ပန်းချီဆရာတစ်ဦး ပီပြင်စွာ ရေးဆွဲထားသည့် ပန်းချီကားချပ် တစ်ချပ်နှယ် အသက်ဝင်လှ၏။

ထိုစဉ် အသက်(၆၀)ကျော်ခန့် မှန်းဆရသော ဘဖိုးငယ်တစ်ဦး လူသွားလမ်းအတိုင်း ဖြည်းညင်းစွာ လှမ်းလျှောက်လာသည်။ သူ့လက်ထဲတွင် အဝတ်ဖြင့် ရစ်ပတ်ထားသော ပစ္စည်းတစ်ခုကို တယုတယ ပွေ့ဖက်လျက်။ သူ့မျက်နှာသည် အိုမင်းလွန်းသည့် ရုပ်သွင်မပေါ်ဘဲ လန်းဆန်းနုပျိုလွင်သည့် အသွင်။ ဆောင်းလေပြည်ကို ရှူရှိုက်လိုက်စဉ် သူ့မျက်နှာပြင်၌ အပြုံးရိပ်တစ်ခု ဖြတ်သန်းသွားသည်။ ခဏတာရပ်နားလိုက်ပြီး စေတီငယ်ရှိရာသို့ မော့ကြည့်ကာ မျက်လုံးများ မှေးစင်းလျက် ငြိမ်သက်နေသည်။ ဘဖိုးငယ်သည် စိတ်ဖြင့် ဘုရားရှင်အား အာရုံပြု ဦးခိုက်နေပုံရသည်။ ထို့နောက် စေတီငယ်ရှိရာ တောင်ကုန်းမြင့်ပေါ်သို့ လှေကားထစ်များမှတစ်ဆင့် ဖြည်းညင်းစွာ လှမ်းတက်လိုက်သည်။

စေတီငယ်ရင်ပြင်သို့ ရောက်လျှင် ချိုလွင်သော စေတီငယ်မှ ဆည်းလည်းသံချိုချိုကို ကြားလိုက်ရ၏။ ဝန်းကျင်သည် ဆိတ်ငြိမ်နေဆဲ။ ဗုဒ္ဓ၏အရိပ်၊ တရားရိပ်သည်ကား ငြိမ်းချမ်းအေးမြလှစွတကား...။

ဘဖိုးငယ်သည် စေတီငယ်ကို ဖူးမြော်ကာ သိမ်မွေ့စွာ ဦးချကန်တော့သည်။ ပြီးမှ လက်ထဲတွင် ပွေ့ပိုက်လာသော အရာကို ဖြည်းညင်းစွာ အဝတ်စ ဖြေချလိုက်သည်။ အို...“စောင်းအို” လေးတစ်လက်ပါလား။ မှန်စီရွှေချထားသည့် ‘စောင်းအိုငယ်’။ သားငယ်ကို မိခင်ပိုက်သကဲ့သို့ သူသည် စောင်းအိုကို ရင်ခွင်ထဲ တယုတယ ပွေ့ဖက်လိုက်သည်။ စောင်းကြိုးလေးများကို ကြိုးညှိ အသံစမ်းသည်။ ခဏကြာလျှင် သာယာငြိမ့်ညောင်း နွဲ့နှောင်းသည့် ဂီတသံစဉ်များ ချိုမြစွာ မွှေးဖွားထွက်ပေါ်လာသည်။ သံစဉ်နှင့်အတူ ဘဖိုးငယ်၏ နားဝင်ပီယံ ခုံညားသည့်အသံက ဂီတရသကို ပိုမိုခံစားစေလာပြန်သည်။

(ထူးမခြားနား x x x မီးရေစုံသား x x x ရောင်တော်ထွေပြား ပြောင်းလို့ x x x များထွေ x x x ထူးထွေသည့် အံ့ရာသား x x x)

ဩော်...ဘုရားရှင် ရောင်တော်ဖွင့် သီချင်းခန်းနှင့် ကြည်ညိုပူဇော်နေပါလား။ အကွက်ပိုင်နိုင်စွာ တို့ထိ လှုပ်ရှား ပြေးလွှားနေသော ဘဖိုးငယ်၏ လက်ချောင်းလေးများနှင့်အပြိုင် ဂီတသံစဉ်လေးများက လူးခတ် ကစားနေဆဲ။ ဘုရားရင်ပြင်တစ်ခုလုံးသာမက တစ်တောလုံးတိုင် ဂီတသံစဉ်လှိုင်းများ ပျံ့နှံ့လျက်...။ ။


**မောင်ဆောင်းနှင်း**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အင်တာနက်ပေါ်မှ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝါယာမိန္ဒ မြောက်ဦးဆရာတော်

**မောင်သက်ပိုင်** (ရန်ကုန်)



သို့

**ကျော်နီဦး**

သူငယ်ချင်း အင်တာနက်မှာ မေးထားတာတွေ ဖက်စ်နဲ့ ပြန်ကြားရင် ပြည့်စုံမှာ မဟုတ်လို့ သီးခြား စာရေးပြီး ပို့လိုက်တယ်။

အင်တာနက်မှာ မင်း ဓာတ်ပုံရိုက်ပြီး မေးထားတဲ့ ဆရာတော်က မင်းတို့ ရခိုင်ပြည်နယ် မြောက်ဦးမြို့မှာ ငါ တစ်ကြိမ် နှစ်ကြိမ် ဖူးမြော်ခွင့်ကြုံခဲ့ဖူးတဲ့ ရတနာမာရ်အောင် တောရ ဓမ္မရိပ်သာ ဓမ္မဒူတဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝါယာမိန္ဒ ဘွဲ့မည်တော်ရှိတဲ့ ဆရာတော်တစ်ပါးပဲ။

ငါက ရခိုင်ပြည်နယ် ဘုရားဖူးခရီးသည်တွေကို နှစ်စဉ် လိုက်ပါပို့ဆောင် လမ်းညွှန်နေတယ်။ Guide ပေါ့။ ၂၀၀၀ ပြည့်နှစ်က စပြီး တစ်နှစ်ကို သုံးခေါက်လောက် ရောက်တယ်။ ငါတို့ ဘုရားဖူးတွေက ရေမီး အဆင်ပြေတဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ ညအိပ် တည်းခိုကြတာဖြစ်လို့ မြောက်ဦး ရောက်တဲ့အခါ 'ရတနာမာရ်အောင်ကျောင်း'မှာ တည်းခိုကြတယ်။

မော်တော်ကားလမ်း ပေါက်ရောက်ပြီ ဆိုပေမယ့် တောင်အထပ်ထပ် ဖြတ်ကျော် ဖောက်လုပ်ထားတာမို့ ငါတို့ မြောက်ဦးကို ရောက်တဲ့အချိန်ဟာ ည ၁၁ နာရီ အစောဆုံးပဲ။ သန်းခေါင်ကျော်မှ ရောက်တဲ့အခါလည်း ရှိတယ်။

ဒါပေမဲ့ ငါတို့က 'ဘုရားဖူးတွေပါဘုရား'လို့ အော်ပြောလိုက်ရင် သန်းခေါင်လွဲပေမယ့် ဝင်းတံခါးသော့ ဖွင့်ပေးတယ်။ ဇရပ်အဆောင်တံခါးဖွင့်ပြီး နေရာထိုင်ခင်းပေးတယ်။ ချိုးရေ သုံးရေမရှိရင် ရေစက်မောင်းပေးတယ်။


ကျောင်းဝင်းထဲမှာ တရားအားထုတ်နေတဲ့ ရဟန်းတွေ၊ ယောဂီတွေ စခန်းဝင်နေကြပေမယ့် ငါတို့ကို သည်းခံခွင့်လွှတ်ပေးတယ်။ အဲဒီလို တရားပြည့်ဝအောင် သွန်သင်ဆုံးမတော်မူတာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဲဒီဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒပဲပေါ့။ လွန်ခဲ့တဲ့ ၄ နှစ်လောက်ကတော့ ဆရာတော်ကို နိုင်ငံတော်က ကမ္ဘာ့ဋ္ဌာနာစရိယဘွဲ့တော် ဆက်ကပ်အပ်နှင်းကြောင်း သတင်းစာမှာ ငါတို့ ဖတ်လိုက်ရတယ်။ အဲဒီနှစ်မှာတော့ ကျောင်းမှာ ငါတို့ဘုရားဖူးတွေအတွက် နေရာလွတ် မရှိဘူးကွ။ ရတနာမာရ်အောင်ဘုရား ရင်ပြင်တော်မှာရှိတဲ့ 'ရှေးဘုရင့်ဥပုသ်ဆောင်'မှာ နေရာပေးလို့ ဘုရားဖူးတွေ ပူညံ ပူညံ ဖြစ်ကုန်တယ်။ ငါက ရှင်းပြရ၊ တောင်းပန်ရတယ်။ ဘုရားဖူးတွေက မကျေနပ်နိုင်ဘူးကွာ။ ညကြီးသန်းခေါင် ရောက်သွားတာဆိုတော့ မည်းမှောင်နေပြီး ဘာဆို ဘာမှ မမြင်ရဘူးလေ။

ကျောင်းဝင်းဧရိယာ ၂၇ ဧကလောက်ကျယ်တယ်။ တစ်ပါးကျောင်းငယ် ၉၉ ကျောင်း၊ ၂ ထပ်ဇရပ် ၅ ဆောင်၊ ဓမ္မာရုံကြီးတစ်ဆောင်



ရှိတယ်။ အခု နေရာလပ် မရှိအောင် ယောဂီဓမ္မပရိသတ် ပြည့်လျှံနေတယ်လို့ ရှင်းပြပေမယ့် ဘယ်သူမှ မယုံကြည်ကြဘူး။ ဖြတ်သန်းလာတဲ့ ခရီးလမ်းတစ်လျှောက်မှာ လူ ၂၀ တည်းနိုင်တဲ့ နေရာ မတွေ့ခဲ့ကြဘူးဆိုတော့ လူ ၂၀၀၀ လောက် ဒီမှာရှိနေတယ်ဆိုတာ မဖြစ်နိုင်ဘူးထင်ကြတာပေါ့။

မနက်စောစော ဘုရားဖူးတွေ မနိုးကြသေးဘူး။ ဦးပဉ္ဇင်း ဦးဇာဂရိယနဲ့အတူ ရဟန်းငယ်တစ်ပါး ရောက်လာတယ်။ သက်တော် ၄၅ နှစ် ရှိတယ်လို့ နောင်အခါ သိရတယ်။ အဲဒီရဟန်းက ညက မစီစဉ်ပေးနိုင်လို့ သည်းခံကြပါဟု နူးညံ့သိမ်မွေ့တဲ့လေသံအေးအေးနဲ့ နှစ်သိမ့်စကား ဆိုတယ်။ အခု အချို့ယောဂီတွေ နေရာဖယ်ပေးထားတဲ့ ယောဂီဇရပ်ဆောင်ကို ရွှေ့ပြောင်းဖို့ လာပြောတာ။

ဦးဇာဂရိယကို တိုးတိုးကပ်မေးကြည့်တော့ အဲဒါ **'ဆရာတော် အရှင်ဝါယာမိန္ဒ'**လို့ သိရတာနဲ့ ငါ မြေပြင်မှာ ဝပ်ချရှိခိုးလိုက်တယ်။

သက်တော်ငယ်ငယ်နဲ့ ဝိပဿနာတရားပြဆရာတော်၊ နှစ်ညတာ တည်းခိုဖို့ ကိုယ်တိုင်စီစဉ်ပေးတယ်။ ဆရာတော်က တောင်းပန်သေးတယ်။ ငါ ပထမဆုံး သိခွင့်ရပြီး အရမ်းကြည်ညိုလေးစားသွားတာပဲပေါ့။

ဒါကြောင့် ဦးဇာဂရိယကို ချဉ်းကပ်ပြီးဆရာတော် အကြောင်းတွေ မေးလျှောက်ကြည့်မိတယ်။ ဒါပေမဲ့ ကျောင်းမှာ ဆရာတော်ရဲ့ ဓာတ်ပုံငယ် တစ်ပုံတောင် မရှိဘူး။ ဓာတ်ပုံ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရိုက်ခွင့်၊ သတင်းဆောင်းပါး ရေးခွင့်မပြုဘူးတဲ့။ ငါက တခြားရဟန်းတွေ၊ ယောဂီတွေဆီမှာ လိုက်မေး၊ ရသမျှ အချက်တွေ မှတ်ထား၊ ဆရာတော်ဆီက ခွင့်ပြုချက်ရဖို့ ကြိုးစားခဲ့တယ်။

* * *

မင်းတို့ စင်ကာပူနိုင်ငံကို ကြွလာပြီး တရားဟောတဲ့ ပထမနေ့မှာ ပရိတ်ရေအဖြစ် တည်ခင်းထားတဲ့ ရေသန့်ဘူးတွေ၊ အဖုံးတွေ လွင့်ပျံပွင့်ထွက်တဲ့အထိ ရေတွေဆူတယ်ဆိုတာ အံ့သြစရာပါပဲ။

ဆရာတော်ရဲ့ သာသနာပြုဓမ္မဒူတခရီးစဉ်တွေအကြောင်း သိရရင် အဲဒီလို ရေဆူတာထက် အဆများစွာပိုပြီး အံ့သြရုံတင်မကဘူး ကြည်ညိုလေးစားလို့မဝအောင် ဖြစ်သွားမယ်။


ဒီလိုကွ၊ ဆရာတော်လောင်းလျာကို သက္ကရာဇ် ၁၃၂၁ ခု၊ တော်သလင်းလဆန်း ၁ ရက် (ခရစ်နှစ် ၁၉၅၉၊ စက်တင်ဘာလ ၂ ရက်)၊ ဗုဒ္ဓဟူးနေ့၊ နံနက် စက်နာရီ ၉ နာရီအချိန်၊ တောင်ကုတ်မြို့နယ်၊ မအီကျေးရွာမှာ ဖခမည်းတော် ဦးစိန်အောင်၊ မယ်တော် ဒေါ်ဖြူစိန်တို့မှ ဖွားမြင်သန့်စင်တော်မူခဲ့တယ်။

ငယ်စဉ်ကပင် လောကီလူ့ဘောင်ကို ငြီးငွေ့စိတ်ကြောင့် ရှင်သာမဏေဘဝမှ ရဟန်းဘဝသို့ တစ်ဆက်တည်း ကူးပြောင်းကာ ဝိပဿနာစုရအကျင့်မြတ်ကို အားထုတ်ကြိုးစားတော်မူတယ်။ မအီစက်တော်ရာဒေသမှာ တောရဆောက်တည်ခြင်းဖြင့် အားရတင်းတိမ်မှု မရသဖြင့် အမ်းမြို့နဲ့ တောတောင်များအတွင်း လှည့်လည်သီတင်းသုံးကာ ဓုတင်အရပ်ရပ်ကို ကျင့်ကြံတည်ဆောက်အားထုတ်တော်မူခဲ့တယ်။

ခရစ်နှစ် ၂၀၀၀ မတိုင်ခင်အထိ ရခိုင်ပြည်နယ်ဆိုတာ လှေငယ်နဲ့သွားရတဲ့ ရေကြောင်း၊ တစ်တောင်ဆင်း တစ်တောင်တက် ခြေကျင်သွားရတဲ့ ကြည်းကြောင်းပဲ ကူးသန်းသွားလာရတာ မင်းအသိဆုံးပါ။ သစ်၊ ကျား၊ ဝံ၊ ဆင်ရိုင်း၊ ခွေးအ သားရဲတိရစ္ဆာန် ထူပြောတာလည်း မင်းအသိဆုံးပဲမဟုတ်လား။

ဆရာတော်ဟာ တစ်တောဝင် တစ်တောင်တက် ဝင်ထွက်သွားလာ ဝိပဿနာ အားထုတ်ရင်း သက်တော် ၂၈ နှစ်မှာ မြောက်ဦးမြို့ကို ရောက်လာတယ်။ မြောက်ဦးမြို့ပြင် တောချုံတွေပိတ်ဖုံးကွယ်ပျောက်လုမတတ် ဖြစ်နေတဲ့ 'ရတနာစံဦးကျောင်းရာ' နေရာမှာ ဝါးကျောင်းကလေးမှာ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နဲ့ သီတင်းသုံး တောရဆောက်တည်နေခဲ့တယ်။

မြောက်ဦးမှာ အခြေတည်ပြီး ရခိုင်ပြည်နယ်ဒေသအနှံ့ သလုံးမြင်းခေါင်း အရင်းပြု မြတ်ဗုဒ္ဓမိန့်ကြားတော်မူသည့်အတိုင်း ဓမ္မဒူတ သာသနာပြုလုပ်ငန်းတွေ မရပ်မနား ဆောင်ရွက်တော်မူခဲ့တယ်။





WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရခိုင်ပြည်နယ်အတွင်းမှာ ပုဏ္ဏားကျွန်း၊ မင်းပြား၊ မြောင်းဘွေ၊ ကျောက်တော်၊ အပေါက်ဝ၊ ပေါက်တော၊ ရသေ့တောင်၊ လောင်ချောင်း၊ ဘူးသီးတောင်၊ မောင်တော၊ စစ်တွေ၊ ကျောက်ဖြူ၊ တောင်ကုတ်၊ မအီ၊ အမ်း၊ ဇင်ချောင်း၊ ရွှေတောင်၊ ပဲခူးမှာ ပဲခူးမြို့သစ်၊ ထားဝယ် (မေ္ဒစကြာကျောင်း)၊ လောင်းလုံ (ဝေဠုဝန်ကျောင်း)၊ မော်လမြိုင် (မိုးကုတ်မေ္ဒရိပ်သာ)၊ မြိတ် (သိမ်ကြီးတောင်ဘုရား)၊ မန္တလေး (ရွှေကျီးမြင်ဘုရား)၊ သီပေါ (ရွှေကျောင်း)၊ နမ္မတူ၊ မန်းစန်၊ ရန်ကုန် (ပုလဲမြို့သစ်)တွေမှာ ဝိပဿနာတရားစခန်းတွေ ထူထောင်ဖွင့်လှစ်ခဲ့တယ်။ ကမ္မဋ္ဌာန်းတရားတွေ သွန်သင်ညွှန်ပြဆုံးမတော်မူတယ်။

မင်းတို့စင်ကာပူမှာ ပြည်ပရောက် ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားတွေအတွက် သုတ္တန်ဒေသနာ တရားတော် နာကြားခွင့်ရဖို့ဆိုတာ ဒီနေ့ အင်တာနက်ခေတ်ကြီးမှာ မခဲယဉ်းတော့ပါဘူး။ မင်းဆီကို ငါပို့ပေးနေတဲ့ VCD တို့၊ DVD တို့ ဖွင့်ပြီး နာကြားနေရတယ် မဟုတ်လား။ ဒါပေမဲ့ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာကျင့်ကြံပွားများဖို့ အနီးကပ် ကြီးကြပ် သင်ကြားညွှန်ပြပေးမယ့် ကမ္မဋ္ဌာနာစရိယ ဆရာနဲ့ တွေ့ရဖို့ကတော့ မင်းတို့ပြည်ပမှာ အခက်ခဲဆုံးဖြစ်နေတယ်။ အဲဒီလောက် ခက်ခဲတဲ့ကိစ္စကို ဖြစ်မြောက်အောင် အချိန်ပေးပြီး ကိုယ်တိုင်ကြွရောက် တရားပြတော်မူတယ်ဆိုတာ မဟာ့မဟာကရုဏာရှင်လို့ သတ်မှတ်ရမှာပဲ။

ငါတို့ဆီမှာ ရုပ်မြင်သံကြား MRTV-4 ဆိုတာ ထုတ်လွှင့်တယ်။ အဲဒီအစီအစဉ်မှာ မြောက်ဦးမြို့ တောရဆရာတော်ဆိုပြီး ဝိပဿနာတရား ဟောကြားတော်မူနေတဲ့ ဆရာတော်ဟာ အင်တာနက်မှာ မင်း တင်ပြီး မေးထားတဲ့ အရှင်ဘဒ္ဒန္တဝါယာမိန္ဒ ဆရာတော်ပဲ။ ငါတို့ မြန်မာပရိသတ်တွေကတော့ ရခိုင်ဆရာတော်လို့ လွယ်လွယ်မှတ်သားခေါ်ဆိုကြတယ်။

* * *

မင်းက ဆရာတော့်ဓာတ်ပုံကို အင်တာနက်ပေါ်ကနေ ပို့လိုက်ပြီး ဆရာတော်အကြောင်း စုံစမ်းပေးပါဆိုလို့ ပုလဲမြို့သစ်ကို ငါသွားခဲ့တယ်။

ဆရာတော်နဲ့ မတွေ့ခဲ့ရပါဘူး။ မန္တလေးမြို့ ရွှေကျီးမြင်ဘုရားမှာ တရားပွဲအတွက် ကြွသွားတယ်တဲ့။ မြောက်ဦးမှာ တွေ့ဖူးတဲ့ ဦးပဥ္စင်းတစ်ပါးနဲ့ တွေ့ပြီး ဆရာတော် ပြန်ရောက်မယ့်ရက် သိရလို့ နောက်တစ်ခေါက် ထပ်သွားတော့မှ ဆရာတော်နဲ့ တွေ့ရတယ်။

၁၀ ကေလောက်ကျယ်မယ့် ပရိဝုဏ်ကြီးကို တံတိုင်းပတ်လည် ကာထားတယ်။ အဝင်မုခ်ဦးကြီးမှာ မြောက်ဦးမြို့က 'ထုဏ္ဍန့်သိမ်' ပုထိုးပုံသဏ္ဌာန်တွေ တည်ဆောက်နေတယ်။

ကျောင်းဝင်းအတွင်းမှာ တရားအားထုတ်ဖို့ ကျောင်းဆောင်တွေ တည်ဆောက်ထားတယ်။ ရောမ နှစ်ထပ် မွှော်ရုံကြီးလည်း အချောသပ်နေပြီ။ ဆရာတော် သီတင်းသုံးတဲ့ ကျောင်းလေး




WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကတော့ ငယ်ငယ်လေး၊ ရိုးရိုးလေး။ ဒါပေမဲ့ ဆရာတော်ကို တွေ့ရတာ အဲဒီကျောင်းငယ်လေး ပေါ်မှာ မဟုတ်ဘူး။ စိုက်ပျိုးထားတဲ့ ပန်းအလှ ပင်တွေအနီး မြေပြင်ပေါ်မှာ။ ကျောင်းအတွင်း ဖိမ်နဲ့မနေနိုင်ဘဲ တောတောင်သဘာဝ မြေပြင်မှာ နှစ်ပေါင်း ၃၀ နီးပါး လှည့်လည် အားထုတ်ခဲ့တဲ့ အထုံက ခိုင်မာနေပြီထင်တယ်။

ဆရာတော်ဆီက မေးလျှောက်စရာလေးတွေ ရှိလို့ ကျောင်းပေါ်ကြွဖို့ ငါကပဲ လျှောက်ထား ရတယ်။ မေးလျှောက်ရင်း ထပ်ပြီး သိခွင့်ရခဲ့တာ က ဆရာတော်ရဲ့ **သက်တော် ငါးဆယ်ပြည့် ရွှေရတု ဝိဇာတမင်္ဂလာ**ကို မြောက်ဦးမြို့ မူလ အောင်မြေ ရတနာမာရ်အောင်ကျောင်းမှာ ကျင်းပ ပူဇော်မယ်၊ ရန်ကုန်မြို့ ပုလဲမြို့သစ် ရတနာ မာရ်အောင် တောရဓမ္မရိပ်သာမှာလည်း ကျင်းပ ပူဇော်ကြမယ်တဲ့လေ။ ပူဇော်ထိုက်တဲ့ အရှင်မြတ် ပေမို့ ပူဇော်သင့်ပါတယ်။

အဲဒီအခိုက် ဒကာအချို့ ရောက်လာတယ်။ ဓမ္မာရုံအနီး ရပ်ထားတဲ့ ပစ်ကပ်ကားအကြောင်း မေးလျှောက်တယ်။ မန္တလေးက ပြန်ကြွလာချိန် မှာ လှူဒါန်းလိုက်တာတဲ့။ ပြန်ခါနီး ကားကို



သွားလေ့လာတော့ ဦးဝင်းဇော် + ဒေါ်ဌေးဌေး အောင် 'နောင်ရိုးဆောက်လုပ်ရေး'က လှူလိုက် တဲ့ ကမ္ပည်းစာ တွေ့ရတယ်။ ဆရာတော်က အဲဒီကားနဲ့ မအီကို ကြွဦးမယ်။ မအီက ပြန် လာရင် အမေရိကကို ကြွဦးမယ်လို့ မိန့်တော်မူ တယ်။

"ဘုန်းကြီးက သာမန်တရားဟောဖို့ဆိုရင် မကြွဘူး၊ ဝိပဿနာတရားစခန်းဖွင့်ဖို့ဆိုရင် ကြွမယ်"လို့ မိန့်လိုက်တယ်။

ဝိပဿနာတရား ပွားများအားထုတ်လိုတဲ့ အရိယာနွယ်ဝင် ယောဂီတွေအတွက် နည်းလမ်း ညွှန်ပြဖို့ တောတောင်အထပ်ထပ်ကိုလည်း ဖြတ် ကျော်ခဲ့ပြီးပြီ။ အခု ပြည်ပနိုင်ငံရပ်ခြား ကမ္ဘာ့ မြေပြင်ကို ဝေဟင်ခရီးဖြင့် ဓမ္မဒူတခရီး ကြွတော် မူလျက်ရှိနေလေပြီ။

တောထဲကနေ အင်တာနက်အထိ ဝိပဿနာ တရား ပြန့်ပွားရေး ဓမ္မဒူတခရီးသက်တမ်း ၃၀ ပြည့်ရော့မယ်။ နောင် နှစ်ပေါင်းမည်မျှ ရှည်လျား စွာ ဓမ္မဒူတခရီး ရှည်လျားနေဦးမလဲဆိုတာ ငါတော့ မခန့်မှန်းနိုင်ဘူး သူငယ်ချင်းရေ။

သက်တော် ၅၀ ပြည့်က သက်တော် ၁၀၀ ကျော်တိုင်အောင် ဝိပဿနာတရားစခန်းတွေ ကမ္ဘာအနှံ့ ဆက်လက်ဖွင့်လှစ် ထူထောင်နိုင်ပါစေ လို့ မင်းတို့ ငါတို့ ဆုတောင်းကြစို့ သူငယ်ချင်း ရေ...။

ခင်မင်သတိရစွာဖြင့်...

**မောင်သက်ပိုင် (ရန်ကုန်)**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သံသရာခရီး ပြီးဆုံးပါစေ

ဒေါ်လှယဉ်

ဤခေါင်းစဉ်သည်ကား မြောက်ဦးမြို့ ရတနာမာရ်အောင် တောရ ဓမ္မရိပ်သာ ဆရာတော် ဦးဝါယာမိန္ဒ ဟောကြားခဲ့သော တရားတော်တစ်ပုဒ်၏ ခေါင်းစဉ် ဖြစ်ပါသည်။ ဤတရားတော်ကို ဆရာတော်ဘုရားသည် ၂၀၀၁ ခုနှစ်ကတည်းက စစ်တွေမြို့ ဓမ္မပါလ ကျောင်းတိုက်တွင် ဟောကြားခဲ့ပါသည်။ ဤတရားတော်ကို ကျွန်မ နာကြားခဲ့ရစဉ်က သံဝေဂ တဖွားဖွားရလျက် အလွန်ပီတိကျကာ မျက်ရည်တဖြိုင်ဖြိုင်စီးခဲ့ရသဖြင့် ယနေ့တိုင် မမေ့နိုင်သည့်တရားတော်ဖြစ်ပါသည်။ ကျွန်မသည် ဤတရားတော်ကို လူအများတို့အား လက်ကမ်းချင်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုမှသာ စာတစ်ပုဒ်အဖြစ် ရေးသားနိုင်ခဲ့ပါသည်။

ဆရာတော်ကြီးသည် မိမိ၏ ဒကာ ဒကာမများအား သံသရာခရီးမှ လွတ်မြောက်စေလိုသည့် စေတနာကြောင့် အပင်ပန်းခံကာ ရခိုင်ပြည်နယ်တစ်ခုလုံးသာမက ရန်ကုန်၊ မန္တလေး၊ ထားဝယ်၊ သီပေါ စသည့် မြန်မာပြည်အနှံ့ တရားစည်ကြီးတီးခတ်ပေးနေပြီဖြစ်ပါသည်။ ဆရာတော်ကြီး၏ တရားတော်များအား နာကြားနိုင်ရန်အတွက် ကျွန်မတို့မိသားစုကို ခေါ်ဆောင်ခဲ့သူမှာ ကျွန်မ၏ မိခင်ကြီးနှင့် ကျွန်မ၏သမီးပင် ဖြစ်ပါသည်။

ကျွန်မ၏မိခင်မှာ အသက် ၆၀ နှစ် ပင်စင်ယူသည့်အချိန်မှစ၍ တရားရိပ်သာသို့ ရောက်ခဲ့ကာ ဆရာတော် တရားစခန်းဖွင့်သည့် နေရာတချို့သို့ လိုက်ကာ တရားအားထုတ်ခဲ့ပါသည်။ ကျွန်မမှာ မိခင်ကြီး တရားစခန်းဝင်နေစဉ် မိခင်၏ ကျန်းမာရေးကို စောင့်ရှောက်သောအားဖြင့် တရားစခန်းသို့ အခါခါ သွားရောက်ခဲ့ရကာ ဆရာတော်၏ တရားများကို နာကြားခဲ့ရပါသည်။ မိခင်ကြီး ဆုံးပြီးနောက် ကျွန်မ၏အဒေါ် တရားနာသွားစဉ် ကျွန်မ၏သမီးကြီး မိုးမိုးသည် ၁၉၉၆ ခုနှစ် ၁၀ တန်းစာမေးပွဲဖြေပြီးချိန် ဖြစ်သဖြင့် အဘွားနှင့် အဖော်အဖြစ် တရားနာရန် လိုက်သွားခဲ့ပါသည်။ တရားနာပြီး၍ ပြန်လာကြသောအခါ ကျွန်မ၏သမီးက ငို၍ပြန်လာပါသည်။ အကြောင်းစုံ မေးလိုက်သည့်အခါ သူ့မှာ ဒါန၊ သီလ၊ ဘာဝနာ စသည့် ကုသိုလ်ကောင်းမှု အားနည်းနေ၍ ရုတ်တရက် အသက်သေခဲ့သော် အပါယ်သို့ ကျရောက်နိုင်ကြောင်း တရားတော် နာယူခဲ့ရပါကြောင်း၊ ဒါ့ကြောင့် မိမိကိုယ်မိမိ စိတ်မကောင်းဖြစ်၍



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝမ်းနည်းမိကြောင်း ပြောပြပါသည်။

ဝါတွင်းကာလ ရောက်ခဲ့သော် မြောက်ဦး မြို့သို့ တရားစခန်း ဝင်၍ တရားအားထုတ်ရန် သွားလိုကြောင်း ပြောပါသည်။ သမီးက မသွားရ လျှင် မဖြစ်တော့ပါဟု အတင်းအကျပ် ပြောနေ၍ ကျွန်မ၏အလုပ်များကို. ပြီးစီးအောင်လုပ်ကာ သမီးနှင့်အတူ မြောက်ဦးမြို့ ရတနာမာရ်အောင် တောရရိပ်သာ တရားစခန်းသို့ သွားရောက် တရားအားထုတ်ခဲ့ရပါသည်။ ၎င်းအချိန်မှစ၍ ကျွန်မတို့မိသားစုသည် ဆရာတော်၏ တရား များအား သံသရာခရီး ပြီးဆုံးကြစေရန်အတွက် တရားတော်များကို ဥပမာ ဥပမေယျဆောင်ကာ ဘုရားရှင်ကိုယ်စား သွန်သင် ဆုံးမပေးခဲ့သည့် တရားတော်များအနက် အလွန်သံဝေဂယူဖွယ် ကောင်းသည့် တရားတစ်ပုဒ် ဖြစ်ပါသည်။

"မြတ်စွာဘုရားရှင်၏ တရားတော်သည် ဝေနေယျသတ္တဝါများတို့အတွက် ကိုင်းကျွန်း သဖွယ် မှီခိုရာ ဖြစ်ပါပေ၏။ မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော တရားတွေကို ဒကာ၊

**❝ မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော တရားတွေကို ဒကာ၊ ဒကာမတွေ မလိုက်နာခဲ့ကြလို့ သံသရာခရီး မပြီးဆုံးနိုင်ဘူး၊ အလွန်ပူပြင်း လှတဲ့ ကန္တာရခရီးမှာ ပြေးလွှားနေရတယ်၊ ကြောက်စရာ အလွန်ကောင်းပါ တယ်။ လောဘ၊ ဒေါသ၊ မောဟ စတဲ့ အကုသိုလ်စိတ်နဲ့ နေနေရတာ များပါ တယ်။ သံသရာခရီးသည်များသည် တွေ့ဆုံ ကြုံကွဲ ရှင်ကွဲတွေ ကွဲခဲ့ရ တယ်၊ သေကွဲတွေလည်း ကွဲခဲ့ရတယ်။ သံသရာခရီး မပြီးဆုံးသမျှ ဒုက္ခ တွေ တွေ့ရမယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ခန္ဓာငါးပါးကို ရထားလို့ပါ။ ❞**

စခန်းများကို သွားရောက်၍ တရားအားထုတ်ခဲ့ ကြသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ ဤသို့ ဝိပဿနာတရားတူး တရားမြတ်အား သိရှိ နားလည်ကာ တရားအားထုတ်ဖြစ်ရန် လမ်းညွှန် ပေးသည့် မိခင်ကြီးနှင့် တရားစခန်းသို့ သွားဖြစ် ရန် အကြောင်းဖန်ပေးသည့် ကျွန်မ၏သမီးအား အထူးကျေးဇူးတင်မိပါသည်။

ဆရာတော်ကြီးသည် တပည့် ဒကာ၊ ဒကာမ တွေ မလိုက်နာခဲ့ကြလို့ သံသရာခရီး မပြီးဆုံးနိုင်ဘူး၊ အလွန်ပူပြင်းလှတဲ့ ကန္တာရ ခရီးမှာ ပြေးလွှားနေရတယ်၊ ကြောက်စရာ အလွန်ကောင်းပါတယ်။ လောဘ၊ ဒေါသ၊ မောဟ စတဲ့ အကုသိုလ်စိတ်နဲ့ နေနေရတာ များပါတယ်။ သံသရာခရီးသည်များသည် တွေ့ဆုံ ကြုံကွဲ ရှင်ကွဲတွေ ကွဲခဲ့ရတယ်၊ သေကွဲ တွေလည်း ကွဲခဲ့ရတယ်။ သံသရာခရီး မပြီးဆုံး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သမျှ ဒုက္ခတွေ တွေ့ရမယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ခန္ဓာငါးပါးကို ရထားလို့ပါ။

သံသရာ နှစ်မျိုးရှိတယ်။ ဘဝသံသရာနဲ့ ခန္ဓာသံသရာပါ။ ဘဝသံသရာသည် အဆုံးအစ မမြင်ဘူး၊ အလွန်ကြောက်စရာကောင်းပါတယ်။ ဘုရားရှင်၏ စကားကို နားမထောင်ကြလို့ သံသရာ လည်နေပါတယ်။ ချားရဟတ်ပမာ လည်နေရသော ခန္ဓာသည် ဆင်းရဲခြင်းသာ ရှိသည်ဟု ဘုရားရှင်က ဟောခဲ့တယ်။ ခန္ဓာရှိရင် ဆင်းရဲတယ်၊ ငါဘုရား၏ ခန္ဓာသည်လည်း ခဏခဏ ကာယိကခန္ဓာဝေဒနာ ခံစားခဲ့ရတယ်။ ဘယ်ခန္ဓာဖြစ်ဖြစ် ဆင်းရဲလို့ မကောင်းပါ။ ဆင်းရဲခြင်းကို ဆင်းရဲသည်ဟု မသိကြဘဲ ချမ်းသာသည်ဟုသာ ထင်ခဲ့ကြတယ်။ အရိယာသူတော်ကောင်းများကတော့ ခန္ဓာကိုယ်ဟာ စက်ဆုပ်ဖွယ် ဖြစ်တယ်လို့ ထင်ကြသော်လည်းပဲ ပုထုဇဉ်များက စက်ဆုပ်ဖွယ် မစင်တွင်းမှာ မွေ့လျော်နေကြတယ်။ ဘာကြောင့်လဲဆိုတော့ အဝိဇ္ဇာနှင့် တဏှာ ဖုံးထားခြင်းကြောင့်ပါ။ ကိလေသာဝဋ်၊ ကံမဝဋ်တွေကြောင့် အို နာ သေနှင့် တစ်သံသရာလုံး တွေ့နေရပါတယ်။ အစမထင် အဆုံးမမြင်သော သံသရာခရီး အလွန်ကျယ်ပြန့်ပါတယ်။ အဝိဇ္ဇာ၊ တဏှာ ရှိနေသေးသမျှ သံသရာခရီး မပြီးဆုံးနိုင်ပါ။ သံသရာခရီး ပြီးဆုံးနိုင်အောင် ကြိုးစားကြပါ"ဟု ဟောခဲ့ပါတယ်။

"ခန္ဓာ ခဏခဏပြောင်းလဲလည်ပတ်နေခြင်းကို ခန္ဓာသံသရာဟု ခေါ်တယ်။ ဘဝသံသရာ၊ ခန္ဓာသံသရာ ရှည်တဲ့အတွက်ကြောင့် သင်တို့၏ ခန္ဓာကိုယ်ကြီးသည် ဘေးအန္တရာယ်များသည်ဟု ဟောခဲ့ပါတယ်။ များစွာသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ ကြံတွေးစရာများဖြင့် ခံစားရင်ဆိုင်နေရတယ်၊ ခန္ဓာမှန်သမျှ ဆင်းရဲတယ်၊ ရုပ် နာမ် ဓမ္မတို့၏ ချုပ်ငြိမ်းရာ အဆုံးကို တွေ့မှ ဘေးကင်းမယ်လို့ ဘုရားရှင်က ဟောကြားခဲ့တယ်။ တရားသိဖို့ လိုပါတယ်။ ဆရာသမားကောင်းများနှင့် တွေ့၍ ခန္ဓာ အကြောင်းကို နားလည်အောင် ကြိုးစားရမယ်၊ ပွားများအားထုတ်ရမယ်၊ တရားမရှိလေသမျှ အစွဲက ငြိတွယ်တယ်။

ဥပမာတစ်ခုဆောင် ပြောရရင် တစ်နေ့သော အချိန်ကာလမှာ မိသားစုတစ်စုမှ မြေးအဘွား နှစ်ယောက် ဘုရားရှင် ကျောင်းတော်ကို ရောက်လာတယ်။ မြေးက ၇ နှစ်၊ အဘွားက အသက် ၆၀ ကျော်။ ဘုရားရှင်အား တပည့်တော်ကို ကယ်တော်မူပါ၊ တပည့်တော် အလွန်ကြောက်နေရပါတယ်လို့ လျှောက်ထားတယ်။ အကြောင်းစုံကို မေးလိုက်တော့ တစ်ခုသောဘဝမှာ လင်မယားနှစ်ယောက်၊ ညီတစ်ယောက် ရှိခဲ့တယ်။ လင်ယောကျ်ားက ခရီးသွားနေရတော့ အိမ်မှာနေရတဲ့အချိန်က နည်းပါးပါတယ်။ ညီငယ်နှင့် မရီး အမြဲတစေ အိမ်မှာနေရတယ်။ အနေများလာတော့ မတ်နဲ့ မရီး အတူနီး၊ မရီး မတ်ကြောင့် ပျက်တတ်တယ်။ ထားတော့၊ တစ်နေ့သောအခါ မရီးက မတ်ကိုခေါ်၍ အစ်ကိုကြီးကို အသေသတ်ရန် အကြံပေးလေတော့ ၁၅ နှစ်အရွယ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မတ်က မသတ်ရဲဘူး။ မသတ်ရဲလျှင် မရီးက အစ်ကိုကြီးကို ကုန်းချောမည်ဟု ခြိမ်းခြောက်လေတော့ မတ်က သဘောတူတယ်။

လင်ယောကျ်ား ပြန်လာသောအခါ မိန်းမ မာယာဖြင့် ခေါင်းဆေး ရေချိုးရန် တိုက်တွန်းတယ်။ လင်တော်မောင်က ငါ့မိန်းမ ငါ့ကို တော်တော်ချစ်ရှာတယ်ထင်ပြီး ရေကန်မှာ ခေါင်းလျှော်တယ်။ ခေါင်းလျှော်နေတုန်း မတ်တော်မောင်က ခေါင်းကို ဓားဖြင့်ခုတ်တော့ သေတယ်။ အိမ်မှာ နွားကလေးဖြစ်တယ်။ တရားမရှိလို့ မိန်းမပေါ်မှာစွဲ၍ တိရစ္ဆာန်ဖြစ်တယ်။ နွားကလေးက မိန်းမနောက် တကောက်ကောက်လိုက်နေတယ်။ သံယောဇဉ်မကုန်လို့ နွားက အစွဲကြောင့် နောက်က တကောက်ကောက်လိုက်နေတော့ အိမ်နီးနားချင်းတွေက နွားမုဆိုးမ လာနေပြီလို့ နောက်ပြောင်ကြတယ်။ မရီးက နွားကို မမြင်လို၍ ယခု လင်ယောကျ်ား ယခင်က မတ်ကို သတ်ခိုင်းလေတော့ နွားဘဝ သေရပြန်ပြီ။ နွားဘဝသေတော့ ဥပါဒါန်အစွဲကြောင့် အိမ်မှာ ခွေးကလေး ဖြစ်ပြန်လေတယ်။ ဥပါဒါန်ဟာ အလွန်ကြောက်စရာကောင်းတယ်။ ဒါကြောင့် 'အစွဲပြုတ်ဖို့ တရားအားထုတ်ကြဖို့ လိုအပ်ပါတယ်'။ ဝိပဿနာတရား အားထုတ်မှသာလျှင် အစွဲပြုတ်နိုင်တယ်။ ခွေးကလေးက တစ်ခါ မိန်းမနောက် တကောက်ကောက် လိုက်ပြန်တယ်။ ခွေးကို လည်ပင်းမှာ အိုးတစ်လုံးဆွဲပြီး ရေထဲကို ပစ်ချလိုက်တော့ ခွေး သေပြန်ပြီ။ နောက်တစ်ခါ အစွဲက မပြုတ်ပြန်တော့ အိမ်ခေါင်မိုးပေါ်မှာ မြွေဖြစ်ပြန်၊ မိန်းမ အိပ်နေသောအခါ အိမ်မိုးပေါ်က ခုန်ဆင်းသဖြင့် အသတ်ခံရပြန်။ နောက်တစ်ဖန် အစွဲမပြုတ်တော့ မိန်းမ၏ဗိုက်မှာ ပဋိသန္ဓေ ထပ်ပြီးပြန်နေ။ အစွဲက အလွန်ကြောက်စရာကောင်းပါတယ်။ ယခင်ကလင်၊ ယခု သားဖြစ်ပြန်ပြီ။ မွေးလာတော့ အမေလက်နဲ့ ထိလျှင် ငိုတယ်၊ ၃ နှစ်သားလေးလောက် ဖြစ်လာတော့ အမေအနား မကပ်တော့ဘူး။ ဇာတိဿရဉာဏ်က ပါလာတော့ လူ့ဘဝ၊ နွားဘဝ၊ ခွေး ဘဝ၊ မြွေဘဝနဲ့ ၄ ကြိမ်တိုင်တိုင် သတ်လာသော အမျိုးသမီးမှန်း သိလာတော့ အဘွားဖြစ်သူကို အကြောင်းစုံ ဖွင့်ပြောတယ်။

ကလေးကလည်း ၇ နှစ်သားအရွယ် ရောက်တော့ အဘွားနဲ့ မြေးတို့သည် ဘုရားရှင်ထံ ရောက်လာတယ်။ ကလေးက တပည့်တော်ကို ကယ်တော်မူပါ၊ အမျိုးသမီးတစ်ဦးကို စွဲလမ်းခြင်းကြောင့် လေးဘဝ အသတ်ခံခဲ့ရပါတယ်။ တပည့်တော်ကို အသေလွတ်တဲ့အရာကို ဟောဖော်ညွှန်ကြား ပို့ဆောင်တော်မူပါလို့ လျှောက်ထားတော်မူပါတယ်။ ဘုရားရှင်က 'သံသရာခရီး ပြီးဆုံးပါစေ' တရားကို ဟောပါတယ်။

"ချစ်သား...ခန္ဓာကိုကြည့်ပါ၊ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ရှိတယ်။ ရုပ်နဲ့နာမ်ကို ပရမတ်မြင်အောင် ကြည့်ခိုင်းတယ်။ ရုပ်တရား၊ နာမ်တရားကို ရှုမှတ်ဆင်ခြင်ပါ။ ခန္ဓာ၏ ဖြစ်ပျက်နေသော ဒုက္ခသစ္စာကို မြင်ပါစေ။ ရုပ်တရား၊



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နာမ်တရားဟာ အမြဲမပြတ် ဖြစ်ပြီးတော့ ပျက်စီးနေတယ်။ မမြဲသောအနိစ္စ၊ ဆင်းရဲသောဒုက္ခ၊ မပိုင်တဲ့အနတ္တ လက္ခဏာတွေကို ဉာဏ်ဖြင့်ကြည့်ပါ။ ပစ္စုပ္ပန် ခန္ဓာငါးပါးကို အပျက်မြင်အောင်ကြည့်ပါ။ စက္ကန့်တိုင်း စက္ကန့်တိုင်း ဖြစ်ပြီးပျက်စီးနေတဲ့ သဘောလက္ခဏာကို မြင်အောင်ကြည့်ပါ။ ဒီဉာဏ်သည် သံသရာခရီးကို ပြီးဆုံး

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

**" ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းကြည့်လျှင် သမုဒယသစ္စာဖြစ်သော တဏှာ၊ ဥပါဒါန်၊ ကမ္မ ဘဝကို ပယ်နိုင်ပါတယ်။ သမုဒယသစ္စာ အာရုံ ကို မဂ္ဂသစ္စာဖြင့် ပွား၍ ဖြတ်နိုင်လျှင် အိုဘေး နာဘေး သေဘေး ကင်းသော နိရောဓသစ္စာ ဆိုက်ပြီး နိဗ္ဗာန်ကို ရနိုင်၍ သံသရာခရီး ပြီးဆုံး နိုင်ပါတယ် "**

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

စေနိုင်မှာ ဖြစ်ပါတယ်။ ထိုးထွင်းပြီး မြင်နိုင်အောင်ကြည့်ပါ။ ဒုက္ခသစ္စာကို မြင်နိုင်သောဉာဏ်သည် မဂ္ဂသစ္စာဖြစ်သည်။ မဂ္ဂသစ္စာဖြင့် ပွားများမှ နိရောဓသစ္စာတွေ့မည်။ ခန္ဓာကို စူးစိုက်ကြည့်ပါ။ နာခြင်း၊ ကျင်ခြင်း စသော ဝေဒနာကို မြင်အောင်ကြည့်။ ဖြစ်ပြီး ပျက်စီးနေတဲ့ သဘောသဘာဝကို မြင်အောင်ကြည့်လျှင် ဒုက္ခသစ္စာမှ တစ်ပါး ဘာမှမရှိတာကို မြင်ရမယ်။ မြင်နေတဲ့အခိုက် သမုဒယသစ္စာကို ပယ်ပြီး ကံသုံးပါးဖြင့် ကြိုးစားနေသော သမုဒယသစ္စာ ပြတ်မယ်။

သမုဒယ သေမယ်။ မဂ္ဂသစ္စာဖြင့် ပွားနေစဉ် အရှုခံ ခန္ဓာသည် အရှုဉာဏ်က အမြင်မှန်ရလာစေကာ နူးညံ့သိမ်မွေ့လာသည်။ နူးညံ့သိမ်မွေ့လာတော့ ကြမ်းတမ်းမှု ဆုတ်လာ၍ သံသရာမှ လွတ်မြောက်လိုသောစိတ်များ ပြင်းပြလာတယ်။ သုံးသပ်ရင်းဖြင့် အကုသိုလ်တရားတွေ ကင်းစင်လာတယ်။ လမင်းကြောင့် ကောင်းကင်ကြီး ကြည်လင်လာသလိုပဲ။ ဖြစ်ပျက်တွေမြင်၊ သင်္ခါရုပက္ခောဉာဏ်မှ အနုလောမဉာဏ်၊ ရုပ်ဓာတ် နာမ်ဓာတ် ဖြစ်ပျက်တွေ မြင်ဖန်များလာတော့ ဂေါတြဘူဉာဏ်ဆိုက်လာတော့ ဖြစ်ပျက်ဆုံးကာ ဖျတ်ခနဲဆို နိရောဓသစ္စာ ဆိုက်ရောက်သွားပါပြီ။ အာသဝေါကုန်ခန်းတဲ့ ရဟန္တာ ဖြစ်ခဲ့ရပါတယ်။ ရဟန္တာဖြစ်သွားတော့ သံသရာခရီး ပြီးဆုံးသွားပါပြီ။ ဒကာ၊ ဒကာမများလည်း သံဝေဂယူပြီးတော့ ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းကြည့်လျှင် သမုဒယသစ္စာဖြစ်သော တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝကို ပယ်နိုင်ပါတယ်။ သမုဒယသစ္စာ အာရုံကို မဂ္ဂသစ္စာဖြင့် ပွား၍ ဖြတ်နိုင်လျှင် အိုဘေး၊ နာဘေး၊ သေဘေးကင်းသော နိရောဓသစ္စာဆိုက်ပြီး နိဗ္ဗာန်ကို ရနိုင်၍ သံသရာခရီး ပြီးဆုံးနိုင်ပါတယ်"ဟု ကျွန်မ နာယူမှတ်သားခဲ့ရပါသည်။

ကျေးဇူးရှင်ဆရာတော်ကြီးနှင့် မိဘနှစ်ပါးအား ဤစာစဉ်ဖြင့် ကျေးဇူးဆပ်ပါသည်။ ။

**ဒေါ်လှယဉ်**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)